Economic Geology	• Wuntho-Banmauk Segment ၏မြောက်ဘက် Segment (Mt. Kawt-a - Bum)တွင် ရွှေဖြစ်ထွန်းမှုပြီး တောင်ဘက် Segment (Monywa) တွင် ကြေးနီဖြစ်ထွန်းမှုကို တွေ့ရပါသည်။ • ဗန်းမောက်ဧရိယာသည် ယခုအခါတွင်ရှေ့ သတ္တုထုပ်လုပ်မှု အသေးစား/ အလတ်စား/ အကြီးစားများ ဆောင်ရွက်လျက်ရှိသော ဘူမိရပ်ဝန်းဒေသတစ်ခု ဖြစ်ပါသည်။

၁.၅.၂ ယာဉ်သွားလာမှုဆိုင်ရာ အကြမ်းဖျင်းလေ့လာခြင်း

စီမံကိန်းသည် ယာဉ်ရပ်နားစခန်းစီမံကိန်းဖြစ်သည့်အတွက် ယာဉ်သွားလာခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု အခြေအနေကို လေ့လာခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ စီမံကိန်းတည်ရှိရာ ခမိုးကျေးရွာအနီး (O.S.S) ကြေးတိုင်ပြင်ကွင်းအား ဗန်းမောက်မြို့မှ သွားရောက်ရန် လမ်းကြောင်းသုံးခုရှိပြီး ထိုလမ်းကြောင်းများအား အသုံးပြု၍ ယာဉ်သွားလာခြင်းများ၊ ဧရိယာအတွင်းရှိ ယာဉ်သွားလာရန် လမ်းကြောင်းများနှင့် လမ်းဆုံလမ်းခွများတွင် ယာဉ်သွားလာမှုလုပ်ငန်း အခြေအနေများကို လက်ရှိ အခြေအနေနှင့် အနာဂတ်အခြေအနေအပေါ်မူတည်၍ "အဝေးပြေးလမ်း ယာဉ်သွားလာမှု လက်စွဲစာအုပ် (Highway Capacity Manual 2010)" ပါ လမ်းညွှန်ချက်များနှင့်အညီ တွက်ချက်မှုများ၊

စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ပြီး ဆန်းစစ်လေ့လာသွားမည်ဖြစ်ပါသည်။ ယခု Report တွင် အကြမ်းဖျင်းလေ့လာမှုများကို [အခန်း (၅.၃.၂)](#) တွင် ဖော်ပြထားပြီး ထပ်မံ၍ အသေးစိတ်လေ့လာမှုများကို EIA Report တွင် တင်ပြသွားမည်ဖြစ်ပါသည်။

၁.၅.၃ စီမံကိန်းဧရိယာ၏ ဇီဝဆိုင်ရာ ပတ်ဝန်းကျင်

ဗန်းမောက်မြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ ပိတောက်၊ အင်ကြင်း၊ အင်၊ ကညင်၊ ထောက်ကြံ့၊ စကားဝါ၊ ယမနေ၊ မျောက်ငိုး၊ ပျဉ်းမ၊ ကြို့၊ နဘဲ၊ ကြိမ်အမျိုးမျိုးအပြင် ဘယဆေးပင်များ စသည့်အပင်တို့ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များအပေါ် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သက်ရောက်စေမည့် အခြေအနေများကို ထည့်သွင်းစဉ်းစား၍ သက်ရောက်မှုများ လျော့နည်းအောင် ထိုက်သင့်သော အစီအမံများ ဆန်းစစ်ဆောင်ရွက်ပြီး အပင်မျိုးစိပ်များသိပ်သည်းမှုနှင့် ဧရိယာအလိုက်၊ အရပ်မျက်နှာအလိုက် ပျံ့နှံ့မှုအသီးသီးတို့ကို ကောက်ယူ၍ သက်ဆိုင်ရာပုံသေနည်းများဖြင့် တွက်ချက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဇီဝမျိုးစုံ မျိုးကွဲ အချက်အလက်များကို (Floristic data) နှင့် (Ecological data) နှစ်မျိုးခွဲခြား၍ ကောက်ယူပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက်တိရိစ္ဆာန် ထိန်းသိမ်းရေးဌာနမှ (၂၀၁၆၊ ဇွန်လ) တွင် ထုတ်ပြန်ထားသော မြန်မာနိုင်ငံရှိ (IUCN Red list) စာရင်းဝင် အပင်မျိုးစိတ်များစာရင်းနှင့် တိုက်ဆိုင်ဆန်းစစ်သွားပါမည်။ တောရိုင်းတိရိစ္ဆာန်အုပ်စုဝင် မျိုးစိပ်များကို နို့တိုက်သတ္တဝါများ၊ ငှက်များ၊ ကုန်းနေ/ရေနေသတ္တဝါများ၊ အဏ္ဏဝါ

နှင့် ရေချိုမျိုးစိပ်များ၊ ကုန်းနေ/ရေနေ တွားသွားသတ္တဝါများ စသည်တို့ကို သစ်တောဦးစီးဌာန၏ (၄-၃-၂၀၂၀) ရက်နေ့ အမိန့်ကြော်ငြာစာမှတ် (ဖဇ၀/၂၀၂၀) နှင့် တိုက်ဆိုင်ဆန်းစစ်သွားမည် ဖြစ်ပါသည်။

စီမံကိန်း၏ ဂေဟစနစ်များကို လူသားများနှင့် စီးပွားရေးလုပ်ငန်းများကို အကျိုးကျေးဇူးပေးအပ်သည့် အဓိက ဂေဟဝန်ဆောင်မှု အုပ်စု (၄) ခုဖြစ်သည့် ဂေဟဝန်ဆောင်မှုများ ထောက်ပံ့ခြင်း (Provisioning Ecosystem Services)၊ ထိန်းညှိပေးသည့် ဂေဟစနစ်ဝန်ဆောင်မှုများ (Regulating Ecosystem Services)၊ ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများ (Cultural Services) နှင့် အထောက်အကူပြုသော ဝန်ဆောင်မှုများ (Supporting Services)အပေါ် အခြေခံ၍ ဆန်းစစ်ဖော်ထုတ်သွားမည် ဖြစ်ပါသည်။

Provisioning Services	Regulating Services	Cultural Services	Supporting Services
Products obtained from ecosystem • Food • Wood or Timber • Fuel Wood • Fiber • Abiotic Product • Biotic Products • Fresh Water	Benefits obtained from regulation of ecosystem process • Climate Change • Disease Regulation • Water Regulation • Water Purification • Erosion Control	Nonmeterial benefits obtained from ecosystem • Spiritual and Religions • Recreation and Ecotourism • Aesthetic • Inspirational • Educational • Natural Landscaping • Cultural Heritage	Services necessary for the production of all other ecosystem services • Soil Formation • Nutrient Regime • Primary Production (Navigation, Commodity Transport)

၁.၅.၄ စီမံကိန်း၏ ဆက်စပ်သက်ရောက်နိုင်မှုများနှင့် ဒေသအခြေအနေ

ဆက်စပ်ဖြစ်ပေါ်နိုင်မှုများ	• ဆက်စပ်နေသော ဒေသတွင်း ဆက်သွယ်ရေးလမ်းများ၊ တောင်တက်/ တောင်ဆင်းခရီးလမ်းများ၊ လုပ်ငန်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ • ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ပြီး ဗန်းမောက်မြို့တွင် အဆင့်မီ ဟိုတယ်နှင့် အပန်းဖြေစခန်းများ ထပ်မံ တိုးတက်လာနိုင်ပါသည်။
မြင်ကွင်းပသာဒဆိုင်ရာ ဝိသေသလက္ခဏာများ	• ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲသော ဒေသများရှိခြင်းကြောင့် တော၊ တောင်သဘာဝနှင့် သစ်တောများ အသင့်အတင့်ရှိ၍ မြေယာရှုခင်း ကောင်းမွန်သော ဒေသတစ်ခု ဖြစ်ပါသည်။

	• ဇလုံတောင်နှင့် ဇလုံတောင်ဘုရားသည် တစ်ခါတစ်ရံ ညနေစောင်း နေဝင်ချိန် (Sun Set) တွင် တိမ်တောက်ခြင်းနှင့် မြေပြင်မှ ရောင်ပြန်ဟပ်ခြင်း စသော အခြေအနေပေါ်မူတည်ပြီး ရွှေရောင်အဖြစ်သို့ ပြောင်းလဲမြင်တွေ့ရခြင်းများ ရှိပါသည်။
လူမှုရေးအခြေအနေ	• ရှမ်းအနွယ်ဝင် ကထူး၊ ကနန်း လူမျိုးများ အများစုဖြစ်ပြီး ဗမာလူမျိုး အနည်းငယ်ရှိ၍ အများစုမှာ ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပြီး ဘာသာတရားကိုအထူးကိုင်းရှိုင်းကြပါသည်။
စီးပွားရေးအခြေအနေ	• ခမိုးကျေးရွာသည်အဓိကစီးပွားရေးအဖြစ် လယ်ယာသီးနှံစိုက်ပျိုးရေးကို အခြေခံ ဆောင်ရွက်ခဲ့ကြသောကြောင့် စီမံကိန်းဧရိယာ၏ မြောက်ဘက် ခမိုးချောင်း၏ တစ်ဘက် တစ်ချက်စီတွင် လယ်မြေများကို လည်းကောင်း၊ စီမံကိန်းတောင်ဘက် နန့်မိုချောင်း၏တစ်ဖက်တစ်ချက်စီတွင် လယ်မြေများကိုလည်းကောင်းတွေ့ရှိရပါသည်။ • စီမံကိန်းဒေသအရှေ့မြောက်ဘက်(၈)မိုင်ခန့်အကွာမဲဇာချောင်းတစ်လျှောက်ရွှေသတ္တု တူးဖော်ရေးလုပ်ငန်းများစီးပွားဖြစ်ဆောင်ရွက်လျှက်ရှိကြောင်းလေ့လာသိရှိရပါသည်။

၁.၅.၅ EIA လေ့လာဆန်းစစ်မှု၏ အချိန်အတိုင်းအတာ သတ်မှတ်ခြင်း

စဉ်	အကြောင်းအရာ	ခန့်မှန်းကြာချိန်	မှတ်ချက်
၁။	EIA အစီရင်ခံစာ ပြင်ဆင်ခြင်းလုပ်ငန်း	(၆)ပတ်	
၁.၁	စီမံကိန်းနှင့်သက်ဆိုင်သူများကို တွေ့ဆုံမေးမြန်းခြင်းအတွက် မေးခွန်းများပြင်ဆင်ခြင်း၊ ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်း	(၂) ပတ်	
၁.၂	ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ ကွင်းဆင်းတိုင်းတာခြင်း	(၁) ပတ်	
၁.၃	ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးအချက်အလက်များ ခွဲခြားဆန်းစစ်ခြင်း	(၁) ပတ်	
၁.၄	လူမှုရေးဆိုင်ရာ အချက်အလက်များကို ကွင်းဆင်းကောက်ယူခြင်း	(၁) ပတ်	
၁.၅	လူမှုရေးဆိုင်ရာ အချက်အလက်များကို ခွဲခြားဆန်းစစ်ထည့်သွင်းခြင်း	(၁) ပတ်	
၂။	EIA အစီရင်ခံစာကို ရေးသားပြုစုခြင်းနှင့် အကြံပြုချက်များရယူခြင်း	(၂၄) ပတ်	
၂.၁	အစီရင်ခံစာ၏ခေါင်းစဉ်များ၊ အကြောင်းအရာများအပေါ် စီမံကိန်းပိုင်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးညှိနှိုင်းခြင်း	(၁) ပတ်	
၂.၂	သက်ရောက်မှုဆန်းစစ်ခြင်းနည်းလမ်းများ၊ပုံစံများဖော်ထုတ်ခြင်း	(၃) ပတ်	
၂.၃	ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်ခြင်းနှင့် လျှော့ချရေးနည်းလမ်းများကို ဖော်ထုတ်ခြင်း	(၆) ပတ်	
၂.၄	ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်များရေးဆွဲခြင်း	(၄) ပတ်	
၂.၅	ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းနှင့် အကြံပြုချက်များရယူခြင်း	(၃) ပတ်	
၂.၆	အစီရင်ခံစာမူကြမ်း ရေးသားပြုစုခြင်း	(၃) ပတ်	
၂.၇	စီမံကိန်းပိုင်ရှင်များနှင့် အစီရင်ခံစာကို ဆန်းစစ်တိုင်ပင်ခြင်း	(၂) ပတ်	
၂.၈	EIA အစီရင်ခံစာကို ပြည်သူလူထုထံ အသိပေးထုတ်ဖော်ခြင်း	(၁) ပတ်	
၂.၉	EIA အစီရင်ခံစာကို ECD ဌာနသို့ လျှောက်ထားတင်ပြခြင်း	(၁) ပတ်	
၃။	ECD ဌာနမှ အစီရင်ခံစာကိုဆန်းစစ်ခြင်း။		

၁.၅.၆ EIA လေ့လာဆန်းစစ်မှု၏ ဧရိယာအတိုင်းအတာ သတ်မှတ်ခြင်း

ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းအား အချင်းဝက်(၅)ကီလိုမီတာ သတ်မှတ်၍ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ အချင်းဝက်(၅)ကီလိုမီတာ သတ်မှတ်ရခြင်းမှာ စီမံကိန်း ဧရိယာ၏ အနီးဆုံး ဗန်းမောက်မြို့ နှင့် လေးသီကျေးရွာအုပ်စုများသည် စီမံကိန်း၏ သက်ရောက်မှုအချို့ ဖြစ်သော မြေအရည်အသွေး၊ လေအရည်အသွေး၊ ရေအရည်အသွေး၊ ဆူညံသံနှင့် ယာဉ်အန္တရာယ်များ ထိခိုက်ခံစား ရနိုင်ခြင်း၊ ဂေဟစနစ်ကို ထိခိုက်မှုရှိနိုင်ခြင်း စသည့်အခြေအနေများကို လွှမ်းခြုံမိနိုင်အောင် လေ့လာဆန်းစစ်နိုင်စေရန်အတွက် ဖြစ်ပါသည်။

စီမံကိန်းအနီးဝန်းကျင် ထိခိုက်မှုရှိနိုင်သည့်အရာများမှာ အောက်ဖော်ပြပါဧယားအတိုင်းဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ဖော်ပြချက်	အကွာအဝေး (မိုင်/ဖာလုံ)
၁။	အနီးဆုံးလူနေရပ်ကွက်	ခမိုးကျေးရွာ	(၂)ဖာလုံ
၂။	အနီးဆုံးမြေပေါ်ရေထု	နန်းမိုချောင်း ခမိုးချောင်း	(၃)ဖာလုံ (၁)မိုင်
၃။	အနီးဆုံး စိုက်ပျိုးမြေ	လယ်ကွင်းများ ရာသီသီးနှံစိုက်ခင်းများ	(၄)ဖာလုံ (၂)ဖာလုံ
၄။	အနီးဆုံးကျေးရွာအုပ်စု	လေးသီကျေးရွာအုပ်စု	(၂)မိုင်
၅။	အနီးဆုံး လူနေအထူထပ်ဆုံး နေရာ	ဗန်းမောက်မြို့	(၃)မိုင်
၆။	အနီးဆုံး ဆက်သွယ်ရေးလမ်း	ဗန်းမောက်မြို့- ဧလုံတောင်လမ်း	(၄)ဖာလုံ
၇။	အနီးဆုံးသောစာသင်ကျောင်း	ခမိုးကျေးရွာမူလတန်းကျောင်း	(၃)ဖာလုံ

၁.၆ စီမံကိန်းကြောင့်အဓိကထိခိုက်နိုင်မှုအလားအလာများကို ကနဦးဆန်းစစ်ခြင်းနှင့် လျှော့ချနိုင်မည့် နည်းလမ်းများ

၁.၆.၁ သက်ရောက်မှုများကိုဆန်းစစ်ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း နည်းလမ်းများ (Methodology)

ပတ်ဝန်းကျင် ဆန်းစစ်ခြင်း နည်းပညာများအား အဓိကအားဖြင့် (၈) မျိုးခွဲခြားနိုင်ပြီး တစ်ခုနှင့် တစ်ခု အားသာချက်များ၊ အသုံးပြုမည့် စီမံကိန်း အမျိုးအစားနှင့် နယ်ပယ်အလိုက် ထိရောက်စွာ အသုံးပြုနိုင်ရန် လိုအပ်ပါသည်။ အများအားဖြင့် ပတ်ဝန်းကျင် ဆန်းစစ်ခြင်း နည်းပညာများကို ရွေးချယ်အသုံးချနိုင်ရန်အတွက် အဓိကကျသော အချက်(၄) ချက်ဖြစ်သော ထိခိုက်နိုင်မှု ဖော်ထုတ်ခြင်း (Impact Identification)၊ တိုင်းတာခြင်း (Impact Measurement)၊ ရှင်းလင်းဖော်ပြ တွက်ချက်နိုင်ခြင်း (Impact Interpretation & Evaluation) နှင့် ရှင်းလင်းလွယ်ကူစွာ ဖော်ပြသိရှိနိုင်စေခြင်း (Impact Communication) တို့အပေါ် အခြေခံ၍ ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



၁.၆.၂ အသုံးပြုမည့် ပတ်ဝန်းကျင် ဆန်းစစ်ခြင်း နည်းပညာများ (EIA Methodologies)

စီမံကိန်း၏ တည်ဆောက်ရေးအဆင့်၊ လုပ်ငန်းလည်ပတ်သည့်အဆင့်နှင့် ပိတ်သိမ်းသည့်အဆင့်များ အတွက် သက်ရောက်မှုများဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းကို စီမံကိန်း၏လုပ်ဆောင်ချက် (Activities)များ အပေါ်မူတည်၍ ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်သတ်မှတ်ခြင်း၊ အကျိုးသက်ရောက်နိုင်မှု အကဲဖြတ်ခြင်း တို့ကို ကွင်းဆင်းစစ်တမ်းကောက်ယူခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံအချက်အလက်များ အစရှိသော အချက်အလက်များအား ပတ်ဝန်းကျင်းဆန်းစစ်ခြင်း နည်းပညာရွေးချယ်ခြင်းစံ (EIA Methodologies Criteria) များအဖြစ် မူတည်၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနည်းလမ်းများကို အသုံးပြု ဆန်းစစ်သွားပါမည်-

- Simple Interaction Matrix Method(Leopold)
- Checklists Method (Simple; Descriptive and Scaling)

(ၛင်း Methodology များအကြောင်းကို အခန်း (၆.၂.၁) တွင် ဖတ်ရှုနိုင်ပါသည်။)



စီမံကိန်း၏သဘောသဘာဝနှင့် တည်နေရာပေါ်မူတည်၍ EIA လေ့လာမည့် နေရာကို မူလပထမ သက်ရောက်သည့်ဧရိယာ (Primary Impact Zone) အနေဖြင့် စီမံကိန်းမှ (၁၀၀၀)မီတာအဖြစ်လည်းကောင်းနှင့် ဆင့်ပွားသက်ရောက်သည့်ဧရိယာ (Secondary Impact Zone) အဖြစ် စီမံကိန်းမှ (၅၀၀၀)မီတာအဖြစ်လည်းကောင်း (၂)မျိုးခွဲခြားပြီး လေ့လာမှုများကို ပြုလုပ်သွားပါမည်။ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်နိုင်မှုများ၏ အသေးစိတ်ကို EIA Report တွင် အသေးစိတ် စီစစ်လေ့လာတင်ပြသွားမည်ဖြစ်ပြီး ယခု နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာတွင် ကနဦးလေ့လာစီစစ်မှုများကို တင်ပြသွားပါမည်။

၁.၆.၃ သက်ရောက်မှုများကို အကဲဖြတ်ခြင်း (Scoping Matrix)

သက်ရောက်မှုများ၏ သဘောသဘာဝ၊ ဖြစ်နိုင်ချေအလားအလာ၊ ဧရိယာအပေါ် သက်ရောက်မှုပမာဏများ၊ စီမံကိန်းကြောင့် ကောင်းကျိုးသက်ရောက်မှုများ၊ ဆိုးကျိုးသက်ရောက်မှုများနှင့် ထပ်တိုးသက်ရောက်မှုများဟူ၍ အပိုင်းကဏ္ဍများ ခွဲခြားထားပါသည်။

၁.၆.၄ အလားအလာရှိသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာခြင်း

စီမံကိန်းကြောင့်ပတ်ဝန်းကျင်နှင့်လူသားများ၊ဂေဟစနစ်ဝန်ဆောင်မှုများကိုအကျိုးသက်ရောက်နိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို (Scoping matrix) အသုံးပြု၍ ဇယားအရ ၎င်းတို့၏ သဘာဝနှင့် ပြင်းထန်မှုအလားအလာကို ဖော်ပြထားပါသည်။ စီမံကိန်းအဆင့်အလိုက် သက်ရောက်နိုင်မှုများကို

အောက်ပါအတိုင်းဆက်လက်အကဲဖြတ်သွားပါမည်-

၁.၆.၄.၁ တည်ဆောက်ခြင်းကာလ

အဆိုပြုစီမံကိန်းကို လေ့လာရာတွင် ဇုန် (၄) ခု ပါဝင်ပါသည်။ ထိုဇုန်(၄)ခုကို တည်ဆောက်ရာတွင် ကြာမြင့်သည့်အချိန်ကာလတူညီခြင်း၊ တည်ဆောက်ခြင်းနည်းစနစ်တူခြင်း၊ အသုံးပြုရသည့် စက်ယန္တရားများနှင့် စက်ပစ္စည်းများတူခြင်းတို့ကြောင့် ၎င်းဇုန် (၄) ခု စလုံးကို စီမံကိန်းလုပ်ငန်းခွင် ဧရိယာတစ်ခုတည်းအဖြစ် ယူဆပြီး ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာသက်ရောက်မှုများကို ဆန်းစစ်လေ့လာသွားမည်ဖြစ်ပြီး အသေးစိတ်ကို [အခန်း (၆.၃.၁)](#)တွင် ဖတ်ရှုနိုင်ပါသည်။

၁.၆.၄.၂ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလ

စီမံကိန်းကို ရေးဆွဲရာတွင် သက်ဆိုင်ရာ လုပ်ငန်းနှင့် ဝန်ဆောင်မှုအပေါ် မူတည်၍ ဇုန် (၄) ဇုန် ခွဲခြား သတ်မှတ်ထားပါသည်။ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလတွင် သက်ရောက်မှုများကို ဆန်းစစ်လေ့လာရာ၌ ရှင်းလင်းလွယ်ကူစေရန်ရည်ရွယ်ချက်ဖြင့် ဇုန် တစ်ခုချင်းစီအလိုက် လေ့လာ သွားပါမည်ဖြစ်ပြီး အသေးစိတ်ကို [အခန်း (၆.၃.၂)](#)တွင် ဖတ်ရှုနိုင်ပါသည်။

လုပ်ငန်းအဆင့်လိုက် အလားအလာရှိသော သက်ရောက်မှုများဇယား

အလားအလာရှိသော သက်ရောက်မှုများ	**လုပ်ငန်းအဆင့်လိုက် အလားအလာရှိသော သက်ရောက်မှုများ**					
	တည်ဆောက်ရေးကာလ	**လုပ်ငန်းလည်ပတ်စဉ်ကာလ**				**လုပ်ငန်းပိတ်သိမ်းရေးကာလ**
	ဇုန် (A+B+C+D)	**ဇုန် (A)**	**ဇုန် (B)**	**ဇုန် (C)**	**ဇုန် (D)**	**ဇုန် (A+B+C+D)**
ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်အခြေအနေ						
ရေအရည်အသွေး (မြေအောက်ရေနှင့် မြေပေါ်ရေ)	B^-	A^-	B^-	B^-	C	D
မြေအရည်အသွေး	B^-	C	C	C	B^+	C
လေအရည်အသွေး	A^-	A^-	B^-	C	A^+	D
ဆူညံသံနှင့် တုန်ခါမှု	B^-	B^-	B^-	C	C	D
အနှံ့	C	C	C	C	D	D
ဇီဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေ						

သဘာဝပေါက်ပင်နှင့် ဇီဝမျိုးကွဲများ (ကုန်းနေ၊ရေနေသတ္တဝါများ)	B⁻	D	D	B⁺	B⁺	C
လူမှုစီးပွားဆိုင်ရာသက်ရောက်မှုများ						
လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံရေး	B⁻	B⁻	B⁻	B⁻	C	D
ရပ်ရွာကျန်းမာရေးနှင့် လုံခြုံမှု	B⁻	B⁻	B⁻	B⁻	B⁻	D
လူမှုစီးပွားအခြေအနေ	A⁺	A⁺	A⁺	A⁺	A⁺	A⁻
မီးဘေး	B⁻	A⁻	B⁻	B⁻	C	D
အညစ်အကြေးစွန့်ပစ်ခြင်း						
စွန့်ပစ် အစိုင်အခဲ စွန့်ပစ်ခြင်း	B⁻	B⁻	B⁻	B⁻	B⁻	D
ရေဆိုး၊ ရေညစ် ထုတ်လွှတ်ခြင်း	B⁻	B⁻	B⁻	B⁻	C	D
ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ယာဉ်ရပ်နားရန်နေရာတို့၏ အခက်အခဲနှင့် ပြဿနာများ						
ယာဉ်ကြောပိတ်ဆို့ခြင်း	B⁻	A⁻	A⁻	A⁻	A⁻	D
ယာဉ်ရပ်နားရန် နေရာ	B⁻	A⁻	C	D	D	D

၁.၆.၅ ဖြစ်နိုင်ဖွယ်ရှိသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများအတွက် ရည်ရွယ်ထားသည့် လျော့ချရန် အစီအမံများ

၁.၆.၅.၁ စီမံကိန်းအဆင့်အားလုံးအတွက် လျော့ချရေးနည်းလမ်းများ

ဇလုံတောင်စီမံကိန်း၏ တည်ဆောက်ပုံဒီဇိုင်းနှင့် တည်ဆောက်ရေးနည်းလမ်းများသည် ၎င်း၏ ပတ်ဝန်းကျင်လူမှုကျန်းမာရေးဆိုင်ရာသက်ရောက်မှုများအပေါ် ထိခိုက်စေမည့် လုပ်ဆောင်ချက်များကို အတတ်နိုင်ဆုံးရှောင်ကျဉ်ပြီး လျှော့ချနိုင်ရန် ရည်ရွယ်၍ ဒေသအခြေအနေ၊ လုပ်ငန်းအခြေအနေနှင့် ကိုက်ညီသောနည်းလမ်းများကို အသုံးပြုဆောက်လုပ်သွားမည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းမှ မလွဲမသွေဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန် နည်းစနစ်ကျသော လျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း ကြိုတင်ချမှတ်ထားမည်ဖြစ်ပါသည်။

စီမံကိန်း၏ တည်ဆောက်ရေးအဆင့်နှင့် လုပ်ငန်းလည်ပတ်ခြင်းအဆင့်တွင် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုများ လျှော့နည်းသည်ထက် လျှော့နည်းအောင် အောက်ပါအတိုင်း လျှော့ချရေးနည်းလမ်းအကျဉ်းချုပ်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လျှော့ချရေးနည်းလမ်း

အသေးစိတ်ကို [အခန်း(၆.၄.၁)](#) တွင်ဖတ်ရှုနိုင်မည်ဖြစ်ပြီး ၎င်းတွင် အောက်ပါအချက်အလက်များကို အခြေပြု၍ ရေးဆွဲဖော်ပြထားပါသည်-

- **ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့်ကြိုတင်ကာကွယ်ရေး**
  - လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် ထိန်းချုပ်ရေးစနစ်များ။
  - ဆူညံမှုနှင့် တုန်ခါမှု ထိန်းချုပ်ရေးစနစ်များ။
  - ရေပေးဝေရေးနှင့် ရေဆိုးသန့်စင်ရေးစနစ်များ။
  - စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။
  - မြေဆီလွှာတိုက်စားမှု ကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း။
- **စီမံကိန်းနေရာတွင်ဆောင်ရွက်ရမည့်ကောင်းမွန်သောအလေ့အထများ**
  - အပေါ်ယံမြေဆီလွှာကို ထိန်းသိမ်းခြင်း။
  - လောင်စာဆီများ၊ ဓာတုပစ္စည်းများကို သင့်တော်စွာ ကိုင်တွယ်ခြင်းနှင့် သိုလှောင် ထိန်းသိမ်းခြင်း။
  - အများသုံးအစိုင်အခဲစွန့်ပစ်ပစ္စည်းများကို သင့်တော်စွာ စီမံခန့်ခွဲစွန့်ပစ်ခြင်း။
  - တကိုယ်ရည်သုံးကာကွယ်ရေးပစ္စည်းများကို ထောက်ပံ့ပေး၍ ဝန်ထမ်း/လုပ်သားများကို အသုံးပြုစေရန် ကြပ်မတ်ခြင်း။
- **ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ခြင်း၊**
- **ယာဉ်သွားလာမှုနှင့်ချဉ်းကပ်လမ်းများထိန်းချုပ်ခြင်း၊**
- **ရေစွမ်းအင်နှင့်မြေဆီလွှာထိန်းသိမ်းကာကွယ်ခြင်း၊**
- **ဒေသခံများ၊ခရီးသွားပြည်သူများကျန်းမာရေး၊မှုခင်းနှင့်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊**
- **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊**
- **ယဉ်ကျေးမှုဆိုင်ရာရုပ်ပိုင်းသယံဇာတများကိုထိန်းသိမ်းစောင့်ရှောက်ခြင်း၊**
- **ဒေသခံပြည်သူများချိတ်ဆက်ပါဝင်စေခြင်းနှင့်ဒေသဖွံ့ဖြိုးရေး။**

၁.၆.၅.၂ လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်အတွက် လျော့ချရေးနည်းလမ်းများ

ဤ စီမံကိန်းကို နောင်နှစ် (၅၀) မှ (၇၀)အထိ ကြိုတင်စီမံရေးဆွဲထားပြီးဖြစ်၍ ပိုမိုကောင်းမွန်သော စီမံကိန်းမရှိသေးပါက လုပ်ငန်းများကို ရုတ်တရက်ပိတ်သိမ်းခြင်းမပြုဘဲ ဘုရားဖူးခရီးသွားလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသ၏အကျိုးစီးပွား၊ ကုမ္ပဏီ၏အကျိုးစီးပွား နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် စီမံကိန်းဖြစ်ပါသည်။ သို့သော် စီမံကိန်းသက်တမ်း တစ်လျှောက်လုံးတွင် ပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းတို့၏အရည်အသွေး ရေရှည်တည်တံ့ကောင်းမွန်စေရန် စောင့်ကြပ်ကြည့်ရှုလေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအစီအစဉ်များ ပုံမှန်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ စီမံကိန်းပိတ်သိမ်းမှု အစီအစဉ်ကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ သက်တမ်းမကုန်ဆုံးမီ ကြိုတင်ပြင်ဆင် ရေးဆွဲရန် သက်ဆိုင်ရာကုမ္ပဏီမှ ဆောင်ရွက်ရပါမည်။

၁.၆.၆ ထိခိုက်နိုင်မှုများနှင့် အန္တရာယ်များကို သင့်လျော်စွာလျော့ချနိုင်မည့် နည်းလမ်းများ

၁.၆.၆.၁ စီမံကိန်းလုပ်ငန်းအတွက် ထိခိုက်မှုများလျော့ချမည့် လုပ်ငန်းစဉ်

ရှောင်ရှားခြင်း (Avoid) နည်းလမ်းများ

- စီမံကိန်းအစိတ်အပိုင်းလိုက်ဇုန်များကို စနစ်တကျ နေရာရွေးချယ်ခြင်း။
- သယ်ယူ၊ ပို့ဆောင်ရေးလမ်းများ၊ ဖောက်လုပ်ခြင်းနှင့် Green zone, Buffer zone များထားရှိခြင်း။
- စီမံကိန်း အဆောက်အဦများ၊ အခြေခံအဆောက်အဦများ၏ ဒီဇိုင်းများကို စနစ်တကျပြင်ဆင်ခြင်း။

အနိမ့်ဆုံးဖြစ်စေခြင်း (Minimize)

- ညစ်ညမ်းပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ ထုတ်လွှတ်မှု လျော့ချခြင်း။
- မြေယာအသုံးပြုသူနှင့် အနှောက်အယှက်ဖြစ်စေမှု အနိမ့်ဆုံးဖြစ်စေရန် စီမံခြင်း။
- ဆောက်လုပ်ရေးပစ္စည်း (သဲ၊ ကျောက်စရစ်) ထုတ်လုပ်မှု အနည်းဆုံး ဖြစ်စေရန် စီမံခြင်း။
- ရေ/ စွမ်းအင် အသုံးပြုမှု အနည်းဆုံး ဖြစ်စေခြင်း။

မူလအတိုင်းပြန်ဖြစ်စေခြင်းနှင့် ပြန်လည်တည်ထောင်ခြင်း(Restore and Rehabilitate)

- တည်ဆောက်ခြင်းအဆင့်မှာပင် ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို ကြိုတင်စီမံ ဆောင်ရွက်ခြင်း။
- တည်ဆောက်ခြင်းအဆင့်ကြောင့် ယိုယွင်းပျက်စီးမှုများကို လျော့ချရေးစီမံချက် ရေးဆွဲထားခြင်း။
- Green zone၊ Buffer zone များတွင် နှစ်တို၊ နှစ်ရှည်ပင်နှင့် မြက်ခင်းများ စိုက်ပျိုးပေးခြင်း။
- ငါးမျိုးစုံနှင့် တောရိုင်းတိရိစ္ဆာန်များ ပြုစုပျိုးထောင်မွေးမြူခြင်း။

အခြားနေရာတွင် အစားထိုးဆောင်ရွက်ပေးခြင်း(Offset)

- မြေယာ ဆုံးရှုံးမှုရှိပါက (လူမှုစီးပွားထိခိုက်မှုရှိလျှင်) အစားထိုးပေးခြင်း၊ မြေယာလျော်ကြေးပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးပေးခြင်း။
- ဇီဝမျိုးစုံ မျိုးကွဲများအတွက် ထိန်းသိမ်းစောင့်ရှောက်ထားသော ဧရိယာများ ထိခိုက်နှောက်ယှက်မှု ဖြစ်နိုင်ပါက အခြားတစ်နေရာတွင် အစားထိုး ထူထောင်ပေးခြင်း။

တိုးတက်စေခြင်း(Enhance)

- စီမံကိန်းဆောင်ရွက်မှုကြောင့် ရရှိဖြစ်ပေါ်လာသည့် လူမှုစီးပွားရေးကောင်းကျိုးများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများ တိုးတက်မှုအတွက် ဒေသဖွံ့ဖြိုးရေး အစီအစဉ်များဖြင့် ထပ်တိုး ရင်းမြစ်များ ထောက်ပံ့ အကောင်အထည်ဖော်ခြင်း။

၁.၆.၇ အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း (Prediction of Potential Risk)

စီမံကိန်းဆောင်ရွက်ရာ နယ်မြေဒေသအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ခြေနှင့် စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သော မတော်တဆဖြစ်မှုများ ဖြစ်နိုင်ခြေကို လေ့လာဆန်းစစ်၍ လျော့ချရေး နည်းလမ်းများ ဖော်ထုတ်တင်ပြသွားပါမည်။ စီမံကိန်း၏ တည်ဆောက်ရေးအဆင့်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း အဆင့်များတွင် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို ခွဲခြားလေ့လာသွားပါမည်။

၁.၆.၇.၁ အန္တရာယ် ဖြစ်နိုင်ခြေ ဆန်းစစ်သည့် နည်းလမ်း

၁.၆.၇.၁.၁ သဘာဝဘေးအန္တရာယ်များ

- သမိုင်းတစ်လျှောက် မှတ်တမ်းများကို အခြေခံ၍လည်းကောင်း၊ ဖြစ်နိုင်သော ဘူမိနှင့် လေထုဆိုင်ရာ ဘေးအန္တရာယ်များကို ဆန်းစစ်ခြင်းဖြင့်လည်းကောင်း သဘာဝဘေး အန္တရာယ် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်ပါမည်။
- အနာဂတ်ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များ၏ အကြိမ်အရေအတွက်နှင့် အကျိုးဆက်များကို ထည့်သွင်းစဉ်းစားပါမည်။
- သဘာဝဘေးအန္တရာယ်၏ နေရာအလိုက် ဖြစ်ပွားနိုင်သည့် ပုံစံများ၊ အကြိမ်ရေ၊ ကာလနှင့် ပြင်းထန်မှုတို့ကို ခန့်မှန်းပါမည်။

၁.၆.၇.၁.၂ ယာဉ်နှင့် စက်မှုဆိုင်ရာ အန္တရာယ်

- ဖြစ်ရပ်လေ့လာမှုများ၊ စာအုပ်စာတမ်း ရှာဖွေလေ့လာမှုများနှင့် ပေါင်းစပ်လျက် စီမံကိန်းဒီဇိုင်းနှင့် Layout ပုံစံတို့ကို လည်းကောင်း၊ အန္တရာယ်ရှိ ပစ္စည်းများအား အသုံးပြုမှုနှင့် ကိုင်တွယ်ပုံတို့ကို လည်းကောင်း အခြေခံ၍ စက်မှုဆိုင်ရာ အန္တရာယ်အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်ပါမည်။
- စက်မှုဆိုင်ရာ အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းရင်းနှင့် အကျိုးဆက်ဖြစ်ရပ်များကို လည်းကောင်း၊ ဖြစ်ပေါ်နိုင်ခြေကိုလည်းကောင်း လေ့လာဆန်းစစ်ပါမည်။
- နေရာအလိုက် ဖြစ်ပွားနိုင်သည့် ပုံစံများ၊ အကြိမ်ရေ၊ ကာလနှင့် ပြင်းထန်မှုတို့ အပါအဝင် စက်မှုဆိုင်ရာ အန္တရာယ်များ၏ ပြင်းအား (severity) ကို လေ့လာဆန်းစစ်ပါမည်။

၁.၆.၇.၂ အရေးပေါ်အခြေအနေနှင့် တုန့်ပြန်ရေး စီမံချက်များ

အန္တရာယ်ရှိပစ္စည်းများ မတော်တဆယိုဖိတ်မှု၊ ဆည်ကျိုးပေါက်ခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ကြိုတင်မခန့်မှန်းနိုင်သော မိုးလေဝသဖြစ်ရပ်များ၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် မြေလွှာပြတ်ရွှေ့ခြင်းစသော ဖြစ်ရပ်များကို ကိုင်တွယ်ရန် အရေးပေါ်အခြေအနေ တုန့်ပြန်ရေး စီမံချက်များကို ရေးဆွဲထားရှိ စေပါမည်။ ယင်းစီမံချက်များတွင် အဓိကထား ပါဝင်ရမည့် အချက်အလက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- အရေးပေါ်အခြေအနေအတွက် အရင်းအမြစ်များ၊

- ဆက်သွယ်ပြောကြားရေး စနစ်များ၊
- စီမံချက်ကို ကိုင်တွယ်စီမံ အသုံးပြုခြင်း၊
- အရေးပေါ် အခြေအနေကို တုန့်ပြန်သည့် လုပ်ထုံးလုပ်နည်းများ၊
- ရပ်ရွာအခြေပြု လုပ်ထုံးလုပ်နည်းများ၊
- လုပ်ထုံးလုပ်နည်းများကို အသိပေးပြောကြားထားခြင်း၊
- အရေးပေါ်အခြေအနေအတွက် အသင့်ပြင်ဆင်ထားရေး သင်တန်းများ၊
- ပြန်လည်အစီရင်ခံခြင်းနှင့် အရေးပေါ်အခြေအနေနောက်ပိုင်း စိတ်ဖိစီးမှု ကင်းရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

Terrain Company Limited ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်း စီမံချက်များကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၏ လုပ်ဆောင်မှုစံသတ်မှတ်ချက်များ(၁-၁-၂၀၁၂)၊ ပြည်ထောင်စုမြန်မာနိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျမ္မာရေးဆိုင်ရာဥပဒေ (၂၀၁၉)နှင့် အခြားပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များကို ကိုးကား၍ အောက်ဖော်ပြပါ စီမံချက်များရေးဆွဲ၍ (EIA)အစီရင်ခံစာတွင်ထည့်သွင်းဖော်ပြသွားပါမည်-

- လုပ်ငန်းခွင်ဘေးအန္တရာယ်များအားလေ့လာဆန်းစစ်ခြင်း(Job Hazard Analysis)
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးခြင်း(Safety Inspection)
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်း၊ စည်းကမ်းများချမှတ်ခြင်း(Inhouse Rules and Regulations)
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်းစီမံချက်(Emergency Response Plan)
- လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)မှ ကောက်နှုတ်ချက်များ။

၁.၆.၈ ဆက်စပ်သက်ရောက်မှုများ(Cumulative Impacts)

စီမံကိန်းနယ်မြေဧရိယာအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော၊ ဆက်စပ်ဆောင်ရွက်ရမည် အနာဂတ်စီမံကိန်းများနှင့် အကြောင်းဆက်စပ်၍ ပေါင်းစည်းဖြစ်ပေါ်လာနိုင်သော၊ ဆတိုးဖြစ်ပေါ်နိုင်သော ဆက်စပ်သက်ရောက်မှုများကို သုံးသပ်စီစစ်နိုင်ရန်လိုအပ်ပါသည်။ ယင်းဆက်စပ်မှုများ၏ အရေးကြီးမှုကို အောက်ဖော်ပြပါ ဂုဏ်ရည်များဖြင့် နှိုင်းချိန်ဆုံးဖြတ်သွားပါမည်-

- ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်များ၊ နေရင်းဒေသများ၊ တောရိုင်းတိရိစ္ဆာန်များ၊
- ဇီဝမျိုးစုံ၊ မျိုးကွဲနှင့် ဂေဟာစနစ်ဝန်ဆောင်မှုများ၊
- သဘာဝအရင်းအမြစ်ဖြစ်စဉ်များ၊
- လူမှုစီးပွားရေးဆိုင်ရာအခြေအနေများ၊

- ရိုးရာယုံကြည်မှု၊ ယဉ်ကျေးမှုသွင်ပြင်များ။

ဆက်စပ်သက်ရောက်မှုဖြစ်ပေါ်နိုင်သော အခြားဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းများကို သုံးသပ်ဖော်ထုတ်ထားချက်အတိုင်း ဧလုံတောင်လမ်း လမ်းသစ်တိုးချဲ့ဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးတိုးချဲ့သွယ်တန်းခြင်း၊ မြို့ရွာများတိုးချဲ့လာခြင်း စသည့်လုပ်ငန်းများကြောင့် သိသာသော ဆက်စပ်သက်ရောက်မှု မဖြစ်နိုင်ပါ။ စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်ခြင်း လုပ်ငန်းများတွင် ပေါင်းစည်းသက်ရောက်ခြင်း ဖြစ်နိုင်ချေမှာလည်း COVID-19 ရောဂါဖြစ်ပွားမှု၏ ရိုက်ခက်မှုများကြောင့် ခရီးသွားလုပ်ငန်းများကျဆင်းနေသဖြင့် သိသာထင်ရှားသော ဆက်စပ်သက်ရောက်မှုမဖြစ်နိုင်ပါ။ ဒေသတွင်းရှိ ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ တည်ရှိခြင်းကြောင့် စီမံကိန်းနေရာများ နီးကပ်လျှင် ဆက်စပ်သက်ရောက်မှု ဖြစ်နိုင်ပါသည်။ အနီးဆုံးရွှေသတ္တုတူးဖော်ရေး လုပ်ငန်းများသည် စီမံကိန်းဒေသ၏ အရှေ့မြောက်ဘက် (၈)မိုင်ခန့်အကွာ မဲဇာချောင်းတစ်လျှောက်၊ ထီးတော်ကိုင်းကျေးရွာအုပ်စု၊ ပေကုန်းကျေးရွာအုပ်စု၊ ပန်းတောပြင်ကျေးရွာအုပ်စုများတွင် (၂၀၀၈) ခုနှစ်ခန့်ကတည်းက တစ်ပိုင်တစ်နိုင် ရွှေလက်လုပ်စားတူးဖော်သောလုပ်ကွက်များ စတင်ဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၈)ခုနှစ်ခန့်တွင် မြန်မာ့သတ္တုတွင်းသတ္တုတူးဖော်ရေးကုမ္ပဏီများမှ အသေးစားလုပ်ကွက်များ လျှောက်ထား၍ တူးဖော်လုပ်ကိုင်မှုများ ရှိခြင်းကြောင့် မဲဇာချောင်းတစ်လျှောက် ရေအရည်အသွေး ကျဆင်းမှုများ ရှိနေခဲ့ပါသည်။ ယင်းအခြေအနေကို အခြေပြု၍ စီမံကိန်းဧရိယာမှ စွန့်ထုတ်သော မြေပေါ်ရေညစ်ညမ်းမှုရှိလျှင် ခမိုးချောင်းတစ်လျှောက်မှ စီးဆင်းပေါင်းဆုံကာ ဆက်စပ်သက်ရောက်မှု ဖြစ်ပေါ်နိုင်ပါသည်။ ရွှေသတ္တုတူးဖော်ရေး လုပ်ငန်းခွင်သုံးယာဉ်များ၊ အုပ်ချုပ်မှုသုံးယာဉ်များကြောင့် ခရီးသွားရာသီအတွင်း ခရီးသွားမော်တော်ယာဉ်များနှင့် ပေါင်းဆုံလျှင် ယာဉ်သွားလာမှုဆိုင်ရာ ဆက်စပ်သက်ရောက်မှု ဖြစ်ပေါ်နိုင်ပါသည်။

၁.၇ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း

၁.၇.၁ စီမံကိန်းဧရိယာ၏ လူမှုစီးပွားရေးအခြေခံအချက်အလက်များ ကောက်ခံခြင်း

စီမံကိန်းဧရိယာ၏ အဓိက သက်ရောက်မှုရှိနိုင်သော ခမိုးကျေးရွာ၏ လူမှုစီးပွားရေး အခြေခံအချက်အလက်များကို သိရှိနိုင်ရန် S.E.E.D အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသားများထံမှ စစ်တမ်းကောက်ယူသွားရန် ရှင်းလင်းလွယ်ကူစေမည့် အသုံးအနှုန်းများ၊ လူမှုစီးပွားဆိုင်ရာ အခန်းကဏ္ဍများ ပါဝင်သည့် စံပြုမေးခွန်းများ ပြုစုကောက်ခံသွားမည်ဖြစ်ပါသည်။ အသေးစိတ်မေးခွန်းလွှာကို [အခန်း(၇) နှင့် နောက်ဆက်တွဲ (င/၃)]တွင် ဖော်ပြထားပါသည်။

၁.၇.၂ လေ့လာမှုနယ်ပယ်သတ်မှတ်ခြင်းအဆင့်တွင်ဆောင်ရွက်ခဲ့သည့်တိုင်ပင်ဆွေးနွေးမှုရလဒ်များ

စီမံကိန်းအတွက် အစီရင်ခံစာဆောင်ရွက်နေစဉ်ကာလသည် ကမ္ဘာတစ်ဝှမ်း၌ COVID-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလဖြစ်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD)မှ ၀၁.၀၈.၂၀၂၀ တွင် ညွှန်ကြားထားသည့် ညွှန်ကြားချက်များနှင့်အညီ အချက်အလက်ကောက်ယူခြင်းများကို ပြုလုပ်ပါမည်။ ဧလုံတောင်ယာဉ်ရပ်နားစခန်း၊ ဟိုတယ်နှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများစီမံကိန်း၏ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအစီရင်ခံစာအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း တိုင်ပင်ဆွေးနွေးမှုအတွက် ပါဝင်ပတ်သက်သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ဒေသခံများ (ဗန်းမောက်မြို့၊ လေးသီကျေးရွာ၊ ခမိုးကျေးရွာ)
- ရပ်ကွက်ကျေးရွာ ဦးစီးခေါင်းဆောင်များ (ခမိုးကျေးရွာ၊ ခိုပြင်ကျေးရွာ၊ ညောင်သာယာကျေးရွာ (ပင်းမန)၊ ပင်းမနရွာဟောင်း၊ လေးသီရွာ၊ နောင်မဲလုံရွာ)
- စစ်ကိုင်းတိုင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊
- ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးကော်မတီ၊
- ဗန်းမောက်မြို့နယ် သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာများမှ တာဝန်ရှိသူပုဂ္ဂိုလ်များ၊
- သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစရှိသည်တို့ဖြစ်ပါသည်။

၁.၇.၃ စီမံကိန်းကို ကြီးကြပ်ကွပ်ကဲသည့် အစိုးရဌာနများနှင့် တွေ့ဆုံမှုစီမံကိန်းကို ကြီးကြပ်ကွပ်ကဲသည့် အစိုးရဌာနများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံမှုအစီအစဉ်

COVID-19 ကပ်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်သဖြင့် သွားလာရန်ခက်ခဲခြင်း၊ လူစုလူဝေးဖြင့်ကျင်းပရန် မဖြစ်နိုင်ခြင်းတို့ကြောင့် ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲ (Public Consultaion Meeting) ကွင်းဆင်းပြုလုပ်ခြင်း မပြုတော့ဘဲ Zoom Application ကို အသုံးပြု၍ Webinar ပုံစံဖြင့် (၂၅.၁၀.၂၀၂၀) နေ့လည် (၁၄:၁၅) အချိန်တွင် Zoom ဖြင့် ကျင်းပပြုလုပ်သော တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd) ဧလုံတောင်ဒေသ၊ ခမိုးယာဉ်ရပ်နားစခန်းနှင့် ဟိုတယ်စီမံကိန်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် ဒေသခံပြည်သူ၊ ရွာသူရွာသားများနှင့် တိုင်ပင်ဆွေးနွေးခြင်း အစည်းအဝေးမှတ်တမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁.၇.၃.၁ Zoom meeting ဆွေးနွေးပွဲတက်ရောက်သူများ

- ဦးသစ်ထူးမြင့် ၊ ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊
- ဦးကျော်သူရလှိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊
- ဦးဇော်ထွန်းအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊(မြို့နယ်စီ/ခန့်)၊
- ဦးနေလင်းသိန်း၊ အမှုဆောင်အရာရှိ၊ ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊
- ဦးကျော်မျိုးလတ်၊ဟိုတယ်လုပ်ငန်းဆိုင်ရာအကြံပေး တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd)၊
- ဦးရန်နိုင်ဝမ်၊ ခမိုးစခန်းတာဝန်ခံ၊ တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd)၊
- ဦးသိန်းထိုက်၊ တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd)၊
- ခမိုးကျေးရွာမှ တက်ရောက်လာသော အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားကိုယ်စားလှယ်များ(၄)ဦး၊
- ဦးခင်မောင်အေး (S.E.E.D Ltd အကြံပေးအဖွဲ့ခေါင်းဆောင်)၊
- ဦးသန်းနိုင်အေး(S.E.E.D Ltd)၊
- ဒေါက်တာအိအိမျိုး(S.E.E.D Ltd)၊
- ဦးကောင်းကျော်ထက် (S.E.E.D Ltd)၊
- ဦးရဲမင်းခ(S.E.E.D Ltd)၊
- ဦးဇေယျာညီညီ(S.E.E.D Ltd)၊
- ဦးထူးမြတ်ခိုင်(S.E.E.D Ltd)၊

- ဒေါ်နီလာအောင်(S.E.E.D Ltd)၊(မှတ်တမ်းတင်)

၁.၇.၃.၂ ရည်ရွယ်ချက်

၁။ တာရိန်းကုမ္ဗဏီလီမိတက် (Terrain Co.,Ltd) ဧလုံတောင်ဒေသ၊ ခမိုးယာဉ်ရပ်နားစခန်းနှင့် ဟိုတယ်စီမံကိန်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် အစိုးရအဖွဲ့၊ ဒေသခံပြည်သူ၊ ရွာသူရွာသားများမှ ဆွေးနွေးအကြံပြုချက်များ ရယူနိုင်ရန်။

၁.၇.၃.၃ ဆွေးနွေးချက်များ

အစည်းအဝေးတွင် S.E.E.D Ltd မှ ဦးကောင်းကျော်ထက်၊ ဦးခင်မောင်အေးတို့မှလည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်မှ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်မှ လည်းကောင်း၊ ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးနေလင်းသိန်းမှ လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်မှ လည်းကောင်း၊ တာရိန်းကုမ္ဗဏီလီမိတက်မှ ဟိုတယ်လုပ်ငန်းဆိုင်ရာအကြံပေး ဦးကျော်မျိုးလတ်နှင့် ခမိုးစခန်းတာဝန်ခံ ဦးရန်နိုင်ဝမ်တို့မှ လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများနှင့် ၎င်းတို့ကို လျော့ကျနိုင်မည့် စီမံဆောင်ရွက်ထားမှုများ၊ ယာဉ်ရပ်နားစခန်းဖြစ်သည့်အတွက် ယာဉ်လမ်းကြောင်းရှင်းလင်းရန် ဆောင်ရွက်ထားမှုများ၊ အမှိုက်နှင့် အခြားစွန့်ပစ်ပစ္စည်းများစီခန့်ခွဲမှုအစီအစဉ် အစရှိသည်တို့ကို မေးမြန်းဆွေးနွေးဖြေကြားခဲ့ပြီး (၁၅၃၅) တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။ (ဆွေးနွေးချက်အသေးစိတ်ကို အခန်း (၇.၂.၁.၃) တွင် ဖတ်ရှုနိုင်ပါသည်။)

၁.၇.၄ စီမံကိန်းကိုကြီးကြပ်ကွပ်ကဲသည့် အစိုးရဌာနများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံမှုရလဒ်များ

ခမိုးစခန်းစီမံကိန်းနှင့် ပတ်သက်၍ ပြည်သူလူထုထံမှ စာဖြင့်ရေးသားတောင်းခံထားသော အကြံပြုချက်များ၊ Zoom Meeting ဖြင့် တွေ့ဆုံဆွေးနွေးခြင်းမှ ရရှိသော ဆွေးနွေးချက်များအရ အောက်ဖော်ပြပါ အကျိုးရလဒ်များ ရရှိခဲ့ပါသည် -

- စီမံကိန်းမြေပိုင်ရှင် စည်ပင်သာယာရေးဌာနနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သော တာရိန်းကုမ္ဗဏီတို့သည် စီမံကိန်းအတွက် နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အကြံဉာဏ်ကောင်းများ ရရှိခြင်း၊
- စီမံကန်းနယ်မြေမှ ဒေသခံများအနေဖြင့် စီမံကိန်းအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ပိုမိုရှင်းလင်းစွာ သိမြင်ကြပြီး ယင်းတို့စိုးရိမ်ပူပန်မှုများဖြစ်သည့် သစ်တောပြုန်းတီးနိုင်မှု၊ မြေပေါ်ရေညစ်ညမ်းမှု၊ စွန့်ပစ်ပစ္စည်းများတိုးပွားမှုအတွက် ဖြေရှင်းမည့်အစီအစဉ်များကို သိရှိနိုင်ခြင်း၊
- စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို ပိုမိုသိမြင် နားလည်လာစေခြင်း၊

- စီမံကိန်းကြောင့် ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများ၊ ပြည်သူလူထုစီးပွားတိုးတက်မှု အလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ယုံကြည်မှု အားကောင်းလာစေခြင်း စသည်တို့ဖြစ်ပါသည်။

အစည်းအဝေးတက်ရောက်လာသူ ဒေသခံများ

- ဦးဖိုးစိန် ကျေးရွာအုပ်ချုပ်ရေးမှူး ခမိုးကျေးရွာ(ဖုန်း-၀၉၄၄ဖ၃စ၁ဖ၂၄)၊
- ဦးခင်မောင်သန်း ကျေးရွာသား ခမိုးကျေးရွာ၊
- ဦးခင်အောင် ကျေးရွာသား ခမိုးကျေးရွာ(ဖုန်း-၈၈၃၁၄၅ဖ၅၅)၊
- ဦးအောင်ဝင်းခိုင် လူငယ်အဖွဲ့ခေါင်းဆောင် ခမိုးကျေးရွာ(ဖုန်း-၄၀ဖ၄၉၂၇၂၁)၊

စာဖြင့်ရေးသား၍ အကြံပြုချက် ပေးပို့ကြသူများစာရင်း

အမည်	ဒေသခံ	နေရပ်လိပ်စာ	ဖုန်းနံပါတ်
ဦးခင်အောင်	ဆယ်အိမ်မှူး	ခမိုးကျေးရွာ	09 883 145 655
ဦးဝင်းအောင်	ကျေးရွာသား	ခမိုးကျေးရွာ	09 443 643 614
ဦးအောင်ဝင်းခိုင်	လူငယ်အဖွဲ့ခေါင်းဆောင်	ခမိုးကျေးရွာ	09 406 492 721
ဦးမောင်ရွှေ	တောင်သူ	ခမိုးကျေးရွာ	09 890475 830
ဒေါ်အေးအေးမြင့်	ဒေသခံ	ခမိုးကျေးရွာ	09 406 914 712
ဦးဇင်မျိုးသူ	ခမိုးရိပ်ညိုဆိုင်ဝန်ထမ်း	ခမိုးကျေးရွာ	09 256 491 326
ဦးကုမာရ	ခမိုးကျောင်း	ခမိုးကျေးရွာ	09 889 471 097
ဦးမောင်သန်း	ဆယ်အိမ်မှူး	ခမိုးကျေးရွာ	-
ဦးမြင့်အောင်	ကျေးရွာသား	ခမိုးကျေးရွာ	09 883 146 691
ဦးဝင်းမြင့်	ကျေးရွာသား	ခမိုးကျေးရွာ	-
ဒေါ်စုစုကြည်	ဒေသခံ	ပုဇွန်တောင်ရပ်၊ ဗန်းမောက်မြို့	09 258 522 957
ဦးဉာဏ်လှိုင်ထွန်း	ဒေသခံ	မြို့မရပ်၊ ဗန်းမောက်မြို့	09 962 013 356

စာဖြင့်ရေးသားအကြံပြုလွှာများအား [နောက်ဆက်တွဲ(င/၂)](#) တွင် ပူးတွဲတင်ပြထားပါသည်။

၁.၇.၅ အကျိုးသက်ဆိုင်သူများ၊ စီမံကိန်းကြောင့်ထိခိုက်နိုင်ခြေရှိသည့်သူများအား သရုပ်ခွဲစစ်ခြင်း

၁.၇.၅.၁ စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ထုတ်ဖော်အသိပေးခြင်း(Public Disclosure)

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်သောသတင်းအချက်အလက်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သောသတင်းအချက်အလက်များအား အကျိုးသက်ဆိုင်သူ၊ အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးရေး၊ အချက်အလက်ထုတ်ပြန်ရေးအစီအစဉ်အရ စီမံကိန်း၏တာဝန်ရှိသူ မြို့နယ်စည်ပင်/ တာရိန်းကုမ္ပဏီတာဝန်ရှိသူများမှ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးတိုင်ပင်ဖြေရှင်းပေးခဲ့ပါသည်။ EIAအကြံပေးအဖွဲ့အနေဖြင့် စီမံကိန်းအကြောင်း အကျဉ်းချုပ်ရှင်းလင်းဖော်ပြချက် ဗီဒီယိုဝိုစတာများကို (၁၁-၁၀-၂၀၂၀)ရက်နေ့တွင် ဗန်းမောက်မြို့နယ်

လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့၊ ခမိုးကျေးရွာလျှပ်စစ်အင်ဂျင်နီယာရုံးရှေ့၊ ခမိုးကျေးရွာဘုန်းကြီးကျောင်းရှေ့၊ နောင်မဲ့လုံကျေးရွာရွာလယ်လမ်းဆုံများတွင် စိုက်ထူအသိပေးထားခဲ့ပါသည်။ (၁၆-၁၀-၂၀၂၀)ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ များတွင် စီမံကိန်းအကြောင်းအရာအကျဉ်းနှင့် ပြည်သူလူထုတွေ့ဆုံဆွေးနွေးခြင်း (Online meeting) ဆောင်ရွက်ရန်အတွက် အသိပေးကြေညာခြင်း၊ EIAအကြံပေးအဖွဲ့၏ ဝက်ဘ်ဆိုဒ်လိပ်စာ www.unitedfriendsabilities.com/seed/တွင် ကြေညာပေးထားခဲ့ပါသည်။ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအစီရင်ခံစာနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (EIA-report) များကိုလည်း ပြည်သူလူထုဖတ်ရှုသိရှိအကြံပြုနိုင်စေရန် ယင်းဝက်ဘ်ဆိုဒ်တွင် လွှင့်တင်အသိပေးကြေညာ သွားမည်ဖြစ်ပါသည်။

၁.၇.၆ ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်စေခြင်း စီမံချက်

စီမံကိန်းလုပ်ငန်းသည် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး ရှေ့ရှုသော လုပ်ငန်းဖြစ်သဖြင့် သတ္တုတွင်းလုပ်ငန်းများကဲ့သို့ ဒေသခံပြည်သူများအပေါ် ရေရည်ဆိုးကျိုးများရှိလိမ့်မည်မဟုတ်ပါ။ သို့ရာတွင် စီမံကိန်းနှင့် အကျိုးဆက်စပ်သူ ပြည်သူလူထုများအကြား ခိုင်မာသော ရေရှည်ဆက်ဆံမှု တည်ဆောက်ထားခြင်းဖြင့် အန္တရာယ်ဖြစ်နိုင်ခြေ သတ်မှတ်ဖော်ထုတ်နိုင်ခြင်း၊ စီမံကိန်းလုပ်ငန်းကို အငြင်းပွားမှုကိစ္စများ အနည်းဆုံးဖြင့် ရေရှည်အောင်မြင်မှုရရှိစေရန် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ ဒေသခံပြည်သူများက အဓိပ္ပာယ်ရှိစွာ ချိတ်ဆက်ပါဝင်မှုသည် စနစ်ကျ၍ စဉ်ဆက်မပြတ်သော ထပ်တလဲလဲလုပ်ငန်းစဉ်တစ်ခုဖြစ်သင့်ပါသည်။ ဒေသခံပြည်သူချိတ်ဆက်ပါဝင်ရေး စီမံချက်တွင် အောက်ဖော်ပြပါအကြောင်းအရာများ ပါဝင်ရေးဆွဲပါမည်-

- အကျိုးသက်ဆိုင်သူများနှင့် ထိခိုက်ခံရနိုင်ဖွယ်ရှိသည့် ပြည်သူများကို သရုပ်ခွဲဆန်းစစ်ခြင်း၊
- EIA ဆောင်ရွက်စဉ်အတွင်း တိုင်ပင်ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များ၊
- ဒေသခံပြည်သူများချိတ်ဆက်ရေး မဟာဗျူဟာ၊
- တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်းအတွက် အဆိုပြုထားသော လုပ်ငန်းများ၊
- သတင်းအချက်အလက်ဖြန့်ဝေခြင်းနှင့် ဖြန့်ဝေပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊
- နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်၊
- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာတို့ကို ပူးတွဲစောင့်ကြပ်ရေးအစီအစဉ်နှင့် ဒေသခံများသို့ အစီရင်ခံရေး အစီအစဉ်။

၁.၇.၇ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း

စီမံကိန်းဆောင်ရွက်ရာ ဗန်းမောက်မြို့နယ်၊ ခမိုးကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းကို တာဝန်ယူမည့် တာရိန်းကုမ္ပဏီလီမိတက်သည် ဒေသခံများ၏ လူမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ စီမံကိန်းလုပ်ငန်းများကြောင့် ဒေသခံ ပြည်သူများရရှိမည့် အကျိုးကျေးဇူးများကို ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် အမြင့်ဆုံးဖြစ်စေသင့်ပြီး

ဆိုးကျိုးများကို ရှောင်ရှားနိုင်ရပါမည် (သို့မဟုတ်) အနိမ့်ဆုံးဖြစ်စေရပါမည်။ ဒေသခံပြည်သူတို့အတွက် အောက်ဖော်ပြပါအကျိုးကျေးဇူးများကို အခြေခံစဉ်းစားပြီး စီမံချက်ကို ရေးဆွဲပါမည်-

- ကျောင်းအဆောက်အဦများ ဆောက်လုပ်ပေးခြင်း၊ ပြင်ဆင်ပေးခြင်း၊ ပညာရေးတိုးတက်စေရန် ထောက်ပံ့ပေးခြင်း နှင့် ပိုမိုကောင်းမွန်သော ပညာရေးဖြစ်စေရန် ကျောင်းသားများကို ငွေကြေးထောက်ပံ့ပေးခြင်း၊
- လမ်းများပြင်ဆင်ခြင်း၊ ရေနွတ်မြောင်းစနစ်များကို တိုးတက်စေခြင်း၊ ရေနှင့်လျှပ်စစ်ဓာတ်အား ရရှိစေခြင်းဖြင့် အခြေခံအဆောက်အဦတိုးတက်စေရန် ထောက်ပံ့ပေးခြင်း၊
- ဒေသခံပြည်သူများ၏ ကျန်းမာရေးတိုးတက်စေရန် ထောက်ပံ့ပေးခြင်းနှင့် ကူးစက်ရောဂါဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးအသိနိုးကြားမှု မြှင့်တင်ပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်ရေး အစီအမံများကို အပြည့်အဝအကောင်အထည်ဖော်ခြင်း၊
- ဒေသခံအဆင့်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးခြင်းဖြင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ထောက်ပံ့ပေးခြင်း။

၁.၇.၈ မကျေလည်မှုဖြေရှင်းပေးမည့် အစီအစဉ်



၁.၈ နိဒါန်းနှင့် အကြံပြုချက်

၁.၈.၁ နိဒါန်း

စစ်ကိုင်းတိုင်းဒေသကကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ လေးသီကျေးရွာအုပ်စု၊ ခမိုးရွာအနီး မြို့နယ်စည်ပင်ရေးအဖွဲ့ပိုင် ကွင်းအမှတ် (O.S.S) ကြေးတိုင်ပြင်ကွင်း မြေ (၃၁.၅၃) ဧကပေါ်တွင် B.O.T စနစ်ဖြင့် တာရိန်းကုမ္ပဏီမှ တည်ဆောက်မည့် ဧလုံတောင်ဒေသ၊ ခမိုးယာဉ်ရပ်နားစခန်းနှင့် ဟိုတယ်၊ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို တတိယပုဂ္ဂိုလ် အဖွဲ့အစည်းဖြစ်သည့် Sustainable Environment Enhancing Development Ltd (S.E.E.D Ltd) မှ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ EIA လုပ်ငန်းစဉ်သည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများ စတင်ဆောင်ရွက်ခြင်း မပြုမီ မှန်ကန်တိကျစွာ လေ့လာဆန်းစစ်ရသော လုပ်ငန်းစဉ်ဖြစ်ပြီး နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့် (EIA) ဆိုင်ရာ တာဝန်နှင့် ဝတ္တရားများ (TOR) သည်လည်း EIA လုပ်ငန်းစဉ်များ မတိုင်မီ ရှေ့ပြေးဆောင်ရွက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြရမည် ဖြစ်ပါသည်။

ယခုဆန်းစစ်လေ့လာတင်ပြသော နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာတွင် စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် စီမံကိန်းကာလအတွင်း ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများကို ထင်ရှားစွာပြဆိုသည်ဖြစ်စေ၊ မထင်မရှားပြဆိုသည်ဖြစ်စေ ကြိုတင်မျှော်မှန်း၍ ရှေးဦးစွာ ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများ အားလုံးကို EIA လုပ်ငန်းစဉ်များ ဆောင်ရွက်သည့် အချိန်တွင် လျှော့ချဖြေရှင်းနိုင်မည်ဟု ရည်မှန်းထားပါသည်။

နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအတွက် လေ့လာမှုအခြေအနေတွင် ဖြစ်နိုင်ခြေ အလားအလာရှိသော ဆိုးကျိုးသက်ရောက်မှုအချို့ ရှိနိုင်ကြောင်းခန့်မှန်းထားပြီး ယင်းတို့မှ စီမံကိန်းလုပ်ငန်း တည်ဆောက်ရေးကာလအတွင်း တည်ဆောက်ရေးလုပ်ငန်း စွန့်ပစ်ပစ္စည်းအစိုင်အခဲများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ စွန့်ပစ်ရေ၊ စီးဆင်းရေ (Run-off water) များကြောင့် မြေပေါ်ရေ ညစ်ညမ်းမှုများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းခွင်မတော်တဆမှု ဘေးအန္တရာယ်ဖြစ်နိုင်ခြင်း၊ ပွင့်လင်းရာသီတွင် ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း စသည့်သက်ရောက်မှုများ ရှိနိုင်သော်လည်း စီမံခန့်ခွဲမှုအဖွဲ့မှ ကောင်းမွန်စွာစီမံခန့်ခွဲနိုင်လျှင် ကာကွယ် ရှောင်လွဲနိုင်မည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်း ကာလအတွင်း၌ ညစ်ညမ်းမှုများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းခွင်မတော်တဆမှု ဘေးအန္တရာယ်ဖြစ်နိုင်ခြင်း၊ ပွင့်လင်းရာသီတွင် ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း စသည့်သက်ရောက်မှုများ ရှိနိုင်သော်လည်း စီမံခန့်ခွဲမှုအဖွဲ့မှ ကောင်းမွန်စွာစီမံခန့်ခွဲနိုင်လျှင် ကာကွယ်ရှောင်လွဲနိုင်မည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းကာလအတွင်း၌ မော်တော်ယာဉ်များ ဝင်ထွက်သွားလာမှုကြောင့် ဆူညံသံများဖြစ်ပေါ်ခြင်း၊ အမှုန်အမွှားနှင့် အခိုးအငွေ့များ ဖြစ်ပေါ်ထုတ်လွှတ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်ခြင်း၊ စွန့်ပစ်အစိုင်အခဲများ၊ စွန့်ပစ်ရေများထွက်ရှိနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ၏ နေရင်းဒေသများ ပျောက်ဆုံးခြင်း၊ စက်သုံးဆီ အဟောင်းများ နည်းလမ်းလွဲမှားစွာ စွန့်ပစ်မှုကြောင့် မြေထုညစ်ညမ်းခြင်း၊ လူတို့၏ ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြင်း စသည့်သက်ရောက်မှုများ ရှိနိုင်သော်လည်း စီမံကိန်းဆောင်ရွက်သူများ

အနေဖြင့် အကြံပေးအဖွဲ့၏ အကြံပြုချက်များအတိုင်း အကောင်းဆုံး ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်ပြီး အနိမ့်ဆုံးအဆင့်သို့ လျှော့ချနိုင်မည် ဖြစ်ကြောင်း ခန့်မှန်းရပါသည်။

စီမံကိန်းအဆိုပြုသူ Terrain Co., Ltd နှင့် EIA အကြံပေးအဖွဲ့ S.E.E.D Ltd တို့သည် ပြုစုတင်ပြထားသော နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာနှင့် (TOR)တို့ အတည်ပြုချက် ရရှိပြီးနောက် EIA ဆန်းစစ်လေ့လာမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ EIA ဆန်းစစ်လေ့လာမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်သိမ်းရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၂) နှင့် (၆၃) အပိုဒ်ခွဲ (က) မှ (ဈ) အထိကို တိကျစွာ လိုက်နာဆောင်ရွက် ပြုစုတင်ပြသွားပါမည်။

စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သူ Terrain Co., Ltd နှင့် ဗန်းမောက်မြို့နယ် စည်ပင်သာယာအဖွဲ့တို့သည် EIA အစီရင်ခံစာတွင် အသေးစိတ်ထပ်မံဖော်ပြမည့် ယခုအစီရင်ခံစာ အခန်း(၃)ပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများ၊ နိုင်ငံတကာ သဘောတူညီချက်နှင့် စံပြုချက်များကို လိုက်နာဆောင်ရွက်သွားရန် တာဝန်ရှိပါသည်။ ဆက်လက် ဆန်းစစ်လေ့လာ ဆောင်ရွက်မည့် EIA အစီရင်ခံစာပါ နည်းစနစ်တကျ တွက်ချက်၍ စေ့စေ့စပ်စပ် ဖော်ထုတ်ထားသော သက်ရောက်မှု လျှော့ချရေး အစီအမံများကို စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီနှင့် ဌာနတို့သည် တိကျစွာလိုက်နာ ဆောင်ရွက်သွားသင့်ပါသည်။ အချုပ်အားဖြင့် စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီနှင့် ဌာနတို့မှ လိုက်နာအကောင်အထည်ဖော်ရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) နှင့် စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ကို EIA အစီရင်ခံစာတွင် ဆက်လက်ထည့်သွင်း ရေးဆွဲပေးသွားမည် ဖြစ်ပါသည်။

၁.၈.၂ အကြံပြုချက်များ

နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာဆောင်ရွက်ခြင်းမှအကြံပြုချက်များကိုအောက်ဖော်ပြပါ အတိုင်း တင်ပြထားပါသည်-

- ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်ရွက် လမ်းညွှန်မှု၊ မြို့နယ်စီမံခန့်ခွဲရေး အဖွဲ့၏ အနီးကပ် လမ်းညွှန်မှုကို ခံယူလျက် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်များ၊ EIA ဆန်းစစ်လေ့လာမှု လုပ်ငန်းစဉ်များကို Terrain Co., Ltd နှင့် စဉ်ဆက်မပြတ်ပူးပေါင်း ဆောင်ရွက်သင့်ပါသည်၊
- Terrain Co., Ltd အနေဖြင့် EIA ဆန်းစစ်လေ့လာမှု လုပ်ငန်းစဉ်များ မြန်ဆန်ထိရောက် အောင်မြင်စေရေးအတွက် စီမံကိန်လုပ်ငန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်၊ နည်းပညာနှင့် ဒီဇိုင်းများ (PCM) လုပ်ငန်းစဉ်များ စသည်တို့ကို (S.E.E.D) အဖွဲ့သို့ အပြည့်အဝ ကူညီထောက်ပံ့ ပေးသင့်ပါသည်၊
- စီမံကိန်းသက်တမ်း တစ်လျှောက်လုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးကို တာဝန်ယူဆောင်ရွက်သွားနိုင်မည့် (Environmental Health and Safety) EHS

အဖွဲ့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ Terrain Co., Ltd တို့ ပူးပေါင်းလျက် စနစ်တကျ ဖွဲ့စည်းခြင်း၊ လိုအပ်သော အသိပညာနှင့် လေ့ကျင့်ခြင်း အစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်ထားသင့်ပါသည်။

- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်သည့် အကြံပေးအဖွဲ့မှ စီစစ်တင်ပြသည့် အန္တရာယ်ဖြစ်နိုင်ခြေရှိသော အကြောင်းတရားများကို စီမံကိန်းစီမံခန့်ခွဲသည့်အဖွဲ့၊ EHS အဖွဲ့တို့အနေဖြင့် အစဉ်အမြဲအလေးထား၍ စီမံချက်ငယ်များရေးဆွဲထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါသည်၊
- စီမံကိန်းလုပ်ငန်း သက်တမ်းတစ်လျောက် တည်ဆောက်ရေးကာလ၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း ကာလများအတွင်း စီမံကိန်းပိုင်ရှင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ Terrain Co., Ltd တို့သည် ပြည်သူလူထုနှင့်တွေ့ဆုံဆွေးနွေးတိုင်ပင်မှုများကို အခါအားလျော်စွာ ဆက်လက် ဆောင်ရွက်သွားသင့်ပါသည်၊
- စီမံကိန်းကို အခြေခံ၍ လည်းကောင်း၊ သီးခြားအစီအစဉ်ဖြင့် လည်းကောင်း ဆက်စပ် ပတ်သက်သော အခြားစီမံကိန်းများ ပေါ်ပေါက်လာပါက ထပ်တိုးသက်ရောက်မှုများ ရှိနိုင်လျှင် သီးခြားလေ့လာ ဆန်းစစ်မှုများ ဆောင်ရွက်သွားသင့်ပါသည်၊
- ခရီးသွားရာသီကာလအတွင်း ဗန်းမောက်မြို့တွင်းမှ ဖြတ်သန်း၍ စီမံကိန်းဧရိယာသို့ ခရီးသွားယာဉ်များ စုစည်းဝင်ရောက်မှုကြောင့် ယာဉ်အန္တရာယ်နှင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်ပေါ်စေရန် ဆန်းစစ်လေ့လာမှုဆောင်ရွက်၍ လိုအပ်သော အခြေခံအဆောက်အဦများ တိုးချဲ့ခြင်းကို မြို့နယ်စည်ပင်သာယာအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့တို့နှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားသင့်ပါသည်၊
- ဗန်းမောက်မြို့၊ ရဲတပ်ဖွဲ့စခန်းတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ မရှိသေးသဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ချိန်တွင် ဗန်းမောက်မြို့တွင်းနှင့် ခမိုးရွာတွင် ယာဉ်ထိန်းသိမ်းကြပ်မတ်ပေးမည့် ရဲတပ်ဖွဲ့ဝင်များ တာဝန်ချထားပေးရေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဆင့်ဆင့် တင်ပြသွားသင့်ပါသည်၊
- လျာထားသတ်မှတ်မည့် ဧလုံတောင်အမျိုးသားဥယျာဉ် ဧရိယာအတွင်းမှ အများပြည်သူ စိတ်ဝင်စားသောဂုက်များ၊ တောရိုင်းတိရိစ္ဆာန်များ ပရဆေးပင်မျိုးစိတ်များ၊ သစ်ခွမျိုးစိတ်များ၊ ရှားပါးနွယ်ပင်များကို ပြုစုပျိုးထောင်၍ပြသခြင်းဖြင့် သစ်တောဦးစီးဌာန၏ ပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားသင့်ပါသည်။

၁.၉ EIA အစီရင်ခံစာအတွက် တာဝန်နှင့် ဝတ္တရားများ (TOR)

၁.၉.၁ နိဒါန်း

ယခုတင်ပြသော နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာသည် စီမံကိန်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်နိုင်ရန် ရှေ့ပြေးဖြစ်သဖြင့် လိုအပ်သော တာဝန်ဝတ္တရားများကို ချမှတ်ထားရန် လိုအပ်ပါသည်။ ယခုတင်ပြသော နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာ၏ TOR ကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၉-၁၂-၂၀၁၅) ၏ အပိုဒ် ၄၉၊ အပိုဒ်ခွဲ (က)

မှ (ဆ) ထိ၊ အပိုဒ် ၅၀၊ (က/ခ)၊ အပိုဒ် ၅၁၊ အပိုဒ်ခွဲ (က) မှ (ဈ) အထိ၊ အပိုဒ် ၅၂ နှင့် ၅၃ တို့အရ ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

(TOR) ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- လျာထားဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအတွက် အစဉ်အမြဲ အပြည့်အဝ လိုက်နာ ဆောင်ရွက်နိုင်သော ထိရောက်သည့် စီမံခန့်ခွဲမှုများကို ပြင်ဆင်ပေးနိုင်ရန်။
- စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သော အကြံပြုချက်များနှင့် ရှောင်လွှဲကုစားခြင်း နည်းလမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသော ဌာနများနှင့် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့ကို အကြံပြုတင်ပြပေးနိုင်ရန်။
- မြန်ဆန်ထိရောက်သော လေ့လာဆန်းစစ်မှုများဖြင့် သတင်းအချက်အလက်များ အထောက်အပံ့ ပြုနိုင်ရန်။
- EIA အကြံပေးအဖွဲ့သည် ကြိုတင်ဆန်းစစ်၍ ခန့်မှန်းထားသော သမာရိုးကျ မဟုတ်သော ဖြစ်နိုင်ခြေ အကြောင်းတရားများကို ဒေသခံပြည်သူလူထုသို့ အသိပေးနိုင်ရန်။
- လျာထား ဆောင်ရွက်မည် စီမံကိန်းလုပ်ငန်းကို အတည်ပြုဆုံးဖြတ်ပေးမည့် တာဝန်ရှိသူများအနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆန်းစစ်၍ ဖော်ထုတ်ထားသော EIA အစီရင်ခံစာ၏ ရလဒ်နှင့် အကြံပြုချက်များအရ နောက်ဆုံးအဆင့် အတည်ပြုဆုံးဖြတ်ချက်ပြုနိုင်ရန် ဖြစ်ပါသည်။

စီမံကိန်းနှင့် ပတ်သက်သော လေ့လာမှုနယ်မြေ၊ လွှမ်းမိုးနေသော အကြောင်းတရားများ၊ စီမံကိန်းအဆင့်နှင့် ကာလ ကန့်သတ်ချက်များ၊ နည်းစနစ်များနှင့် အဓိကသက်ဆိုင်သူများ၊ စီမံကိန်းတွင် လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စံနှုန်းများ၊ EIA ဆန်းစစ်လေ့လာမှုအတွက် ပတ်ဝန်းကျင်ကဏ္ဍအလိုက် အသေးစိတ်အစီအမံများ၊ စီမံကိန်းနှင့်အကျိုးသက်ဆိုင်သူများ၊ စီမံကိန်းပိုင်ရှင်များ၊ အစိုးရဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ အတွက် ဆန္ဒထုတ်ဖော်တင်ပြနိုင်မည့် အခွင့်အလမ်းများ၊ ဆန်းစစ်လေ့လာခြင်းလုပ်ငန်းစဉ်အတွင်း အချိန်၊ ငွေကြေး၊ ရင်းမြစ်ပစ္စည်းများ မဆုံးရှုံးစေဘဲ ပြီးပြည့်စုံသော အစီရင်ခံစာရရှိစေခြင်း၊ စီမံကိန်းကြောင့် အလားအလာရှိမည့် ထိခိုက်ခံစားရနိုင်သူများ၊ အကျိုးသက်ရောက်သူများအား သတ်မှတ်ဖော်ထုတ်ခြင်းကို အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြသွားမည်ဖြစ်ပြီး အခန်း(၉) တွင် ဖတ်ရှုနိုင်ပါသည်။

၁.၉.၂ EIA အစီရင်ခံစာတွင်ဖွဲ့စည်းပါဝင်မည့်အခန်း၊စာပိုဒ်ခေါင်းစဉ်များ

တင်ပြပါ စီမံကိန်း၏ EIAအစီရင်ခံစာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ကြော်ငြာချက်အမှတ် (၆၁၆/၂၀၁၅) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) အပိုဒ်(၆၃)အပိုဒ်ခွဲ(က)မှ(ဈ)အထိ ပြဋ္ဌာန်းထားချက်များအရ EIAအစီရင်ခံစာကို အောက်ဖော်ပြပါ အခန်း၊စာပိုဒ်ခေါင်းစဉ်ဖွဲ့စည်းမှုများဖြင့် ရေးသားပြုစုတင်ပြသွားပါမည်-

အစီရင်ခံစာ၏ အခန်းများ	အဓိကပါဝင်မည့် အကြောင်းအရာများ
မာတိကာ	

အတိုကောက်စာလုံးများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ	
ပုံများစာရင်း၊ဇယားများစာရင်း	
၁။ အစီရင်ခံစာ အကျဉ်းချုပ်	• စီမံကိန်းနှင့် စီမံကိန်း၏ ပတ်ဝန်းကျင်၊ လူမှုဆိုင်ရာအခြေအနေများ အကြောင်း အတိုချုပ်ရှင်းလင်းတင်ပြပါမည်။ • ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော အဓိကထိခိုက်နိုင်မှုများကို (လျှော့ပါးစေရေးနည်းလမ်းများ၊ ဆက်စပ်သက်ရောက်မှုများ၊ ကြွင်းကျန်သက်ရောက်မှုများ အပါအဝင်)အကျဉ်းချုပ်တင်ပြပါမည်။ • ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်စေရေးနှင့် ဒေသဖွံ့ဖြိုးရေး စီမံချက် အကျဉ်းချုပ်တင်ပြပါမည်။ • ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ အကျဉ်းချုပ်တင်ပြပါမည်။
၂။ နိဒါန်း	
စီမံကိန်းအကြောင်းအရာ	• စီမံကိန်းနောက်ခံအကြောင်းအရာနှင့် ရာဇဝင်အတိုချုပ် တင်ပြပါမည်။ • စီမံကိန်းဆောင်ရွက်သူနှင့် EIA အကြံပေးအဖွဲ့တို့အကြောင်း ရှင်းလင်းတင်ပြပါမည်။
EIA အစီအစဉ်ခံစာ သဘောတူညီခြင်း	• စီမံကိန်းဆောင်ရွက်သူက လက်မှတ်ရေးထိုးထားသည့် အတည်ပြုကြောင်းနှင့် တာဝန်ယူကြောင်း ကတိဝန်ခံချက် တင်ပြပါမည်။ • ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန်နှင့် စီမံကိန်း၏ ကတိကဝတ်များ အားလုံးကို ဖြည့်ဆည်းရန်အတွက် လိုအပ်သည့် ငွေကြေးနှင့် လူစွမ်းအားအရင်းအမြစ်များ ထောက်ပံ့ပေးမည် ဖြစ်ကြောင်း စီမံကိန်းဆောင်ရွက်သူ၏ အတည်ပြုချက် ထည့်သွင်းပါမည်။ • တတိယအဖွဲ့အစည်းဖြစ်သည့် EIA အကြံပေးအဖွဲ့က EIA အစီရင်ခံစာ၏ တိကျမှန်ကန်မှု၊ ပြည့်စုံမှုနှင့် ပတ်သက်၍ အတည်ပြုစာ ထည့်သွင်းပေးပါမည်။
၃။ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်	• စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီ၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ မူဝါဒများ၊ စီမံကိန်းနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံ၏ မူဝါဒနှင့် ဥပဒေမူဘောင်များ ဖော်ပြပါမည်။ • စီမံကိန်းနှင့် သက်ဆိုင်ရာ နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူစာချုပ်များ ဖော်ပြပါမည်။ • မြန်မာနိုင်ငံ အစိုးရ၏ အုပ်ချုပ်မှုများ/ အဖွဲ့အစည်းဆိုင်ရာ မူဘောင်၊ • မြန်မာနိုင်ငံ ပတ်ဝန်းကျင် အရည်အသွေးထုတ်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများမှ စီမံကိန်းနှင့် သက်ဆိုင်သည့် စံတန်ဖိုးများ ဖော်ပြပါမည်။

	• နိုင်ငံတကာမူဝါဒ၊ လမ်းညွှန်ချက်၊ စံနှုန်းများမှ စီမံကိန်းနှင့် သက်ဆိုင်သည့် စံတန်ဖိုးများ ဖော်ပြပါမည်။
၄။ စီမံကိန်းအကြောင်း ရှင်းလင်းဖော်ပြချက်နှင့် အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများ	
စီမံကိန်းအကြောင်း ရှင်းလင်းဖော်ပြချက်	• စီမံကိန်းနှင့် စီမံကိန်းရည်ရွယ်ချက်များကို ရှင်းလင်းဖော်ပြပါမည်။ • စီမံကိန်း၏ အရွယ်အစား၊ အဆောက်အဦများ၊ နည်းပညာ အခြေခံအဆောက်အဦ၊ ပစ္စည်းကိရိယာနှင့် သယံဇာတအသုံးပြုမှု၊ စွန့်ပစ်ပစ္စည်းထုတ်ရှိမှု၊ ထုတ်လွှတ်မှုများ စသည်တို့ကို မြေပုံများ၊ လုပ်ငန်းခွင်ပြပုံများဖြင့် ရှင်းလင်းတင်ပြပါမည်။
အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆန်းစစ်ခြင်း	• ဆန်းစစ်ခြင်းနည်းစနစ်ကို ဖော်ပြပါမည်။ • အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းတစ်ခုချင်းစီအား ယင်းတို့ကြောင့် ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ထိခိုက်မှုများ၊ အန္တရာယ်များကို ကြိုတင်ခန့်မှန်းချက်များ၊ အကဲဖြတ်ချက်များနှင့် တကွ ရှင်းလင်းတင်ပြပါမည်။ • စီမံကိန်းဆောင်ရွက်သူ၏ လုပ်ငန်းနယ်ပယ်အတွင်းသာ ရှိပြီး ဖြစ်နိုင်ချေရှိသော အစားထိုးနည်းလမ်းများကို ထည့်သွင်းတင်ပြပါမည်။ • စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီ၏ အကြိုက်နှစ်သက်ဆုံးသော အစားထိုးနည်းလမ်းကို ရွေးချယ်ရသည့် အကြောင်းရင်းများကို ဖော်ပြသွားပါမည်။
၅။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ကို ရှင်းလင်းဖော်ပြချက်	• ဆန်းစစ်ခြင်းနည်းစနစ်ကို ဖော်ပြပါမည်။ • လေ့လာသည့် ဧရိယာ၏ အုပ်ချုပ်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝပိုင်းဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စီပွားရေး၊ ယဉ်ကျေးမှု၊ မြင်ကွင်းဆိုင် ဝိသေသလက္ခဏာများအား ရှင်းလင်းဖော်ပြပါမည်။ • စီမံကိန်းကြောင့် ထိရှလွယ်သော ပတ်ဝန်းကျင်၊ လူမှုဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် မြင်ကွင်းဆိုင်ရာ အစိတ်အပိုင်းများကို ဖော်ပြပါမည်။
၆။ စီမံကိန်းကြောင့် ထိခိုက်မှုများ၊ ဘေးအန္တရာယ်များ ကိုဆန်းစစ်ခြင်းနှင့် ထိခိုက်မှုလျှော့ချခြင်း နည်းလမ်းများ	• ဆန်းစစ်ခြင်းနည်းစနစ်ကို ဖော်ပြပါမည်။ • ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများ၊ အန္တရာယ် ဖြစ်နိုင်ချေများကို သတ်မှတ်ဖော်ထုတ်၍ ဆန်းစစ်ခြင်း၊ လျော့ပါးစေရေး နည်းလမ်းများနှင့် ကြွင်းကျန်သက်ရောက်မှုများကို ဆုံးဖြတ်ခြင်းစသည်တို့ကို ဖော်ပြပါမည်။
၇။ အန္တရာယ်ဖြစ်နိုင်ချေ ဆန်းစစ်ခြင်း	• ဆန်းစစ်ခြင်းနည်းစနစ်။ • သဘာဝဘေးအန္တရာယ်နှင့် စက်မှုဆိုင်ရာ အန္တရာယ်များကို ဆန်းစစ်တင်ပြပါမည်။ • အရေးအပေါ်အခြေအနေ တုန့်ပြန်ရေး စီမံချက်များ ရေးဆွဲ တင်ပြပါမည်။

၈။ ဆက်စပ်သက်ရောက်မှုများကို ဆန်းစစ်ခြင်း	• ဆန်းစစ်ခြင်းနည်းစနစ်။ • ဆက်စပ်သက်ရောက်မှုများကို ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲတင်ပြပါမည်။
၉။ ဒေသခံပြည်သူများနှင့် ချိတ်ဆက်ပါဝင်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေး	• ဆန်းစစ်ခြင်းနည်းစနစ်။ • ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်စေရေး စီမံချက်ရေးဆွဲတင်ပြပါမည်။ • ဒေသဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲတင်ပြပါမည်။
၁၀။ စီမံကိန်း ပိတ်သိမ်းရေး အစီအစဉ်	• ရည်ရွယ်ချက်များ။ • စီမံကိန်းကြောင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး မဟာဗျူဟာ။ • ပြန်လည်ပြုပြင်၊ ထူထောင်ရေး နည်းလမ်းများ။ • အနာဂတ်ကာလ မြေအသုံးချမှု အစီအစဉ်။ • ကြားဖြတ်အစီအစဉ်နှင့် ခန့်မှန်းကုန်ကျစရိတ်။
၁၁။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်	• ESMP အကောင်ထည် ဖော်ခြင်းအတွက် တာဝန်ပေးအပ်မည့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ တင်ပြပါမည်။ • ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများ အကျဉ်းချုပ်နှင့် လျော့ပါးစေရေး နည်းလမ်းများ ရေးဆွဲတင်ပြပါမည်။ • ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအတွက် စီမံချက်ငယ်များ • အရေးပေါ်အခြေအနေ တုန့်ပြန်ရေး စီမံချက်များ။ • ပတ်ဝန်းကျင် အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ သတ်မှတ်ချက်များ။ • ဒေသခံပြည်သူ ချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး။ • နစ်နာမှုဖြေရှင်းပေးရေး လုပ်ငန်းစဉ်။ • စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးနှင့် သင်တန်းအစီအစဉ်များ၊ အကောင်အထည် ဖော်မည့် အချိန်ဇယား၊ ခန့်မှန်းကုန်ကျစရိတ် စသည်တို့ကို ထည့်သွင်းတင်ပြပါမည်။
၁၂။ နိဂုံးချုပ် သုံးသပ်ချက်	• အဆိုပြုစီမံကိန်းကို ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သိသာထင်ရှားသော ထိခိုက်မှုများ မဖြစ်ပေါ်စေဘဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီမှဂရုပြုလိုက်နာသင့်သော အကြံပြုချက်များကို သုံးသပ်တင်ပြသွားပါမည်။
ကိုးကားချက်များ	
နောက်ဆက်တွဲများ	

အခန်း(၂)

နိဒါန်း

၂.၁ စီမံကိန်းဖြစ်ပေါ်လာသော အကြောင်းရင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ ပင်ပုံကျေးရွာအုပ်စု၊ ဧလုံတောင်တော်စေတီနှင့် ဧလုံတောင်တို့သည် ထူးခြားသော ဝိသေသလက္ခဏာများရှိခြင်း၊ သဘာဝပတ်ဝန်းကျင် အလှအပနှင့် ရှုခင်းများရှိခြင်း၊ မဟာဗောဓိမြိုင်တောရ ဆရာတော်ကြီး သီတင်းသုံး နေထိုင်ရာ ရွှေနှစ်တောရနေရာဒေသ ရှိခြင်းတို့ကြောင့် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများ လွန်ခဲ့သော (၅)နှစ်ခန့်မှ စတင်၍ ဖွံ့ဖြိုးလာခဲ့ပါသည်။ မြို့ပြနေ ပြည်သူလူထုများအနေဖြင့် မြို့ပြတွင်နေထိုင်မှု မွန်းကြပ်လာခြင်း၊ သဘာဝတောတောင်ရှုခင်းများ၏ အလှအပရသများကို ခံစားလိုခြင်း၊ ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ တန်ခိုးကြီးစေတီပုထိုးများကို လှည့်လည် ဖူးမျှော်လေ့ရှိသော အလေ့အထရှိခြင်းတို့ကြောင့် အလုပ်ပိတ်ရက်များ၊ အားလပ်ရက်များတွင် ခရီးရှည်၊ ခရီးတိုများထွက်သော အလေ့အထများ ဖွံ့ဖြိုးလာပါသည်။ ထို့ကြောင့် ဧလုံတောင်ဒေသသည်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုးဒေသကဲ့သို့ ဖွံ့ဖြိုးလာနိုင်သော အလားအလာများစွာဖြင့် ထွက်ပေါ်လာခဲ့ပါသည်။ သို့ရာတွင် ထင်ရှားကျော်ကြားစပြုလာသော ဧလုံတောင်တော်ဘုရားသို့ လာရောက်ကြသော ခရီးသွားဧည့်သည်များအတွက် လိုအပ်သော အခြေခံအဆောက်အဦများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ တည်းခိုနေထိုင် စားသောက်ရေး၊ ယာဉ်များဘေးအန္တရယ်ကင်းရှင်းစွာ ရပ်နားပြုပြင်နိုင်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုစနစ်များ အဆင့်မှီစွာ မရှိသေးခြင်းကြောင့် စစ်ကိုင်းတိုးဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေး အလားအလာများကို ရှေ့ရှုလျက် ဗန်းမောက်မြို့နယ်၊ လေးသီကျေးရွာအုပ်စုအတွင်း ဟိုတယ်၊ တည်းခိုဆောင်၊ ယာဉ်ရပ်နားကွင်း၊ စျေးဆိုင်တန်းများနှင့် အခြားဝန်ဆောင်မှု ဧရိယာတစ်ခု ဖော်ထုတ်အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ယင်းအစီအမံအရ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ကသာခရိုင်နှင့် ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် စီမံကိန်းကို တာဝန်ယူ အကောင်အထည်ဖော်နိုင်သည့် တာရိန်းကုမ္ပဏီလီမိတက်တို့မှ B.O.T (Build-Operate-Transfer) စနစ်ဖြင့် စာချုပ်ချုပ်ဆိုကာ ဗန်းမောက်မြို့နယ် စည်ပင်သာယာအဖွဲ့ပိုင်မြေ (၃၁.၅၃) ဧကပေါ်တွင် ခရီးယာဉ်ရပ်နားစခန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရန် စီမံကိန်း ပေါ်ပေါက်လာခဲ့ပါသည်။

ပုံ (၂.၁-၁) ဧလုံတောင်စေတီနှင့်ထူးခြားသောမြင်ကွင်း



၂.၂ စီမံကိန်းအကြောင်းအရာနှင့် ရာဇဝင်အကျဉ်းချုပ်

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်းကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ တိုင်းဒေသကြီးအတွင်း သဘာဝအလှအပနှင့် အထင်ကရ နေရာများအတွက် ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရေး ရည်ရွယ်လျက် (၂၃-၈-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့၏ Cabinet အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၈) ဆုံးဖြတ်ချက် (၈၀) အရ လျာထားမြေနေရာ (၃၁.၅၃) ဧကအား စည်ပင်သာယာအဖွဲ့ပိုင်မြေအဖြစ် အတည်ပြုကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်၊ ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များ နားနေအသုံးပြုနိုင်ရေးအတွက် ဧလုံတောင်၊ တောင်ခြေစခန်းနှင့် ယာဉ်ရပ်နားစခန်းအား ဧလုံတောင် ခမိုးစခန်း အမည်ဖြင့် ဆောင်ရွက်ခွင့်ပြုကြောင်း တရားဝင် အတည်ပြုပေးခဲ့ပါသည်။ သို့ရာတွင် လုပ်ငန်းပမာဏ ကျယ်ပြန့်ခြင်း၊ ရင်းနှီးမြှုပ်နှံရမည့် ပမာဏကြီးမားပြီး ကာလရှည် ရင်းနှီးမြှုပ်နှံရမည့် အခြေအနေရှိခြင်း၊ လုပ်ငန်းလည်ပတ်နိုင်မည့် စီမံခန့်ခွဲမှုစနစ်ကောင်းရှိရန် လိုအပ်ခြင်းတို့ကြောင့် စီမံကိန်းကို တာဝန်ယူဆောင်ရွက်မည့် ကုမ္ဗဏီ၊ အဖွဲ့အစည်း ချက်ချင်းပေါ်ထွက်နိုင်ခြင်း မရှိဘဲ (၁-၁၀-၂၀၁၈) ရက်နေ့တွင် ပြည်တွင်းလုပ်ငန်းရှင်ပိုင်ဆိုင်သော Terrain Co., Ltd မှ လုပ်ငန်းအဆိုပြု တင်ပြခဲ့ပါသည်။ (၉-၁၀-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေး အမှတ်စဉ် (၁၉/၂၀၁၈) ဆုံးဖြတ်ချက် (၄၇)အရ စီမံကိန်းလုပ်ငန်းအား Terrain Co., Ltd မှ ဆောင်ရွက်သွားရန် အတည်ပြုပြီး ယင်းနှစ် ဘုရားဖူးရာသီအမှီ လုပ်ငန်းများ စတင်ဆောင်ရွက်သွားရန် ရည်မှန်းချက်ချမှတ်ပေး၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ပါသည်။ ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၁၈-၄-၂၀၁၉) ရက်နေ့ ရက်စွဲပါ စာအမှတ် ၃/ဖ-၃ (၁၇)/ (၁၀၄၅) မြေလွတ်မြေလပ်ဖြင့် စီမံကိန်းမြေဧရိယာနှင့် ပတ်သက်ပြီး (၂၉-၃-၂၀၁၉) ရက်နေ့ ကျင်းပပြုလုပ်သော Cabinet အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) ဆုံးဖြတ်ချက် (၁၀၅)အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ တင်ပြသော စာရင်းဇယားတွင် ထည့်သွင်းတင်ပြပေးခဲ့ပါသည်။

ပုံ (၂.၂-၁) မြေစာရင်းမြေပုံ



ကျေးရွာအုပ်စုအမည်	-	လေးသီကျေးရွာအုပ်စု
ခန့်မှန်းမြေပုံညွှန်း	-	83P/15 sG , (A)473243, (B)472244, (C)471245, (D)472245, (E)471246, (F)468245, (G)466244, (H)467243
မြေအမျိုးအစား	-	မြေနိုင်း
ဧရိယာ	-	(၂၈. ၇၅)ဧက
မြေအမျိုးအစား	-	လယ်မြေ
ဧရိယာ	-	(၂. ၇၉)ဧက
ဧရိယာ စုစုပေါင်း	-	(၃၁. ၅၄)ဧက
လျှောက်ထားသူ	-	ဦးစန်းကျော် (အမှုဆောင်အရာရှိ) ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးကော်မတီ
ယခုလျှောက်ထားမြေ	-	

ဗန်းမောက်မြို့

ပုံ (၂.၂-၂) စီမံကိန်း၏ အကြိုတည်ဆောင်ရေးကာလဆောင်ရွက်ချက်များ

ပုံ (၂.၂-၃) Land Scaping Work ဆောင်ရွက်ပြီးစီးမှုများ

၂.၂.၁ စီမံကိန်းမြေဧရိယာ ၄ားရမ်းခ

"ခမိုးယာဉ်ရပ်နားစခန်း၊ အများပြည်သူတည်းခိုဆောင်၊ ဈေးဆိုင်ခန်း၊ ပန်းဥယျာဉ်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ" နှင့် "ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ" အဖြစ် (၂)ပိုင်းခွဲခြားလျှက်လုပ်ငန်းများ ဆောင်ရွက်မည့် မြေဧရိယာ (၃၁.၅၃) ဧကအတွက် မြေ၄ားရမ်းခ တစ်နှစ်လျှင် ကျပ်သိန်း (၃၀၀) တိတိအား ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင်ငွေစာရင်းသို့ နှစ်စဉ်ဘဏ္ဍာရေးနှစ်၏ အစအောက်တိုဘာလ ဒုတိယ ရက်သတ္တပတ်အတွင်း ထည့်သွင်းပေးရမည် ဖြစ်ပါသည်။

၂.၂.၂ အကျိုးတူပူပေါင်းဆောင်ရွက်မှုအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ရပိုင်ခွင့်များ

၂.၂.၂.၁ ကားရပ်နားကွင်းဆိုင်ရာ ရပိုင်ခွင့်

အကျိုးတူပူးပေါင်းဆောင်ရွက်မှုအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကားရပ်နားကွင်း၏ ယာဉ်ရပ်နားခ ဝင်ငွေအပေါ် စီမံကိန်းမှ လစဉ်ပေးချေရသော ဝန်ထမ်းလစာ၊ ရေ၊ မီး၊ တယ်လီဖုန်း၊ ရုံးသုံးစရိတ်များ၊ ပြုပြင်ထိန်သိမ်းစရိတ်များ၊ သန့်ရှင်းရေးစရိတ်များ နှုတ်ပယ်၍ အသားတင်ဝင်ငွေ၏ ၅၀% ကို ရရှိပါမည်။

၂.၂.၂.၂ တောင်တက်ကားခေါက်ကြေးဆိုင်ရာ ရပိုင်ခွင့်

တောင်တက်ကားများအပေါ် ခေါက်ကြေးကောက်ခံခြင်းအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူကောက်ခံ၍ လစဉ်အသုံးစရိတ်များနှုတ်ပယ်လျှက် အသားတင်ဝင်ငွေ ၅၀% အား စီမံကိန်းပိုင်ရှင် ကုမ္ပဏီ၏အရင်းငွေကြေး ကျေသည့်ကာလအထိ လစဉ်ခုနှိမ်ပေးချေသွားရပါမည်။ ကုမ္ပဏီ၏အရင်းကျေကာလပြီဆုံးချိန် (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလည်ပတ်မှု ကျသင့်ငွေများ ကုမ္ပဏီဘက်သို့ အပြေအကြေပေးချေပြီးချိန်တွင် တိုင်းဒေသကြီးအစိုးရမှ သီးခြားသဘောတူညီချက်ဖြင့် ပိုင်ဆိုင်မှုနှင့်စီမံခန့်ခွဲမှုကို ၁၀၀% လွှဲပြောင်းရယူလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း လုပ်ငန်းအသီးသီးအတွက် BOTစာချုပ်မူကြမ်းတွင် ရပိုင်ခွင့်များခွဲခြားသတ်မှတ် သဘောတူထားရှိပါသည်။

၂.၂.၂.၃ ကားရပ်နားကွင်းဆိုင်ရာ ရပိုင်ခွင့်

စီမံကိန်းဧရိယာအတွင်း လာရောက်ဖွင့်လှစ်ရောင်းချသော ဆိုင်ခန်းရှင်များထံမှ ကောက်ခံရရှိသော ဆိုင်ခန်း၄ားရမ်းခ၏ ၃%အား မြို့နယ်စည်ပင်သာယာရေးကော်မတီမှ လစဉ်ရရှိမည်ဖြစ်ပါသည်။

၂.၂.၃ စီမံကိန်း သက်တမ်းကာလ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်သူ တာရိန်းကုမ္ပဏီလီမိတက်တို့ ညှိနှိုင်းသဘောတူချက်အရ B.O.T စာချုပ်မူကြမ်းပါ ၄ားရမ်းလုပ်ကိုင် ခွင့်ပြုမည့် သက်တမ်းကာလမှာ အောက်ဖော်ပြပါဧယားအတိုင်းဖြစ်ပါသည်။ (မှတ်ချက်။ EIA-Scoping Report အတည်ပြုပြီးချိန်မှသာ အတည်ပြုစာချုပ်ချုပ်ဆိုမည်ဟု သိရှိရပါသည်။)

စဉ်	လုပ်ငန်းအဆင့်	သက်တမ်းနှစ်	အချိန်ကာလ		မှတ်ချက်
			မှ	ထိ	
၁	အကြိုတည်ဆောင်ရေး	၁	-	-	

၂	တည်ဆောက်ရေးလုပ်ငန်း ပထမအဆင့်	၂	၁၅.၁၀.၂၀၁၈	၁၅.၁၀.၂၀၂၀	
၃	တည်ဆောက်ရေးလုပ်ငန်း ဒုတိယအဆင့်	၂	၁.၆.၂၀၂၀	၃၁.၅.၂၀၂၂	
၄	တည်ဆောက်ရေးလုပ်ငန်း တတိယအဆင့်	၁	၁၆.၁၀.၂၀၂၂	၁၅.၁၀.၂၀၂၃	
၅	လုပ်ငန်းလည်ပတ်ခြင်း	၂၅	၁၅.၁၀.၂၀၂၃	၁၄.၁၀.၂၀၄၈	
၆	ပထမအကြိမ် သက်တမ်းတိုးခြင်း	၁၀	၁၅.၁၀.၂၀၄၈	၁၄.၁၀.၂၀၅၈	
၇	ဒုတိယအကြိမ် သက်တမ်းတိုးခြင်း	၁၀	၁၅.၁၀.၂၀၅၈	၁၄.၁၀.၂၀၆၈	

ကနဦးသက်တမ်းကာလ (၃၀) နှစ်၊ ပထမအကြိမ် သက်တမ်းတိုး (၁၀)နှစ်၊ ဒုတိယအကြိမ် သက်တမ်းတိုး (၁၀) နှစ် ကုန်ဆုံးချိန် (၁၄.၁၀.၂၀၆၈)တွင် လုပ်ငန်းရှင်ဘက်မှလည်း စီမံကိန်းလုပ်ငန်း အရပ်ရပ်အား သတ်မှတ်စံချိန်၊ စံနှုန်းများနှင့် အညီ ပြည့်မှီအောင် ဆောင်ရွက်နိုင်ခြင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့်လည်း သတ်မှတ်ချက်များနှင့် အညီ စစ်ဆေး၍ လက်ခံနိုင်သော အခြေအနေရှိပါက ထပ်တိုးသက်တမ်း (၁၀)နှစ် (၂)ကြိမ် တိုးမြင့်ရန် သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုနိုင်ရေး နှစ်ဦးနှစ်ဘက် မူအားဖြင့် သဘောတူညီ သတ်မှတ်ထားပါသည်။ ယင်းထပ်တိုးသက်တမ်းအတွက် ကုမ္ပဏီဘက်မှ ဒုတိယအကြိမ် သက်တမ်းတိုးကာလ (၁၀)နှစ်စေ့သောနေ့ (၁၄.၁၀.၂၀၆၈) ရက်နေ့ မတိုင်မီ (၃)နှစ် အလိုတွင် တိုင်းဒေသကြီးအစိုးရထံသို့ ထပ်မံလျှောက်ထား တင်ပြသွားရမည် ဖြစ်ပါသည်။

၂.၂.၄ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစား

စီမံကိန်းလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ပြီး အောက်ဖော်ပြပါလုပ်ငန်းအသီးသီးတွင် အကြုံးဝင်ပါသည်-

အမှတ်စဉ်	လုပ်ငန်းအမျိုးအစား	Industrial Codes
၁	ဟိုတယ်နှင့် အပန်းဖြေစခန်းများ တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ	MSIC-55102
၂	ခရီးသည်ပို့ဆောင်ရေးနှင့် ရှုခင်းကြည့်ခရီးသည် ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း	MSIC-5011
၃	သဘာဝအခြေခံခရီးသွားလုပ်ငန်း	MSIC-50111

၂.၃ စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်

- မြင်ကွင်းပသာဒအားဖြင့် ထူးခြားမှုရှိသည့် ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ ဧလုံတောင်တော်ဘုရား တစ်ဝိုက်အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းအတွက် လိုအပ်နေသောဝန်ဆောင်မှုလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်။
- ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် လူနေမှု အဆင့်အတန်းများ တိုးတက်မြင့်မားလာစေရန်၊ မြို့နေလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဒေသဖွံ့ဖြိုးရေး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်။
- ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေတိုးမြင့်ရရှိ၍ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်စေရန်။

၂.၄ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ရန်လိုအပ်ချက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) ပုဒ်မ(၇)၊ ပုဒ်မခွဲ (၃)အရ အစိုးရဌာန၊ အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်မည့် စီမံချက် (သို့မဟုတ်) လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာထိခိုက်နိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့် စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်စေခြင်းဟု ပြဋ္ဌာန်းထားပါသည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၅) ပုဒ်မ(၅၂) နှင့် (၅၄)တို့အရ စီမံကိန်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆောင်ရွက်သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းဖြင့် ပြုလုပ်၍ ESIA အစီအရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြသွားရမည် ဖြစ်ပါသည်။



Source: Standard Operating Procedure for EIA (29-12-2015)

၂.၅ စီမံကိန်းဆောင်ရွက်သူကုမ္ပဏီအကြောင်းရှင်းလင်းတင်ပြချက်

စီမံကိန်းအဆိုပြုရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် Terrain Co., Ltd သည် မြန်မာနိုင်ငံကုမ္ပဏီများ မှတ်ပုံတင်အမှတ် (၁၀၆၂၁၅၆၈၅) (၅.၂.၂၀၁၅)ရက်နေ့တွင် မှတ်ပုံတင်ခဲ့ပါသည်။ ကုမ္ပဏီလိပ်စာမှာ ဆ(၄၁)၊ ၆၈/၆၉ လမ်ကြား၊ ငရွှေဝါလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ဖြစ်ပြီး ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ (၀၉၄၀၇၁၂၅၇၃၃၁/ ၀၉၂၀၂၁၈၄၄) ဖြစ်ပါသည်။ ဆက်သွယ်ရန် Email လိပ်စာမှာ myokhaing1500@gmail.com ဖြစ်ပါသည်။ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာသည် ဦးစိုင်းအောင်မျိုးခိုင် ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်များမှာ ဦးထက်ရည်လင်းနှင့် ဦးပြည့်စုံအောင် တို့ဖြစ်ပါသည်။ စီမံကိန်းတစ်ခုလုံးအတွက် လျာထားသော ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ်သန်း(၉၀၀၀)ခန့် ဖြစ်ပါသည်။ ကုမ္ပဏီ၏မှတ်ပုံတင်အထောက်အထားများကို နောက်ဆက်တွဲ(က/၁)တွင် ပူးတွဲတင်ပြထားပါသည်။ စီမံကိန်းဆိုင်ရာ တာဝန်ယူကြမည့် အရာရှိများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- **စီးပွားရေးလုပ်ငန်းဆိုင်ရာအကြံပေး**
  ဒေါက်တာအောင်သူရ (ဖုန်း-၀၉၇၉၂၇၄၀၅၉ဖ၊ ၀၉၄၀၃၇၂၈၅၄၄)
  Email- aungthura.dba@gmail.com
- **စီမံကိန်းဆိုင်ရာဗိသုကာ(Civil &Design consultant)**
  ဦးခင်မောင်လေး
- **စီမံကိန်းအင်ဂျင်နီယာ**
  ဒေါ်မူမူသွင် B.E(Civil)(ဖုန်း-၀၉၉ဖ၉ဖ၃၄၄၀ဖ)
  Email-mumuthwin21@gmail.com
- **ဟိုတယ်လုပ်ငန်းဆိုင်ရာအကြံပေး**
  ဦးကျော်မျိုးလတ် Dip;in Hospitality Management(Singapore) (ဖုန်း ၀၉-၂၀၂၁၈၄၄)
  Email-ulattsummit@gmail.com
- **အရည်အသွေးစစ်ဆေးရေးအဖွဲ့**
  ဦးမြင့်သူရအောင် B.E(Civil),R.S.E Construction(1809) (ဖုန်း-၀၉၄၃၁၀၁၇၄၇/၀၉၄၀၂၇၀၄၄၇၅)
  Email-myintthuraaungg@gmail.com
  Shwe Myanmar Star Co.,Ltd
- **မြေယာအလှနှင့်ပန်းဥယျာဉ်ဆိုင်ရာပညာရှင်**
  ဦးဇော်လင်းမိုး(Lumbini Landscape)
- **စီမံကိန်းဒါရိုက်တာ**
  ဦးရန်နိုင်ဝမ် (ဖုန်း ၀၉-၄၄၀၈၂၃၄ဖ၊ ၀၉-၇ဖ၉၃၀၄ဖ၈၅)
  Email-naingtommy@gmail.com

ပုံ (၂.၅-၁) Terrain Co., Ltd ၏ ဧလုံတောင်စီမံကိန်း ဖွဲ့စည်းပုံဇယား



၂.၆ EIA အကြံပေး အဖွဲ့အကြောင်းရှင်းလင်းတင်ပြချက်

၂.၆.၁ အကြံပေးအဖွဲ့ အမည်စာရင်း၊ ကျွမ်းကျင်မှုနယ်ပယ်၊ တာဝန်ယူမှုအပိုင်းအခြား

စဉ်	အမည်	ဘွဲ့နှင့် ဒီဂရီများ	တာဝန်နှင့် ကျွမ်းကျင်ရာနယ်ပယ်
၁။	ဦးခင်မောင်အေး TCR (00138)	• B.A (History) • M.B.A(Y,Eco) • Applied Environmental Course Level (I, II, III) • Mine Wastewater and Waste Rock Management Course • Applied GIS Course • Advanced Global Mapper Course	Principal Consultant • Facilitation of Meeting • Noise & Vibration Control • Socio Economy • Resettlement Action Plan
၂။	ဦးဇေယျာမင်း TCR (00227)	• M.Sc. (Geology) • Applied Environmental Course Level (I, II, III)	Key Consultant • Modeling of Ground Water and Hydrology. • Geology and Soil. • Land use. • Air Pollution Control
၃။	ဦးညီညီထွန်း TCR (00184)	• B.Sc. (Geology) • Applied Environmental Course Level (I, II, III)	Senior Consultant • Environmental, Social Impact Assessment • Geology and Soil. • Aerial and Ground survey
၄။	ဒေါက်တာအိအိမျိုး	• PhD Geology • Master of Research in Geology • Post Graduate Diploma in Applied GIS/RS Technology • Master of Science in Geology • Diploma in Applied Geology, (Gemology) • Bachelor of Geology	Key Consultant • Resource Utilization Management • Social Baseline Study • Municipal Solid Waste Management • GIS and Remote Sensing.
၅။	ဒေါက်တာမိုးမိုးရွှေ	• B.Sc (Botany) • B.Sc (Hons:) (Botany) • M.Phill (Botany) • M.Sc (Botany / Tissue Culture) • PhD (Botany/Economic Botany)	External Consultant • Ecosystem Assessment
၆။	ဦးညွန့်ဦး TCR (Applied)	• B.E (Petroleum) • Dip, (Machinery Repair and Maintenance) • Applied Environmental Course Level (I, II, III) • Dip, (Water Purification) • Development Project Management Course	Consultant • Water Pollution Control • Petrochemical Risk Management • Occupational Safety and Health • Disaster Risk Management

		• Environmental Study Course (level-1) • Safety Supervisor Training Course	
၇။	ဒေါက်တာ ပြည့်ပြည့်ဖြိုးခက်	• PhD (Biology)	External Consultant • Biodiversity Assessment • Biodiversity Action Plan
၈။	ဒေါက်တာ စန်းဆင့်ဆင့်ထွန်း TCR (Applied)	• M.B.B.S (Institute of Medicine Mandalay) • M.B.A (Yangon Institute of Economics) • PGDL (Post Graduate Diploma in Law) (Yangon University of Distance Education)	Consultant • Occupational Health and Safety • Legal Analysis, Law, Rule and Guidelines
၉။	ဦးကောင်းကျော်ထက် TCR (Applied)	• B. Eng. (Civil) • M.BA(Candidate in Myanmar imperial University) • IFC Standard Performance-6 (Biodiversity Conservation) • Applied GIS and Remote Sensing Course • Advanced Global Mapper Course	Consultant • Mitigation Measure • Traffic Control Management
၁၀။	ဦးလှမြင့် TCR (Applied)	• B.Sc. (Chemistry)	Consultant • Domestic Waste Management • Explosive Substance Management
၁၁။	ဦးရဲမင်းခ	• B.Sc. (Psychology) • M.BA (Northapmton) • DHRM (ICM)	Consultant • Social Baseline Study • Public Consultation Meeting • Stakeholder engagement • Data Analysis
၁၂။	ဦးထူးမြတ်ခိုင်	• Bachelor of Engineering (Mechatronics) • Bachelor of Technology (Mechatronics) • Associateship of Government Technical Institute (Mechatronics)	Consultant • Air Pollution Control • Noise and Vibration Monitoring
၁၃။	ဦးတင်ထွဋ်လှိုင်	• B.Sc. (Geology) • Applied Environmental Course Level (I, II, III) • Mine Wastewater and Waste Rock Management Course • Chemical Storage and Handling Course	Consultant • Geology and Mineral Exploration • Commercial Waste Management • Environmental, Social Impact Assessment
၁၄။	ဒေါ်ယဉ်မျိုးမြတ်ခင်	• B.E (Electrical Power)	Consultant • Electrical Power Management
၁၅။	ဦးတင်အောင်သိန်း	• B.A (Law) LLB	Consultant

		• General Management and Leadership (Road Transport)	• Traffic Control Management • Logistic and Supply Chain • Vehicle Control and Management

၂.၇ ESIA လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်နှင့် နယ်နိမိတ်အတိုင်းအတာသတ်မှတ်ချက်

၂.၇.၁ ESIA လုပ်ငန်းစဉ် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်

ESIA လုပ်ငန်းစဉ် ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စီမံကိန်းနှင့် ပတ်သက်၍ တာဝန်ယူကြီးကြပ်ရသော နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာများ၊ စီမံကိန်းကို အကောင်အထည်ဖော်ရသော အစိုးရဌာနများအနေဖြင့် စီမံကိန်း၏ ကောင်းကျိုး၊ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းအဆင့်အလိုက် သက်တမ်းအတွင်း ကြိုတင်သိရှိသုံးသပ်နိုင်ရန်နှင့် စီမံကိန်းကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရမည့် လုပ်ငန်းရှင်ကုမ္ပဏီဘက်မှလည်း ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်နိုင်မှုများကို ကြိုတင်ကာကွယ်ခြင်း၊ ရှောင်လွှဲခြင်း၊ လျှော့ချခြင်းများကို ဂရုပြုဆောင်ရွက်သွားနိုင်ရန် ဖြစ်ပါသည်။ ESIA အစီရင်ခံစာအား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ESIA လုပ်ငန်းစဉ်ဆောင်ရွက်ရခြင်း၏ ရည်မှန်းချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- စီမံကိန်းပိုင်ရှင်နှင့် စီမံကိန်းအတွက် ဆုံးဖြတ်ချက် ဆောင်ရွက်မှုများအနေဖြင့် လူမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ရှင်းလင်းတိကျစွာ ဖော်ထုတ်ချမှတ်နိုင်စေရန်။
- အဆိုပြုထားသော စီမံကိန်းနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်၊ လူမှုစီးပွား၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ဆိုးကျိုးဖြစ်ပေါ်စေနိုင်သည့် သက်ရောက်မှုများကို ကြိုတင်ခန့်မှန်းခြင်း၊ ရှောင်ရှားစေခြင်း၊ လျှော့ချစေခြင်း ပြန်လည်ကုစားခြင်း စသည့်တို့ကို ဖော်ထုတ်ဆောင်ရွက်နိုင်စေရန်။
- သဘာဝအလျှောက်အပြန်အလှန်အကျိုးပြုနေသော ဂေဟစနစ်များ၏ ဟန်ချက်ညီမှုနှင့် စွမ်းဆောင်ရည် ကျဆင်းမှုကို အကာအကွယ်ပြုနိုင်စေရန်။
- သဘာဝအရင်းအမြစ်များအပေါ် မှီခိုမှုနှင့် ထိုအရင်းအမြစ်များ ထုတ်ယူသုံးစွဲနိုင်မှုကို ရေရှည်တည်တံ့မှု ဖြစ်စေရေးအတွက် အထောက်အကူပြုသော စီမံခန့်ခွဲမှုစနစ်များ မြင့်တင်ပေးနိုင်စေရန်။

၂.၇.၂ ESIA လုပ်ငန်းစဉ်၏ နယ်နိမိတ်ဆိုင်ရာ သတ်မှတ်ချက်

ESIA အစီအရင်ခံစာ၏ လုပ်ငန်းအဆင့်များသည် အဆိုပြုစီမံကိန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များ၏ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုံးသပ်အကဲဖြတ်ချက်များအရ စီမံကိန်းချမှတ် ဆောင်ရွက်နိုင်မည့် လုပ်ငန်းလမ်းညွှန်များ ဖြစ်စေနိုင်ရန် တာဝန်ယူသွားမည် ဖြစ်ပါသည်။ သက်ဆိုင်ရာ စီမံကိန်းနှင့် ဆက်စပ်ပက်သက်သူ ပြည်သူလူထု၏ လိုလားချက်ဆန္ဒနှင့်အကြံပြုချက်များကိုလည်း ထည့်သွင်းသုံးသပ်သွားမည်ဖြစ်ပါသည်။ သုံးသပ်ဖော်ထုတ် အကဲဖြတ်ချက်များမှ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်လွှဲလျှော့ချစေခြင်း၊ ကောင်းကျိုးသက်ရောက်မှု များကိုတိုးပွားစေခြင်းတို့အတွက် အကြံပြုသွားမည် ဖြစ်ပါသည်။ စီမံကိန်း၏သက်ရောက်မှုများကို ဆန်းစစ်အကဲဖြတ်ရာမှ တွေ့ရှိချက်များကို စီမံကိန်းအဆင့်လိုက် တည်ဆောက်ရေးအဆင့်၊

လုပ်ငန်းလည်ပတ်ခြင်းအဆင့်၊ စီမံကိန်းပိတ်သိမ်းသည့် အဆင့် စသည်ဖြင့် ရှင်းလင်စွာ ခွဲခြားဖော်ထုတ်၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (ESMP) ကို ရေးဆွဲအကြံပြုသွားမည် ဖြစ်ပါသည်။

၂.၇.၃ ESIA လုပ်ငန်းစဉ်၏ အခြေခံမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ညီညွတ်မျှတသော ပတ်ဝန်းကျင်နှင့် ထိန်းသိမ်းရေး၊ လူမှုစီးပွား ဖွံ့ဖြိုးရေး ရလဒ်ရရှိနိုင်မည့် နည်းလမ်းများကို အဆိုပြုတင်ပြပေးရန်၊
- ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချစေနိုင်မည့်နည်းလမ်းများ၊ ပုံစံများ၊ စံနမူနာများကို အချိန်အပိုင်းအခြားအလိုက်ထောက်ပံ့ပေးနိုင်စေရန်၊
- သိသာထင်ရှားသော သက်ရောက်မှုနှင့် အဓိကကျသော ပတ်ဝန်းကျင်အစိတ်အပိုင်းများကို သတ်မှတ်ဖော်ထုတ်၍ မဖြစ်မနေလျော့ချဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များကို တာဝန်ရှိသူများအား အကြံပြုပေးရန်၊
- စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သော တောင်းဆိုချက် အကြံပြုချက်များကို ထိခိုက်ခံစားရသူများ၊ ပတ်သက်သူအဖွဲ့အစည်းများမှ စီမံကိန်းပိုင်ရှင်များထံသို့ ပေးနိုင်မည့် အခွင့်အရေးတစ်ရပ်ကို ဖော်ထုတ်ထောက်ပံ့ပေးရန်၊
- ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်နိုင်မှု အခွင့်အရေးတစ်ရပ်ရှိနေစေရန်၊
- ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ ဆက်စပ်ပတ်သက်ထိခိုက်နိုင်မှုများကို ကာကွယ်၊ လျော့ချနိုင်မည့် နည်းလမ်းများကို ESIA ဆောင်ရွက်သည့်ပညာရှင် နှင့် ကျွမ်းကျင်သူအဖွဲ့၏ သုံးသပ်အကြံပြုချက်များက ထိရောက်သေချာစေရပါမည်၊
- ဆန်းစစ်သုံးသပ်ချက်များသည် ညီညွတ်မျှတအသေးစိတ်တိကျပြီး၊ တတ်နိုင်သမျှ ရေရှည်မျှော်တွေးထားသော သုံးသပ်ချက်များအဖြစ် ဖော်ထုတ်နိုင်ရပါမည်။

၂.၈ ESIA အစီရင်ခံစာ၏ စီမံကိန်းလုပ်ငန်းအဆင့်များ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လိုလားချက်အရ ၂၀၁၈ - ၂၀၁၉ ခုနှစ် ပွင့်လင်းရာသီတွင် ခမိုးယာဉ်ရပ်နားစခန်းအား ယာယီအသုံးပြုနိုင်ရန်အတွက် မြေသားလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း၊ ယာယီတည်းခိုဆောင်များ၊ သန့်စင်ခန်းများနှင့် စျေးဆိုင်တန်းများ တည်ဆောက်ခဲ့ပြီး ဖြစ်သောကြောင့် အကြိုတည်ဆောက်ခြင်းလုပ်ငန်းအဆင့်မှာပြီးစီးနေနှင့်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ESIAဆန်းစစ်လေ့လာမှုတွင် အကြံးမဝင်နိုင်တော့ပါ။ ဆက်လက်၍တည်ဆောက်ခြင်းလုပ်ငန်း အဆင့်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းအဆင့်၊ စီမံကိန်းပိတ်သိမ်းခြင်းအဆင့်များကိုဆက်လက်လေ့လာဆန်းစစ်သွားမည်ဖြစ်ပါသည်။ စီမံကိန်းဧရိယာအတွင်း စီမံကိန်းဇုန်များကို (A,B,C,D) ဟူ၍ (၄) ဇုန် ခွဲခြားသတ်မှတ်ထားပြီး ဇုန် (A) တွင် ခရီးသည်တင်ယာဉ်များရပ်နားရန်ကားဂိတ်၊ ကိုယ်ပိုင်ယာဉ်ရပ်နားကွင်း၊ စက်သုံးဆီအရောင်းဆိုင်၊ ကားဝပ်ရှော့၊ နှစ်ထပ်တည်းခိုဆောင်များ နှင့်သန့်စင်ခန်းများ၊ သံဃာနားနေဆောင်၊ အားကစားခန်းမ၊ ဇုန် (B) တွင် စခန်းရုံး၊ ဆေးခန်း၊ ရဲကင်းစခန်း၊ ဆိုင်ကယ်ရပ်နားရန်နေရာ၊ ဇလုံတောင်တက်ကားဂိတ်များ၊

ဈေးဆိုင်ခန်းများ၊ ယာယီညဈေးတန်း၊ အမှတ်တရ ပစ္စည်းဆိုင်တန်းများ၊ သန့်စင်ခန်းများ၊ ဇုန် (C) တွင် ဟိုတယ်များ နှင့် ဟိုတယ်ဝန်ဆောင်မှု ဧရိယာ၊ ဇုန် (D) တွင် အများပြည်သူ အပန်းဖြေနိုင်သော ပန်းခြံနှင့် ကစားကွင်းအဖြစ် ဖော်ထုတ်တည်ဆောက်သွားမည် ဖြစ်ပါသည်။ ဇုန်အလိုက်ခွဲခြားထားသောမြေပုံနှင့် တည်ဆောက်ရေးအဆင့်လိုက်မြေပုံများကို နောက်ဆက်တွဲ(ခ) တွင်တင်ပြထားပါသည်။

ပုံ (၂.၈-၁) Birdeyes view to the Project area

ပုံ (၂.၈-၂) စီမံကိန်း Master Plan ၏ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများ



၂.၉ အချက်အလက်များစုဆောင်းရယူခြင်း

စီမံကိန်းနှင့်ပတ်သတ်သည့် အချက်အလက်များ၊ စီမံကိန်းအကွက်ချပုံစံများ နှင့် တည်ဆောက်မှု ကန့်သတ်ချက်ဘောင်တို့ကို တာရိန်းကုမ္ပဏီလီမိတက် (Terrain Co., Ltd)၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ နှင့် ဗန်းမောက်မြို့ စည်ပင်သာယာရေးအဖွဲ့ တို့ထံမှ တောင်းခံရယူသွားမည်ဖြစ်ပါသည်။ အစိုးရဌာနများမှ အချက်အလက်ကောက်ခံမှုများအနေဖြင့် ဒေသတွင်းလူဦးရေ ပျံ့နှံ့နေထိုင်မှု အချက်အလက်နှင့် လူထုကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ အချက်အလက်ကို ဗန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် သက်ဆိုင်ရာဦးစီးဌာနရုံးများမှ အသီးသီး တောင်းခံ၍ ထည့်သွင်းရေးသားသွားမည်ဖြစ်ပါသည်။ လက်ရှိပတ်ဝန်းကျင်အခြေအနေ၊ အကျိုးသက်ဆိုင်သူများ၊ ပြည်သူလူထု၏ ထင်မြင်ယူဆချက်များ၊ လူမှုစီးပွားဆိုင်ရာ အချက်အလက်များနှင့် ဘေးအန္တရာယ် ဖြစ်ပွားနိုင်သည့် အခြေအနေများကိုသိရှိရန် မြေပြင်ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂.၁၀ စီမံကိန်းပိုင်ရှင်၏ လူမှုဆိုင်ရာတာဝန်ဝတ္တရားများ

စီမံကိန်းပိုင်ရှင်သည် စီမံကိန်းလုပ်ငန်းအား အပိုင်းလိုက်အဆင့်လိုက်ခွဲခြား၍ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေဆဲကာလအတွင်းမှာပင် လုပ်ငန်းလည်ပတ်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရရှိလာသော၀င်ငွေ၏ နှစ်စဉ်အခွန်ပေးဆောင်ပြီး အသားတင်အမြတ်ငွေ၏ (၂) ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို CSR ရန်ပုံငွေအဖြစ် စုဆောင်းထားရှိပြီး ဒေသဖွံ့ဖြိုးရေး နှင့် လူမှုဆိုင်ရာ တာဝန်ဝတ္တရားများအတွက် သုံးစွဲသွားမည် ဖြစ်ပါသည်။

၂.၁၁ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာ၏ ဖွဲ့စည်းမှု

အဆိုပြုစီမံကိန်းလုပ်ငန်း၏ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာကို အောက်ဖော်ပြပါ အခန်းခေါင်းစဉ်များဖြင့် ဖွဲ့စည်းတင်ပြပါမည် -

၂.၁၁.၁ အခန်း(၁) ။ အကျဉ်းချုပ်အစီရင်ခံစာ

နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာတွင် ဖော်ပြမည့် ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုအကြိုတွေ့ရှိချက်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် EIA လုပ်ငန်းစဉ် အကျဉ်းချုပ်များကို အခန်းလိုက်၊ အဆင့်လိုက် အသေးစိတ်နှင့် အကျဉ်းချုပ်လိုရင်းပေါ်လွင်စေရန် ရေးသားတင်ပြထားပါသည်။

၂.၁၁.၂ အခန်း(၂) ။ နိဒါန်း

စီမံကိန်းဖြစ်ပေါ်လာပုံ အကြောင်းရင်းနှင့် ရာဇဝင်အကျဉ်းချုပ်၊ စီမံကိန်း၏ ရည်ရွယ်ချက်၊ ESIA ဆောင်ရွက်ရန်လိုအပ်ချက်၊ စီမံကိန်းဆောင်ရွက်သူများနှင့် ESIA အကြံပေးအဖွဲ့အကြောင်း၊ ESIA လုပ်ငန်းစဉ် ရည်ရွယ်ချက်နှင့် နယ်နိမိတ်၊ စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက်သဘောတူညီချက်များ၊ စီမံကိန်းလုပ်ငန်းအဆင့်များတွင် ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ အခြေခံအချက်အလက်များ စုဆောင်းရယူခြင်း၊ CSR အပိုင်းနှင့် အစီရင်ခံစာ၏ ဖွဲ့စည်းမှုတို့ကို တင်ပြထားပါသည်။

၂.၁၁.၃ အခန်း(၃) ။ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများ

စီမံကိန်းလုပ်ငန်းနှင့် သက်ဆိုင်သော လေးစားလိုက်နာရမည့် ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာစံနှုန်းများကို ဖော်ပြထားပါသည်။

၂.၁၁.၄ အခန်း(၄) ။ စီမံကိန်းအကြောင်းအရာဖော်ပြချက် နှင့် အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ

ဆောင်ရွက်မည့် စီမံကိန်း၏ အဆင့်အလိုက် အစီအစဉ်များ၊ ပုံစံများ၊ ဒီဇိုင်းများ နှင့် အခြေခံ အဆောက်အဦများ၊ အသုံးပြုမည့်ပစ္စည်းကိရိယာများ၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအသက်သာဆုံးဖြစ်စေမည့် အခြားဆောင်ရွက်နိုင်သောနည်းလမ်းများနှင့် အတည်ပြုရွေးချယ်သော နည်းလမ်းကို သုံးသပ်တင်ပြထားပါသည်။

၂.၁၁.၅ အခန်း(၅) ။ သဘာဝပတ်ဝန်းကျင် နှင့် လူမှုပတ်ဝန်းကျင်တို့ကို ရှင်းလင်းဖော်ပြချက်

စီမံကိန်းဆောင်ရွက်ခြင်းကြောင့်ထိခိုက်ခံစားရမှုရှိနိုင်သည့်လက်ရှိပတ်ဝန်းကျင်ရှိ ရူပဆိုင်ရာဝန်းကျင်၊ ဇီဝဆိုင်ရာဝန်းကျင်၊ လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ၊ ဆက်စပ်သက်ရောက်မှု ဖြစ်ပေါ်နိုင်သောအခြေအနေများအကြောင်း အကျဉ်းချုပ်လေ့လာတင်ပြထားပါသည်။

၂.၁၁.၆ အခန်း(၆)။စီမံကိန်းကြောင့်အဓိကထိခိုက်မှုအလားအလာများကိုကနဦးဆန်းစစ်ခြင်းနှင့်လျှော့ချနိုင်မည့်နည်းလမ်းများ

စီမံကိန်းဆောင်ရွက်မှုကြောင့် သက်ရောက်နိုင်မှုများကို ဆန်းစစ်ခြင်းနည်းလမ်းများ၊ စီမံကိန်းအဆင့်လိုက်ဆိုးကျိုးသက်ရောက်နိုင်မှုများ၊ သဘာဝဘေးဒဏ်များ၊ ကောင်းကျိုးသက်ရောက်နိုင်မှုများ ခွဲခြား၍ဆန်းစစ်ခြင်းနည်းလမ်းများ၊ လျှော့ချခြင်းအစီအစဉ်များကို တင်ပြထားပါသည်။ ပတ်ဝန်းကျင်နှင့်

လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကဏ္ဍများအလိုက် သတ်မှတ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်းတို့ကို နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းတွင်လည်းကောင်း၊ ESIA လုပ်ငန်းစဉ်တွင် လည်းကောင်း အသေးစိတ်တင်ပြသွားပါမည်။ Risk Assessment နှင့် Cumulative Impact Assessment အပိုင်းများ၏ အကျဉ်းကိုလည်း ထည့်သွင်းတင်ပြသွားပါမည်။

၂.၁၁.၇ အခန်း(၇) ။ ဒေသခံပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေး အစီအစဉ်များ

နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာ ဆောင်ရွက်ချိန်၊ ESIA ဆောင်ရွက်ချိန် နှစ်ခုလုံးတွင် ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင် ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်မှု အစီအစဉ်များတွင် အကြံဉာဏ်ရယူဆောင်ရွက်ပြီး ထည့်သွင်းတင်ပြသွားပါမည်။

၂.၁၁.၈ အခန်း(၈) ။ နိုဂုံးချုပ်နှင့် အကြံပြုချက်များ

စီမံကိန်းအကြိုတည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းအဆင့်များ ဆောင်ရွက်နေချိန်မှာပင် စီမံကိန်းပိတ်သိမ်းကာလအထိ ကြိုတင်မျှော်မှန်းကာ ရေရှည်တည်တံ့စေသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ညစ်ညမ်းမှုမရှိသည့် ဘေးအန္တရာယ်ကင်းရှင်းသော ပတ်ဝန်းကျင်ဖြစ်စေရန် စီမံဆောင်ရွက်မည့် အစီအမံများ၊ ဆောင်ရွက်သင့်သည့်အကြံပြုချက်များကို ထည့်သွင်းတင်ပြသွားပါမည်။

၂.၁၁.၉ အခန်း(၉) ။ EIA အစီရင်ခံစာ အတွက် တာဝန်နှင့် ဝတ္တရားများ (TOR)

ESIA လုပ်ငန်းစဉ်ဆောင်ရွက်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) အပိုဒ် (၄၉)၊ အပိုဒ်ခွဲ (က) မှ (ဆ) အထိ၊ အပိုဒ် (၅၀) ၊ အပိုဒ်ခွဲ (က) နှင့် (ခ) ၊ အပိုဒ် (၅၁) (က) မှ (ဇ) အထိ၊ အပိုဒ် (၅၂) နှင့်အပိုဒ် (၅၃) တို့အား လိုက်နာ၍ ရေးသားပြုစုတင်ပြသွားမည် ဖြစ်ပါသည်။ စီမံကိန်းအရ လေ့လာဆန်းစစ်မည့် ဧရိယာ၊ အချိန်ကာလ ကန့်သတ်ချက်၊ စီမံကိန်းအဆင့်များ၊ စီမံကိန်းနှင့် ပတ်သက်သက်ဆိုင်သူများကို ဖော်ထုတ်တင်ပြပါမည်။ စီမံကိန်းဆိုင်ရာ လိုက်နာဆောင်ရွက်သွားရမည့် မြန်မာနိုင်ငံဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း နှင့် လမ်းညွှန်ချက်များ၊ စံနှုန်းများ၊ အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ၊ စံနှုန်းများကို ထည့်သွင်းဖော်ပြသွားပါမည်။ ESIA ဆန်းစစ်လေ့လာမှု ဆောင်ရွက်သည့် အချိန်တွင် ရူပဆိုင်ရာ၊ ဇီဝဆိုင်ရာ၊ လူမှုစီးပွားရေးဆိုင်ရာ နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ မြင်ကွင်းပသာဒဆိုင်ရာ အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေး ဆောင်ရွက်မည့် နည်းလမ်းများကိုအသေးစိတ်ဖော်ပြသွားပါမည်။စီမံကိန်းနှင့်ပတ်သတ်၍တာဝန်ရှိသော အစိုးရဌာနဆိုင်ရာများ၊ စီမံကိန်းပိုင်ရှင်နှင့် ဒေသခံ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များကိုလည်း ထည့်သွင်းဖော်ပြပါမည်။ ယင်းအပြင် ထိခိုက်ခံစားရမှုရှိနိုင်သည့် ပြည်သူလူထု၏ သဘောဆန္ဒများ၊ အကြံပြုချက်များနှင့် နစ်နာမှုများ ဖြေရှင်းပေးရေး အစီအမံများကိုလည်း ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးမှုရလဒ်များအရ ရေးဆွဲတင်ပြသွားမည် ဖြစ်ပါသည်။ **EIA** အစီရင်ခံစာ ဆောင်ရွက်ချိန်တွင် လိုက်နာရမည့်တာဝန်ဝတ္တရားများနှင့် လမ်းညွှန်ချက်များကို ထည့်သွင်းတင်ပြပါမည်။

အခန်း(၃)

မူဝါဒ၊ဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင်

၃.၁ စီမံကိန်းလုပ်ငန်း၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ

စီမံကိန်းပိုင်ရှင် တာရိန်းကုမ္ဍဏီနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့၏ အကြီးတန်း စီမံခန့်ခွဲရေး အဖွဲ့များသည် စီမံကိန်းလုပ်ငန်းအတွက် မဖြစ်မနေ လိုအပ်သော အဆင့်မီသည့် ပတ်ဝန်းကျင်ရေးရာ မူဝါဒကို အောက်ဖော်ပြပါအတိုင်း ချမှတ်ထားပါသည်-

- အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း၏ (EMS) နှင့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း ဖော်ထုတ်ချက်များအရ စီမံကိန်းလုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကို မူလသဘာဝ စံနှုန်းအခြေအနေများနှင့် အနီးစပ်ဆုံးဖြစ်အောင် စီမံဆောင်ရွက်သွားနိုင်ရပါမည်၊
- ဖြစ်ပေါ်လာနိုင်သည့် ညစ်ညမ်းမှုများအားလုံးကို ကာကွယ်ခြင်း၊ စဉ်ဆက်မပြတ် လျှော့ချ ကုစားခြင်း စသည်တို့အတွက် ကတိကဝတ်ထားရှိ ဆောင်ရွက်သွားပါမည်၊
- နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် ကုမ္ဍဏီမှ ချမှတ်ထားသော မူဝါဒများအားလုံးကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကတိကဝတ် ထားရှိသွားပါမည်၊
- ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး ရည်မှန်းချက်များကို ချမှတ်ထားသည့် စနစ်နှင့် မူဘောင်များ အတိုင်း အထောက်အပံ့ ပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်၊
- ကုမ္ဍဏီအဖွဲ့အစည်းအတွင်း၊ လုပ်ငန်းအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု အလိုက် တာဝန်ရှိသူများအတွင်း ဆက်သွယ်ညှိနှိုင်းမှု၊ စဉ်ဆက်မပြတ်ထိန်းသိမ်းမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် မှတ်တမ်းတင် ထိန်းသိမ်းမှုများကို ဆောင်ရွက်သွားပါမည်၊
- အကျိုးသက်ဆိုင်သူ ပြည်သူလူထုနှင့် စဉ်ဆက်မပြတ် ထိတွေ့၍ အကြံဉာဏ်ရယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊
- စီမံကိန်းပိုင်ရှင်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သော အခြေခံမူများကို လက်ခံကျင့်သုံးသည့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များအရ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားပါမည်၊
- လူ့အခွင့်အရေး အခြေခံစံနှုန်းများ၊ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအစဉ်အလာများကို အလေးထားခြင်း၊ ခရီးသွားပြည်သူလူထု၊ ဒေသခံပြည်သူလူထု၊ ဒေသခံဝန်ထမ်း၊ ကုမ္ဍဏီဝန်ထမ်း စသည်တို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရောဂါပိုးမွှားများမှသန့်စင်ရေး အစရှိသည်တို့ကို အလေးထား ဆောင်ရွက်သွားပါမည်၊
- ပတ်ဝန်းကျင် အရည်အသွေး စဉ်ဆက်မပြတ် တည်ငြိမ်မှုရှိစေရန် စောင့်ကြပ်ကြည့်ရှုသွားပါမည်၊

- ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များကို ထိန်းသိမ်းနိုင်သည့် မြေအသုံးချမှုများကို ချဉ်းကပ်လိုက်နာသွားပါမည်၊
- စီမံကိန်းဧရိယာအနီးရှိ လူမှုရေး၊ စီးပွားရေး၊ အသင်းအဖွဲ့များ အရေးကိစ္စရပ်များတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊
- စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း အကျိုးသက်ဆိုင်သူများ နှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆက်ဆံခြင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေမှုများကို သတ်မှတ်နည်းလမ်းများ အတိုင်း ဆောင်ရွက်သွားပါမည်။

၃.၁.၁ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ၎င်းတို့၏ အခန်းကဏ္ဍနှင့် စီမံကိန်းဆိုင်ရာ တာဝန်ရှိမှုများ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အကျိုးတူအခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းအသစ်များအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ(EIA) ရေးသားရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့၏ မူဝါဒအရ ဆောင်ရွက်ရခြင်းဖြစ်ရာ ကြီးကြပ်ပေးမည့်အစိုးရဌာနများမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ "**ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**" နှင့်အညီ စစ်ဆေးကာ အတည်ပြုပေးရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ထုတ်ပေးနိုင်ရန်ဖြစ်ပါသည်။

၃.၁.၁.၁ ကုမ္ပဏီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများ

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအခြေခံသောဝန်ဆောင်မှု စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုမ္ပဏီမှ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ် ပါသည်-

- စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေး၊ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်ရန်၊
- ထိခိုက်မှုများအား ရှောင်လွှဲရန်နှင့် ရှောင်လွှဲ၍မရနိုင်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေ ရေးစီမံဆောင်ရွက်ရန်၊
- ဆိုးကျိုးသက်ရောက်ခြင်းခံရသော ပြည်သူလူထုနှင့်ပြင်ပမှ ကန့်ကွက်မှုများအပေါ် တုန့်ပြန်ဖြေရှင်းရန်နှင့် သင့်လျော်သလို စီမံဆောင်ရွက်ရန်၊
- စွန့်ပစ်ပစ္စည်းများ အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်နှင့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ လျော့နည်းပျောက်စေရေးအတွက် စီမံဆောင်ရွက်ရန်၊
- သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေး ဆောင်ရွက်ရန်၊ စိမ်းလန်းစိုပြေရေး၊ ဂေဟစနစ်ဖွံ့ဖြိုးရေးအတွက်နှင့် မြေဆီလွှာဆုံးရှုံးမှုမရှိစေရန် မြေယာအသုံးချမှုအနည်းဆုံးဖြစ်ရေးအတွက် စီမံဆောင်ရွက်ရန်၊

- ပတ်ဝန်းကျင်နှင့် လူမှုဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရန်၊
- အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊
- ကျရောက်နိုင်သည့်သဘာဝဘေးအန္တရာယ်များအားလျော့နည်းစေရေးအတွက်ကြိုတင်စီမံဆောင်ရွက်ရန်။

၃.၂ စီမံကိန်းနှင့်သက်ဆိုင်သည့်မြန်မာနိုင်ငံမူဝါဒနှင့်ဥပဒေများ

ဥပဒေ၊ နည်းဥပဒေနှင့် လမ်းညွှန်ချက်များ	ဖော်ပြချက်များ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)	
ပုဒ်မ ၃၇	နိုင်ငံတော်သည် - (က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ (ခ) နိုင်ငံပိုင် သယံဇာတ ပစ္စည်းများအား စီးပွားရေး အင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲ ကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်။ (ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့် တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။
ပုဒ်မ ၄၅	နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။
ပုဒ်မ ၃၉၀	နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အားအကူညီပေးရန် တာဝန်ရှိသည် - (က) အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။ (ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရခြင်း။ (ဂ) လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း။ (ဃ) အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။
ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)	
ပုဒ်မ ၃	ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ဥပဒေအမှတ် (၉/၂၀၁၂) ဖြင့် (၂၀၁၂)ခုနှစ်၊ မတ်လ (၃၀)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ဤဥပဒေတွင် ESHIA ကို ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းကို ထည့်သွင်းဖော်ပြထားပါသည်။ ဤဥပဒေကို အောက်ပါရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းခဲ့ပါသည် - (က) မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒကို အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန်။ (ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျပေါင်းစပ် ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုလုပ် နိုင်ရန်။

	(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်။ (ဃ) ဆုတ်ယုတ် ပျောက်ကွယ်စဖြစ်နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်။ (င) သဘာဝသယံဇာတ အရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်။ (စ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာ သင်ကြားရေး အစီစဉ်များကို အများပြည်သူတို့သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။ (ဆ) ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များတွင် ပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်။ (ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

ပုဒ်မ ၇	(က) ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ (ခ) ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝှမ်းလုံးနှင့်ဆိုင်သော လုပ်ငန်းအစီအစဉ်များ ကိုလည်းကောင်း၊ ဒေသဆိုင်ရာ လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရေးဆွဲချမှတ်ခြင်း။ (ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်း မှုမဖြစ်စေရန်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လျော့နည်းပပျောက်ရေးတို့အတွက်လည်းကောင်း၊ အစီအစဉ်များကို ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း။ (ဃ) စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ အညစ်အကြေး စွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရာတွင် ဓာတုပစ္စည်း (သို့မဟုတ်) အခြား ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ ထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သော ဘေးအန္တရာယ်ရှိသည့်စွန့်ပစ်ပစ္စည်းများ၏ အမျိုးအစားနှင့် အတန်းအစားများ သတ်မှတ်ခြင်း။ (ဇ) ပတ်ဝန်းကျင်ကို လက်ငင်း၊ ရေတိုရေရှည်တွင် သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိပစ္စည်း အမျိုးအစားသတ်မှတ်ခြင်း။ (စျ) အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိ ပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့ ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့် စက်ရုံများ၊ စခန်း များတည်ထောင်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်း။ (ဈ) အစိုးရဌာနအဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးကပြုလုပ်သည့် စီမံချက် (သို့မဟုတ်) လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာထိခိုက်စေခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ခြင်း။ (ဏ) ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ပေးလျော်စေရန် သဘာဝပတ်ဝန်း ကျင် ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ် တပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။
ပုဒ်မ ၁၃	ဝန်ကြီးဌာနသည် ကော်မတီ၏ လမ်းညွှန်ချက်အရ အောက်ပါလုပ်ငန်းကိစ္စရပ်များတွင် မိမိဝန်ကြီးဌာန ကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေးရေးစနစ်ထားရှိပြီး အကောင်ထည်ဖော်ဆောင်ရွက်ရမည် - (က) သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းနှင့် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်း မှထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း။ (ခ) အညစ်အကြေး စွန့်ပစ်ရေးနှင့် သန့်စင်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း။

	(စ) အခြားလိုအပ်သော ပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခြင်း။
ပုဒ်မ ၁၄	ညစ်ညမ်းစေမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းစေမှုကို ဖြစ်စေသည့် ပစ္စည်း များကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များ အတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။
ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄)	
နည်းဥပဒေ ၅၁	ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ် ချမှတ်ဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။
နည်းဥပဒေ ၅၂	ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရမည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု (သို့မဟုတ်) လုပ်ဆောင်မှု အမျိုးအစားများကို သတ်မှတ်ရမည်။
နည်းဥပဒေ ၅၃	ဝန်ကြီးဌာနသည် (နည်းဥပဒေ ၅၂) အရ သတ်မှတ်ချက်တွင် မပါဝင်သည့် အဆိုပြုစီမံကိန်း၊ စီးပွားရေး လုပ်ငန်း၊ ဝန်ဆောင်မှု (သို့မဟုတ်) လုပ်ဆောင်မှုများကို ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်ခြင်း ရှိ/မရှိ စိစစ်နိုင်ရန် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း ပြုလုပ်ရမည့် အမျိုးအစားများသတ်မှတ် နိုင်သည်။
နည်းဥပဒေ ၅၄	စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု (သို့မဟုတ်) လုပ်ဆောင်မှုကို ဆောင်ရွက်မည့် အစိုးရဌာန၊ အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်သည် မိမိ၏စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု (သို့မဟုတ်) လုပ်ဆောင်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို ဝန်ကြီးဌာနကလက်ခံသော အရည်အချင်း ပြည့်မီသည့် တတိယပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းနှင့်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ရမည်။
နည်းဥပဒေ ၅၈	ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။
နည်းဥပဒေ ၅၉	ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့တွင် ပြင်ပပုဂ္ဂလိက ကျွမ်းကျင်သူ များပါဝင်ပါက ယင်းတို့အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် ထောက်ပံ့ကြေးများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။
နည်းဥပဒေ ၆၁	ဝန်ကြီးဌာနသည် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ (သို့မဟုတ်) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် အတည်ပြုပြန်ကြားနိုင်သည်။

နည်းဥပဒေ ၆၉	(က) မည်သူမျှ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေနှင့် ဤနည်း ဥပဒေတစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်း (သို့မဟုတ်) ဘေးအန္တရာယ်ရှိ ပစ္စည်းများကိုလည်းကောင်း အများပြည်သူအား တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေထိခိုက်စေနိုင်မည့် နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုရ။ (ခ) အများပြည်သူအကျိုးငှာ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရမှတပါး ဂေဟစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှုများကို မည်သူမျှဆောင်ရွက်ခြင်းမပြုရ။
စက်ရုံဆိုင်ရာ အက် ၁၉�># ၄	
ဤအက်တွင် ဓာတုပစ္စည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သိုမှီမှုများအတွက် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ အချို့ဓာတုပစ္စည်းများသည် ခွင့်ပြုချက်ရယူရန် လိုအပ်မည်ဖြစ်ပါသည်။ စက်ရုံအားလုံးသည် လေထုညစ်ညမ်းမှု၊ မိလ္လာရေဆိုးစနစ်နှင့် စွန့်ပစ်ရေ ပြုပြင်မွမ်းမံခြင်း စနစ်များကဲ့သို့သော စနစ်ကျသည့် ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများလည်း လိုအပ်ပါသည်။	
ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်း ဥပဒေ ၁၉၉၀	
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေကို ဥပဒေအမှတ် ၂၂/၉၀ ဖြင့် ၁۰၉۰ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည်။ ဤဥပဒေအရ၊ ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများအားလုံးသည် ညစ်ညမ်းစေသော နည်းပညာကို ရှောင်ရမည် (သို့) လျှော့ချရမည် ဖြစ်ပါသည်။ ကြီးကြပ်ရေးအဖွဲ့သည် လုပ်ငန်းများတွင် အောက်ပါတို့ကို သေချာစေရန် ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းကို ပြုလုပ်ပါသည်။ • စက်မှုလုပ်ငန်းမှ အနီးအနား နေထိုင်သူများသို့ ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှု မရှိစေရေး။ • မီးနှင့်ဆိုင်သော ခြိမ်းခြောက်မှု (သို့) အန္တရာယ်ရှိသော ပစ္စည်းများ မရှိစေရေး။ • လုပ်ငန်းမှ အနှောင့်မယှက်ဖြစ်စေသော (သို့) ညစ်ညမ်းစေသော အရင်းအမြစ်များ မရှိစေရေ။ • အလုပ်သမားများကို လုပ်ငန်းခွင် အန္တရာယ်မဖြစ်စေရေးနှင့် • တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုရှိရေး။	
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)	
ပုဒ်မ ၃	ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် - (က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။ (ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်။ (ဂ) ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်။ (ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်။

	(c) စွမ်းဆောင်ရည် မြင့်မားသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု ကဏ္ဍများ ဖွံ့ဖြိုးတိုးတက် စေရန်။ (စ) နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်။ (ဆ) နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံအဆောက်အအုံများ အပါအဝင် ပညာရပ်နယ်ပယ် အသီးသီးတို့၌ ဖွံ့ဖြိုးတိုးတက်လာစေရန်။ (ဇ) နိုင်ငံသားများအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ယှဉ်တွဲလုပ်ကိုင် ဆောင်ရွက်နိုင်စေရန်နှင့် (စျ) နိုင်ငံတကာ စံနှုန်းနှင့်ညီသော စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်။
ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈/၂၀၁၃)	
ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် - (က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများကို ထိခိုက်ပျက်စီးစေခြင်းမှ ကာကွယ်ရန်။ (ခ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းကို ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။ (ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျ သုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသော စနစ်ကို ဆောင်ရွက်ရန်။ (ဃ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်ရန်။	
မြေအောက်ရေ အက် ၁၉၃၀	
မြေအောက်ရေအက်ဥပဒေကို ၁၉၃၀ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရေထောက်ပံ့သုံးစွဲရေးဆိုင်ရာ မြေအောက်ရေ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်ပါသည်။ ဤအက်တွင် ရေအရာရှိက ခွင့်ပြုထားသော လိုင်စင် သဘောတူညီချက်အရမှလွဲ၍ မြေအောက်ရေကို ရယူရန် ရည်ရွယ်ချက်ဖြင့် ပိုက်လုံးမြှုပ်ကို တားမြစ်ထားပါသည်။ မြို့နယ်အရာရှိ (သို့) ဒေသခွဲအရာရှိတွင် သက်ဆိုင်ရာ ဒေသဧရိယာအပေါ် တရားစီရင်ကျင့်သုံးပြီးနောက် ရေပိုက်လိုင်စင် ဖျက်သိမ်းယူခွင့်ရှိသည်။ ကြွေးကျန် မြေခွန်ကြောင့်ဖြစ်လျှင်၊ ရေပိုက်လိုင်းပြန်ပိတ်ရန်အတွက်စရိတ်များကို ရေပိုက်ပိုင်ရှင်မှ ကျခံရမည်ဖြစ်ပါသည်။	
အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ (၂၀၁၂)	
အလုပ်သမား၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေး ကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရန်လည်းကောင်း ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။	
ဖောက်ခွဲရေးဆိုင်ရာ အက် (၁၈၈၇)	

ပြည်ထောင်စုသမ္မတမှ ဤအက်နှင့် ကိုက်ညီသော နည်းဥပဒေများကို ဖောက်ခွဲရေးဆိုင်ရာများ (သို့) သတ်မှတ်ထားသော ဖောက်ခွဲရေးအမျိုးအစားများ၏ နည်းဥပဒေများ၊ ထုတ်လုပ်ရေး၊ ပိုင်ဆိုင်ရေး၊ အသုံးပြုရေး၊ ရောင်းချရေး၊ ပို့ဆောင်ရေးနှင့် တင်သွင်းရေးဆိုင်ရာ ခွင့်ပြုထားသော လိုင်စင်ပါ သဘောတူညီချက်များအရမှလွဲ၍ စီမံဆောင်ရွက်ရန် (သို့) တားမြစ်ရန် ပြဋ္ဌာန်းပါ သည်။	
ဖောက်ခွဲရေးဆိုင်ရာ ပစ္စည်းများ အက် (၁၉၀၈)	
မည်သူမဆို တရားမဲ့စွာ မလိုမုန်းထားလျက် (မည်သည့် ဖောက်ခွဲရေးပစ္စည်းတစ်ခုခုဖြင့်) ဖောက်ခွဲမှုကို အသက်ဘေးအန္တရာယ်ဖြစ်စေ လိုရှိလည်းကောင်း (သို့) ပိုင်ဆိုင်မှုတစ်ခုခုကို ဆိုးရွားစွာ ပျက်စီးစေလိုရှိလည်းကောင်း ပြုလုပ်လျှင် (လူပုဂ္ဂိုလ် (သို့) ပိုင်ဆိုင်မှုသည် ထိခိုက်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ)၊ ပြုလုပ်သူသည် တစ်သက်တစ်ကျွန်းသော်လည်းကောင်း (သို့) အချိန်တိုသော် လည်းကောင်း (ဒဏ်ငွေများလည်း ဖြည့်စွက်ချမှတ်နိုင်ပါသည်။) (သို့) ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်သော်လည်းကောင်း (ဒဏ်ငွေများလည်း ဖြည့်စွက် ချမှတ်နိုင်သည်) ပြစ်ဒဏ်ချမှတ်နိုင်သည်။	
မြေသိမ်းယူမှုအက် (၁၉၈၄)	
စီမံကိန်းများအတွက် မြေများကို မည်သည့်ပုံစံဖြင့် သိမ်းယူရမည်နှင့် မြေများအတွက် လျော်ကြေးကို မည်သို့ပေးရမည်ကိုဆုံးဖြတ်ရန်။ ဤတွင် မြေကြီးပေါ်ကပ်၍ရှိသော ပစ္စည်းများနှင့် အမြဲတမ်းရှိနေသော ပစ္စည်းများအတွက်လည်း လျော်ကြေးပေးရန် အကျုံးဝင်ပါ သည်။	
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ (၂၀၁၂)	
ပုဒ်မ ၆	ဗဟိုကော်မတီသည် (ပုဒ်မ ၅) အရ လျှောက်ထားသည့် ကိစ္စများနှင့် စပ်လျဉ်း၍ - (က) သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်မဆို ရယူရမည်။ (ခ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက်ဖြစ်ပါက သတ္တုတွင်းဝန်ကြီးဌာနမှလည်းကောင်း၊ (ပုဒ်မ ၄)၊ ပုဒ်မခွဲ (ဃ)ပါ အခြားလုပ်ငန်းအတွက်ဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှလည်းကောင်း၊ သဘောထားတောင်းခံရမည်။ (ဂ) ကြိုးဝိုင်းသစ်တောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက် စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်း ရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သက်ဆိုင်ရာ အခြား ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ (ဃ) နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များ ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။
ပုဒ်မ ၁၀	ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့် စပ်လျဉ်း၍ - (ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့် ပြုနိုင်သည်။

ပုဒ်မ ၁၁	ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့် စပ်လျဉ်း၍ - (ဃ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့် ပြုနိုင်သည်။
ပုဒ်မ ၁၉	ဗဟိုကော်မတီသည် အောက်ပါအခြေအနေတစ်ရပ် ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည် - (ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်မြေလပ်နှင့် မြေရိုင်းများ တွင် ခွင့်ပြုထားသော သတ္တုအမျိုးအစားမှအပ အခြားသယံဇာတတွေ့ရှိခြင်း။

မြန်မာအာဂျင်ဒါ ၂၁ (၁၉၉၇)

မြန်မာအာဂျင်ဒါ ၂၁ သည် တိုင်းပြည်၏ ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်တွင် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေး ကိစ္စရပ်များကို သဟဇာတမျှတအောင် မြှင့်တင်ပေးနိုင်သည့် ဥပဒေမူဘောင်ကြမ်းများနှင့် ပြဋ္ဌာန်းနိုင်ရန်အတွက် အကြံပြုချက်များကို ပေးပါသည်။

မြန်မာအာဂျင်ဒါ ၂၁ တွင် အောက်ပါကိစ္စရပ်များကို ကိုင်တွယ်ရန် လမ်းညွှန်ချက်များ ပါရှိပါသည်။

- ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် စွမ်းအင်နှင့် စွမ်းရည်ပြည့်ဝသောပစ္စည်း တိုးတက်စေရေး။
- ထုတ်လုပ်ခြင်းမှ စွန့်ပစ်ပစ္စည်းများကို လျှော့ချလျက် ပြန်လည်အသုံးပြုမှုများ မြှင့်တင်ရေး။
- စွမ်းအင်သစ်များနှင့် ပြန်လည်ဖြည့်စွမ်းနိုင်သောစွမ်းအင် အသုံးပြုမှုကို မြှင့်တင်ရေး။
- ရေရှည်တည်တံ့စေသော ထုတ်လုပ်ရေးအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတမျှသော နည်းပညာများ အသုံးပြုရေး။
- အကျိုးနည်း စားသုံးမှုကို လျှော့ချရေး။
- ရေရှည်တည်တံ့စေသော စားသုံးမှုအတွက် အသိအမြင်များ တိုးပွားစေရေး။

မြန်မာ့အာမခံ ဥပဒေ (၁၉၉၃)

မြန်မာ့အာမခံကို ကိုယ်ပိုင်အမည်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခွင့်ရှိသော တရားဝင် အဖွဲ့အဖြစ် ဤဥပဒေအရ တည်ထောင်သည်။

မြန်မာ့အာမခံကို အောက်ပါရည်မှန်းချက်များဖြင့် တည်ထောင်သည် -

- ဖြစ်ပျက်တတ်သော ဘေအန္တရာယ်များကြောင့် ပြည်သူများ ကြုံတွေ့နိုင်သည့် လူမှုရေး၊ စီးပွားရေးနစ်နာဆုံးရှုံးမှုများကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ အာမခံထားခြင်းဖြင့် ငွေကြေးပြေလည်မှု ရရှိစေရန်။
- လူတစ်ဦးစီအလိုက် အသက်အာမခံထားခြင်းဖြင့် ငွေစုဆောင်းသည့်အလေ့အထ တိုးပွားစေပြီး နိုင်ငံတော်၏ အရင်းအနှီး စုဆောင်းမှုကို အထောက်အကူပြုစေရန်။
- လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုအပ်မည့် အာမခံအကာအကွယ်အမျိုးမျိုးကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အာမခံစနစ်အပေါ် ပြည်သူများ ယုံကြည်ကိုးစားမှု ရှိလာစေရန်။

သစ်တောဥပဒေ (၂၀၁၈)	
နိုင်ငံတော်ငြိမ်းဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ၁၉၉၂ ခုနှစ်၊ နိုင်ဝင်ဘာလ (၃)ရက်နေ့တွင် သစ်တော ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။	
ပုဒ်မ ၃	ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် - (ခ) အစိုးရအဖွဲ့၏သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများကို အကောင် အထည်ဖော်ရန်။ (ဂ) အစိုးရအဖွဲ့၏ သစ်တောရေးရာ မူဝါဒနှင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာမူဝါဒတို့ကို အကောင်ထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။ (c) သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးတို့နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်။
ပုဒ်မ ၉	သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် - (က) အစိုးရအဖွဲ့၏ မြန်မာ့သစ်တောမူဝါဒကို အကောင်ထည်ဖော်ခြင်း။ (ခ) ရေမြေ၊ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထွက် ပစ္စည်းများစဉ်ဆက် မပြတ်ထုတ်လုပ်နိုင်ရေး၊ သစ်တောဖုံးလွှမ်းသည့် နယ်မြေများ ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်ထည်ဖော်ခြင်း။ (ဂ) သစ်တောနယ်မြေကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်း။ (ဃ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် တားမြစ်သစ်ပင် အမျိုးအမည်များ သတ်မှတ်ရေး၊ ပြင်ဆင်ရေး (သို့မဟုတ်) ဖျက်သိမ်းရေးတို့အတွက် ဝန်ကြီးထံ အဆိုပြုတင်ပြခြင်း။
ပုဒ်မ ၁၂	မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော နယ်မြေ အတွင်း - (က) ဖွံ့ဖြိုးမှုလုပ်ငန်း (သို့မဟုတ်) စီးပွားရေး စီမံကိန်းလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက် လိုလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်။
ပုဒ်မ ၃၇	နိုင်ငံတော်သည် - (က) နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့်လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ (ခ) နိုင်ငံပိုင်သယံဇာတ ပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲ ကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်။ (ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့် တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ (၁၉၉၄)နှင့် ဆက်စပ်သော နည်းဥပဒေများ - တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးဆိုင်ရာ နည်းဥပဒေများနှင့် ထိန်းသိမ်းကာကွယ်ရေး ဧရိယာ ထိန်းသိမ်းရေး ဥပဒေ (၂၀၀၃) နှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝဧရိယာ ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၂)	
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၈)ရက်နေ့တွင် တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာ**နိ်း**လိုက်သည်။	
ပုဒ်မ ၃	ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် - (က) အစိုးရက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာမူဝါဒကို အကောင်ထည် ဖော်ရန်။ (ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်ထည်ဖော်ရန်။ (ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် ရာသီအလိုက်ဒေသ ပြောင်းရွှေ့ကျက်စားလေ့ရှိသော ၄ိုက်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်။ (ဃ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်း ဒေသများကို ကာကွယ်ထိန်းသိမ်းရန်။ (င) သဘာဝသိပ္ပံဆိုင်ရာ သုတေသန လုပ်ငန်းများကို အထောက်ကူဖြစ်စေရန်။ (စ) တိရစ္ဆာန်ဥယျာဉ်များတည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။
ပုဒ်မ ၁၅	(က) မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို အောက်ပါ အမျိုးအစားအတိုင်း ကြေငြာရမည် - (၁) လုံးဝကာကွယ်ထားရသည့် တောရိုင်းတိရစ္ဆာန်များ။ (၂) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။ (၃) ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။ (ခ) မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် သဘာဝအပင်အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေငြာရမည်။ (ဂ) ကာကွယ်ထားသည့် တောရိုင်းတိစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရမည့် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။ (ဃ) ကာကွယ်ရန်သတ်မှတ်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များမှာ အခြားအစိုးရဌာန (သို့မဟုတ်) အစိုးရအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေပါက သက်ဆိုင်ရာဌာန (သို့မဟုတ်) အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

ပုဒ်မ ၃၁	စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် - (က) သစ်တောအရာရှိသည် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထား သည့်ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း၊ (သို့) စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုလုပ်သူအား ဒဏ်ကြေးငွေ ကျပ် (၁၀၀၀၀)အထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။
ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈)	
ပုဒ်မ ၃	ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် - (က) နိုင်ငံတော်၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာနှင့် မူဝါဒကို အကောင်ထည်ဖော်ရန်။ (ခ) နိုင်ငံတော်၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်ထည်ဖော်ရန်။ (ဂ) တောရိုင်း တိရစ္ဆာန်များနှင့် သဘာဝအပင်များ၊ ဂေဟစနစ်များနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသော တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံ သဘောတူထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်။ (ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့မှ တစ်ဆင့် ထုတ်လုပ်သောထုတ်ကုန်များ၊ ဆင့်ပွားထုတ်လုပ်သော ပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်း အား ထိန်းချုပ်ရန်။ (င) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေများ၊ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်း တိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏နေရင်းဒေသကို ကာကွယ်ထိန်းသိမ်းရန်။ (စ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အသိပညာပေး လုပ်ငန်းများကို အထောက် အကူဖြစ်စေရန်။ (ဆ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များကို ကာကွယ်ရန်။
ပုဒ်မ ၁၉	သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် - (က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့်တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အောက်ပါအတိုင်း သတ်မှတ်ကြေညာရမည် - (၁) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။ (၂) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။ (၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။
ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၁၉၉၈)	

ပုဒ်မ ၃	ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် - (က) ရေးနှစ်ပေါင်းများစွာက သိရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်စွာ တည်တံ့စေရန် အတွက် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည် ဖော်ရန်။ (ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ယဉ်ကျေးမှုအမွေအနှစ် ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ယိုယွင်းပျက်စီးခြင်း မရှိစေရေး အတွက် ကာကွယ်ထိန်းသိမ်းရန်။ (ဂ) ယဉ်ကျေးမှု အမွေအနှစ် ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်။ (ဃ) အများပြည်သူတို့၏ အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှု အမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်း ရေး၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်စေရန်။ (င) ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာကွယ်ပေးရန်။ (စ) ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံ သဘောတူသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်။
ပုဒ်မ ၄	ယဉ်ကျေးမှုဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ အဖြစ် အောက်ပါဧန် အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေသော နယ်နိမိတ်ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် - (က) ရေးဟောင်းအထိမ်းအမှတ် တည်ရှိရာဧုန်။ (ခ) ရေးဟောင်းနေရာ တည်ရှိရာဧုန်။ (ဂ) ကာကွယ်ထိန်းသိမ်းထားသောဧုန်။
ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၆)	
ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် - (က) ရှေးဟောင်းဝတ္ထုပစ္စည်းများ အဓွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို အကောင်အထည်ဖော် ခြင်း။ (ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်။ (ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ခိုင်မာစေရန်။ (ဃ) အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည်ခံယူနိုင်ကြစေရန်။ (င) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကလက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်။	

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)	
ပုဒ်မ ၃	ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် - (က) ရှေးဟောင်းအဆောက်အအုံများ အခွန်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ခြင်း၊ (ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ရှေးဟောင်းအဆောက်အအုံ များ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊ (ဂ) ရှေးဟောင်း အဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မား စေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရင်သန်ခိုင်မာစေရန်၊ (ဃ) အများပြည်သူတို့က ရှေးဟောင်းအဆောက်အအုံများ၏ တန်ဖိုးမြင့်မားမှုကို နားလည်ခံယူနိုင်ကြစေ ရန်၊ (c) ရှေးဟောင်းအဆောက်အအုံများ ဖျက်ဆီးမှုမခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊ (စ) ရှေးဟောင်းအဆောက်အအုံများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန်၊ (ဆ) ရှေးဟောင်း အအောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကလက်ခံ သဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊
ပုဒ်မ ၁၅	ရှေးဟောင်းအဆောက်အအုံများ၏ သတ်မှတ်ထားသော ဧရိယာအတွင်း၌ အောက်ပါပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည် - (c) ရေတွင်း၊ ရေကန်၊ တူးမြောင်း၊ မွေးမြူရေးကန်များ တူးဖော်ခြင်း (သို့) တိုးချဲ့ခြင်း၊ (စ) မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်ခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ လျှို၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များဖြိုဖျက်ခြင်း။
အမျိုးသားရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၂၀၁၉)	

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတဆိုင်ရာ ရေရှည်စီမံခန့်ခွဲမှုတွင် ပတ်ဝန်းကျင်ရှုထောင့်မှ ဧရိယာ (၁၁)ခု ပါဝင်ပါသည်။ ၎င်းမှ သတ္တုတွင်း လုပ်ငန်းနှင့် ပတ်သက်သည်များကို အောက်တွင်ဖော်ပြထားပါသည် - • ရေရှည်တည်တံ့စေသော သစ်တောသယံဇာတများ စီမံခန့်ခွဲမှု၊ • ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ • ရေရှည်တည်တံ့စေသော ရေချိုအရင်းအမြစ်များ စီမံခန့်ခွဲမှု၊ • ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စီမံခန့်ခွဲမှုနှင့် မြှင့်တင်မှု၊ • ရေရှည်တည်တံ့စေသော မြေသယံဇာတများ စီမံခန့်ခွဲမှု၊ • တွင်းထွက်သယံဇာတများ အသုံးပြုရေးအတွက် ရေရှည်တည်တံ့စေသော စီမံခန့်ခွဲမှု၊ • ရေရှည်တည်တံ့စေသော စွမ်းအင်ထုတ်ယူသုံးစွဲမှု နှင့် • ရေရှည်တည်တံ့စေသော လုပ်ငန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး။	
သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၃)	
ပုဒ်မ ၂	(ခ) **သဘာဝဘေးအန္တရာယ်** ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ မတော် တဆမှု (သို့မဟုတ်) ပေါ့ဆမှုကြောင့်ဖြစ်စေ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေ လွှမ်းမိုးခြင်း၊မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊အပူလှိုင်း(သို့မဟုတ်)အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ် ရေကြောင်းအန္တရာယ် ဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ အပင် ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးမှုဖြစ်ခြင်း၊ လူ(သို့)တိရစ္ဆာန်များတွင်ကူးစက်ရောဂါဖြစ်ပွားခြင်းကြောင့်လည်းကောင်း၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်း ကျန်းမှုဖြစ်ပွားခြင်းကြောင့်လည်းကောင်း၊ စက်မှုလုပ်ငန်းကြောင့်ဖြစ်စေ၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်းကြောင့်ဖြစ်စေ၊ဓာတ်ငွေ့များယိုစမ့်ခြင်းကြောင့်ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့် လည်းကောင်းအများပြည်သူ၏အသက်အိုးအိမ်ပစ္စည်း၊အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခြေခံအ ဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး (သို့) သဘာဝဝန်းကျင်ကို ထိခိုက်ပျက်စီးမှု များကိုဆိုလိုသည်။ ယင်းစကားရပ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီက သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ် တစ်ခုခုလည်းပါဝင်သည်။ (ဂ) **သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ် နိုင်သည့်ဆုံးရှုံးမှုများ လျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အပါအဝင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းများ၊

	သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက်ပိုင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းရပ်များတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအမံများ ထည့်သွင်း ဆောင်ရွက်သည့် လုပ်ငန်းများကိုလည်းကောင်း ဆိုလိုသည်။
ပုဒ်မ ၃	ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် - (က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်အောင်မြင်စွာ အကောင်ထည်ဖော်ဆောင်ရွက်ရန်၊ (ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျှင်မြန်စွာ အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊ (ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်း များနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသအတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊ (ဃ) ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ပတ်ဝန်းကျင်ကိုပြန်လည်ထိန်းသိမ်းကာကွယ်ရန်၊ (င) ဘေးသင့်ပြည်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာ ရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ် ဆောင်ရွက်ပေးနိုင်ရန်။
လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)	

ပုဒ်မ ၃	ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် - (က) လုပ်ငန်းကဏ္ဍအသီးသီး၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ် များကို ထိရောက်စွာ အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန်၊ (ခ) လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါခံစားရမှုများ လျော့နည်းပပျောက်စေရန်အလုပ်ရှင်နှင့်အလုပ်သမားအပါအဝင်ဤဥပဒေပါသက်ဆိုင်သူများ၏လုပ်ငန်းတာဝန်များကိုသတ်မှတ်ပေးရန်၊ (ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများအပေါ်အလုပ်ရှင်၊ အလုပ်သမား များနှင့် ဤဥပဒေပါ သက်ဆိုင်သူများက ကြိုတင်တားဆီးကာကွယ်မှု ပြုနိုင်ရန်၊ (ဃ) လုပ်ငန်းခွင်ထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာစွာလုပ်ကိုင်နိုင်စေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်လာစေရန်၊ (င)လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာစံချိန်စံညွှန်းများအားနိုင်ငံတကာနှင့် ဒေသဆိုင်ရာ စံနှုန်းများနှင့်အညီ မိမိနိုင်ငံအခြေအနေနှင့် သင့်လျော်သော စံချိန်စံညွှန်းများ သတ်မှတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်ဖန်တီးပေးရန်၊ (စ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အတွက် သုတေသနလုပ်ငန်းများကို ထောက်ပံ့ကူညီပေးရန်။

အမျိုးသားပတ်ဝန်းကျင်မူဝါဒ (၁၉၉၄)

ဤမူဝါဒအရ NCEA သည် အဓိကပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းဖြစ်ခဲ့ပါသည်။ MONREC မတည်ထောင်မီ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မတူညီသော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ တာဝန်ယူခဲ့ကြပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ပတ်ဝန်းကျင်မူဝါဒဆိုင်ရာ အစိုးရကို အကြံပေးရန်၊ ပတ်ဝန်းကျင်အရေးအရာများအတွက် ညှိနှိုင်းရေးအဖွဲ့အဖြစ် ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်အရ ကောင်းမွန်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်နိုင်ရန် NCEA ကို တည်ထောင်ခဲ့ပါသည်။ NCEA ၏ အဓိက မစ်ရှင်မှာ ပတ်ဝန်းကျင်သယံဇာတများကို ရေရှည်တည်တံ့အောင် အသေအချာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းနှင့် အခြားစီးပွားရေးဆောင်ရွက်မှု များ၊ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များတွင် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမွန်သော အလေ့အကျင့်များ ပျိုးထောင်မြှင့် တင်ပေးရန် ဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ (၁၉၇၂)

ရည်ရွယ်ချက် - ကျန်းမာရေးဌာန၏ ခွင့်ပြုချက်ရထားသော လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်လျက် အလုပ်သမား များသာမက ရပ်သူရွာသားများအပါအဝင် ပြည်သူ့ကျန်းမာရေးအတွက် အသေအချာဆောင်ရွက်ရန်ဖြစ်ပါသည်။ အစားအစာများ၊ ဆေးဝါးများ၊ ပတ်ဝန်းကျင် မိလ္လာစနစ်များ၊ ကူးစက်ရောဂါများနှင့် ပုဂ္ဂလိကပိုင်ဆေးပေးခန်းများ၏ အရည်အသွေးနှင့် သန့်ရှင်းရေးကို ထိန်းချုပ်လျက် လူများ၏ ကျန်းမာရေးဆိုင်ရာ ကာကွယ်ရေးနှင့် ဆက်စပ်ပါသည်။ ဖော်ပြပါ ဥပဒေပါ ပုဒ်မ ၃ နှင့် ၅ နှင့်ကိုက်ညီရန် စီမံကိန်းပိုင်ဆိုင်သူသည် ခွင့်ပြုချက်ရထားသော လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းနှင့် ညှိနှိုင်းသွားရန်ရှိပါသည်။

ပုဒ်မ ၃	စီမံကိန်းပိုင်ဆိုင်သူသည် ပြည်သူ့ကျန်းမာရေးအတွက် မည်သည့်ညွှန်ကြားချက် (သို့) သတ်မှတ်ချက်များ ကိုမဆို လိုက်နာသွားရမည်ဖြစ်ပါသည်။
ပုဒ်မ ၅	စီမံကိန်းပိုင်ဆိုင်သူသည် လိုအပ်လျှင် မည်သည့်စစ်ဆေးခြင်းကိုမဆို၊ မည့်သည့်အချိန်၊ မည်သည့်နေရာ တွင်မဆို လက်ခံသွားရမည်ဖြစ်ပါသည်။
ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)	
ရည်ရွယ်ချက်	(က) စီမံကိန်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများ၊ စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များကို သိရှိနိုင်ရန်၊ (ခ) စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်ချေရှိသော သက်ရောက်မှုများနှင့် ထိခိုက်မှုများသည် လက်ခံနိုင် သောစံချိန်စံညွှန်းများနှင့် သတ်မှတ်ချက်များအတွင်းရှိစေရန်၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းညှိပေး သော လက်တွေ့လုပ်ဆောင်မှုများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်၊ ညွှန်ကြားမှုများ ထောက်ပံ့ ပေးနိုင်ရန်၊ (ဂ) စီမံကိန်း၏ လုပ်ဆောင်ချက်များနှင့် စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်ချေရှိသော ထိခိုက်မှုများအား လျှော့ချနိုင်မည့် နည်းလမ်းများကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊ (ဃ) စီမံကိန်းဧရိယာရှိ ပတ်ဝန်းကျင်အား အကြိုတည်ဆောက်ရေးအဆင့်၊ တည်ဆောက်ရေးအဆင့်၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်အဆင့်နှင့် လုပ်ငန်းပိတ်သိမ်းသည့် အဆင့်များတွင် သဘာဝ ပတ်ဝန်းကျင်ရှိ ဇီဝမျိုးစုံနှင့်မျိုးကွဲများ ထိခိုက်ခြင်း၊ သစ်ပင်နှင့်သစ်တောများအပေါ် အကျိုး သက်ရောက်နိုင်မှု၊ သဘာဝရေအရင်းအမြစ်နှင့် ရေထွက်သယံဇာတများ ထိခိုက်မှု၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး လေ့လာခြင်းအားဖြင့် စီမံကိန်းနှင့်ပတ်သက်သော မူဝါဒ ဥပဒေနှင့် မူဘောင်များ၊ ဖွဲ့စည်းမှုများနှင့်အညီ ပြန်လည်သုံးသပ်ခြင်း၊ သက်ရောက်မှုများအပေါ် ပြန်လည် ကုစားခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး မူလပတ်ဝန်းကျင် အနေအထားမျိုး ပြန်လည်ရရှိစေရေး စီမံဆောင်ရွက်သွားရန်။
စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၄)	
စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်- • မြန်မာနိုင်ငံ စံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်။ • ကုန်ထုတ်လုပ်မှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ယင်းတို့၏ ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို မြင့်မားစေပြီး ပြည်ပပို့ကုန် မြှင့်တင်ရေး အထောက်အကူပြုနိုင်ရန်။ • သွင်းကုန်များနှင့် ထုတ်ကုန်များသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းအောက် မနိမ့်ကျကြောင်းနှင့် လုံခြုံမှုရှိပြီး ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံခြင်းဖြင့် စားသုံးသူများနှင့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန်။ • ထုတ်ကုန်များနှင့်လည်းကောင်း၊ ထုတ်လုပ်မှုနည်းစဉ်များနှင့်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်လည်းကောင်း၊ ဆက်စပ်နေသော ပတ်ဝန်းကျင်ကို	

အန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အထောက်အကူပြုနိုင်ရန်။ • သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် မကိုက်ညီသည့် အရည်အသွေးပြည့်မီခြင်းမရှိသော ကုန်ပစ္စည်းများ၊ ဘေးဥပဒ်မကင်းသော ကုန်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်သော ကုန်ပစ္စည်းများ၊ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် နိုင်ငံအတွင်းသို့ တင်သွင်းခြင်းမှ ကာကွယ်နိုင်ရန်။ • အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှု ဥပဒေများ ထူထောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအတားအဆီးများကို လျှော့ချနိုင်ရန်။ • မြန်မာ့အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နှင့်အညီ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် စံချိန်စံညွှန်းများကို အသုံးချ၍ တိုင်းပြည်၏ နည်းပညာလွှဲပြောင်းပေးမှုနှင့် နည်းပညာတီထွင်မှုတို့ကို လွယ်ကူချောမွေ့စေရန်။
သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (၁၉၉၄)
• အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများကို အထောက်အကူဖြစ်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။ • ပြည်တွင်း သယံဇာတပစ္စည်းများကို ပိုမိုထုတ်ယူသုံးစွဲနိုင်ရေး၊ ခေတ်မီသိပ္ပံနှင့် နည်းပညာကို အခြေခံသည့် စက်မှုကုန်ထုတ် လုပ်ငန်းများ တိုးချဲ့တည်ထောင်နိုင်ရေးတို့အတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။ • ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေး မြင့်မားရေးတို့အတွက် နည်းပညာလွှဲပြောင်းရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။ • သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် လိုအပ်သော ပညာရှင်များ မွေးထုတ်ရေးနှင့်ယင်းတို့၏ အရည်အချင်းတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်။
အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ

ရည်ရွယ်ချက်	ဤအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များသည် လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မရှိစေရန်။

၃.၃ မြန်မာနိုင်ငံတော် အစိုးရ၏ တည်ဆဲဥပဒေများဆိုင်ရာ မူဘောင်

ယာဉ်ရပ်နားစခန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုဇုန် တည်ထောင်အသုံးပြုခြင်း စီမံကိန်း ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေနှင့် တည်ဆဲ ဥပဒေများကို လိုက်နာဆောင်ရွက်သွားပါမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)၊

(ဃ) သစ်တောဥပဒေ (၁၉၉၂)/(၂၀၁၈)/ နည်းဥပဒေ (၁၉၉၅)၊

(င) မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေ (၂၀၁၈)၊

(စ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ (၂၀၁၃)၊

(ဆ) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့် နည်းဥပဒေများ (၂၀၁၂)၊

(ဇ) မြေအောက်ရေ အက်ဥပဒေ (၁၉၃၀)၊

(စျ) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ (၂၀၁၉)၊

(ည) ဇီဝမျိုးစုံ၊ မျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ (၂၀၁၈)၊

(ဋ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ(၁၉၉၄)၊

(ဌ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းရေး နည်းဥပဒေ (၂၀၀၂)၊

(ဍ) အခကြေးငွေပေးချေရေး ဥပဒေ (၂၀၁၆)၊

(ဎ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)၊

(ဏ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)၊

(တ) ပြည်သူ့ကျန်းမာရေး ဥပဒေ (၁၉၇၂)၊

(ထ) အလုပ်သမားလျော်ကြေးငွေ အက်ဥပဒေ (၁၉၅၁)၊

(ဒ) မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)၊

(ဓ) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၄)၊

(နဝ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)၊

(ပ) အလုပ်သမားအဖွဲ့အစည်း ဥပဒေ (၂၀၁၁)၊

(ဖ) လူမှုဖူလုံရေး အက်ဥပဒေ (၁၉၅၄)/ ဥပဒေ (၂၀၁၂)၊

(ဗ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂)/ နည်းဥပဒေ (၂၀၁၃)၊

(ဘ) အနည်းဆုံးအခကြေးငွေ ဥပဒေ/ နည်းဥပဒေ (၂၀၁၃)၊

(မ) လယ်ယာမြေ ဥပဒေ/ နည်းဥပဒေ (၂၀၁၂)၊

(ယ) ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ (၁၉၅၁)/ နည်းဥပဒေများ (၂၀၁၈) ၊

(ရ) ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ (၂၀၂၀)၊

(လ) မော်တော်ယာဉ်ဥပဒေ (၂၀၁၅)၊

(၀) မော်တော်ယာဉ်နည်းဥပဒေများ (၁၉၈၉)၊

(သ) လျှပ်စစ်ဥပဒေ(၂၀၁၄)၊

(ဟ) မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၈)၊

(ဌ) မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ။

၃.၄ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးထုတ်လွှတ်မှုလမ်းညွှန်ချက်များ

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ(NEQEG) (၂၉.၁၂.၂၀၁၅) အမိန့်ကြော်ငြာစာအမှတ်(ဖ၁၅/၂၀၁၅) **အပိုဒ်၁.၂** ပါလုပ်ငန်းကဏ္ဍအလိုက်လမ်းညွှန်ချက်များတွင် ဖော်ပြထားခြင်းမရှိသော လုပ်ငန်းစီမံကိန်း အမျိုးအစားများအတွက် အထွေထွေလမ်းညွှန်တန်ဖိုး လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

၃.၄.၁ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Wastewater, Effluent, Sanitary Discharges and Storm Water Run-off (General Application)

Parameter	Unit	Guideline Value	Reference
5-day Biochemical oxygen demand	mg/l	50	EQEG (2015, December)
Ammonia	mg/l	10	EQEG (2015, December)
Arsenic	mg/l	0.1	EQEG (2015, December)
Cadmium	mg/l	0.05	EQEG (2015, December)
Chemical Oxygen Demand	mg/l	150	EQEG (2015, December)
Chlorine (total residual)	mg/l	0.2	EQEG (2015, December)
Chromium (hexavalent)	mg/l	0.1	EQEG (2015, December)
Chromium (total)	mg/l	0.5	EQEG (2015, December)
Copper	mg/l	0.3	EQEG (2015, December)
Cyanide (free)	mg/l	0.1	EQEG (2015, December)
Cyanide (total)	mg/l	1	EQEG (2015, December)
Fluoride	mg/l	20	EQEG (2015, December)
Heavy metals (total)	mg/l	10	EQEG (2015, December)
Iron (total)	mg/l	2	EQEG (2015, December)
Lead	mg/l	0.2	EQEG (2015, December)
Mercury	mg/l	0.002	EQEG (2015, December)

Nickel	mg/l	0.5	EQEG (2015, December)
Oil and grease	mg/l	10	EQEG (2015, December)
pH	S.U.[a]	6-9	EQEG (2015, December)
Phenols	mg/l	0.5	EQEG (2015, December)
Selenium	mg/l	0.1	EQEG (2015, December)
Silver	mg/l	0.5	EQEG (2015, December)
Sulfide	mg/l	1	EQEG (2015, December)
Temperature increase	° C	<3[b]	EQEG (2015, December)
Total coliform bacteria	100ml	400	EQEG (2015, December)
Total phosphorus	mg/l	2	EQEG (2015, December)
Total Suspended Solids	mg/l	50	EQEG (2015, December)
Zinc	mg/l	0.5	EQEG (2015, December)

Source : ECD Department.

[a] Standard unit

[b] At the edge of a scientifically established mixing zone which takes into account ambient water quality, receiving water use, potential receptors and assimilative capacity; when the zone is not defined, use 100 meters from the point of discharge.

၃.၄.၂ လုပ်ငန်းနေရာမှ စီးဆင်းရေနှင့် စွန့်ပစ်ရေ စွန့်ထုတ်မှု ဇယား (၃.၄-၁) Site Run - off and Wastewater Discharges (Construction Phase)

Parameter	Unit	Maximum Concentration	Reference
စိန် (Arsenic)	mg/l	0.1	EQEG (2015, December)
Cadmium	mg/l	0.05	EQEG (2015, December)
Chemical oxygen demand	mg/l	150	EQEG (2015, December)
ခရိုမီယမ် (Hexavalent)		0.1	EQEG (2015, December)
ကြေးနီ (Copper)	mg/l	0.3	EQEG (2015, December)
ဆိုင်ယာနိုက် (Cyanide)	mg/l	1	EQEG (2015, December)
ဆိုင်ယာနိုက် (Free)	mg/l	0.1	EQEG (2015, December)
ဆိုင်ယာနိုက် (Weak acid dissociable)	mg/l	0.5	EQEG (2015, December)
သံ (total)	mg/l	2	EQEG (2015, December)

ခဲ (Lead)	mg/l	0.2	EQEG (2015, December)
ပြဒါး (Mercury)	mg/l	0.002	EQEG (2015, December)
နီကယ် (Nickel)	mg/l	0.5	EQEG (2015, December)
ချဉ်ငန်ဓာတ် (pH)	S.U. [a]	6-9	EQEG (2015, December)
အပူချိန် (Temperature)	^{0}C	‹3 degree	EQEG (2015, December)
Total suspended solids	mg/l	50	EQEG (2015, December)
သွပ် (Zinc)	mg/l	0.5	EQEG (2015, December)

*Source : ECD Department.

[a] Standard unit

၃.၄.၃ သန့်စင်ခန်းအသုံးပြုရန် လိုအပ်ချက်စံနှုန်း

ဇယား (၃.၄-၂) Toilet Facilities for Workers

Number of workers or residences of each gender	Minimum number or water closet	Minimum number of sinks
1-15	1	1
16-35	2	2
36-55	3	3
56-80	4	4
81-110	5	5
111-150	6	6
>150	**	**

*Sources: HSE guidelines, 2007.

၃.၄.၄ သောက်သုံးရေအဆင့် သတ်မှတ်ချက်များ

ဇယား (၃.၄-၃) Selected Drinking Water Quality Guidelines

WHO categories	Parameter	Units	WHO .1993
Bacteriological quality	Total coliforms Total coliforms	Counts/100ml Number of samples / months	0
Inorganic Chemicals	Arsenic	mg/l	0.01 (p)
	Barium	mg/l	0.7

(of health significance)	Boron	mg/l	0.5(p)
	Cadmium	mg/l	0.003
	Chromium	mg/l	0.05(p)
	Copper	mg/l	2(p)
	Cyanide	mg/l	0.07
	Fluoride	mg/l	1.5
	Lead	mg/l	0.01
	Nickel	mg/l	0.02
	Nitrate - NO_3	mg/l	50
	Nitrite - NO_2	mg/l	3
	Manganese	mg/l	0.5(p)
	Mercury	mg/l	0.001
	Selenium	mg/l	0.01
Pesticides	Dieldrin	µg/l	0.03
	Atrazine	µg/l	2
	DDT	µg/l	2
	Gamma-HCH (Lindane)	µg/l	2
	Permethrin	µg/l	20
	Pesticides total	µg/l	
Disinfectants and disinfectant by-products	Chlorine	mg/l	5
Radioactive constituents	Gross Alpha activity	Bq/liter	0.1

	Gross Beta activity	Bq/liter	1
	Turbidity	NTU	5 (a)
	Aluminum	mg/l	0.2 (a)
	Ammonia - N	mg/l	1.5(a)
	Chloride	mg/l	250(a)
	Copper	mg/l	1
	Hydrogen sulfide - H_2S	mg/l	0.05 (a)
	Iron	mg/l	0.3 (a)
	Manganese	mg/l	0.1
	Dissolved Oxygen	mg/l	
	pH		< 8 (a)
	Sodium	mg/l	200 (a)
	Sulfate	mg/l	250 (a)
	Sulfides	mg/l	
	Total dissolved solids	mg/l	1000
	Electrical conductivity	µS/cm	
	Zinc	mg/l	3 (a)
	Residual chlorine	mg/l	0.6-1
Sources: WHO, 1993. Guidelines for Drinking Water Quality.2nd edition. (p)Provisional guideline value:(a) aesthetic guideline.			

၃.၄.၅ ပတ်ဝန်းကျင် လေထုအရည်အသွေး (Ambient Air Quality Standards)

စီမံကိန်း၏အခြေခံအဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊လုပ်ငန်းလည်ပတ်ဆောင်ရွက်ချိန်တွင် ယာဉ်များသွားလာခြင်းမှ ဖုန်မှုန့်များ၊အခိုးအငွေ့များ ပျံ့လွင့်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှု မရှိစေရေးအတွက် အောက်ပါပတ်ဝန်းကျင် လေထုအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

ဇယား (၃.၄-၄) လေထုအရည်အသွေး စံနှုန်းသတ်မှတ်ချက်

Parameter (avg. 8hrs)	CO (ppb)	NO2 (ppb)	NO (ppb)	PM10 (µg/m3)	PM2.5 (µg/m3)	SO2 (ppb)
Guideline Value	9(ppm)	100	100	35	150	75

Parameter	Averaging Period	Guideline Value µg/m3	Reference
Nitrogen dioxide	1- year 1- hour	40 200	EQEG (2015, December)
Particulate Matter PM10	1- year 24- hour	20 50	EQEG (2015, December)
Particulate Matter PM2.5	1- year 24- hour	10 25	EQEG (2015, December)
Sulphur dioxide	24- year 10- min	20 500	EQEG (2015, December)
Ozone	8- hour daily maximum	100	EQEG (2015, December)

*Source: ECD Department.

[a] Particulate matter 10 micrometres or less in diameter.

[b] Particulate matter 2.5 micrometres or less in diameter.

၃.၄.၆ ဆူညံသံ (Noise)

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ နောက်ဆက်တွဲ (က) ထုတ်လွှတ်မှု လမ်းညွှန်ချက်များ၊ အခန်း (၁) လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များ၊ **အပိုဒ် (၁.၃)** ဆူညံသံ (Noise)အား အသုံးပြု၍ စီမံကိန်းဧရိယာပတ်ဝန်း ကျင်အား ထိခိုက်မှုမရှိစေရေးအတွက် အသုံးပြုမည့် ဆူညံသံစံနှုန်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ဇယား (၃.၄-၅) ဆူညံသံ စံနှုန်းသတ်မှတ်ချက်

Receptor	One Hour Laeq (dBA)a		Reference
	Daytime 07:00 -22:00 (10:00 - 22:00 for Public holidays)	Nighttime 07:00 - 22:00 (10:00 - 22:00 for Public holidays)	
Residential Institutional Educational	55	45	EQEG (2015, December)
Industrial Commercial	70	70	EQEG (2015, December)

Source: ECD Department.

[a] Equivalent continuous sound level in decibels.

၃.၄.၇ လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်မည့်အချက်များ

အထက်ဖော်ပြပါ စံချိန်စံညွှန်းများအပြင် ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်သာချောင်ချိရေးကိစ္စများ ဆောင်ရွက်ပေးခြင်းစသည့် အချက်များကို စီမံဆောင်ရွက်မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင် ကျေးရွာများအတွက်လည်း ဘာသာရေးဆိုင်ရာ ဘုန်းကြီးကျောင်းများ၊ စေတီများ၊ ရွာလယ်လမ်းမများ၊ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ ကျေးရွာ ချင်းဆက် လမ်းတံတားများနှင့် ရပ်ရွာလူထု၏ တောင်းဆိုချက်များအပေါ် တာရိန်းကုမ္ပဏီလီမိတက်အနေဖြင့် အတတ်နိုင်ဆုံးပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃.၄.၈ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)

စီမံကိန်းလုပ်ငန်း မဆောင်ရွက်မီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာ ရေးသားနိုင်ရန် အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၉.၁၂.၂၀၁၅) အမိန့်ကြော်ငြာစာအမှတ် (၆၁၆/ ၂၀၁၅)၏ အခန်း(၄)၊ အခန်း(၅)နှင့် နောက်ဆက်တွဲ (က)၊ (ခ) တို့အား အသေးစိတ်လေ့လာ၍ ရေးသားခဲ့ပါသည်။

၃.၄.၈.၁ ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများ

ကျန်းမာရေးအပေါ် ထိခိုက်စေနိုင်သည့် အခြေခံအဆောက်အဦ စီမံကိန်းလုပ်ငန်းများ အတွက် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများ မြန်မာနိုင်ငံတွင် ယခုချိန်အထိ ရေးဆွဲပြဋ္ဌာန်း သတ်မှတ်ထားခြင်း မတွေ့ရသေးပါ။ သို့အတွက် လက်ရှိမြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေး ဥပဒေ (၁၉၇၂)၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (၂၀၁၉)တို့အား လေ့လာစိစစ်ပြီး လုပ်ငန်းနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။

၃.၅ နိုင်ငံတကာမူဝါဒများ၊လမ်းညွှန်ချက်များ၊စံနှုန်းများ

၃.၅.၁ အနီးပတ်ဝန်းကျင် လေထုဆိုင်ရာ စံချိန်စံနှုန်းများ

- Air Quality Guidelines. 2000. World Health Organization.
- Report on Carcinogens. 2011. U.S Department of Health and Human Services.
- U.S Department of Labour, Sulphuric Acid: Exposure Limits and Health Effects.

၃.၅.၂ အနီးပတ်ဝန်းကျင် ရေ၊ မြေဆီလွှာ၊ ဆူညံမှုနှင့် အနံ့ဆိုင်ရာ စံချိန် စံညွှန်းများ

- Australian and New Zealand guidelines for fresh and marine water quality.2000. Australian and New Zealand Environment Conservation Council.
- Water Quality Guidelines for the Protection of Aquatic Life. 2016. Canadian Council of Ministers of the Environment.
- Noise Management, General EHS Guideline, 2007. International Finance Corporation.
- Guidelines for Community Noise, 1999. World Health Organization.
- The World Bank, Water Quality Assessment and Protection.
- IFC (International Finance Corporation) Environmental, Health and Safety Guidelines For Mining.
- Hazards in Emulsion Explosives Manufacture and Handling.

၃.၆ စီမံကိန်းနှင့်သက်ဆိုင်သည့်နိုင်ငံတကာကွန်ဗင်းရှင်းများနှင့်သဘောတူစာချုပ်များ

Myanmar has ratified several international conventions. Highlights of key conventions are provided below.

၃.၆.၁ The Kyoto Protocol on Climate Change (UNFCCC)

Myanmar achieved full accession to the UNFCCC in 2003. This obligates Myanmar to assure that future development in the country meets the conditions of the Convention. Relevant to this Project are the requirements associated with the potential generation of greenhouse gas from the operation of the coal-fired power plant; further conditions of relevance include:

- Enhancement of energy efficiency in relevant sectors;
- Protection and enhancement of sinks and reservoirs of greenhouse gases;
- Promotion of sustainable forest management practices, afforestation and reforestation;
- Promotion of sustainable forms of agriculture;
- Implementation of measures to limit and/ or reduce emissions of greenhouse gases; and
- Limitation and/ or reduction in methane emissions.

၃.၆.၂ The United Nations Convention on Biodiversity ၁၉၉၂

This Convention seeks to conserve biodiversity and promote its sustainable use. It requires the identification and monitoring of the biodiversity in an area and adopting the necessary conservation measure. Myanmar became party to this Convention in 1994.

၃.၆.၃ The Basel Convention ၁၉၈၉

This was developed under the auspices of the United Nations Environmental Programme (UNEP) in response to the growing worldwide awareness of the problem of international traffic in hazardous waste. The Basel Convention 1989 is the first and foremost global environmental treaty that strictly regulates the trans-boundary movement of hazardous wastes. It obligates parties to ensure environmentally sound management, especially during the disposal process.

The objectives of the Convention are to:

- Ensure that waste is disposed of as near as possible to the place or source of its generation;
- Reduce trans-boundary waste and where it cannot be avoided, to be disposed of in an environmentally sound and efficient manner; and
- Provide assistance to developing countries in the management of hazardous waste and the generation.

The Convention places a ban on the export of hazardous waste from Organization for Economic Cooperation and Development (OECD) countries to non-OECD countries.

၃.၆.၄ International Labour Organisation (ILO)

Myanmar ratified several ILO Fundamental and Technical conventions relevant to the Project. This includes:

- C1 Hours of Work (Industry), relative to the maximum working hours for the industrial sector (private and public) and the exceptions that can be applied to the maximum of 8 hours per day and 48 hours per week stated in this convention and under what conditions.
- C14 Weekly Rest (Industry), relative to the minimum of 24 consecutive hours of rest every period of seven days and the exceptions that can be applied and under what conditions.
- C17 Workmen's Compensation (Accidents), relative to compensation to be provided to workmen who suffer personal injury due to an industrial accident, or their dependants.
- C19 Equality of Treatment (Accident Compensation), relative to the equality of treatment for compensation between citizen of every country that has ratified this Convention.
- C26 Minimum Wage Fixing Machinery, relative to the creation or maintenance of machinery whereby minimum rates of wages can be fixed for workers employed in certain of the trades or parts of trades in which no arrangements exist for the effective regulation of wages by collective agreement or otherwise and wages are exceptionally low.
- C29 Forced Labour Convention, relative to the suppression in the shortest possible delay of every kind of forced or compulsory labour.
- C42 Workmen's Compensation (Occupational Diseases) Revised 1934, relatives to the payment of compensation to workmen, or their relatives in case of death, incapacitated by occupational diseases. The convention also includes a list of diseases and toxic substances and corresponding trades.
- C52 Holidays with Pay, relative to the minimum of 6 working days of paid holiday due to employee having work a minimum of one year of continuous service. The convention includes a list of exceptions that can be applied and under what conditions.

- C87 Freedom of Association and Protection of the Right to Organize, relative to the right of workers and employees to establish and join organisations of their own choosing without previous authorisation and the rights of these organisations.

၃.၆.၅ International Conventions Ratified by Myanmar

No.	Conventions	Year (Ratified/Acceded/Accepted)
	Environment	
1	Plant Protection Agreement for the Southeast Asia and Pacific Region, Rome 1956	1959 (Ratified)
2	MARPOL: International Convention for the Prevention of Pollution from Ships 1973 and MARPOL Protocol of 1978	1988 (Accession)
3	ICAO: ANNEX 16 to the Convention on International Civil Aviation Environmental Protection Vol. I and II, Aircraft Noise and Aircraft Engine Emission	Accession
4	Agreement on the Networks of Aquaculture Centers in Asia and the Pacific, Bangkok 1988	1990 (Accession)
5	Vienna Convention for the Protection of the Ozone Layer, Vienna 1985	1993 (Ratification)
6	Montreal Protocol on Substances that Deplete the Ozone Layer, Montreal 1987	1993 (Ratification)
7	London Amendment to the Montreal Protocol on Substances that Deplete the Ozone Layer, London 1990	1993 (Ratification)
8	United Nations Framework Convention on Climate Change (UNFCCC), New York 1992	1994 (Ratification)
9	Convention on Biological Diversity, Rio de Janeiro 1992	1994 (Ratification)
10	The Convention Concerning the Protection of the World Cultural and Natural Heritage, Paris 1972	1994 (Acceptance)

11	International Tropical Timber Agreement (ITTA), Geneva 1994	1996 (Ratification)
12	United Nations Convention to Combat Desertification in Those Countries Experiencing Serious Drought, Paris 1994	1997 (Accession)
13	Convention on International Trade in Endangered Species of Wild Fauna and Flora (CITES), Washington DC 1973; and as amended in Bonn, Germany 1979	1997 (Accession)
14	ASEAN Agreement on Conservation of Nature and Nature Resources, Kuala Lumpur, 1985	1997 (Signatory)
15	Kyoto Protocol to the Convention on Climate Change, Kyoto 1997	2003 (Accession)
16	ASEAN Agreement on Trans-boundary Haze Pollution	2003 (Ratification)
17	Stockholm Convention on Persistent Organic Pollutants (POPs), 2001	2004 (Accession)
18	Ramsar Convention on Wetlands of International Importance	2005 (Accession)
19	Establishment of ASEAN Regional Centre for Biodiversity	2005 (Signatory)
20	Declaration on ASEAN Heritage Parks	2003 (Signatory)
21	International Treaty on Plant Genetic Resources for Food and Agriculture, 2001	2004 (Ratification)
22	Cartagena Protocol on Biosafety, Cartagena, 2000	2001 (Signatory)
23	Agreement to Promote Compliance with International Conservation and Management Measures by Fishing Vessels on the High Seas, Rome, 1973	1994 (Acceptance)
24	United Nations Convention on the Law of the Sea, Montego Bay, 1982	1996 (Ratified)
25	Agreement Relating to the Implementation of Part XI of the United Nations Convention on the Law of the Sea of 10 December 1982, New York, 1994	1996 (Accession)

26	Convention on the Prohibition of the Development, Production, Stockpiling and Use of Chemical Weapons and their Destruction, Paris, 1993	1993 (Signatory)
27	Treaty on the Prohibition of the Emplacement of Nuclear Weapons and other Weapons of Mass Destruction on the Sea Bed and Ocean Floor and in the Subsoil there of, London, Moscow, Washington, 1971	1971 (Signatory)
	Social, Labour and Health	
28	Universal Declaration of Human Rights (UNDHR)	signed
29	Convention on the Rights of the Child	1991 (acceded)
30	Convention on Elimination of All Forms of Discrimination against Women (CEDAW)	1997 (acceded)
31	Relevant ILO Conventions in force in Myanmar:	Ratified:
	C1 Hours of Work (Industry)	1921
	C14 Weekly Rest (Industry)	1923
	C17 Workmen's Compensation (Accidents)	1956
	C19 Equality of Treatment (Accident Compensation)	1927
	C26 Minimum Wage Fixing Machinery	1954
	C29 Forced Labor Convention	1955
	C42 Workmen's Compensation (Occupational Diseases) Revised 1934	1957
	C52 Holidays with Pay	1954
	C87 Freedom of Association and Protection of the Right to Organize	1955

အခန်း(၄)

စီမံကိန်းအကြောင်းရှင်းလင်းဖော်ပြချက်နှင့်အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ

၄.၁ စီမံကိန်းအရွယ်အစား၊ စီမံကိန်းဇုန်များ၊ အဆောက်အဦများ

၄.၁.၁ စီမံကိန်း အရွယ်အစား

စီမံကိန်း သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် လေးသီကျေးရွာ အုပ်စု အတွင်းရှိ ခမိုးကျေးရွာ၊ ကွင်းအမှတ် (O.S.S.) ကြေးတိုင်ပြင်ကွင်း တွင် တည်ရှိပါသည်။ စုစုပေါင်း အကျယ်အဝန်းများ (၃၁.၅၃) ဧကဖြစ်ပြီး စီမံကိန်းတွင် ယာဉ်ရပ်နားစခန်း၊ ဟိုတယ်ဇုန်နှင့် ပန်းခြံ ပျိုးဥယျာဉ်တို့ ပါဝင်ပါသည်။ ယာဉ်ရပ်နားစခန်းဧရိယာတွင် ပြင်ပမှ လာရောက်သော ယာဉ်ကြီးယာဉ်ငယ်များ ရပ်နားကွင်း၊ ဧလုံတောင်တက် တောင်ဆင်း ယာဉ်နားကွင်း၊ စားသောက်ဆိုင်၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင် နှင့် သာမန် တည်းခိုဆောင်များပါဝင်ပါသည်။ ဟိုတယ်ဇုန် ဧရိယာတွင် စားသောက်ဆိုင်၊ အဆင့်မြင့်တည်းခိုဆောင်များနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပါသည်။ ပန်းခြံ ပျိုးဥယျာဉ် ဧရိယာတွင် အနားယူအပန်းဖြေနိုင်သော ပန်းခြံနှင့် မျက်စိပသာဒဖြစ်ဖွယ် ပျိုးဥယျာဉ်စိုက်ခင်းတို့ ပါဝင်မည် ဖြစ်ပါသည်။ စီမံကိန်း၏ အဓိက ရည်ရွယ်ချက်မှာ ဧလုံတောင်တော်သို့ ဘုရားဖူးလာရောက်သော အများပြည်သူများအတွက် လုံခြုံစိတ်ချစွာ နှင့် စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်စေရန် ဖြစ်ပါသည်။

၄.၁.၂ စီမံကိန်းဇုန်များ

စီမံကိန်းတည်ဆောက်ရေးအစီအမံများကို ရေးဆွဲရာတွင် သက်ဆိုင်ရာ လုပ်ငန်းနှင့် ဝန်ဆောင်မှုအပေါ် မူတည်၍ ဇုန် (၄) ဇုန် ခွဲခြားသတ်မှတ်ထားပါသည်။

၄.၁.၂.၁ စီမံကိန်း ဇုန် (A)

ဇုန် (A) တွင် Express ကားကြီးယာဉ်ရပ်နားရန် နေရာ ၊ အများပြည်သူ တည်းခိုဆောင်၊ အများပြည်သူ အသုံးပြုနိုင်သော သန့်စင်ခန်းနှင့် အိမ်သာများ၊ စက်သုံးဆီ အရောင်းဆိုင်၊ ကားဝပ်ရှော့နှင့် ဆားဗစ်စင်တာ စသည်တို့ ပါဝင်မည်ဖြစ်ပါသည်။ အသေးစိတ်ပါဝင်မည့် အဆောက်အဦစာရင်းကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဇုန်(A)သည် စုစုပေါင်း(၇.၉၁)ဧကကျယ်ဝန်းပြီး ဧလုံတောင်သို့ အလည်အပတ် လာရောက်သော ခရီးသွားပြည်သူများ၊ သံဃာတော်နှင့် သာသနာ့ဝန်ထမ်းများ၊ ယာဉ်မောင်းများ အဆင်ပြေစွာ အနားယူတည်းခိုနိုင်ရန်၊ ယာဉ်များ စက်သုံးဆီ ဖြည့်တင်းနိုင်ရန်၊ ပြုပြင်နိုင်ရန်နှင့် စနစ်တကျ ရပ်နားနိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ထားခြင်းဖြစ်ပါသည်-

ဇယား (၄.၁-၁) ဇုန်(A)တွင် တည်ဆောက်မည့်အဆောက်အဦစာရင်း

စဉ်	အဆောက်အဦ အမျိုးအစား	အရေအတွက်	မှတ်ချက်
၁။	Express ကားကြီး ရပ်နားရန် နေရာ	၁	ကားကြီးစီးရေ(၄၀)
၂။	ကိုယ်ပိုင်ကားလေး ရပ်နားရန် နေရာ	၁	ကားလေးစီးရေ(၂၀၀)
၃။	အယောက်(၄၀)ဆန့်(၂)ထပ်နားနေဆောင်(၃ဖေx၁၈ ပေ)	၂၄	

၄။	ဧည့်ကြို ရုံးခန်း(၄၀ပေx၃၀ပေ)	၁	
၅။	ခန်းမ (Pavilion)(၆၀ပေx၄၀ပေ)	၁	
၆။	သံဃာ နားနေဆောင်(၃၆ပေx၂၀ပေ)	၁	
၇။	ယာဉ်မောင်း နားနေဆောင်(၃၆ပေx၂၀ပေ)	၂	Expressယာဉ်မောင်းများ အသုံးပြုရန်
၈။	စခန်းတွဲအများသုံး အိမ်သာ(၃၇ပေx၃၃ပေ)စခန်းတွဲအများသုံးအိမ်သာ(၃၇ ပေ x ၃၃ပေ)	၃	
၉။	အများသုံး ရေချိုးခန်း(၄၀ပေx၁၆ပေ)အများသုံး ရေချိုးခန်း (၄၀ပေ x ၁၆ပေ)	၃	
၁၀။	ရိုးရာ ပြခန်း(၆၀ပေx၃၀ပေ)	၁	
၁၁။	စက်ဆုံးဆီအရောင်းဆိုင်(၁၀၀ပေx၃၀ပေ)	၁	
၁၂။	အိမ်သာ၊ စက်သုံးဆီ သိုလှောင်ကန်နှင့် မီးသတ်ကန်	၁	စက်သုံးဆီအရောင်းဆိုင်နှင့် တွဲလျက်
၁၃။	ကားဝပ်ရှော့၊ ဆားဗစ်စင်တာ၊ရေဆေးခုံ (၄၀ပေx၃၀ပေ)	၃	
၁၄။	လျှပ်စစ် ထရန်စဖော်မာ(200 KVA)	၁	200 KVA
၁၅။	ရေလှောင်ကန် (၂၀ပေx၃၀ပေx၁၅ပေ)	၁	
၁၆။	ရေသန့်စက်	၁	

၄.၁.၂.၂ စီမံကိန်း ဇုန် (B)

ဇုန် (B) တွင် ဧလုံတောင်တက် ကားဂိတ်၊ ဈေးဆိုင်တန်းများ၊ ညဈေးတန်း၊ ဆေးခန်းနှင့် ရဲစခန်းကဲ့သို့ အဆောက်အဦများ ပါဝင်မည်ဖြစ်ပြီး မြေဧရိယာ (၇.၆၇) ဧကပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပါသည်။ ဧလုံတောင်တော်ပေါ်သို့ တက်ရောက်မည့် ဘုရားဖူးပြည်သူများအနေဖြင့် တောင်တက်ကားဂိတ်မှတဆင့် သွားလာရမည်ဖြစ်ပြီး ဇုန် (B) တွင် ဒေသထွက်ပစ္စည်းများ၊ အစားအစာများနှင့် လက်ဆောင်များကို ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ရဲစခန်း၊ ဆေးခန်းနှင့် စခန်းရုံးတို့လည်း တည်ရှိပါသည်။ အသေးစိတ် အဆောက်အဦစာရင်းကို အောက်ပါဇယားတွင် ကြည့်ရှုနိုင်ပါသည်-

ဇယား (၄.၁-၂) ဇုန်(B)တွင် တည်ဆောက်မည့်အဆောက်အဦစာရင်း

စဉ်	အဆောက်အဦ အမျိုးအစား	အရေအတွက်	မှတ်ချက်
၁။	ဧလုံတောင်တက် ကားဂိတ်(Arrival) (၅၀ပေx၃၀ပေ)	၁	ကားကြီးစီးရေ(၂၀)
၂။	ဧလုံတောင်တက် ကားဂိတ်(Departure) (၉၉ပေx၂၇ပေ)	၁	ကားကြီးစီးရေ(၂၀)
၃။	ဆိုင်ကယ် ရပ်နားရန်နေရာ(၁၂၀ပေx၄၀ပေ)	၁	ဆိုင်ကယ်စီးရေ(၁၀၀)
၄။	ရဲကင်းစခန်း(၃၂ပေx၃၀ပေ)	၁	
၅။	ကျန်းမာရေးဆေးပေးခန်း(၂၄ပေx၁၈ပေ)	၁	
၆။	စခန်းရုံး(၄၈ပေx၃၂ပေ)	၁	

၇။	ပြန်ကြားရေးရုံးInformation Office(၂၄ပေx၂၄ပေ)	၁	
၈။	ခမိုးစခန်း မုခ်ဦး	၁	
၉။	ညစျေးတန်း(၉ပေx၉ပေ)	၂၀	
၁၀။	စားသောက်ဆိုင်(၈၀ပေx၆၀ပေ)	၂	
၁၁။	စားသောက်ဆိုင်(၇၂ပေx၂၇ပေ)	၈	
၁၂။	စျေးဆိုင်(၁၈ပေx၂၇ပေ)	၁၆	
၁၃။	(၈) ခန်းတွဲ အိမ်သာ(၃၃ပေx၃၇ပေ)	၁	တောင်တက်ကားဂိတ်နှင့်တွဲလျက်
၁၃။	(၁၀) ခန်းတွဲ အိမ်သာ	၂	စျေးဆိုင်များနှင့်တွဲလျက်
၁၄။	လျှပ်စစ် ထရန်စဖော်မာ(200KVA)	၁	200 KVA

၄.၁.၂.၃ စီမံကိန်း ဇုန် (C)

ဇုန် (C) ကို အဆင့်မြင့် ဟိုတယ်ဝန်ဆောင်ဝန်ဆောင်မှု ဧရိယာ အဖြစ်သတ်မှတ်ထားပြီး ဟိုတယ်နှင့် ဆက်စပ်အဆောက်အဦများ၊ စားသောက်ဆိုင်နှင့် ကားပါကင်တို့ ပါဝင်မည်ဖြစ်ပါသည်။ ဇုန် (C) ကို မြေဧရိယာ (၁၀.၂၃) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ အသေးစိတ် အဆောက်အဦ စာရင်းကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ဇယား (၄.၁-၃) ဇုန်(C)တွင်တည်ဆောက်မည့်အဆောက်အဦစာရင်း

စဉ်	အဆောက်အဦ အမျိုးအစား	အရေအတွက်	မှတ်ချက်
၁။	(၃၂)ခန်းပါ ဟိုတယ် အဆောက်အဦ(၁၄၀ပေx၃၈ပေ)	၂	
၂။	(၄၈)ခန်းပါ ဟိုတယ် အဆောက်အဦ(၂၁၆ပေx၅၀ပေ)	၂	
၃။	ကားရပ်နားရန် နေရာ	၁	ကားလေး(၅၀)စီး
၄။	ဟိုတယ် စားသောက်ခန်းမဆောင်(၇၀ပေx၄၀ပေ)	၁	
၅။	ဝန်ထမ်း အိမ်ရာ(၄၀ပေx၂၀ပေ)	၅	
၆။	ကန်တင်း(၆၀ပေx၃၀ပေ)	၁	
၈။	ဟိုတယ် လျှော်ဖွပ်သန့်စင်ဆောင်(၁၀၀ပေx၇၀ပေ)	၁	
၉။	ဟိုတယ် ပင်မသိုလှောင်ရုံ(၆၀ပေx၃၀ပေ)	၁	
၁၀။	မီးသတ်ကန်(၆၀ပေx၁၂ပေx၁၁.၉ပေ)	၁	
၁၁။	ဟိုတယ် ဧည့်ကြိုဆောင်နှင့် ရုံးခန်း(၆၀ပေx၄၄ပေ)	၁	

၄.၁.၂.၄ စီမံကိန်း ဇုန် (D)

ဇုန် (D) တွင် အများပြည်သူ အပန်းဖြေနိုင်သော ပန်းခြံ၊ ကစားကွင်း နှင့် ပျိုးဥယျာဉ်များ ပါဝင်ပါမည်။

၄.၁.၃ ယာယီအဆောက်အဦများတည်ဆောက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ ပင်ပုံကျေးရွာအုပ်စု၊ ဧလုံတောင်တော်စေတီနှင့် ဧလုံတောင်တို့သည် ထူးခြားသော ဝိသေသ လက္ခဏာများ ရှိခြင်း၊ သဘာဝပတ်ဝန်းကျင်အလှအပ

ရှုခင်းများနှင့် ပြည့်စုံခြင်းနှင့် ဧလုံတောင်စေတီ၏ တန်ခိုးကြီးသည်ဟူသော ထင်ရှားမှုတို့ကြောင့် ဤစီမံကိန်းမစတင်မီ အချိန်ကာလကတည်းက ဧလုံတောင် သို့လာရောက်ပြီး ဧလုံတောင်တော်ဘုရားသို့ လာရောက်ဖူးမျှော်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသွားများ ရှိနှင့်နေခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ထိုအချိန်များတွင် ဧလုံတောင် တော်ဘုရားသို့ လာရောက်လည်ပတ်ဖူးမျှော်ကြသော ခရီးသွားဧည့်သည်များ အတွက်အခြေခံအဆောက်အဦများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး တည်းခိုနေထိုင်စားသောက်ရေး၊ ယာဉ်များဘေးအန္တရာယ် ကင်းရှင်းစွာ ရပ်နားပြုပြင်နိုင်ရေး၊ ဆီဖြည့်နိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်သောဝန်ဆောင်မှုများ အဆင့်မီစွာမရှိသေးခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ဗန်းမောက်မြို့နယ် ၊ လေးသီကျေးရွာအုပ်စုအတွင်း ဟိုတယ်၊ တည်းခိုဆောင်၊ ယာဉ်ရပ်နားကွင်း၊ စျေးဆိုင်တန်းများနှင့် အခြားဝန်ဆောင်မှု ဧရိယာတစ်ခု အကောင်အထည်ဖော်ဖန်တီးရန် စီမံဆောင်ရွက်ခဲ့သောကြောင့်စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ကသာခရိုင်နှင့် ဗန်းမောက်မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် စီမံကိန်းကို တာဝန်ယူအကောင်အထည်ဖော်ဆောင်နိုင်သည့် တာရိန်းကုမ္ပဏီလီမိတက်တို့မှ **B.O.T (Build-Operate-Transfer)** စနစ်ဖြင့် စာချုပ်ချုပ်ဆိုကာ ခမိုးယာဉ်ရပ်နားစခန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ ဆောင်ရွက် ရန် ဤစီမံကိန်းပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဤစီမံကိန်းသည် ထိုသို့ ခရီးသွားပြည်သူများ လာရောက်လည်ပတ်နေစဉ်ခရီးသွာရာသီအတွင်း အကောင်အထည်ဖော်ရသောကြောင့် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်တွင် ခရီးသွားပြည်သူများအတွက် အနှောက်အယှက် မဖြစ်စေရန်နှင့် စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများမပြီးစီးခင် အဆင်ပြေစေရန်အတွက် အချို့သော နားနေဆောင်များ၊ စျေးဆိုင်များနှင့် အဆောက်အဦများကို **Master plan** အတိုင်းတည်ဆောက်ခြင်း မပြုနိုင်မီ သစ်သားများ၊ ထရံများ၊ ခနိမ့်များဖြင့် ယာယီတည်ဆောက်ထားခြင်းများလည်းရှိပါသည်။ ထိုယာယီ အဆောက်အဦများကို နောက်ပိုင်းတွင် ဖျက်သိမ်းကာ **Master plan** အတိုင်း တစ်ဆင့်ခြင်း အကောင်အထည်ဖော်တည်ဆောက်သွားမည် ဖြစ်ပါသည်။

၄.၁.၃.၁ စျေးဆိုင်များ/ ညစျေးတန်းများ

ဧလုံတောင်ယာဉ်ရပ်နားစခန်းကွင်း စီမံကိန်းတွင် (၆၀ပေ×၈၀ပေ) အကျယ်အဝန်းရှိ စျေးဆိုင်တန်း(၁)ခု ၊(၆၀ပေ×၃၀ပေ) စျေးဆိုင်တန်း(၁)ခု၊ (၁၈ပေ×၂၇ပေ) ကျယ်သောစျေးဆိုင်တန်း(၁)ခုနှင့် (၈ပေ×၈ပေ) ကျယ်ဝန်းသော ဆိုင်ခန်း(၂၈)ခုရှိသော ညစျေးတန်း(၁)ခုပါဝင်ပါသည်။ စျေးဆိုင်တန်းများမှာ ယခုတွင် အုတ်ခံ၊ ခနိမ့်း အဆောက်အဦများဖြစ်ပြီး အကာအရံများကို သစ်သားနှင့်ထရံပေါင်းစပ်ပြီး ယာယီဆောက်လုပ်ထားပါသည်။ နောက်ပိုင်းတွင် ထိုယာယီစျေးဆိုင်တန်းများကို အင်္ဂတေအုတ်ညှပ်အဆောက်အဦများအဖြစ် ပြောင်းလဲအကောင်အထည်ဖော် တည်ဆောက်သွားမည် ဖြစ်ပါသည်။ သို့သော် ညစျေးတန်းရိုးရာ အစားအသောက်ဆိုင်တန်းများ တည်ဆောက်ရာတွင် လာရောက်လည်ပတ်ကြမည့် ခရီးသွားပြည်သူများ ရိုးရာအငွေ့အသက်များကို ခံစားရရှိစေနိုင်ရန် အုတ်ဖိနပ်ပေါ်တွင် သစ်သားတိုင်များထောင်ထားပြီး ခနိမ့်း အကာအရံမပါရှိဘဲ ရိုးရာခလေ့မပျောက်ပျက်အောင် တည်ဆောက်ထားပါသည်။

ပုံ (၄.၁-၁) ယာယီဈေးဆိုင်တန်းနှင့် ရိုးရာစားသောက်ဆိုင် အဆောက်အဦများ

၄.၁.၃.၂ ရှေ့ပြေးတည်ဆောက်ခဲ့သည့်တည်းခိုဆောင်များ

အများပြည်သူသုံး တည်းခိုဆောင်များ တည်ဆောက်ရာတွင် (၁၂၉၆) စတုရန်းပေ ကျယ်ဝန်းသော သစ်သားကြမ်းခင်း ဓနိမိုးထရံကာ ယာယီအဆောက်အဦ (၆)ခု၊ သွပ်မိုး အုတ်ညှပ်ဆောင် အဆောက်အဦ(၁)ခု၊ သံဖရိန်သွပ်မိုး အုတ်တိုက်အဆောက် အဦ (၉)ခု ပါဝင်ပါသည်။ ယာယီတည်ဆောက်ထားသော အဆောက်အဦများကို သံဖရိန်၊သွပ်မိုး အဆောက်အဦများအဖြစ် နောက်ပိုင်းတွင်ပြင်ဆင်တည်ဆောက်သွား မည်ဖြစ်ပါသည်။

ပုံ (၄.၁-၂) ဓနိမိုးထရံကာ ယာယီ တည်းခိုဆောင်များ

ပုံ (၄.၁-၃) ဓနိမိုးထရံကာ ယာယီတည်းခိုဆောင်များ၏ အတွင်းခန်းဖွဲ့စည်းပုံ

ပုံ (၄.၁-၄) သံဖရိန်သွပ်မိုး အုတ်တိုက် တည်းခိုဆောင်များ

၄.၁.၃.၃ ဟိုတယ် အဆောက်အဦများ

စီမံကိန်း၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သော ဟိုတယ်ဇုန်တည်ဆောက်ရေးသည် စီမံကိန်းဇုန် (၄) ခု ရှိသည့်အနက် ဇုန် (C) တွင် အကောင်အထည်ဖော် တည်ဆောက်မည် ဖြစ်ပါသည်။ ဟိုတယ်စီမံကိန်း လုပ်ဆောင်မည့် ဇုန် (C) ၏ မြေမျက်နှာသွင်ပြင်အနေအထားသည် ကျန်စီမံကိန်းဇုန် (၃) ခုနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မြင့်ကာ ကုန်းမြင့် သဏ္ဌာန်ဖြစ်နေသောပြီး ကျန်စီမံကိန်း ဇုန်များနှင့် ဘေးပတ်ဝန်းကျင်၏ရှုခင်း အလှအပများကို အပေါ်စီးမှ မိုးကာမြင်နိုင်သောကြောင့် ဤ ဇုန် (C) ဧရိယာတွင် ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းအကောင်အထည်ဖော်ခြင်းသည် လွန်စွာကောင်းမွန်ပါသည်။ ဟိုတယ်ဇုန် စီမံကိန်းတွင် အဓိကအားဖြင့် ခရီးသွားဧည့်သည်များ နားနေနိုင်ရန်အတွက် အခန်း (၄၈) ခန်းပါ (၂) ထပ်ဟိုတယ် အဆောက်အဦး (၂) ခုနှင့် အခန်း (၃၂) ခန်းပါ (၂) ထပ်ဟိုတယ်အဆောက်အဦ(၂) ခု တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ထိုဟိုတယ်အဆောက်အဦများပြီးစီးပါက ခန့်မှန်းခြေ ခရီးသွားပြည်သူပေါင်း (၄၀၀) ခန့် တပြိုင်နက်တည်း အပန်းဖြေ တည်းခိုအနား ယူနိုင်မည်ဖြစ်ပါသည်။ ဟိုတယ်ဇုန်စီမံကိန်းပါ အဆောက်အဦများအားလုံးသည် သံဖရိန်၊ အုတ်တိုက်အဆောက်အဦများအဖြစ် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပြီး ထိုဟိုတယ်ဇုန်ဧရိယာ ဇုန် (C) တွင် အကောင်အထည်ဖော် ဆောက်လုပ်သွားမည့် အဆောက်အဦများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

ဇယား (၄.၁-၄) ဟိုတယ်ဇုန်တွင်တည်ဆောက်မည့် အဆောက်အဦများ

စဉ်	ဆောက်လုပ်မည့် အဆောက်အဦများ	အတိုင်းအတာ	အရေ အတွက်	အကျယ်အဝန်း ဧရိယာ(စတုရန်းပေ)
၁	ဟိုတယ်ဧည့်ကြိုကောင်တာနှင့် ရုံးခန်း	(၆၀ပေ×၄၄ပေ)	၁	၅၂၈၀
၂	(၃၂)ခန်းပါ (၂)ထပ်ဟိုတယ် အဆောက်အဦ	(၁၄၀ပေ×၃၈ပေ)	၂	၁၀၆၄၀
၃	(၄၈)ခန်းပါ (၂)ထပ်ဟိုတယ် အဆောက်အဦ	(၂၁၆ပေ×၅၀ပေ)	၂	၂၁၆၀၀
၄	(၂)ထပ်ဟိုတယ်အစားအသောက်ခန်း မနှင့် မီးဖိုဆောင်	(၇၀ပေ×၄၀ပေ)	၁	၅၆၀၀

၅	ဟိုတယ်ပစ္စည်းသိုလှောင်ရုံ	(၃၀ပေ×၆၀ပေ)	၁	၁၈၀၀
၆	ဟိုတယ်အဝတ်လျှော်ဆောင်	(၃၀ပေ×၆၀ပေ)	၁	၁၈၀၀
၇	ဟိုတယ်ဝန်ထမ်းများတည်းခိုဆောင်	(၃၀ပေx၂၀ပေ)	၅	၃၀၀၀

ပုံ (၄.၁-၅) အခန်း(၃၂)ခန်းပါ (၂)ထပ် ဟိုတယ်အဆောက်အဦ အဆိုပြုပုံ

ပုံ (၄.၁-၆) အခန်း(၄၈)ခန်းပါ (၂)ထပ်ဟိုတယ်အဆောက်အဦ အဆိုပြုပုံ

ပုံ (၄.၁-၇) ဟိုတယ်ညှဉ်ကြိုကောင်တာနှင့်ရုံးခန်းအဆိုပြုပုံစံ

ပုံ (၄.၁-၈) ဟိုတယ်စားသောက်ခန်းမနှင့် မီးဖိုဆောင်အဆောက်အဦ အဆိုပြုပုံစံ

၄.၁.၃.၄ အများပြည်သူသုံး ရေချိုးခန်းနှင့် သန့်စင်ခန်းများ

ဧရိယာစတုရန်းပေ (၈၀၀) အကျယ်ရှိသော (ကျား/မ)သုံး သန့်စင်ခန်း အဆောက်အဦ(၂)ခု၊ (၄၀ပေ×၁၆ပေ)ကျယ်သော (ကျား/မ)သုံး ရေချိုးခန်း (၂)ခု၊ စတုရန်း ပေ(၈၂၅) အကျယ်အဝန်းရှိသော (၈) လုံးတွဲ အခပေးအိမ်သာ အဆောက်အဦ (၁)ခုစသော အဆောက်အဦများ စီမံကိန်းတွင် ပါဝင်ပြီး အဆောက်အဦများ အားလုံးမှာ သွပ်မိုးအုတ်ညှပ်အဆောက်အဦများဖြစ်ပြီး ရေချိုးကန်များကို အုတ်ဖြင့် ပြုလုပ်ထားပါသည်။

ပုံ (၄.၁-၉) သန့်စင်ခန်း အဆောက်အဦနှင့် အတွင်းခန်းဖွဲ့စည်းပုံ

ပုံ (၄.၁-၁၀) သန့်စင်ခန်းအဆောက်အဦ လက်ဆေးဘေစင်များနှင့် ရေချိုးခန်းအဆောက်အဦ

၄.၁.၃.၅ တောင်တက်ကားဂိတ်နှင့် ဆက်စပ်အဆောက်အဦများ

ဧလုံတောင် ယာဉ်ရပ်နားစခန်း စီမံကိန်းတွင် ဧရိယာ အကျယ်ဝန်း စတုရန်းပေ (၅၂၆၈) ရှိပြီး ယာဉ်အစီး (၈၀) ခန့်ရပ်နားနိုင်သော တောင်တက်ကားဂိတ် (၁)ခု၊ ကားကြီးယာဉ်ရပ်နားကွင်း (၁)ခု၊ အမိုးများပါရှိသည့် ကိုယ်ပိုင် ယာဉ်ရပ်နားကွင်း (၁)ခု ပါဝင်မည်ဖြစ်ပြီး ကွန်ကရစ်ခင်း သံဖရိန်တိုင် သွပ်မိုး ဖြင့် တည်ဆောက်သွားပါမည်။ ဧလုံတောင်ယာဉ်ရပ်နားစခန်း စီမံကိန်းတွင် ဧရိယာ အကျယ်ဝန်း စတုရန်းပေ (၅၂၆၈) ရှိပြီး ယာဉ်အစီး (၈၀) ခန့်ရပ်နားနိုင်သော တောင်တက်ကားဂိတ် (၁)ခု၊ ကားကြီးယာဉ်ရပ်နားကွင်း (၁)ခု၊ အမိုးများပါရှိသည့် ကိုယ်ပိုင် ယာဉ်ရပ်နားကွင်း (၁)ခု ပါဝင်မည်ဖြစ်ပြီး ကွန်ကရစ်ခင်း သံဖရိန်တိုင် သွပ်မိုး ဖြင့် တည်ဆောက်သွားပါမည်။



၄.၁.၃.၆ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း

စီမံကိန်းလုပ်ငန်းသည် ခရီးသွားလုပ်ငန်းကို အခြေခံ၍ ဆောင်ရွက်သော အခြေခံအဆောက်အဦ တည်ဆောက်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှု၊ အခြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည့်အစီအစဉ် ဖြစ်သောကြောင့် ခရီးသွားလာရေးမော်တော်ယာဉ်များ အသုံးပြုသည့်လုပ်ငန်းဖြစ်သောကြောင့် ခရီးစခန်းသို့ လာရောက်သော မော်တော်ယာဉ်များအားလုံးအတွက် စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကို စီမံကိန်းဧရိယာ၏ မျက်နှာစာအလျား (၁၀၀) ပေ၊ အနံ(၃၀) ပေပေါ်တွင် တည်ဆောက်အသုံးပြုသွားရန် လျာထားပါသည်။ ယင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းအမျိုးမျိုး၏ သိုလှောင်ကန်များ၊ သိုလှောင်ရုံများအတွက် သိုလှောင်ခွင့်လိုင်စင်၊ သယ်ယူခွင့် အစရှိသည့် ခွင့်ပြုမိန့်များကို သက်ဆိုင်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနများသို့လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။စက်သုံးဆီအရောင်းဆိုင်များအတွက် မြေအောက်သိုလှောင်ကန် (K-license) လိုင်စင်စည်းကမ်းများ(Conditions of Licnese for Underground Tank)၊ မြေပေါ်သိုလှောင်ကန် (L-License) စည်းကမ်းများ (Conditions of Licnese for above-ground Tank)၊ မြေပေါ်သိုလှောင်ရုံ (M-License) စည်းကမ်းများ (Conditions of License for

Storage Sheds)၊ ကို သိရှိလိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ အစိုးရဌာနများမှ ထုတ်ပြန်ထားရှိသော စက်သုံးဆီများကို သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ဖြည့်တင်းခြင်း၊ ထုတ်ယူရောင်းချခြင်းနှင့် မတော်တဆဖြစ်မှုများ ကာကွယ်ခြင်းနည်းလမ်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တည်ဆောက်မည့်အဆိုပြုပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

ပုံ (၄.၁-၁၁) စက်သုံးဆီ အရောင်းဆိုင် အဆိုပြုပုံစံ

၄.၁.၃.၇ ယာဉ်ပြုပြင်ရုံနှင့် အထွေထွေဆားဗစ်လုပ်ငန်း

စီမံကိန်းလုပ်ငန်းသို့ မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်လည်ပတ်ကြသော မော်တော်ယာဉ်များ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက်လိုအပ်သောပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်း အလုပ်ရုံ၊ ရေဆေး သန့်ရှင်းရေးလုပ်ငန်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းအရောင်းဆိုင်များ၊ ဘီးဖာခြင်း၊ လေထိုးခြင်းဆားဗစ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေဧရိယာ အလျား (၄၀) ပေ၊ အနံ(၃၀)ပေ အဆောက်အဦ(၃)လုံး တည်ဆောက်အသုံးပြုသွားမည်ဖြစ်ပါသည်။

၄.၁.၃.၈ အခြားအဆောက်အဦများ

စီမံကိန်း၏ Masterplan ပါအဆောက်အဦများစာရင်းအတိုင်း အဆင့်ဆင့်တည်ဆောက်ကာ လုပ်ငန်းလည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအခြေအနေအရ ထပ်မံလိုအပ်မှုရှိပါက မြေလွတ်မြေလပ်အခြေအနေပေါ်မူတည်၍ ထပ်မံတည်ဆောက်သွာမည်ဖြစ်ပါသည်။

၄.၁.၄ လမ်းများနှင့် လူသွားစင်္ကြံန်များ

ခမိုးကျေးရွာမှ ခမိုးစခန်းသို့ဝင်သော အဓိကလမ်းမအား (၁၈)ပေ၊ အကျယ်နှစ်လမ်းမောင်းကွန်ကရစ်လမ်း၊ ဘေးတစ်ဖက်တစ်ချက်စီတွင် (၆)ပေအကျယ် ရေနှုတ်မြောင်းနှင့် လူသွားစင်္ကြံန် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါသည်။ ယင်းမှဘေးတစ်ဖက်တစ်ချက်စီတွင် (၁၂)ပေအကျယ်

လမ်းနယ်၊ ကြားခြံရံအဖြစ်လိုအပ်ပါက လမ်းများချဲ့ထွင်နိုင်ရန်ထားရှိပါမည်။ စခန်း၏ ရှေ့မျက်နှာစာတွင် ဧလုံတောင်တက်လမ်း၊ ပန်းခြံများပတ်လမ်းများနှင့် စက်သုံးဆီဆိုင်ရှေ့လမ်းများကို အထက်ဖော်ပြပါ ပုံစံအတိုင်းတည်ဆောက်၍ စခန်းတွင်းလမ်းများကိုလည်း (၁၈)ပေအကျယ် ကွန်ကရစ်လမ်းများအဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။ စခန်းအတွင်း ဇုန်များတစ်ခုနှင့် တစ်ခုအကြား၊ အဆောက်အဦနှင့် လုပ်ငန်းနယ်ပယ်တစ်ခု လူသွားစင်္ကြံန်နှင့်လမ်းများကို အနည်းဆုံး (၆)ပေအကျယ်ထားပြီး တည်ဆောက်သွားမည်ဖြစ်ပါသည်။ ဇုန်(D) ပန်းခြံဧရိယာပတ်လည်နှင့် အတွင်းလမ်းများကို မြင်ကွင်းပသာဒ ဖြစ်စေရန် စနစ်တကျတည်ဆောက်ရန် လျာထားပါသည်။

၄.၂ စီမံကိန်းတည်နေရာမြေပိုင်ဆိုင်မှု၊မြေစာရင်းမြေပုံ၊ ဇုန်အလိုက်မြေပုံ၊ ဧရိယာမြေပုံများ

စီမံကိန်းဆောင်ရွက်မည့် မြေနေရာနှင့်ပတ်သက်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ တင်ပြလျှောက်ထားချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၉-၈-၂၀၁၈)ရက်နေ့ရက်စွဲပါစာအမှတ် ၄/ဂ-၅/(၃)(၁၂၇၀)စည်ပင်(မြို့/မြေ)ဖြင့် သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် အညီဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၎င်းမှတစ်ဆင့်စီမံကိန်းမြေဧရိယာ (၂၈.၇၅)ဧက အတွက်(၁၈-၄-၂၀၁၉)ရက်နေ့တွင် မြေလွတ်မြေလပ်နှင့်မြေရိုင်းများ ဗဟိုကော်မတီသို့ဆက်လက်တင်ပြပေးခဲ့ပါသည်။ ကျန်စီမံကိန်း ဧရိယာ (၂.၇၉)ဧကသည် ဗန်းမောက်မြို့နယ်၊ ခမိုးကျေးရွာ၊ တောင်သူဦးသိန်းနုပိုင်ဆိုင်သော လယ်မြေဖြစ်ပြီး တာရိန်းကုမ္ပဏီအနေဖြင့် ကာလပေါက်စျေးတန်ဖိုးပေးချေလျက် နှစ်ဦးနှစ်ဘက် ညှိနှိုင်း၀ယ်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စီမံကိန်းအတွက် မြေယာသိမ်းဆည်းမှုဖြစ်စဉ်များ၊ ဆန္ဒမပါဘဲ ရွှေ့ပြောင်းရခြင်းများမရှိခဲ့ပါ။ မူလစုစုပေါင်းဧရိယာ(၃၁.၅၄)ဧက တင်ပြထားခဲ့သော်လည်း ပြန်လည်စီစစ်တိုင်းတာချက်များအရ (၀.၀၁)ဧကလျော့နည်းမှု ရှိခဲ့ပါသည်။ စီမံကိန်း၏တည်နေရာပြ မြေပုံများ၊ ဧရိယာမြေပုံများ၊ ဇုန်အလိုက်တည်ဆောက်ရေးအဆင့်လိုက်မြေပုံများအား [နောက်ဆက်တွဲ(ခ)](#) တွင် ဖော်ပြထားပါသည်။

ပုံ (၄.၂-၁) စီမံကိန်း အသုံးပြုခွင့်လျှောက်ထားရန် ဖော်ပြသည့်မြေပုံ



၄.၃ စီမံကိန်း၏ အကြိုတည်ဆောက်ရေး၊ တည်ဆောက်ရေးအဆင့်နှင့် လုပ်ငန်းလည်ပတ်သည့် အဆင့်များအတွက် အချိန်လျာထားချက်



၄.၃.၁ အကြိုတည်ဆောက်ရေးအဆင့်ဆောင်ရွက်မှုများ

စီမံကိန်းဧရိယာသည် ခမိုးကျေးရွာနှင့် (၃) မိုင်ခန့်သာ ကွာဝေးပြီး မြေလွတ်မြေရိုင်း (၂၈.၇၄) ဧက၊ လယ်မြေ (၂.၇၉) ဧက ပေါင်းစပ်ပါဝင်ပြီး တောင်ခြေနှင့် ကွင်းပြန့် ဧရိယာ ဖြစ်သောကြောင့် မြေမျက်နှာသွင်ပြင် ညီညာမှုမရှိသည့်အတွက် (၂၀၁၈) ခုနှစ် ပွင့်လင်းရာသီတွင် မြေညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ သစ်ပင်၊ သစ်တောကျန်အပင်ငယ်အချို့ ခုတ်ထွင်ရှင်းလင်းခဲ့ရပါသည်။ မော်တော်ယာဉ်များ ယာယီဝင်ရောက် ရပ်နားနိုင်ရန် ကျောက်ခင်းလမ်းနှင့် ယာယီကျောက်ခင်း ယာဉ်ရပ်နားကွင်း၊ ယာယီတည်းခိုဆောင်များ၊ ရေစီးရေလာမြောင်းများ ဆောက်လုပ်ခဲ့ပါသည်။ ယာယီလျှပ်စစ်မီးလိုင်းများကို မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေး ဦးစီးဌာနနှင့် သွယ်တန်းရယူခဲ့ပါသည်။ သောက်သုံးရေ ရရှိရေးအတွက် (၆”) အဝီစိတွင်း (၂) တွင်း (အနက်ပေ (၁၈၀))တူးဖော်ခြင်း (၂၄၀၀)ဂါလံဆန့် အမြင့်တင်ရေကန်(၂)ကန် တည်ဆောက်ခဲ့ပါသည်။ မုဒ်ဦးဆိုင်းဘုတ် တည်ဆောက်ခြင်း၊ Survey လုပ်ငန်းများဆောင်ရွက်ခြင်း နှင့် ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများ ကိုလည်းဆောင်ရွက်ခဲ့ပါသည်။

၄.၃.၂ တည်ဆောက်ရေးကာလ အဆင့်လိုက်ဆောင်ရွက်မည့်အစီအမံများ

လုပ်ငန်းပထမအဆင့် (First Phase) အနေဖြင့် အချိန်ကာလ(၂)နှစ် အတွင်း အောက်ဖော်ပြပါ အဆောက်အဦများကို တည်ဆောက်သွားပါမည် -

- တည်းခိုဆောင် (ထရံဆောင်) (36’ x 18’)(၆) လုံး။
- တည်းခိုဆောင် (အုတ်ညှပ်ဆောင်) (36’ x 18’) (၁)လုံး။
- တည်းခိုဆောင် (Steel Structure) (36’ x 18’) (၉)လုံး။
- အိမ်သာ (17 Unit) (40’ x 20’) (၁) ဆောင် ။
- အိမ်သာ (8 Unit) (33’ x 37’) (၁)ဆောင်။
- အများသုံး ရေချိုးသန့်စင်ခန်း (40’ x 16’) (၁)ဆောင်။
- ရေစင် (19.6’ x 15.6’) (၁) လုံး ။

- စီမံကိန်းအဝင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း။
- ဝန်ထမ်းဆောင် (36’ x 20’) (၁) ဆောင်။
- အဝင်ငွေကောက်ခံဂိတ် (၁) ဆောင်။
- ဈေးတန်း(Night Market) အဆောက်အဦ (9’x9’) (၂၈)လုံး။
- စားသောက်ဆိုင် အကြီး (80’ x 60’) (၂)ခန်း။
- စားသောက်ဆိုင် အသေး (72’ x 27’) (၈) ခန်း။
- တောင်တက်ကားဂိတ် (Depature) (30’ x 50’) (၁) လုံး။
- တောင်တက်ကားဂိတ် (Arrival) (99’ x 27’) (၁)လုံး။
- ရုံးအဆောက်အဦ (48’ x 32’) (၁) လုံး။
- ပြည်သူ့ရဲကင်းစခန်း (32’ x 30’) (၁) လုံး။
- ကျန်းမာရေး ဆေးပေးခန်း (24’ x 18’) (၁) လုံး။
- ရေလှောင်ကန် (20’ x 30’ x 15’) (၂) လုံး။
- ရေဆိုးစွန့်ကန် (20’ x 16’ x 10’) (၂) လုံး။
- ရေပိုက်လုပ်ငန်းများ။
- ရေဆိုးမြောင်းများ (w:5’ x d:7’)။
- ခြံစည်းရိုးလုပ်ငန်းများ (h:7’)။
- ဧည့်ကြိုဆောင် (40’ x 30’) (၁) ထပ် (၁) ဆောင်။
- ရိုးရာပြခန်း (40’ x 30’) (၁) ထပ် (၁) ဆောင်။
- တည်းခိုဆောင်ပတ်လည် ခြံစည်းရိုးလုပ်ငန်း။
- ရုံးအဆောက်အဦရှေ့ ရေမြောင်းဖုံးလုပ်ငန်း။

လုပ်ငန်း ဒုတိယအဆင့် (Second Phase) အနေဖြင့် အချိန်ကာလ(၂)နှစ် အတွင်း အောက်ဖော်ပြပါ အဆောက်အဦများကို တည်ဆောက်သွားပါမည် -

- ရေတွင်း (၁)တွင်း။
- အိမ်သာ ကျား /မ (40’ x 20’) (၁)ဆောင်။
- အများသုံး ရေချိုးသန့်စင်ခန်း (40’ x 16’) (၁)ဆောင်။
- အတွင်းလမ်းခင်းခြင်း။
- အဝင်ဂိတ် (၁) ဆောင်။
- သတင်းအချက်အလက်စင်တာ (24’ x 24’) (၁)ဆောင်။
- စားသောက်ဆိုင်ခန်း(အကြီး) (60’ x 30’) (၅) ဆောင်။
- (၄) ခန်းတွဲလက်ဆောင်ပစ္စည်းဆိုင် (72’ x 27’) (၈) ဆောင်။
- ဝန်ထမ်းအိမ်ယာ (၅) လုံး။
- ဝန်ထမ်းထမင်းစားဆောင် (၁) လုံး။
- ဓာတ်ဆီဆိုင်အဆောက်အဦ (100’ x 30’) (၁) လုံး(100x30)

- ဆီလျှောင်ကန် (၁) လုံး၇ါလံ(၃၀၀၀)ဆန့် (မြေပေါ်ကန်)။
- မီးသတ်ရေလျှောင်ကန် (၁)လုံး(H.11.9” x W.12’ x L9xW.12xL.60’)။
- Mini-Market (40’ x 40’) (၁) ဆောင်။ဆောင်(40x40)
- ဓာတ်ဆီဆိုင်ဝန်းသန့်စင်ခန်း (16’ x 15’) (၁) လုံး။လုံး(16x15)
- ရေဆေးဆီလိုက် (60’ x 30’) (၁) ခုံ။ခုံ(30x60)
- ဆီလျှောင်ကန် (H.11.9” x W.12’ x L.60’) (၁) လုံး ၇ါလံ(၁၂၀၀၀)ဆန့် (မြေအောက်ကန်)။)(H.11.9xW.11.9xL.60)
- Fuel Pump (၁) လုံး။
- ဟိုတယ်ဧရိယာ မြေရှင်းလင်းခြင်းလုပ်ငန်း။
- ဟိုတယ် (32 Units) (140’ x 38’) (၁) လုံး။
- ဟိုတယ်ဧည့်ကြိုဆောင်နှင့် ရုံးခန်း (60’ x 44’) (၁) လုံး။
- စားသောက်ဆိုင်နှင့်စားဖိုဆောင် (70’ x 40’) (၁) လုံး။
- ဟိုတယ် ပင်မစတို (60’ x 30’) (၁) လုံး။
- ဟိုတယ် ပင်မင်း (100’ x 70’) (၁) လုံး။

လုပ်ငန်းတတိယအဆင့် (Third Phase)၊ အဆင့်မြှင့်တင်ခြင်း ဆိုင်ရာလုပ်ငန်းများအဖြစ် အချိန် (၁)နှစ် အတွင်း အောက်ဖော်ပြပါအဆောက်အဦများကို တည်ဆောက်သွားပါမည် -

- ဟိုတယ် (32 Units) (140’ x 38’) (၁) လုံး။
- ဟိုတယ် (48 Units) (216’ x 50’) (၁) လုံး။

အထက်ဖော်ပြပါ Master Plan (၅)နှစ် ပြီးဆုံးချိန်တွင် တည်ဆောက်ရန်ကျန် အောက်ပါ အဆောက်အဦများကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါသည်-

- ဟိုတယ် (48 Units) (216’ x 50’) (၁) လုံး။
- အိမ်သာ (10 Units) (၂) လုံး။
- ကားပါကင် (၂) ခု။
- အများသုံးရေချိုးခန်း (၁) လုံး။
- အများသုံးသန့်စင်ခန်း (၁) လုံး။
- ဓမ္မာရုံ (40’ x 40’) (၁) လုံး။
- သံဃာဆောင် (36’ x 20’) (၁) လုံး။
- ကားသမား နားနေဆောင် (36’ x 20’) (၂) လုံး။
- တည်းခိုဆောင် (36’ x 10’) (၈) လုံး။

၄.၃.၃ လုပ်ငန်းလည်ပတ်သည့်အဆင့်ဆောင်ရွက်မည့်အစီအမံများ

စီမံကိန်း၏ ဆောက်လုပ်ရေးကာလနှင့် ယှဉ်တွဲလျက် လုပ်ငန်းစတင် လည်ပတ်ချိန်မှစ၍ စီမံကိန်းဧရိယာ (၃၁.၅၃) ဧကတွင် (တောင်တက်ကားကွင်းစီမံခန့်ခွဲမှုမှ အပ) စီမံကိန်းလုပ်ငန်းအားလုံး၏ စီမံခန့်ခွဲမှု (Operation, Sale and Marketing, General Management) အားလုံးကို လုပ်ငန်းလုပ်ကိုင်သူတစ်ဦးတည်းကသာ တာဝန်ယူဆုံးဖြတ်ဆောင်ရွက်ရန်နှင့် လိုအပ်သော sub-contractor များ ငှားရမ်းခြင်း၊ ဝန်ဆောင်မှုကုမ္ပဏီ နှင့် အခြား ကုမ္ပဏီများ ငှားရမ်းဆောက်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းများကို စီမံကိန်းအကောင်အထည်ဖော်သူကုမ္ပဏီမှ ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဗန်းမောက်မြို့နယ်တွင် ဆောင်ရွက်မည့် စီမံကိန်းဖြစ်ခြင်းကြောင့် ဗန်းမောက်မြို့နယ် ဒေသခံများကို ပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု တူညီပါက ဗန်းမောက်မြို့နယ် ဒေသခံများကို ဦးစားပေးခန့်ထားသွားမည် ဖြစ်ပါသည်။

၄.၄ ဆက်စပ်ဆောင်ရွက်မည့်အခြားစီမံကိန်းများ

ခရိုးစခန်းတည်ဆောင်ရေးလုပ်ငန်းကို အခြေခံ၍ ဆက်စပ်ဆောင်ရွက်မည့် အခြားစီမံကိန်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- ဧလုံတောင်ခြေ ရွှေညောင်ပင်စခန်းမှ ဧလုံတောင်ပေါ်ဘုရားအထိ လမ်းခရီး (၉) မိုင်အား မူလလမ်းအူကြောင်းအတိုင်း ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် နှစ်အပိုင်း အခြားအလိုက် အဆင့်မြှင့်တင်ဖောက်လုပ်နိုင်ရန် (သို့တည်းမဟုတ်) အခြားသင့်လျော်သော လမ်းအူကြောင်းအသစ်ရှာဖွေဖောက်လုပ်နိုင်ရေးအတွက် ကုမ္ပဏီမှ ဖြစ်မြောက်နိုင်စွမ်း လေ့လာတင်ပြသွားရန်။ အဆိုပါ အစီရင်ခံတင်ပြချက်အရ လမ်းအတွက်ရင်းနှီးမြှုပ်နှံမှု ပမာဏကို ကုမ္ပဏီနှင့် တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့တို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းလျှက် သင့်လျော်မှန်ကန်သည့် နည်းလမ်းဖြင့် တည်ဆောင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားရန်ရှိပါသည်။
- အထက်တင်ပြပါ လမ်းအား နယ်စပ်ဒေသတိုင်ရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ တစ်နှစ်လျှင် တစ်မိုင်နှုန်းဖြင့် တိုးချဲ့ဖောက်လုပ်လျှက် ရှိပါသည်။ ဧလုံတောင်စေတီနှင့် ကျောက်မဏ္ဍပ်တို့တွင် ၂၀၂၀ဧလုံတောင်စေတီနှင့်ကျောက်မဏ္ဍပ်တို့တွင် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် အတွင်း လျှပ်စစ်မီးသွယ်တန်းခြင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။
- တာရိန်းကုမ္ပဏီအနေဖြင့် ယခုဖော်ထုတ်တည်ဆောက်လျှက်ရှိသော ခရိုးစခန်း၏ လုပ်ငန်းတိုးတက်မှု အခြေအနေပေါ် မူတည်၍ မြေလွတ်မြေရိုင်း အသုံးပြုခွင့်များ တိုးမြင့်ရရှိနိုင်ပါက စခန်းဧရိယာ တိုးချဲ့ခြင်း၊ စီမံကိန်းလုပ်ငန်းများ တိုးချဲ့ခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် အစီအမံရှိပါသည်။
- ဗန်းမောက်မြို့နယ်ဒေသများသည် ရွှေသတ္တုထွက်ရှိရာ မူလရွှေသိုက်များ၊ ရွှေပြောင်းပို့ချရွှေကြောများ တည်ရှိခြင်းကြောင့် စီမံကိန်းဧရိယာ၏ အရှေ့မြောက်ဘက် (၈)မိုင်ခန့်အကွာ မဲဇာချောင်း တစ်လျှောက်၊ ပေကုန်း၊ ပန်းတောပြင်ကျေးရွာအုပ်စုများတွင် (၂၀၀၈)ခုနှစ်ခန့် မှစ၍

တိုင်းဒေသကြီးအစီအစဉ်ဖြင့် ချထားပေးသော တစ်ပိုင်တစ်နိုင် လက်လုပ်လက်စား၊ အသေးစား၊ ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်များ ဆောင်ရွက်ခဲ့ကြပြီး မြန်မာ့သတ္တုတွင်းနည်းဥပဒေ (၂၀၁၈) ထွက်ရှိပြီးနောက် သတ္တုတူးဖော်ရေးကုမ္ပဏီများမှ အလတ်စားရွှေလုပ်ကွက်များ လျှောက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၄.၅ ဧလုံတောင်ဒေသဖွံ့ဖြိုးရေးအတွက်နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေလုပ်ငန်းများ

ဗန်းမောက်မြို့မှ ဧလုံတောင်သို့ နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ဖောက်လုပ်နေသော လမ်းပိုင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

စဉ်	ဘဏ္ဍာနှစ်	လုပ်ငန်း	တာဝန်ယူ ဆောင်ရွက်သော ကုမ္ပဏီများ	မှတ်ချက်
၁။	၂၀၁၅-၂၀၁၆	မြေသားလမ်း ၁၄ မိုင် ၆ ဖာလုံ	K.B.S ကုမ္ပဏီ	
၂။	၂၀၁၅-၂၀၁၆	ကျောက်ခင်းလမ်း ၁ မိုင် ၂ ဖာလုံ	K.B.S ကုမ္ပဏီ	
၃။	၂၀၁၆-၂၀၁၇	ကျောက်ခင်းလမ်း ၁ မိုင် ၅ ဖာလုံ	Geophone ကုမ္ပဏီ	
၄။	၂၀၁၈-၂၀၁၉	ကွန်ကရစ်လမ်း ၂ မိုင် ၁ ဖာလုံ	Top Heaven ကုမ္ပဏီ	
၅။	၂၀၁၉-၂၀၂၀	ကွန်ကရစ်လမ်း ၁ မိုင် ၃ ဖာလုံ	မြင့်ကမ္ဘာစိုး ကုမ္ပဏီ	

ဗန်းမောက်မြို့မှ ခမိုးရွာ၊ ၎င်းမှ ခမိုးစခန်းအတွင်းသို့ (11 KV) မဟတ်အားလိုင်း သွယ်တန်းထားရှိပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဘဏ္ဍာရေး ရန်ပုံငွေမှ 11.4 KV မဟတ်အားလိုင်း သွယ်တန်းသွားရန်ရှိပြီး၊ ကျောက်မဏ္ဍပ်တွင် (50 KVA) ထရန်စဖော်မာ တစ်လုံးတတ်ဆင်သွားရန် ခွင့်ပြုမိန့် ရရှိပြီး ဖြစ်ကြောင်း သိရှိရပါသည်။

၄.၆ အသုံးပြုမည့်ယာဉ်၊စက်၊ယန္တရားများ

အောက်ဖော်ပြပါယာဉ်နှင့် စက်ပစ္စည်းအမျိုးအစားများမှာ ယာဉ်ရပ်နားစခန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အသုံးပြုမည့် စာရင်းဖြစ်ပါသည်။မြေထိုးစက်၊ မြေကော်စက်၊မြေသယ်စက်၊ မြေသယ်ယာဉ်၊ရေသယ်ယာဉ်၊ ရေဖြန်းယာဉ်တို့မှာ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေညှိခြင်း၊ လမ်းခင်းခြင်း၊ ဖုန်နှင့် အမှုန့်ပျံ့လွင့်ခြင်းတို့လျှော့ချရန်အတွက် အသုံးပြုသွားမည့် စက်ပစ္စည်းအမျိုးအစားများ ဖြစ်ကြပါသည်။ အခြားယာဉ်အနေဖြင့် အုပ်ချုပ်ရေးယာဉ်များကိုလည်း သုံးစွဲသွားမည်ဖြစ်ပါသည်။

စဉ်	အမျိုးအမည်	အမျိုးအစား	အရေအတွက်	မှတ်ချက်
၁	မြေထိုးစက် (Komatsu D65P)		၁	
၂	မြေကော်စက် (CAT 320 B)		၁	
၃	မြေတူးစက် (VOLVO 290- Prime)		၁	
၄	မြေသယ်ယာဉ် (Nissan Dump Truck)		၃	
၅	ရေသယ်ယာဉ် (Hino Boxer)		၁	
၆	ရေဖြန်းယာဉ် (ထွေလာဂျီ)		၁	
၇	အုပ်ချုပ်မှုယာဉ် (Toyota Hilux)		၁	

ဟိုတယ်လုပ်ငန်းအတွက် အသုံးပြုမည့်ယာဉ်နှင့် စက်ယန္တရားများ စာရင်းကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။ အသုံးပြုမည့်ယာဉ်များမှာ ခရီးသည်များနှင့် ဟိုတယ်သို့လာရောက်သော ဧည့်သည်များအတွက် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် အုပ်ချုပ်စီမံရေးနှင့် လုပ်ငန်းလည်ပတ်ရေး တို့အတွက် အသုံးပြုမည့်ယာဉ်များတို့ဖြစ်ပါသည်။

စဉ်	အမျိုးအမည်	အမျိုးအစား	အရေအတွက်	မှတ်ချက်
၁	သယ်ယူပို့ဆောင်ရေး ယာဉ် (Minibus)		၂	
၂	သယ်ယူပို့ဆောင်ရေး ယာဉ် (Buggy Car)		၂	
၃	အုပ်ချုပ်မှုယာဉ် (Ford Everest)		၅	
၄	အုပ်ချုပ်မှုယာဉ် (Toyota Revo)		၈	
၅	အုပ်ချုပ်မှုယာဉ် (Ford Wildtrack)		၇	
၆	အုပ်ချုပ်မှုယာဉ် (Light Truck)		၂	

၄.၇ အသုံးပြုမည့်ရေ၊ လျှပ်စစ်၊ စက်သုံးဆီ

၄.၇.၁ ရေအရင်းအမြစ်

ဤစီမံကိန်းအတွက် ရေအရင်းအမြစ်ကို ရရှိရန် ပေ(၁၈၀) အနက်၊ အချင်း (၆)လက်မ အကျယ်ရှိသော အဝီစိတွင်း(၁)တွင်းနှင့် အနက်ပေ(၁၄၀) ရှိပြီး အချင်း(၆)လက်မ ကျယ်သောအဝီစိတွင်း(၁)တွင်း စုစုပေါင်း အဝီစိတွင်း (၂) တွင်းတူးဖော်ပြီး မြေအောက်ရေကို ရယူမည်ဖြစ်ပါသည်။ ဇလုံတောင်စီမံကိန်း၏ ခန့်မှန်းနှစ်စဉ် ရေလိုအပ်ချက်မှာ ပျမ်းမျှဂါလံသန်းပေါင်း (၁၁.၄၅) ခန့်ရှိပြီး တစ်ရက်ပျမ်းမျှ ရေအသုံးချမှုမှာ (၃၁၅၀၀) ဂါလံ ခန့်ရှိမည်ဖြစ်ပါသည်။ ရေဂါလံ (၂,၄၀၀) ဆန့်ပြီး သံကူကွန်ကရစ် (Reinforced concrete) ဖြင့် ရေသိုလှောင်ကန်စင် (၂) ခု တည်ဆောက်မည်ဖြစ်ပြီး ထိုရေသိုလှောင်ကန်(၂)ခုမှ စီမံကိန်းဧရိယာအသီးသီးကို အချင်း(၈)လက်မရှိပိုက်များမှ ရေဖြန့်ဝေမည်ဖြစ်သည်။ ထိုမှတဆင့် စီမံကိန်းဇုန် အသီးသီးကို အချင်း (၄)လက်မ ပိုက်လိုင်းများဖြင့် ပြန်လည်ရေဖြန့်ဝေကာ ဥယျာဉ်ပန်းမန်ရေလောင်းပေါင်းသင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း တို့အတွက် အချင်း(၁) လက်မခန့်ရှိ ရေပိုက်ခေါင်းများဖြင့် ခွဲဝေအသုံးပြုမည် ဖြစ်ပါသည်။ ရေပိုက်ဆက်သွယ်မှုစနစ်နှင့်ပိုက်ဆက်သွယ်တန်းခြင်းများတွင် သံနှင့်သတ္တုပိုက်များကို အသုံးပြုမည်မဟုတ်ဘဲ လိုသလိုပုံသွင်းအသုံးပြုနိုင်ပြီး သိပ်သည်းဆမြင့်မားသော ပီဗွီစီ(PVC)ပိုက်များဖြင့် သွယ်တန်းအသုံးပြုမည် ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ်ဆောင်ရွက်ချိန်တွင် နွေရာသီအတွက် ရေကန်များ ထပ်မံလိုအပ်မည်ဖြစ်သဖြင့် တိုးချဲ့တည်ဆောက်သွားရမည် ဖြစ်ပါသည်။ စီမံကိန်း၏ ရေလိုအပ်ချက်ပမာဏကို လျော့ချနိုင်စေရန်နှင့် စွန့်ပစ်ရေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု နည်းပါးစေရန် စွန့်ပစ်ရေသန့်စင်ခြင်း နည်းလမ်းများ (Waste water treament) အသုံးပြု၍ Recycle စနစ်အသုံးပြုရန် လျာထားပါသည်။



၄.၇.၂ လျှပ်စစ်အရင်းအမြစ်

ဗန်းမောက်မြို့တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ (33/11-5-MVA) ဓာတ်အားခွဲရုံ တည်ဆောက်အသုံးပြုနေပြီဖြစ်သဖြင့် ၎င်းလျှပ်စစ်အရင်းအမြစ်မှရယူသွားပါမည်။ ဧလုံတောင် ခမိုးယာဉ်ရပ်နားစခန်း စီမံကိန်းအတွက် နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ (၂၇၇၃) ကီလို ဝပ်အာဝါ(kWh) ခန့်ရှိပြီး လျှပ်စစ်စွမ်းအင်အရင်းအမြစ်ကို ရယူရာတွင် မဟာဓာတ်အားလိုင်းမှ ခမိုးစခန်းအနီးထိ သွယ်တန်းထားသော (၁၁/၀.၄) ကေဗီအေ ဓာတ်အားလိုင်းမှ (၁၁/၀.၄) ကေဗီအေ ထရန်စဖော်မာ (၂) လုံးသို့ တဆင့် သွယ်တန်းရယူကာ စီမံကိန်းတစ်ခုလုံးသို့ (၄၀၀)ဗို့ ဓာတ်အားလိုင်းသွယ်တန်းကာ လျှပ်စစ်ဖြန့်ဝေမှု လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

စဉ်	လုပ်ငန်းဧရိယာ	လျှပ်စစ်လိုလားချက် (kWh)	ရေလိုအပ်ချက် ဂါလံ (သန်း)	မှတ်ချက်
၁။	ဟိုတယ်ဇုန်ဧရိယာ (၁၀.၂၃ ဧက)	၁,၈၂၅	၇.၂၁	ခရီးသွားရာသီ
၂။	အများပြည်သူဧရိယာ (၂၁.၃၀ဧက)	၉၄၈	၄.၂၄	ခရီးသွားရာသီ
	စုစုပေါင်း (၃၁.၅၃ ဧက)	၂,၇၇၃	၁၁.၄၅	

ဧလုံတောင် ခမိုးယာဉ်ရပ်နားစခန်း စီမံကိန်းအတွက် နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ (၂၇၇၃) ကီလိုဝပ်နာရီ(kWh)ခန့်ရှိပြီး လျှပ်စစ်စွမ်းအင်အရင်းအမြစ်ကို ရယူရာတွင် မဟာဓာတ်အားလိုင်းမှ ခမိုးစခန်းအနီး ထိသွယ်တန်းထားသော (၁၁/၀.၄) ကေဗီအေ ဓာတ်အားလိုင်းမှတဆင့်သွယ်တန်းရယူကာ (၁၁/၀.၄) ကေဗီအေထရန်စဖော်မာ (၂)လုံးဖြင့် တဆင့်သွယ်တန်းရယူကာ စီမံကိန်းတစ်ခုလုံးသို့ (၄၀၀)ဗို့ ဓာတ်အားလိုင်းသွယ်တန်းကာ လျှပ်စစ်ဖြန့်ဝေမှုလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ပုံ (၄.၇-၁) စီမံကိန်းဧရိယာအတွင်း ဓာတ်အားဖြန့်ဝေမှု အစီအစဉ်

၄.၇.၃ စက်သုံးဆီ

တည်ဆောက်ရေးကာလ ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် စုစုပေါင်း (၅)နှစ်တာကာလတွင်ယန္တရားကြီးများအသုံးပြုခြင်း၊အခြားစက်သုံးဆီလိုအပ်သောစက်များနှင့်မော်တော်ယာဉ်များ အသုံးပြုရာတွင် (၁) နှစ်လျှင် သုံးစွဲကုန်ကျမည့် စက်သုံးဆီပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စက်သုံးဆီအမျိုးအစား	(၁)နှစ်သုံးစွဲမည့်ပမာဏ	(၅)နှစ်သုံးစွဲမည့်ပမာဏ
၁	ဒီဇယ်ဆီ	(၄၀၀၀) ဂါလံ	(၂၀၀၀၀) ဂါလံ
၂	ဓာတ်ဆီ	(၃၅၀၀) ဂါလံ	(၁၇၅၀၀)ဂါလံ
၃	အင်ဂျင်ဆီ	(၁၅)ကီလိုဂရမ်	(၇၅)ကီလိုဂရမ်
၄	ချောဆီ	(၁၅)ကီလိုဂရမ်	(၇၅)ကီလိုဂရမ်

ထိုသို့စက်သုံးဆီများသုံးစွဲရာတွင် ဆာလဖာပါဝင်မှုမြင့်မားသော ဒီဇယ်ဆီများကိုသုံးစွဲခြင်းအားရှောင်ရှားသွားမည်ဖြစ်ပါသည်။အထက်ပါကုန်ကျသုံးစွဲမည့်စက်သုံးဆီပမာဏများသည်တည်ဆောက်ရေးကာလတွင်သာ သုံးစွဲမည့်ပမာဏဖြစ်ပါသည်။ ရှည်လျားလှသော လုပ်ငန်းလည်ပတ်သည့်ကာလအတွက် ကုန်ကျသုံးစွဲမည့်နှစ်စဉ် စက်သုံးဆီပမာဏသည် သက်ဆိုင်ရာ စီမံကိန်းဇုန်အလိုက် ကွာခြားသွားမည် ဖြစ်ပါသည်။

၄.၈ ပညာရှင်၊အင်ဂျင်နီယာနှင့်ဝန်ထမ်းများ

စီမံကိန်း တည်ဆောက်ရေးကာလ၊စီမံကိန်း လည်ပတ်စဉ်ကာလ များတွင် ခန့်အပ်မည့် ဝန်ထမ်းများ၊ ပညာရှင်များနှင့် အကြံပေးစာရင်းကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

- **စီးပွားရေးလုပ်ငန်းဆိုင်ရာအကြံပေး**
  ဒေါက်တာအောင်သူရ ၊၀၉၇၉၂၇၄၀၅၀၉ဖြ၊၀၉၄၀၃၇၂၈၅၅ aungthura.dba@gmail.com
- **စီမံကိန်းဆိုင်ရာဗိသုကာ(Civil &Design consultant)**
  ဦးခင်မောင်လေး
- **စီမံကိန်းအင်ဂျင်နီယာ**
  ဒေါ်မူမူသွင် B.E(Civil)(ဖုန်း-၀၉၉ဖြ၉ဖြ၃၄၄၀ဖ)Email-mumuthwin21@gmail.com
- **ဟိုတယ်လုပ်ငန်းဆိုင်ရာအကြံပေး**
  ဦးကျော်မျိုးလတ် (ဖုန်း ၀၉-၂၀၂၁၈၄၄)Dip;in Hospitality Management(Singapore) Email-ulattsummit@gmail.com
- **အရည်အသွေးစစ်ဆေးရေးအဖွဲ့**
  ဦးမြင့်သူရအောင်B.E(Civil)R.S.EConstruction(1809)(ဖုန်း-
  ၀၉၄၃၁၀၁၇၄၇/၀၉၄၀၂၇၀၄၄၇)Email-myintthuraaungg@gmail.com
  Shwe Myanmar Star Co.,Ltd
- **မြေယာအလှနှင့်ပန်းဥယျာဉ်ဆိုင်ရာပညာရှင်**
  ဦးဇော်လင်းမိုး(Lumbini Landscape)
- **စီမံကိန်းဒါရိုက်တာ**
  ဦးရန်နိုင်ဝမ် (ဖုန်း ၀၉-၄၄၀၈၂၃၄ဖ၊ ၀၉-၇ဖ၉၃၀၄ဖ၈၅)Email-naingtommy@gmail.com

၄.၈.၁ ဝန်ထမ်းစာရင်း (ကားရပ်နားစခန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်း)

ဇယား (၄.၈-၁) ဝန်ထမ်းစာရင်း (ကားရပ်နားစခန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်း)

စဉ်	ရာထူး	လစာနှုန်းထား (ကျပ်သိန်း)	ဦးရေ	မှတ်ချက်
၁	Project Director	၁၀-၁၅	၁	ဗန်းမောက်ဒေသခံများကို ဦးစားပေးခန့်အပ်သွားမည် ဖြစ်ပါသည်။ လိုအပ်ပါက အကြံပေးအဖြစ် နိုင်ငံခြားသား (၁)ဦးကို ငှားရမ်းသွားမည်ဖြစ်ပါသည်။
၂	General Manager	၈-၁၀	၁	
၃	Manager	၄-၆	၄	
၄	Executives	၃-၄	၈	
၅	Other Professionals	၃-၄	၁၀	
၆	IT Professionals	၃-၄	၈	
၇	Consultant	၁၅-၂၅	၃	

၈	Skilled Worker	၁.၈-၂	၅၁	
၉	General Worker	၁.၅-၂.၅	၂၈	
စုစုပေါင်း			၁၁၄ ဦး	

စီမံကိန်းတည်ဆောက်ရေးကာလ (၅)နှစ်ပြီးစီးချိန်တွင် အဆိုပါ ဝန်ထမ်းအင်အားကို ပြည့်ဝစွာ ခန့်အပ်သွားမည်ဖြစ်ပြီး လစာငွေအဖြစ် တစ်နှစ်လျှင် (၄၁၆၄)သိန်း အထိ အသုံးပြုသွားမည်ဖြစ်ပါသည်။ မြန်မာလူမျိုးများနှင့် ဗဟိုမောက်ဒေသခံများကို ဦးစားပေးခန့်အပ်သွားမည်ဖြစ်ပြီး လိုအပ်လာပါက နိုင်ငံခြားသား အကြံပေးတစ်ဦးခန့်အပ်မည်ဖြစ်ပါသည်။

၄.၈.၂ ဝန်ထမ်းစာရင်း (ဟိုတယ်လုပ်ငန်း)

ဇယား (၄.၈-၂) ဝန်ထမ်းစာရင်း (ဟိုတယ်လုပ်ငန်း)

စဉ်	**အဆင့်အတန်း**		**ဦးရေ**	**မှတ်ချက်**
၁	General Manager	၁၀-၁၂	၁	ဗဟိုမောက်ဒေသခံများကို ဦးစားပေးခန့်အပ်သွားမည် ဖြစ်ပါသည်။
၂	Head of Department	၄-၆	၈	
၃	Executives	၂.၅-၃	၈	
၄	Professional (Finance/Sale/Marketing/ Kitchen/Customer Service)	၂.၅-၃	၁၈	
၅	Technician (IT/M&E)	၂.၅-၃	၆	
၆	Consultant	၂၅	၁	
၇	Skilled Worker	၁.၈-၂	၈	
၈	General Worker	၁.၅	၄၀	
စုစုပေါင်း			၉၀ ဦး	

ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအတွက် ကုမ္ပဏီ အနေဖြင့် ဝန်ထမ်းစုစုပေါင်း (၉၀)ဦး အထိ ခန့်အပ်သွားမည်ဖြစ်ပြီး လစာငွေ အဖြစ် တစ်နှစ်လျှင် (၃၀၈၄) သိန်းအထိ အသုံးပြုသွားမည်ဖြစ်ပါသည်။ လုပ်ငန်းကို ပြည့်ဝစွာလည်ပတ်ချိန်တွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် စုစုပေါင်း ဝန်ထမ်း (၂၀၄)ဦးအတွက် လစာငွေ(၇၂၄၈)သိန်းကို နှစ်စဉ်သုံးစွဲသွားမည်ဖြစ်ပါသည်။ ဝန်ထမ်းများ၏ လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးတို့ကိုလည်း ကုမ္ပဏီမှ တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄.၉ စီမံကိန်းလုပ်ငန်းမှထွက်ရှိနိုင်သောပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှုများ

၄.၉.၁ စွန့်ပစ်ပစ္စည်း အရည်

စီမံကိန်းလုပ်ငန်းဧရိယာတွင် မှီတင်း၍ လုပ်ငန်းဆောင်ရွက်ကြမည့် ကုမ္ဗဏီဝန်ထမ်းများ၊ ဝန်ဆောင်မှု လုပ်ဆောင်မည့် အစိုးရဌာနဆိုင်ရာနှင့် အစိုးရမဟုတ်သော ဝန်ထမ်းများ၊ ဒေသခံဝန်ထမ်းနှင့် စျေးသည်များ၊ ခရီးသွား ပြည်သူများ အသုံးပြုသော စွန့်ပစ်ရေများ၊ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် စီမံကိန်းဧရိယာမှ ဖြတ်သန်း စီးဆင်းမည့်ရေ (Run-off water) စသည်တို့ ထွက်ရှိနိုင်ပါသည်။ စီမံကိန်းသို့ လာရောက်ကြမည့် ယာဉ်များ၏ သန့်စင်ဆေးကြောရေများ ထွက်ရှိနိုင်ပါသည်။

၄.၉.၂ စွန့်ပစ်ပစ္စည်း အစိုင်အခဲ

စီမံကိန်းလုပ်ငန်းသည် တောင်စောင်းမြေပြန့်နေရာတွင် ဆောင်ရွက်ခြင်းကြောင့် အပေါ်ယံမြေလွှာတစ်ချို့ ဖယ်ရှားမြေညှိခြင်း ဆောင်ရွက်ရသော်လည်း (Cut and Fill) ဆောင်ရွက်ရခြင်းကြောင့် စွန့်ပစ်မြေအစိုင်အခဲ၊ ကျောက်အစိုင်အခဲများ ထွက်ရှိခြင်း မရှိပါ။

၄.၉.၃ လေအရည်အသွေး

စီမံကိန်းလုပ်ငန်း၏ တည်ဆောင်ရေးကာလအတွင်း မြေဖို့မြေညှိခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ အဆောက်အဦများအတွက် မြေတူးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာမှ ဖုန်မှုန့်များ ပျံ့လွင့်ခြင်း၊ ယာဉ်ယန္တရားများ လုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် မီးခိုးအငွေ့များ ထုတ်လွှတ်ခြင်း ဖြစ်နိုင်ပါသည်။ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ချိန် ခရီးသွားရာသီ၌ ပြည်တွင်းပြည်ပ ခရီးသွားယာဉ်များ လာရောက်မှုကြောင့် လည်းကောင်း၊ ဖုန်မှုန့်များ၊ မီးခိုးငွေ့များ ထုတ်လွှတ်နိုင်ပါသည်။

၄.၉.၄ မြေအရည်အသွေး

စီမံကိန်းလုပ်ငန်းသည် မြေညှိမြေဖို့ ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးလမ်းများ တိုးချဲ့ ဖောက်လုပ်ခြင်း မှလွဲ၍ အပေါ်ယံမြေလွှာများ (Over Burden) ဖယ်ရှားခြင်း၊ အောက်ခံကျောက်များ တူးဖော်ခြင်း မရှိသောကြောင့် မြေဆီလွှာ ဆုံးရှုံးခြင်း၊ ARD/ AMD ဖြစ်ပွားနိုင်ခြင်း၊ မြေဆီလွှာတိုက်စား အနည်ကျခြင်းများ မရှိနိုင်သောကြောင့် မြေအရည်အသွေး ကျဆင်းနိုင်မှု မရှိပါ။

၄.၉.၅ ဆူညံသံ

စီမံကိန်းလုပ်ငန်းသည် ခရီးသွားလုပ်ငန်းကို အခြေခံခြင်းကြောင့် ခရီးသွားလာမှု များပြားသော ပွင့်လင်းရာသီချိန်တွင် ခရီးသွားပြည်သူများ၏ ယာဉ်များသွားလာမှုကြောင့် မြို့/ရွာများအတွင်း ဆူညံသံ အထိုက်အလျှောက် ဖြစ်ပေါ်စေနိုင်ပါသည်။

၄.၉.၆ အနှံ့အသက်

စီမံကိန်းလုပ်ငန်းသည် အနှံ့အသက်ဆိုးရွားသော ထုတ်ကုန်များ၊ ဓာတုဗေဒ ပစ္စည်းများ၊ အဆိပ်အတောက်ပစ္စည်းများ သုံးစွဲမည် မဟုတ်သဖြင့် ဆိုးရွားသော အခြေအနေမရှိနိုင်ပါ။ အများသုံး စွန့်ပစ် အစားအစာများနှင့် စွန့်ပစ်အမှိုက်များ စနစ်တကျ သိမ်းဆည်းခြင်းမရှိပါက အနှံ့အသက်ထွက်ရှိမှု ရှိနိုင်ပါသည်။

၄.၉.၇ စက်သုံးဆီနှင့်အင်ဂျင်ဝိုင်များ

စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသော စက်ယန္တယားနှင့် ယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရာမှ လည်းကောင်း၊ လုပ်ငန်းလည်ပတ်ရာတွင် အသုံးပြုသောယာဉ်များ၊ ခရီးသွားပြည်သူများ၏ မော်တော်ယာဉ်များ ပြုပြင်ထိန်းသိမ်းရာမှလည်းကောင်း၊ စက်သုံးဆီနှင့် အင်ဂျင်ဝိုင်များ ယိုဖိတ်ပြန့်လွင့်ခြင်း၊ စက်သုံးဆီအရောင်းဆိုင်မှ ဆီများယိုဖိတ်မှုဖြစ်ပေါ်ခြင်း စသည်များ ဖြစ်ပွားနိုင်ပါသည်။

၄.၁၀ စီမံကိန်းလုပ်ငန်းမှ ထွက်ရှိနိုင်သော စွန့်ပစ်ပစ္စည်းများ

စီမံကိန်းလုပ်ငန်းသည် လူအများခရီးသွားလာခြင်းကို အခြေခံသော လုပ်ငန်းဖြစ်ခြင်း၊ လူအများမှ ဝန်ဆောင်မှုပေးရခြင်းတို့ကြောင့် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း စွန့်ပစ်အမှိုက်များ ထွက်ရှိမှုများပြားနိုင်ပါသည်။ လူ့အသုံးအဆောင်စွန့်ပစ်အမှိုက်၊ စားသောက်ကုန်နှင့် ပလပ်စတစ်ပစ္စည်းများ၊ တစ်ခါသုံးကျန်းမာရေး ပစ္စည်းများ ထွက်ရှိနိုင်ပါသည်။ အန္တရာယ်ရှိနိုင်သော စွန့်ပစ်ပစ္စည်းများနှင့် အဆိပ်အတောက်စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု မဖြစ်နိုင်ပါ။

စီမံကိန်းတည်ဆောက်ရေးကာလတွင် စီမံကိန်းဇုန်(၄)ခုစလုံး၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ထွက်ရှိမည့်စွန့်ပစ်ပစ္စည်းများကို ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်သုံးစွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ရေများဟူ၍ အမျိုးအစား(၃) ခုခွဲထားပါသည်။ ဆောက်လုပ်ရေးကာလတွင်ထွက်ရှိသော သစ်သားများ၊ အကာအရံအပိုင်းအစများ၊ ပန်းရန်ပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ ပလတ်စတစ်များ၊ ကတ်ထူများ စသည်တို့ကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်း စွန့်ပစ်ပစ္စည်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အစည်းနှင့် ချိတ်ဆက်ကာ ထိုစွန့်ပစ်ပစ္စည်းများကို လာရောက်သိမ်းဆည်းစေခြင်းဖြင့် စွန့်ပစ်သွားမည်ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှထွက်ရှိသော စွန့်ပစ်ပစ္စည်းပမာဏကို အောက်ပါအတိုင်းတွက်ချက်ထားပါသည်။

ဤစီမံကိန်းသည် ကြီးမားသော မြို့ပြစီမံကိန်းဖြစ်သည့်အတွက် စီမံကိန်း၏ ဆောက်လုပ်ရေး လုပ်ငန်းခွင်များမှ (၁)လလျှင်ထွက်ရှိမည့် စွန့်ပစ်ပစ္စည်းပမာဏကို စုစုပေါင်း ၃၀၀၀(ကီလိုဂရမ်) ခန့်ရှိမည်ဟု ယူဆရပါသည်။ (၁)လ လျှင်ထွက်ရှိမည့် ဆောက်လုပ်ရေးလုပ်ငန်းထွက် စွန့်ပစ်ပစ္စည်းအမျိုးအစားများနှင့် စွန့်ပစ်ပစ္စည်း ပမာဏကို အောက်ပါဇယား အတိုင်းဖော်ပြအပ်ပါသည်။

ဇယား (၄.၁၀-၁) ဆောက်လုပ်ရေးလုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းပါဝင်မှု ရာခိုင်နှုန်းပြဇယား

စဉ်	ပစ္စည်းအမျိုးအစား (Materials)	ပါဝင်မှုရာခိုင်နှုန်း (Percentage)	ကီလိုဂရမ် (kilograms)
၁	သစ်သားများ	၄၆%	၁၃၈၀
၂	အကာအရံအပိုင်းအစများ	၂၁%	၆၃၀
၃	ပန်းရန်ပစ္စည်းများ	၁၄%	၄၂၀

၄	သတ္တုပစ္စည်းများ	၁%	၃၀
၅	ပလတ်စတစ်များ	၄%	၁၂၀
၆	ကတ်ထူများ	၉%	၂၇၀
၇	အခြားပစ္စည်းများ	၅%	၁၅၀
စုစုပေါင်း		၁၀၀%	၃၀၀၀

၄.၁၀.၁ တည်ဆောက်ရေးကာလ အိမ်သုံးစွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေထွက်ရှိမှုပမာဏ

အိမ်သုံးစွန့်ပစ်ပစ္စည်းများတွင် ယေဘူယျအားဖြင့် ပလတ်စတစ်များ၊ စာရွက်များ၊ အစားအစာ အကြွင်းအကျန်များနှင့် သံဘူးခွံများပါဝင်ပါသည်။ ထိုဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ ရုံးခန်းများ နှင့် အိမ်သာများမှ ထွက်ရှိသော အိမ်သုံးစွန့်ပစ်ပစ္စည်းများကို မြို့နယ်စည်ပင်သာယာမှ တစ်ပတ်လျှင် နှစ်ကြိမ်လာ ရောက်သိမ်းဆည်းမည်ဖြစ်ပါသည်။ လူတစ်ဦး၏ တစ်ရက်လျှင် ပျမ်းမျှစွန့်ပစ်ပစ္စည်း စွန့်ပစ်နှုန်းမှာ (၁.၁) ကီလိုဂရမ်မှ (၂.၂) ကီလိုဂရမ်အထိရှိနိုင်ပါသည်။ ဤခမိုးစန်း စီမံကိန်းတည်းဆောက်ရေးကာလတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ကြမည့် အင်ဂျင်နီယာများ၊ ရုံးဝန်ထမ်းများ၊ အလုပ်သမားများ စုစုပေါင်း (၁၂၆) ဦးရှိသောကြောင့် ဤစီမံကိန်းမှထွက်ရှိမည့် အိမ်သုံးစွန့်ပစ်ပစ္စည်းပမာဏမှာ (၁)ရက်လျှင် (၁၃၈.၆) ကီလိုဂရမ်မှ (၂၇၇.၂) ကီလိုဂရမ် အထိရှိနိုင်ပါသည်။ ဤစီမံကိန်း၏ ဆောက်လုပ်ရေးကာလဝန်ထမ်းများနှင့် အလုပ်သမားများ စုစုပေါင်းမှ (၁) ရက်လျှင် စွန့်ပစ်မည့် မိလ္လာရေနှင့်စွန့်ပစ်ရေပမာဏမှာ ၂၆၇၆ လီတာ(၆၁၀ ဂါလံ)ခန့်ရှိပါသည်။ စီမံကိန်းအတွင်း ရေဖြန်းခြင်း၊ ကားများရေဆေးခြင်း၊ ဘိလပ်မြေဖျော်ခြင်း၊ ကွန်ကရစ်များခင်းသည့်အချိန်တွင် ရေဖြန်းခြင်းနှင့် အုတ်စီခြင်းလုပ်ငန်းတို့မှ တစ်ရက်လျှင် အသုံးပြုမည့် ရေပမာဏမှာ ၃၀၀၀ လီတာ(၇၉၂ ဂါလံ) ခန့်ရှိပါသည်။ ထို့ကြောင့် ဆောက်လုပ်ရေးကာလတွင် ဤစီမံကိန်းမှ တစ်ရက်လျှင်ရေအသုံးပြုမှုပမာဏမှာ စုစုပေါင်း ၅၆၇၇ လီတာ(၁၄၀၂ ဂါလံ) ခန့်ရှိပါသည်။ စီမံကိန်းတည်ဆောက်ရေးကာလ အလုပ်သမားများဝန်ထမ်းများမှ (၁)ရက်လျှင် ထွက်ရှိသော အိမ်သုံးစွန့်ပစ်ပစ္စည်း အမျိုးအစားအလိုက် စွန့်ပစ်ပစ္စည်းခန့်မှန်းပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဇယား (၄.၁၀-၂) စီမံကိန်းတည်ဆောက်ရေးကာလ အိမ်သုံးစွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုပမာဏပြဇယား

စဉ်	စွန့်ပစ်ပစ္စည်းအမျိုးအစား	ဖော်ပြချက်	ခန့်မှန်းပမာဏ (ကီလိုဂရမ်)
၁	စာရွက်များ	ပရင့်စာရွက်၊သတင်းစာ၊မဂ္ဂဇင်း	၁၅.၄၅
၂	ကတ်ထူများ	စက္ကူကတ်ထူ၊ စက္ကူကတ်ပြားများ	၂၈.၂၉

၃	မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများ	အစားအစာအကြွင်းအကျန်များ၊ ဟင်းသီးဟင်းရွက်အကြွင်းအကျန်များ	၅၀.၄၅
၄	သတ္တုများ	သံ၊ အလူမီနီယမ်	၀.၁၃
၅	ပလတ်စတစ်များ	အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများ မပါဝင်သည့် ပလတ်စတစ်များ	၁၀.၈
၆	မှန်များ	အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများ မပါဝင်သည့် မှန်များ	၀.၄၉
၇	ကြွေထည်များ	တွင်းထွက်သတ္တုများ၊ မီးသီးများ	၅.၅
၈	ဓာတုပစ္စည်းများ	ဆပ်ပြာ၊ အလှကုန်အကြွင်းအကျန်များ	၀.၀၃
၉	လောင်ကျွမ်းစေနိုင်သော ပစ္စည်းများ	လျှပ်စစ်ပစ္စည်းများ၊ဘတ်ထရီများ	၁၅.၃၅
၁၀	တစ်ရှူး	တစ်ရှူးနှင့်အိမ်သာသုံးစက္ကူများ	၁၈.၇၅
		စုစုပေါင်း	၁၄၅.၂၄

၄.၁၀.၂ လုပ်ငန်းလည်ပတ်သည့်ကာလစွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေထွက်ရှိမှုပမာဏ

ဤခရီးယာဉ်ရပ်နားစခန်း၏ လုပ်ငန်းလည်ပတ်သည့်ကာလတွင် ကားရပ်နားစခန်း နှင့်ဆက်စပ် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးကြမည့် စီမံကိန်းဒါရိုက်တာ၊ အထွေထွေမန်နေဂျာ၊ လက်ထောက် မန်နေဂျာ၊ အိုင်တီပညာရှင်များ၊ အကြံပေးများ၊ အခြားကျွမ်းကျင်သူများ၊ အမှုဆောင်များ၊ ကျွမ်းကျင်လုပ်သား၊ အထွေထွေလုပ်သားများ အစရှိသည့် ဝန်ထမ်းများနှင့် အလုပ်သမားများ ပါဝင်ကြမည်ဖြစ်ပြီး စုစုပေါင်းဝန်ထမ်း နှင့်အလုပ်သမားအင်အားမှာ (၁၁၄)ဦးရှိပါသည်။ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများတွင် ဟိုတယ်လုပ်ငန်းမှလွဲ၍ ကျန်ဝန်ဆောင်မှုအားလုံးပါဝင်သည်ဟု သတ်မှတ်နိုင်ပါသည်။ ဟိုတယ်လုပ်ငန်းတွင် ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းအင်အားစာရင်းမှာ (၉၀) ဦးရှိပြီး အထွေထွေမန်နေဂျာ၊ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ သက်ဆိုင်ရာကျွမ်းကျင်သူများ၊ အိုင်တီပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ကျွမ်းကျင်လုပ်သားများနှင့် အထွေထွေလုပ်သားများ ပါဝင်ကြပါသည်။ ထို့ကြောင့်စီမံကိန်းလုပ်ငန်း လည်ပတ်သည့်ကာလတွင် ဤစီမံကိန်းတစ်ခုလုံး၏ ဝန်ထမ်းအင်အားပမာဏမှာ (၂၀၄)ဦးရှိမည်ဖြစ်ပြီး ထိုဝန်ထမ်းများအားလုံးမှ (၁)ရက်လျှင် စွန့်ပစ်မည့် ရေပမာဏနှင့် မိလ္လာရေပမာဏမှာ ၄၃၃၂ လီတာ(၉၈၈ ဂါလံ) ခန့်ရှိမည်ဖြစ်ပါသည်။ ထို့အပြင် ခရီးသွာရာသီတွင် ဧလုံတောင်ဘုရားသို့ လာရောက်ဖူးမျှော်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များလည်း ရှိလာမည်ဖြစ်ပြီး (၁)ရက်လျှင်စုစုပေါင်း ခရီးသွားဧည့်သည် (၁၅၀၀) ခန့် (Public area=1000+Hotel

zone=500) လာရောက်လည်ပတ်ကြမည်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ခရီးသွားရာသီ တွင် (November to April) ခမိုးယာဉ်ရပ်နားစခန်းနှင့် ဧလုံတောင်ဘုရားသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည် စုစုပေါင်း၏ (၁)ရက်လျှင် စွန်ပစ်သောရေနှင့် မိလ္လာရေပမာဏမှာ ၃၁၈၅၆ လီတာ (၇၂၆၄ ဂါလံ) ခန့်ရှိနိုင်ပါသည်။

ပုံ (၄.၁၀-၁) စီမံကိန်းဧရိယာအတွင်း ရေဆိုးစွန့်ထုတ်မည့် ပုံစံ



၄.၁၀.၃ လုပ်ငန်းလည်ပတ်သည့်ကာလ အိမ်သုံးစွန်ပစ်ပစ္စည်း (Domestic Waste) ထွက်ရှိမှုပမာဏ

ဤစီမံကိန်းတစ်ခုလုံးကို သက်ဆိုင်ရာလုပ်ငန်းသဘောသဘာဝပေါ်မူတည်၍ အများပြည်သူ တည်းခိုရာ ဧရိယာနှင့် ကားကြီး၊ကားသေး ယာဉ်ရပ်နားကွင်းတို့ပါဝင်သောဇုန် (Zone A)၊ စျေးဆိုင်တန်းများ၊ ညစျေးတန်း များ၊ဆိုင်ကယ်ရပ်နားရန်နေရာ၊ တောင်တက်ကားကွင်းတို့ ပါဝင်သောဇုန်(Zone B)၊ ဟိုတယ်ဇုန် (Zone C)၊ ပန်းခြံနှင့်ပျိုးဥယျာဉ်ဇုန် (Zone D) ဟူ၍ ဇုန် (၄) ခုခွဲခြား၍လည်ပတ်မည်ဖြစ်သောကြောင့် လုပ်ငန်းလည်ပတ်သည့်ကာလတွင် သက်ဆိုင်ရာစီမံကိန်းဇုန်အလိုက် ထွက်ရှိနိုင်မည့် အိမ်သုံးစွန့်ပစ်ပစ္စည်း ပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ခရီးသွားရာသီတွင် ဤခမိုးယာဉ်ရပ်နားစခန်းသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားပြည်သူ အရေအတွက်ပေါ်မူတည်၍ ဟိုတယ်ဇုန်တွင် လာရောက်တည်းခိုကြမည့် ခန့်မှန်းခရီးသွား အရေအတွက် (၅၀၀) ဦးနှင့် ဟိုတယ်ဝန်ထမ်း (၉၀) ဦး စုစုပေါင်း ခန့်မှန်း (၅၉၀) ဦးပေါ်အခြေခံကာ ဟိုတယ်ဇုန်(Zone C) မှထွက်ရှိမည့် ခန့်မှန်းစွန့်ပစ်ပစ္စည်းပမာဏ နှင့် အများပြည်သူတည်းခိုရာနေရာတွင် လာရောက်တည်းခိုကြမည့် ခန့်မှန်းခရီးသွားအရေအတွက် (၁၀၀၀)ဦး နှင့် ကားရပ်နားစခန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ

(ဟိုတယ်လုပ်ငန်းမှအပ) လုပ်ကိုင်မည့် ဝန်ထမ်းအင်အား(၁၁၄)ဦး စုစုပေါင်း(၁၁၁၄)ဦးခန့် ပေါ်မူတည်၍ အများပြည်သူတည်းခိုရာနေရာ (Zone A)၊ စျေးဆိုင်တန်းများဧရိယာ (Zone B) နှင့် ပန်းခြံနှင့်ပျိုးဥယျာဉ် (Zone D) တို့မှထွက်ရှိမည့် ခန့်မှန်းစွန့်ပစ်ပစ္စည်းပမာဏတို့ကို ခွဲခြားဖော်ပြသွားပါမည်။

ဇယား (၄.၁၀-၃) လုပ်ငန်းလည်ပတ်သည့်ကာလ အိမ်သုံးစွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုပမာဏပြဇယား

စဉ်	စွန့်ပစ်ပစ္စည်းအမျိုးအစား	Zone (A+B+D) (Public area+Garden) (ကီလိုဂရမ်)	Zone (C) (Hotel Zone) (ကီလိုဂရမ်)
၁	စာရွက်များ	၇၂.၃၄	၁၃၆.၅၉
၂	ကတ်ထူများ	၁၃၂.၄၆	၂၅၀.၁၂
၃	မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများ	၂၃၆.၂၃	၄၄၆.၀၄
၄	သတ္တုများ	၀.၆၀၈	၁.၁၄၉
၅	ပလတ်စတစ်များ	၅၀.၅၇	၉၅.၄၈
၆	မှန်များ	၂.၂၉	၄.၃၃
၇	ကြွေထည်များ	၂၅.၇၅	၄၈.၆၂
၈	ဓာတုပစ္စည်းများ	၀.၁၄	၀.၂၇
၉	လောင်ကျွမ်းစေနိုင်သောပစ္စည်းများ	၇၁.၈၇	၁၃၅.၇၁
၁၀	တစ်ရှူး	၈၇.၇၉	၁၆၅.၇၇
စုစုပေါင်း		**၆၈၀.၀၅**	**၁၂၈၄.၁**

၄.၁၀.၄ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမည့်စနစ်

ခမိုးစခန်းစီမံကိန်းလုပ်ငန်းသည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသည်များ လာရောက်မည့် နေရာဖြစ်သလို၊ လူအများမှ ဝန်ဆောင်မှုပေးမည့် နေရာဖြစ်ခြင်းကြောင့် လူသုံးစွန့်ပစ်အမှိုက် (Municipal Solid Waste) အများအပြားထွက်ရှိနိုင်သော နေရာဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် စီမံကိန်းဇုန် ဧရိယာအလိုက် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်ကို ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ပါဝင်သင့်သော စီမံခန့်ခွဲမှု လုပ်ငန်းစဉ်(Characteristics)များမှာ-

- လူတစ်ဦးခြင်းနှင့် အစုအဖွဲ့အလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် အမှိုက်စွန့်ပစ်မှုပမာဏ (Waste Generation)တွက်ချက်မှုနည်းလမ်းနှင့် ပညာပေးအစီအစဉ်များ၊

- အမှိုက်အိတ်နှင့် အမှိုက်ပုံးများ (စက္ကူနှင့် ကတ္တူ/ သံဗူးနှင့် ပုလင်းများ၊ လျှပ်စစ်ပစ္စည်းနှင့် သံထည်ပစ္စည်းများ) ခွဲခြားထားရှိထိန်းသိမ်းရေး အစီအမံများ(Onsite Storage and Handling)
- ဓာတ်ပြုအရည်များ စိမ့်ထွက်နိုင်သော စားကြွင်းစားကျန်နှင့် အမှိုက်စိုများအတွက် သီးခြားအမှိုက်ကန်များ၊
- စွန့်ပစ်အမှိုက် စုဆောင်းသိမ်းဆည်းစနစ်၊(Waste Collection)
- ခွဲခြားခြင်းစနစ်၊ ပြန်လည်အသုံးပြုနိုင်မှု စနစ်နှင့် ရွှေ့ပြောင်းသယ်ဆောင်မည့် စနစ်များ(Waste Transfer/Transportation)
- နောက်ဆုံးစွန့်ပစ်မည့်နေရာနှင့်စွန့်ပစ်ဖျက်ဆီးမည့်နည်းလမ်းများ(မီးရှို့ခြင်း၊ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ Landfill ပြုလုပ်ခြင်း) မြေအရည်အသွေးနှင့် မြေအောက်ရေ အရည်အသွေးကို မထိခိုက်စေဘဲ ရေရှည်တည်တန့်ကောင်းမွန်သော စွန့်ပစ်မှု အစီအစဉ်များ ချမှတ်ထားရမည် ဖြစ်ပါသည်(Waste processing and recovery)
- စွန့်ပစ်အမှိုက်များအား လျှော့ချခြင်း (Reduce)၊ ပြန်လည်အသုံးပြုခြင်း (Reuse)၊ ပြောင်းလဲပြင်ဆင်အသုံးပြုခြင်း (Recycle)၊ စွမ်းအင်အဖြစ် ပြောင်းလဲခြင်း (Energy Recovery) နှင့် နောက်ဆုံးစွန့်ပစ်ခြင်း (Final Disposal) စသည့် အဆင့်ဆင့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည် ဖော်ရပါမည်။

ပုံ (၄.၁၀-၂) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမည့် စနစ်

၄.၁၁ အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ နှင့် စီမံကိန်းအား အတည်ပြုရွေးချယ်ရသော အကြောင်းအရင်း

၄.၁၁.၁ စီမံကိန်းတည်နေရာရွေးချယ်ခြင်း

စီမံကိန်းပိုင်ရှင်ဖြစ်သော TerrainCo.,Ltd နှင့် ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးကော်မတီတို့သည် ခမိုးကျေးရွာအနီးရှိ မြေလွတ်မြေရိုင်းအမျိုးအစား တောင်စောင်းကုန်းပြန့်နေရာအား ကာကွယ်ထိန်းသိမ်းထားသော တောရိုင်းတိရိစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ထားသည့်နေရာ၊ ရေးဟောင်းသမိုင်းဝင် အထိမ်းအမှတ်နေရာများ၊ မြို့/ ရွာလူထုများ သောက်သုံးရေရယူသော ရေကန်နှင့် ဆည်တမံများ၊ အဓိကစိုက်ပျိုးသီးနှံထုတ်လုပ်သောနေရာများ၊ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ထားသောနေရာများ နှင့် မြေယာဆိုင်ရာအငြင်းပွားမှု

လွတ်ကင်းသောနေရာများကို ရွေးချယ်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ အခြားဆောင်ရွက်ရန်နေရာ (၃)နေရာရှိပါသည်။ ၎င်းနေရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၄.၁၁.၁.၁ ဗန်းမောက်မြို့ အရှေ့မြောက်ဘက် ၂၄° ၂၄' ၃၁.၉၃" N ၉၅° ၅၁' ၁၄.၈၄" E ကွင်းပြန့်နေရာ။

ယင်းနေရာသည် ဗန်းမောက်မြို့ဧရိယာနှင့် လွန်စွာနီးကပ်မှုရှိခြင်းကြောင့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ ပြဿနာဖြစ်ပွားနိုင်ခြင်း၊ မြို့ဧရိယာတိုးချဲ့လာသည့်အချိန်တွင် နေရာကျဉ်းမြောင်း ကျပ်တည်းမှု ဖြစ်ပေါ်နိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ရေများ စီမံခန့်ခွဲရန် ခက်ခဲခြင်း၊ မော်တော်ယာဉ်များ ဝင်/ထွက်သွားလာမှုကြောင့် ဆူညံသံများ၊ လေထုညစ်ညမ်းမှု၊ မြေပေါ်ရေညစ်ညမ်းမှုများ၏ သက်ရောက်မှု ပိုမိုဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ဗန်းမောက်မြို့အနီးဝန်းကျင်ရှိ လယ်ယာစိုက်ပျိုးမြေများ ထိခိုက်ပျက်စီးခြင်း၊ မြို့အတွင်း ယာဉ်များဝင်ထွက်သွားလာမှု ကျပ်တည်းခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၁၁.၁.၂ လေးသီကျေးရွာအနောက်ဘက်တောင်ကုန်းပြန့် ၂၄° ၂၅' ၅၅.၁၁" N ၉၅° ၅၁' ၃၁.၃၂" E နေရာ။

ယင်းနေရာသည် ဗန်းမောက်မြို့၏ အရှေ့မြောက်ဘက် (၃) မိုင်ခန့် အကွာတွင်တည်ရှိပြီး လေးသီကျေးရွာနှင့် ခမိုးရွာကြား ကားလမ်းကြားတွင် တည်ရှိပါသည်။ မြေမျက်နှာပြင် ပြန့်ပြူး၍ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သော်လည်း ခမိုးချောင်းနှင့် လွန်စွာနီးကပ်မှုရှိခြင်း၊ လေးသီကျေးရွာ အနီးတစ်ဝိုက်ရှိ လယ်မြေ၊ ယာမြေများ၏အလယ်တွင် ကျရောက်နေခြင်း၊ နောင်အနာဂတ်ကာလတွင် ထပ်မံလိုအပ်လာပါက စီမံကိန်းဧရိယာတိုးချဲ့ရန် ခက်ခဲမှုရှိနိုင်ခြင်းတို့ တွေ့ရှိရပါသည်။

၄.၁၁.၁.၃ ရွှေညောင်ပင်စခန်း၊ 24° 26' 24.14"N ၉၅° ၄၈' ၅၃.၂၀" Eနေရာ။

ယင်းနေရာသည် ဗန်းမောက်မြို့၏ အနောက်မြောက်ဘက် (၆)မိုင်ခန့်အကွာ၊ ခမိုးကျေးရွာနှင့် (၃)မိုင်ခန့်အကွာ၊ ဧလုံတောင်အတက်အဆင်းကားများ ရပ်နားရန် အဆင်ပြေသော်ငြားလည်း ရပ်ဝေးမှ လာရောက်သော ဧည့်သည်ယာဉ်များ၊ လူများအတွက် မြို့၊ ရွာနှင့် လွန်စွာဝေးကွာသောကြောင့် တည်းခို နေထိုင်ရန်၊ ဝန်ဆောင်မှုများရရှိရန် ခက်ခဲသောနေရာ ဖြစ်ပါသည်။ တောရိုင်းမြေများ၊ တောင်တန်းများနှင့် လွန်စွာနီးကပ်မှုရှိသောကြောင့် သဘာဝပေါက်ပင်များ၊ တောရိုင်းတိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများအတွက် ထိခိုက်မှုရှိနိုင်ပါသည်။ ခမိုးချောင်းနှင့် နီးကပ်မှုရှိသဖြင့် မြေပေါ်ရေညစ်ညမ်းမှု ဖြစ်ပေါ်နိုင်သော အခြေအနေများ တွေ့ရှိရပါသည်။ ဒေသခံများ၏ လယ်ယာမြေများကိုအသုံးပြုရမည့် အခြေအနေရှိပါသည်။

၄.၁၁.၂ စီမံကိန်းတည်ဆောက်မှု နည်းပညာနှင့် အသုံးပြုပစ္စည်းများရွေးချယ်ခြင်း

စီမံကိန်းဇုန်အား ဇုန်(၄)ဇုန် ခွဲခြားတည်ဆောက်သွားရန်လျာထားပြီး ဇုန်(D) မှလွဲ၍ ကျန်ဇုန်တို့တွင် စာပိုဒ် (၄.၃.၂)တွင် ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ အခိုင်အမာအဆောက်အဦများ ဆောက်လုပ် အသုံးပြုသွားနိုင်မည် ဖြစ်ပါသည်။ ဇုန် (D) သည် အများပြည်သူများ အပန်းဖြေအနားယူရန်နှင့် စိမ်းလန်းစိုပြေရေးကို ဦးစားပေးမည့် ပန်းခြံ၊ (Green Space Zone) အဖြစ် ပြုပြင်တည်ဆောက်သွားမည် ဖြစ်ပါသည်။ ကျန်အဆောက်အဦများ ဆောက်လုပ်မည့်ဇုန်များတွင် အကြိုတည်ဆောက်ရေးကာလ ရှေ့ပြေးတည်ဆောက်ခဲ့သော ယာယီတည်းခိုဆောင်များမှလွဲ၍ သစ်တောထွက်ပစ္စည်း (သစ်၊ဝါး)

သုံးစွဲမှုအားလျော့ချရန် ရည်ရွယ်လျက် သံကူကွန်ကရစ် နှင့် သံဖရိန်များ အသုံးပြုမှုအများဆုံး (၂)ထပ် အဆောက်အဦများသာ တည်ဆောက်မည်ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီရေးအတွက် မန္တလေးမြို့ရှိ ဆောက်လုပ်ရေးများတွင် အတွေ့အကြုံရှိသော Shwe Myanmar Star Co., Ltd သို့ လုပ်ငန်းအပ်နှံ၍ အရည်အသွေးစစ်ဆေးရေးလုပ်ငန်း (Quality Control) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တည်ဆောက်မှုအတွက် အဓိကကျသော သဲနှင့် ကျောက်များကို မြို့ရွာများ အနီးမှ ထုတ်ယူမည်မဟုတ်ဘဲ သဲနှင့် နှုန်းအနယ်ပို့ချမှုများသော မဲဇာချောင်းအတွင်း 24° 22’ 24.59” N၊ 95° 56’ 09.59” E မှလည်းကောင်း၊ ကျောက်များကို ဗန်းမောက်မြို့နယ် နှင့် အင်းတော်မြို့နယ်စပ် ကျောက်မဲတောင် 24° 19’ 28.26” N 96° 00’ 32.15” E တို့မှ ထုတ်ယူအသုံးပြုသွားမည်ဖြစ်ပါသည်။

၄.၁၁.၃ လုပ်ငန်းလည်ပတ်ခြင်းနည်းလမ်းများရွေးချယ်ခြင်း

စီမံကိန်းအား တည်ဆောက်အကောင်အထည်ဖော်မည့် ကုမ္ပဏီသည် အစိမ်းရောင် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အလေးထားသော မူဝါဒကို အခြေခံ၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေမည့် လုပ်ငန်းများကို ရှောင်လွှဲဆောင်ရွက်သွားရန်စီမံထားပါသည်။

စီမံကိန်းမှ အခိုးအငွေ့များကို ထွက်ရှိစေသော စွန့်ပစ်အမှိုက်များမီးရှို့ခြင်းနှင့် အနံ့အသက်များ ထွက်ရှိစေသော၊ အက်ဆစ်နှင့် အဆိပ်အတောက်ဖြစ်စေသည့် အရည်များ စွန့်ပစ်သောလုပ်ငန်းများကို ရှောင်ရှားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ခရီးသွားပြည်သူလူထုများမှ စွန့်ပစ်သောရေနှင့် အမှိုက်များ၊ ယာဉ်သွားလာမှုကြောင့် ဆူညံသံနှင့် အမှုန်အမွှားများ အသင့်အတင့်ထွက်ရှိနိုင်ကြောင်း တွက်ဆ၍ မြို့ရွာလူနေရပ်ကွက်များနှင့် ဝေးကွာသောနေရာကိုရွေးချယ်၍ စနစ်တကျဖြစ်စေမည့် လျှော့ချရေးနည်းလမ်းများကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းအဆင့်တွင် စီမံကိန်းဧရိယာ အလိုက် စီမံခန့်ခွဲမှုစနစ်ကောင်းမွန်စေရေး၊ ဘေးအန္တရာယ်များကင်းရှင်းစေရေး၊ ပတ်ဝန်းကျင်အရည်အသွေး ကျဆင်းမှုမရှိစေရေးအတွက် တာရိန်းကုမ္ပဏီ၏ စီမံခန့်ခွဲမှုလုပ်ငန်း၊ ဗန်းမောက်မြို့နယ်၏ စည်ပင်သာယာရေး အဖွဲ့မှ စီမံခန့်ခွဲမှုလုပ်ငန်း၊ ဆပ်ကန်ထရိုက်တာများ၏ စီမံခန့်ခွဲမှု လုပ်ငန်းများ စသည်ဖြင့် လုပ်ငန်းအမျိုးအစားနှင့် ပမာဏပေါ်မူတည်၍ တာဝန်ခွဲခြား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄.၁၁.၄ စွမ်းအင်အသုံးပြုခြင်းဆိုင်ရာ နည်းလမ်းရွေးချယ်ခြင်း

ဧလုံတောင်ဒေသဖွံ့ဖြိုးရေးနှင့် ဗန်းမောက်မြို့နယ် ဒေသဖွံ့ဖြိုးရေးတို့အတွက် မဟာဓာတ်အားလိုင်း (National Power Gridline) ရောက်ရှိပြီးဖြစ်၍ ဗန်းမောက်မြို့နယ်အတွင်း မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှ (၃၃/၁၁) ၅-အမ်ဗီအေ ဓာတ်အားခွဲရုံ တည်ဆောက်အသုံးပြုနေပြီ ဖြစ်ပါသည်။ ခမိုးကျေးရွာ အတွင်း ၁၀၀ကေဗီအေ ထရန်စဖော်မာတစ်လုံး၊ ခမိုးစခန်းအတွင်း ၂၀၀ ကေဗီအေ ထရန်စဖော်မာ နှစ်လုံး တပ်ဆင်ထားပြီး ဖြစ်ပါသည်။ ယင်းထရန်စဖော်မာများမှ ဓာတ်အားလိုင်း သွယ်တန်းအသုံးပြုမည်ဖြစ်ပြီး ဓာတ်အား လျှော့နည်းမှု၊ ပြတ်တောက်မှုများအတွက် (၂၀၀) ကေဗီအေ မီးစက်တစ်လုံး အရံထားရှိ အသုံးပြုသွားမည် ဖြစ်ပါသည်။ တည်ဆောက်ရေးကာလ အသုံးပြုသော စက်၊ ယာဉ်၊ ယန္တရားများအတွက်

ဒီဇယ်ဆီကို အသုံးပြုမည်ဖြစ်ပြီး ဗန်းမောက်မြို့ရှိ စက်သုံးဆီဆိုင်များမှ ဝယ်ယူအသုံးပြုသွားပါမည်။ တာရိန်းကုမ္ဍဏီအနေဖြင့် စီမံကိန်းလုပ်ငန်းတစ်ခုလုံးမှ လျှပ်စစ်စွမ်းအင်လိုအပ်ချက်များ၊ အသုံးပြုမှုများ လျော့ချရေးတို့အတွက် ဆိုလာစွမ်းအင်နည်းပညာကို တစ်စိတ်တစ်ပိုင်းအနေဖြင့် အသုံးပြုသွားရန် စဉ်းစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄.၁၁.၅ ရေစွမ်းအင်၊ စက်သုံးဆီလိုအပ်ချက်နှင့် ဖြည့်စည်းမှုနည်းလမ်းရွေးချယ်ခြင်း

စီမံကိန်းလုပ်ငန်း၏ ဧရိယာသည် လွန်စွာကြီးမားကျယ်ပြန့်မှု မရှိသော်လည်း ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများအား ဆွဲဆောင်မှုရှိသော နေရာဖြစ်သဖြင့် ခရီးသွားရာသီကာလများတွင် ခရီးသွား ဧည့်သည် များပြားခြင်း၊ ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းများ များပြားနိုင်ခြင်းတို့ကြောင့် ရေ၊ စွမ်းအင်နှင့် စက်သုံးဆီသုံးစွဲမှု များပြားနိုင်သော အလားအလာရှိနေပါသည်။ ထိုသို့လိုအပ်ချက်ကို ဖြည့်ဆည်းသုံးစွဲသည့် အခါ စီမံခန့်ခွဲသူများ၊ ဝန်ထမ်းလုပ်သားများ၊ ယာဉ်၊စက်မောင်းနှင်သူများ အနေဖြင့် တတ်နိုင်သ၍ အနည်းဆုံးဖြစ်အောင် ခြိုးခြံသုံးစွဲခြင်းစနစ်ကို ချမှတ်ဆောင်ရွက်ပါမည်။ ယင်းအပြင် ကုမ္ဍဏီအနေဖြင့် (Reduce, Reuse, Recycle) နည်းလမ်းများကို အသုံးပြု၍ လျော့ချနိုင်ရေး စီမံဆောင်ရွက်ပါမည်။

၄.၁၁.၆ အသေးစိတ်ဆောင်ရွက်ချက်များအတွက် နည်းလမ်းရွေးချယ်ခြင်း

တာရိန်းကုမ္ဍဏီသည် အမှန်တစ်ကယ် လုပ်ငန်းလည်ပတ်ဆောင်ရွက်ချိန်တွင် သာမန်ဧလေ့ထုံးစံ အတိုင်း သမားရိုးကျနည်းလမ်းများ ဆောင်ရွက်ခြင်းအစား ကုမ္ဍဏီဝန်ထမ်းများ၊ အခြားဆက်စပ် ကန်ထရိုက်တာဝန်ထမ်းများ၊ ဒေသခံလုပ်သားများ၊ ဒေသခံပြည်သူလူထုများအား ပတ်ဝန်းကျင်ထိန်းသိမ်းမှု ဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အသိပညာများ၊ ကောင်းမွန်သော လုပ်ငန်းခွင်ဆိုင်ရာ နည်းစနစ်များကို အသိပညာပေးခြင်း၊ သင်ကြားလေ့ကျင့်ပေးခြင်း၊ ကွပ်ကဲကြီးကြပ်ခြင်း များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄.၁၁.၇ စီမံကိန်း (လုံးဝ) မဆောင်ရွက်ခြင်းနည်းလမ်း

ဧလုံတောင်ဘုရားနှင့် ဗန်းမောက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦဖြစ်သော ခမိုးစခန်းစီမံကိန်းကို တာရိန်းကုမ္ဍဏီလီမိတက်မှ ငွေကြေးအရင်းအနှီး ကျပ်သန်း (၉၃၁၈.၃၈၂)ခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဖြစ်ရာ ဒေသတွင်းစီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် လမ်းပန်းဆက်သွယ်ရေး၊ ဒေသထွက်ကုန်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဟန်ချက်ညီတိုးတက်နိုင်သော အလားအလာများရှိသော်လည်း စီမံကိန်း လုံးဝမဆောင်ရွက်ပါက ဖော်ပြပါအခွင့်အလမ်းများ ဆုံးရှုံးသွားမည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းအား လုံးဝဆောင်ရွက်ခြင်းမပြုပါက တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုမည့် ဒေသခံဝန်ထမ်း (၃၄၆)ဦး၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကာလတွင် အသုံးပြုမည့် ဟိုတယ်ဝန်ထမ်း (၉၀)ဦး၊ ဒေသခံပြည်သူဝန်ထမ်း (၁၁၄)ဦး၊ စုစုပေါင်း ဝန်ထမ်း(၅၅၀)ခန့် အခွင့်အလမ်းဆုံးရှုံးမည်ဖြစ်ပြီး ခရီးသွားဝန်ဆောင်မှုဆိုင်ရာ အလုပ်အကိုင်များ ၊ ဆက်စပ်ဝန်ဆောင်မှုနှင့် စျေးရောင်းစျေးဝယ်အလုပ်အကိုင်များစွာ ဆုံးရှုံးနိုင်ပါသည်။ စီမံကိန်းလုံးဝဆောင်ရွက်ခြင်းမပြုပါက ဒေသတွင်းရှိ ဘက်စုံစီးပွားရေးကို မြှင့်တင်ပေးနိုင်မည့် ရေရှည်ကာလ

အကျိုးစီးပွားဖြစ်ထွန်းစေမည့် လုပ်ငန်းကြီးတစ်ခု ဆုံးရှုံးသွားမည်ဖြစ်ပါသည်။ ၎င်းအပြင် ကနဦးရင်းနှီးမြှုပ်နှံမှု (၈၃၁၈.၃၈၂)သန်းအတွက် နိုင်ငံတော်မှရရှိမည့် ဝင်ငွေခွန်နှင့် လုပ်ငန်းလည်ပတ်ခြင်းမှရရှိသည့် ကုန်သွယ်လုပ်ငန်းအခွန်ငွေများ၊ နှစ်စဉ်ထပ်မံရရှိလာမည့် ဝင်ငွေခွန်နှင့် အခြားအခွန်အခများ၊ ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံရရှိမည့် အခြားလုပ်ငန်းလိုင်စင် အခွန်အခများ၊ ဧလုံတောင်ဘုရားသို့ သယ်ယူပို့ဆောင်မှုလုပ်ငန်းမှ ရရှိမည့် စည်ပင်သာယာဌာနမှ ဝင်ငွေများအားလုံး ဆုံးရှုံးမည့် အခြေအနေဖြစ်ပါသည်။ ထပ်မံ၍ B.O.T စာချုပ်အရ စီမံကိန်းမှရရှိမည့် အသားတင် အမြတ်ငွေ၏ ၂%နှင့် ညီမျှသော (CSR) ရန်ပုံငွေများ၊ တာရိန်းကုမ္ပဏီမှ ဖြစ်မြောက်နိုင်စွမ်းလေ့လာဆောင်ရွက်မည့် ဧလုံတောင် အတက်အဆင်းကားလမ်းစီမံကိန်းများ စသည့်ဒေသဖွံ့ဖြိုးရေးအတွက် ဆုံးရှုံးမှုများရှိပါသည်။

၄.၁၁.၈ နောက်ဆုံးအတည်ပြုရွေးချယ်မည့်နည်းလမ်းနှင့် ရွေးချယ်ရသည့်အကြောင်းအရင်း

တာရိန်းကုမ္ပဏီသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုကို ခံယူလျက် ဗန်းမောက်မြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် ဆွေးနွေးညှိနှိုင်းကာ စီမံကိန်းတည်နေရာအား လေးသီကျေးရွာအုပ်စု ခမိုးကျေးရွာအနီး တောင်ကုန်းပြန့်နေရာ (24° 25’ 42.00”N 95° 50’ 28.57”E) ကို အတည်ပြုရွေးချယ်ခဲ့ပါသည်။ ယင်းနေရာသည် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု အကြောင်းတရားများ အနည်းဆုံးဖြစ်နိုင်ပြီး လမ်းပန်းဆက်သွယ်မှုနှင့် အခြေခံအဆောက်အဦများအတွက် တည်ဆောက်ပြုပြင်ရလွယ်ကူပါသည်။ ဧလုံတောင်ခြေရှိ သဘာဝတောရိုင်းမြေများနှင့်လည်းကောင်း၊ ခမိုးချောင်းနှင့်လည်းကောင်း သင့်တင့်သောအကွာအဝေးတွင်ရှိသဖြင့် ပတ်ဝန်းကျင်သက်ရောက်မှုများ နည်းပါးနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းတည်ဆောက်မှုနည်းပညာများအနေဖြင့် မြေဧက (၃၁.၅၃)ဧကအပေါ်တွင် ဇုန်(၄)ဇုန် ခွဲခြားကာ ဇုန်တစ်ခုခြင်း၏ ပါဝင်ရမည့်စီးပွားရေးအရ လိုအပ်ချက်များ၊ ဝန်ဆောင်မှုအရ လိုအပ်ချက်များ၊ စီမံခန့်ခွဲမှုလိုအပ်ချက်များ၊ အခြေခံအဆောက်အဦဆိုင်ရာ လိုအပ်ချက်များ ပါဝင်ဖွဲ့စည်းနိုင်သည့် မြေဧရိယာရှိခြင်း၊ ယာဉ်ကြောပိတ်ဆို့ကြပ်တည်းမှုကို ဖြေရှင်းနိုင်မည့် အဝင်လမ်း၊ အထွက်လမ်းသီးခြားတည်ဆောက်နိုင်ခြင်း၊ အဝေးပြေးယာဉ်ကြီးယာဉ်ငယ်ရပ်နားကွင်း၊ တောင်တက်တောင်ဆင်းယာဉ်ရပ်နားကွင်း၊ ကိုယ်ပိုင်ယာဉ်ရပ်နားကွင်း၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ယာဉ်ပြင်အလုပ်ရုံများ စသည်ဖြင့် စနစ်တကျ နေရာချထားတည်ဆောက်နိုင်ခြင်း၊ ပြည်သူလူထုအပန်းဖြေအနားယူနိုင်သော မြင်ကွင်းပသာဒကို ဖန်တီးဖော်ဆောင်နိုင်ခြင်း၊ လူနေထူထပ်မှု အလားအလာရှိသဖြင့် မြို့ရွာဧရိယာနှင့် (၃)မိုင်ခန့်ကွာဝေးခြင်း၊ စသည့် အကျိုးကျေးဇူးများရှိသဖြင့် ခမိုးစခန်းအား အတည်ပြုရွေးချယ်ရခြင်း ဖြစ်ပါသည်။

အခန်း(၅)

သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်တို့ကိုရှင်းလင်းဖော်ပြချက်

၅.၁ နိဒါန်း

စီမံကိန်းဧရိယာဖြစ်သော ဗန်းမောက်မြို့၊ လေးသီကျေးရွာအုပ်စုနှင့် ခမိုးကျေးရွာတစ်ဝိုက်ရှိ EIA လေ့လာမှု ဧရိယာ၏ လက်ရှိသဘာဝနှင့် လူမှုဆိုင်ရာ ပတ်ဝန်းကျင်တို့အတွက် အခြေပြု အချက်အလက်များကို ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝပိုင်းဆိုင်ရာ၊ လူမှုစီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် မြင်ကွင်းပသာဒဆိုင်ရာများ အကြမ်းဖျင်း ဖော်ထုတ်လေ့လာတင်ပြသွားပါမည်။

၅.၂ စီမံကိန်းဧရိယာ၏အုပ်ချုပ်ရေးယန္တရား

ဗန်းမောက်မြို့နယ်၊ ဧလုံတောင်ဒေသ ဖွံ့ဖြိုးရေး၊ ခမိုးစခန်း စီမံကိန်းအတွက် စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာချုပ်တို့မှ ဦးစီးစီမံကွပ်ကဲခဲ့ပါသည်။ လုပ်ငန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် ဗန်းမောက်မြို့နယ် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ အမှုဆောင် အရာရှိ နှင့် Terrain Co., Ltd မှ အုပ်ချုပ်မှု ဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့မှ အသေးစိတ်အစီအမံများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ တည်ဆောင်ရေးလုပ်ငန်းအဆင့်များနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း အဆင့်များတွင် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ် သွားမည် ဖြစ်ပါသည်။

၅.၃ စီမံကိန်းဧရိယာ၏ရူပဆိုင်ရာပတ်ဝန်းကျင်

၅.၃.၁ မြေမျက်နှာသွင်ပြင်

ဗန်းမောက်မြို့နယ်သည် တောင်ကုန်းတောင်တန်းပေါများပြီး မြေပြန့်လွင်ပြင်နည်းပါး၍ ချောင်းများရှိသည်။ ဗန်းမောက်မြို့နယ်သည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခု ဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းများမှာ ဗန်းမောက်ချောင်း၊ ခေါပုတ်ချောင်း၊ ချောင်းကြီးချောင်း၊ ကတောင်ချောင်း၊ ဆင်သေချောင်း၊ မံယူးကြီးချောင်း၊ နန့်မိုချောင်း၊ ခမိုးချောင်း၊ မဲဇာချောင်း၊ မူးမြစ်ဖျား၊ နန့်ကျင်ချောင်း၊ နန့်မားချောင်း၊ နန့်ခမ်းချောင်း၊ မံကပ်ချောင်း၊ တောင်ချောင်း၊ ပင့်ဆင်တဲချောင်းတို့ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေး သောက်သုံးရေ အဖြစ် အသုံးပြုနိုင်သည်။ ချောင်းကြီးချောင်းနှင့် မူးမြစ်များသည် မိုးတွင်းကာလများတွင် စက်လှေများသွားလာနိုင်သော မြစ်များဖြစ်ပါသည်။ ဗန်းမောက်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် (၅၀၀)ပေ မှ (၇၀၀)ပေ အတွင်းတွင် တည်ရှိပြီး အရှေ့ဘက်တွင် အင်းတော်မြို့နယ်၊ တောင်ဘက်တွင် ဝန်းသိုမြို့နယ်နှင့် ပင်လယ်ဘူးမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျက်ရှိပါသည်။

ပုံ (၅.၃-၁) စီမံကိန်းဧရိယာ၏ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း





၅.၃.၂ ယာဉ်သွားလာမှုဆိုင်ရာပဏာမလေ့လာခြင်း

ယာဉ်ကြောဆိုင်ရာလေ့လာခြင်း၏ ရည်ရွယ်ချက်မှာ အနာဂတ်တွင် ဤဧလုံတောင် ခမိုးယာဉ်ရပ်နားစခန်း စီမံကိန်းအကောင်အထည်ဖော်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ယာဉ်ဝင်ထွက်သွားလာမှု နှုန်းကို ခန့်မှန်းနိုင်ရန်နှင့် စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်အပေါ် ယာဉ်ကြောဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ရန်၊ ဆန်းစစ်ပြီးနောက် ထိုသက်ရောက်မှုများကို လျှော့ချရန်အတွက် ဖြစ်ပါသည်။

၅.၃.၂.၁ ဆန်းစစ်မည့်နည်းလမ်း

EIA လုပ်ဆောင်သည့်အခါတွင် လေ့လာရန်သတ်မှတ်ထားသည့် ဧရိယာအတွင်းရှိ ယာဉ်သွား လာရန်လမ်းကြောင်းများနှင့် လမ်းဆုံလမ်းခွများတွင် ယာဉ်သွားလာမှုလုပ်ငန်း အခြေအနေများကို လက်ရှိ အခြေအနေနှင့် အနာဂတ်အခြေအနေအပေါ်မူတည်၍ "အဝေးပြေးလမ်း ယာဉ်သွားလာမှု လက်စွဲစာအုပ် (Highway Capacity Manual 2010)" ပါ လမ်းညွှန်ချက်များနှင့်အညီ တွက်ချက်မှုများ၊ စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ပြီး ဆန်းစစ်လေ့လာသွားမည်ဖြစ်ပါသည်။

၅.၃.၂.၂ လက်ရှိအခြေအနေအပေါ်ပမာဏဆန်းစစ်ခြင်း

၅.၃.၂.၂.၁ စီမံကိန်းတည်နေရာ

စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် လေးသီကျေးရွာ အုပ်စု အတွင်းရှိ ခမိုးကျေးရွာ၊ ကွင်းအမှတ် (O.S.S.) ကြေးတိုင်ပြင်ကွင်း တွင် တည်ရှိပါသည်။ စုစုပေါင်း အကျယ်အဝန်းများ (၃၁.၅၃) ဧကဖြစ်ပြီး စီမံကိန်းတွင် ယာဉ်ရပ်နားစခန်း၊ ဟိုတယ်ဧုန်နှင့် ပန်းခြံ ပျိုးဥယျာဉ်တို့ ပါဝင်ပါသည်။ စီမံကိန်းတည်နေရာမှာ လေးသီကျေးရွာအုပ်စု ခမိုးကျေးရွာအနီး တောင်ကုန်းပြန့်နေရာ (24° 25' 42.00"N 95° 50' 28.57"E) ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်းတည်နေရာမှာ တန်ခိုးကြီး ဧလုံတောင်တော်စေတီနှင့် (၁၄ ကီလိုမီတာ) အကွာတွင်တည်ရှိပြီး ယာဉ်ရပ်နားစခန်းဧရိယာတွင် ပြင်ပမှ လာရောက်သော ယာဉ်ကြီးယာဉ်ငယ်များရပ်နားကွင်း၊ ဧလုံတောင်တက် တောင်ဆင်း ယာဉ်နားကွင်း၊ စားသောက်ဆိုင်၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင် နှင့် သာမန် တည်းခိုဆောင်များပါဝင်ပါသည်။

၅.၃.၂.၂.၂ စီမံကိန်းသို့အဝင်အထွက်လမ်းကြောင်းများ

ခမိုးယာဉ်ရပ်နားစခန်း စီမံကိန်းတည်နေရာသည် ခမိုးကျေးရွာနှင့်မျက်နှာချင်းဆိုင်တည့်တည့် အနေအထားတွင်တည်ရှိပြီး စီမံကိန်း၏အဓိက အဝင်အထွက်လမ်းမှာ ခမိုးရွာနှင့် ဗန်းမောက်မြို့ကို ဆက်သွယ်ထားသောလမ်း (တနည်းအားဖြင့် ခမိုးရွာ၏အဓိကလမ်းမကြီး) ဖြစ်ပါသည်။ ထိုလမ်းမကြီး တစ်ခုလုံးသည် ကွန်ကရစ်၊ နှစ်လမ်းသွားလမ်းဖြစ်ပါသည်။ အဆိုပါလမ်းတွင် လမ်းပြဆိုင်းဘုတ်များ၊ သတိပေး ဆိုင်းဘုတ်များ ရှိသော်လည်း လမ်းမီးတိုင်များတပ်ဆင်ထားခြင်းမရှိပါ။ လမ်း၏တစ်ဖက်တစ်ချက်တွင် လူနေအိမ်အနည်းငယ် ရှိသော်လည်း ပလက်ဖောင်းများပြုလုပ်ထားခြင်းမရှိပါ။ ဤစီမံကိန်း စတင်အကောင် အထည်မဖော်ခင်ကတည်းက ထိုလမ်းကိုအသုံးပြု၍ ခမိုးရွာနှင့်ဗန်းမောက်မြို့ကို ကူးသန်းသွားလာမှုများ ရှိနှင့်နေပြီးဖြစ်သည့်အတွက် ခရီးသွားရာသီမှလွဲ၍ ကျန်အချိန်များတွင် ပုံမှန်ယာဉ်သွားလာမှုသာရှိပါသည်။

ခရီးသွားကာလ ရောက်သည့်အချိန်မှသာ ဇလုံတောင်ဘုရားသို့ ဖူးမျှော်ရန်လာရောက်ကြသည့်ယာဉ်များ ဖြတ်သန်းသွားလာခြင်းကြောင့် ထိုလမ်းပေါ်တွင် ယာဉ်သွားလာမှု အနည်းငယ်များလာပါသည်။



ထိုခရီးရွာနှင့် ဗန်းမောက်မြို့ကိုဆက်သွယ်ထားသော ခရီးယာဉ်ရပ်နားစခန်းသို့သွားရာ အဓိကလမ်းကြောင်းကို ရောက်ရှိရန်အတွက် ဗန်းမောက်မြို့၏ အဓိက မြို့တွင်းလမ်းမှတဆင့် လမ်းကြောင်း(၃)ခုကိုဖြတ်၍ သွားလာနိုင်ပါသည်။ လမ်းကြောင်း(၁)၊ လမ်းကြောင်း(၂) နှင့် ဗန်းမောက်မြို့တွင်းလမ်းတို့မှာ ကတ္တရာခင်း၊ နှစ်လမ်းသွားများဖြစ်ပါသည်။ ဗန်းမောက်မြို့တွင်းလမ်းပေါ်တွင် စျေး၊ ကျောင်းနှင့် ဆေးရုံတို့ရှိပြီး ဆိုင်ကယ်၊ စက်ဘီး၊ မော်တော်ကားနှင့် သုံးဘီးအသုံးပြုသွားလာသူများလည်း ရှိပါသည်။ သို့သော်လည်း ထိုလမ်းပေါ်တွင် လူသွားလူလာနှင့် ယာဉ်သွားလာမှုမှာ ပုံမှန်သာရှိပြီး ခရီးသွားရာသီချိန်ရောက်မှသာ ဘုရားဖူးရန်လာရောက်လည်ပတ်ကြသည့် ခရီးသွားယာဉ်များဖြင့် ယာဉ်သွားလာမှု အနည်းငယ် များတတ်ပါသည်။ ခရီးစခန်းသို့သွားရာတွင် ခရီးသွားယာဉ်များမှာ အဓိကအားဖြင့် လမ်းကြောင်း(၁)ကို အများစုအသုံးပြုကြပြီး၊ လမ်းကြောင်း(၂)မှာ ဒေသခံပြည်သူများသာ အသိများသည့် အတွက် ရပ်ဝေးမှလာရောက်လည်ပတ်ကြသည့် ခရီးသွားယာဉ်များသည် ထိုလမ်းကြောင်းကို အသုံးပြုမှု

နည်းပါးပါသည်။ လမ်းကြောင်း(၃)သည် မြို့ပြင်လမ်းကဲ့သို့ဖြစ်နေသော်လည်း သဲကျောက်လမ်းသာ ဖြစ်နေသည့်အတွက် အဆိုပါလမ်းကို အသုံးပြု၍ ယာဉ်များသွားလာမှုမရှိသေးပါ။ (နောက်ပိုင်းတွင် ထိုလမ်းကိုတိုးချဲ့ပြုပြင်သွားမည် ဟုသိရှိရပါသည်။) ဗန်းမောက်မြို့တွင်း အဓိကလမ်းမကြီးနှင့် ဆက်သွယ်ထားသော အင်းတော်-ဗန်းမောက်-ဟုမ္မလင်းလမ်း(ဗိုလ်ချုပ်လမ်း) အဝေးပြေးလမ်းမကြီးမှာလည်း ကတ္တရာခင်း၊ နှစ်လမ်းသွားဖြစ်ပြီး ယာဉ်သွားလာမှု ပုံမှန်သာရှိပြီး ခရီးသွားရာသီရောက်မှသာ ယာဉ်သွားလာမှု များပြားတတ်ပါသည်။ သို့သော် ယခုကာလသည် Covid- 19 ကပ်ရောဂါဖြစ်ပွားနေခြင်းကြောင့် ခရီးသွားလာမှုများမှာ ရပ်နားထားရသည့်အတွက် ယာဉ်သွားလာမှုမှာ နည်းပါးလှပါသည်။

၅.၃.၂.၃ ယာဉ်အသွားအလာလေ့လာမှု ဧရိယာသတ်မှတ်ခြင်း

ယာဉ်အသွားအလာလေ့လာမှုဧရိယာ သတ်မှတ်ရာတွင် စီမံကိန်းဧရိယာသို့ ဝင်ထွက်သွားလာမှု ပြုလုပ်နိုင်သော အဓိကလမ်းကြောင်းများ အားလုံးပါဝင်ပါသည်။ ထိုလမ်းကြောင်းများတွင် ယာဉ်သွားလာမှုဆိုင်ရာ အခြေအနေများကို ဆန်းစစ်လေ့လာရန်အတွက် ထိုလမ်းများနှင့် လေ့လာမည့် ဧရိယာအတွင်း ပါဝင်သော လမ်းဆုံများတွင် စနစ်တကျ အချက်အလက်ကောက်ယူခြင်းများ ပြုလုပ်ကာ တွက်ချက်မှုများ ပြုလုပ်ပြီး ဆန်းစစ်လေ့လာသွားမည်ဖြစ်ပါသည်။ ထိုသို့ယာဉ်ကြောဆိုင်ရာ အခြေအနေများ ကိုလေ့လာရာတွင် သတ်မှတ်ထားသော လေ့လာမည့်ဧရိယာအတွင်း ပါဝင်သည့် စီမံကိန်းသို့ သွားရောက်နိုင်သော ဗန်းမောက်မြို့တွင်းလမ်းဆုံများနှင့် လမ်းများ၏ ဝန်ဆောင်မှုအဆင့် (Level of Service) နှင့် ယာဉ်သွားလာမှု အခြေအနေများကို ဝန်ဆောင်မှုအဆင့် (Level of Service) နှင့် ပျမ်းမျှထိန်းချုပ်မှု နှောင့်နှေးခြင်း (Average Control Delay) တို့၏ ဆက်သွယ်ချက်များအပေါ် မူတည်၍ ဖော်ထုတ် လေ့လာသွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဖော်ထုတ်လေ့လာရာတွင် လမ်းများနှင့် လမ်းဆုံများတွင် မီးပွိုင့်များ တပ်ဆင်ထားရှိခြင်း (Signalized) နှင့် မီးပွိုင့်များတပ်ဆင်မှုမရှိခြင်း (Unsignalized) အခြေအနေ(၂)ရပ်ပေါ်

မူတည်၍ လေ့လာသွားမည်ဖြစ်ပါသည်။ ဝန်ဆောင်မှုအဆင့်(Level of Service) ဆိုသည်မှာ မော်တော်ယာဉ်များ၏ အသွားအလာဝန်ဆောင်မှုကို အရည်အသွေးပိုင်းဆိုင်ရာ (Qualitative) တိုင်းတာခြင်း ဖြစ်ပါသည်။ ထို့အပြင် အဓိကခရီးသွားကာလတွင် ခမိုးရွာနှင့် ဗန်းမောက်မြို့ကို ဆက်သွယ်ထားသော ခမိုးယာဉ်ရပ်နားစခန်းသို့ သွားရာလမ်းမှ စီမံကိန်းသို့ ဝင်ထွက်သွားလာသော တစ်ရက်တာပျမ်းမျှယာဉ် အရေအတွက်များကိုလည်း အချက်အလက်ကောက်ယူပြီး တွက်ချက်ဖော်ထုတ်ဆန်းစစ်သွားမည် ဖြစ်ပါသည်။ (၂၀၁၈-၂၀၁၉) ခရီးသွားကာလဖြစ်သည့် နိုဝင်ဘာလမှ မတ်လအထိ ခမိုးယာဉ်ရပ်နားစခန်းသို့ လာရောက်လည်ပတ်သည့် ကားကြီး(Express)၊ အိမ်စီးကားသေး၊ ကားလတ်၊ မီနီဘတ်၊ ဆိုင်ကယ် အပါအဝင်စုစုပေါင်းမှာ (၁၁၄၇၆)စီးခန့်ရှိပြီး ဧလုံတောင်ဘုရားသို့ သွားရောက်ဖူးမျှော်ခဲ့ကြသည့် တောင်တက်ခရီးသည် စုစုပေါင်းမှာ (၁၃၅၃၄) ဦးခန့်ရှိပါသည်။ ဧလုံတောင်တက်ကားလမ်းမှာ မြေနီလမ်းသာဖြစ်ပြီး မိုးရာသီတွင် အသုံးပြု၍ မရနိုင်သေးပါ။

ပုံ (၅.၃-၁) ဗန်းမောက်မြို့အတွင်း LOS တိုင်းတာမည့် ပွိုင့်နေရာများ

၅.၃.၃ ဘူမိဗေဒနှင့်မြေဆီလွှာ

၅.၃.၃.၁ ဒေသတွင်းဘူမိဗေဒအခြေအနေ(Regional Geology)

မြန်မာပြည်၏အဓိက Fault တစ်ခုဖြစ်သော Sagaing Fault ၏အနောက်ဖက်တွင် မီးသင့်ကျောက်တိုးဝင်မှုကြောင့် ဖြစ်ပေါ်နေသောအကွေးအပိုင်း (Arc Segments) ကိုမူတည်ပြီး၊ ၁၉၇၅ ခုနှစ် နောက်ပိုင်းမှစတင်၍ Inner Volcanic Arc ဟုသုံးစွဲလာကြပါသည်။ ၎င်းသည်မြန်မာပြည်အလယ်ပိုင်း မြောက်-တောင်အတိုင်း အနောက်ဘက်သို့ခုံးလျက်(Convex) ကွေးနေပါသည်။ ၎င်း Volcanic Segment သည်မြောက်ဘက် Kawt- ta- bum Mt မှ တောင်ဘက် Mt Popa ထိ ၆၇၅ km ခန့်ရှိပါသည်။

ဤ Inner Volcanic Arc Segment ထဲတွင်ပါဝင်သော Wuntho- Banmauk Segment ဧရိယာထဲ၌ ယခုလျှောက်ထားသောဧရိယာသည် ကျရောက်ပါသည်။ Wuntho-Banmauk Segment သည် ၇၅ ကီလိုမီတာရှည်လျားပြီးတောင်ဘက်တွင် Kanzachaung Batholith (ခမ-၂၃° ၅၂′ N/ ၉၅°၂၃′ E) နှင့်မြောက်ဘက်၌ Pinhinga Complex (ခမ-၂၄°၂၅′ N/၉၅°၄၀′ E) တို့၏အရှေ့ဘက်တွင် ကျရောက်ပါသည်။

ဗန်းမောက်တစ်ဝိုက်ရှိ Diorite (or)Adamelite တို့အပေါ်တွင် Hpyu Metamorphic (Schist, Gneiss) တို့ဧရိယာအနည်းငယ်အုပ်နေကြောင်း တွေ့ရပါသည်။ ယခုပေါ်ထွက်ပိုင်းအရ ဤအသွင် ပြောင်းကျောက်ကို အသက်အရင့်ဆုံးဟုယူဆရပြီး ၎င်းအပေါ်တွင် Shwe Daung FM (Triassic ?) ရှိသည်ဟု သတ်မှတ်ထားပါသည်။ Shwe Daung FM တွင် Schist နှင့် Phyllite တို့တွေ့ရပြီး Segment ၏ အရှေ့ဖက်ပိုင်းတွင် Sandstone နှင့် Micritic Limestone တို့ကိုတွေ့ရပါသည်။

ဤ Segment တွင် Lower Cretaceous, Upper Cretaceous, Eocene ,Pliocene တို့တွင် Unconformity (၄)ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်းပညာရှင်များ၏မှတ်တမ်းအရသိရှိရပါသည်။ ဤ Segment တွင် သက်တမ်းအရင့်ဆုံး (Triassic ?) Shwe Daung FM, Maw Gyi Basalt Formation , Maing Thon Dacite , Mawlin FM, Namakauk Limestone, Nankolan FM, Kangon FM, Kandaw Dacite, Ketpanda FM, Aukthitaya Trachite, Wabo Chaung FM, Gwegon FM, Namkadin Shale , Sunbauk Taung FM, Sadwin FM (Pliocene) တို့ဖြစ်ကြပါသည်။

ဗန်းမောက်မြို့နယ်တစ်ဝိုက်၏ ဒေသဘူမိဗေဒအနေအားဖြင့် ဗန်းမောက်၏အရှေ့မြောက် မြေပြန့်လွင်ပြင်တွင် Alluvium ဖုန်းအုပ်နေပြီးအရှေ့တောင်ဘက်တွင် Wabo FM (Oligocene) မှဖုန်းလွှမ်း ထားပါသည်။ ဗန်းမောက်မြို့၏အနောက်မြောက်တွင်၊ Two-mica Garnet Granite , Granodiorite နှင့် Diorite ပေါ်ထွက်သော တောင်ကုန်းများရှိပါသည်။ Foliated Granite ကို ဗန်းမောက်မြို့မြောက်ဘက် တောင်ကုန်းများပေါ်တွင် ပေါ်ထွက်နေပါသည်။

၅.၃.၃.၂ ဘူမိဗေဒဖွဲ့စည်းမှု(Structural Geology)

ဗန်းမောက်ဒေသ၏ Structural Geolgy မှာ Regional Scale အရမူ မြောက်ဘက်တန်းလားရာ (Northerly Trend) ဖြစ်ပါသည်။ ဤဒေသရှိ Tertiary Sediments များသည်ချင်းတွင်းချိုင့်ဝှမ်း Synclinal

Basin ၏ အရှေ့ဘက်ခြမ်းတွင် NE-SW trending ရှိသော Tertiary Sediment များဖို့ ချခဲ့ကြောင်း လေ့လာသိရှိရပါသည်။ Nanhtabyin Formation ၏အခြေတွင် အရှေ့ဘက်သို့ Thrust Fault ဖြင့် တက်ထားကြောင်း ဓါတ်ပုံဘူမိဗေဒမှ ဖော်ထုတ်ရပါသည်။

Fault အကြီး / အသေး နှစ်မျိုးစလုံးသည် N-S နှင့် NE-SW sets များဖြင့် ဖြစ်ပေါ်နေကြောင်း တွေ့ရပါသည်။ E- W fault ကိုတွေ့ရသော်လည်း၊ အလွန်နည်းပါးပါသည်။ ဗန်းမောက်၏အရှေ့ဘက် (၅) မိုင်ကွာ၊ ကြွေးကောက်ကြီးပြတ်ရွှေ့ (Kywegawgyi Fault) သည် ထင်ရှားပြီး N-S တန်းနေပါသည်။ ၎င်းပြတ်ရွှေ့ (Fault) သည် မဲဇာချောင်း တစ်လျောက်ဖြစ်ပေါ်နေပြီးပြတ်ပိုင်းများ (Scarp) များကို ပြတ်ရွှေ့တစ်လျောက် ထင်ရှားစွာတွေ့ရပါသည်။ ၎င်း Kywegawgyi Fault ၏အနောက်ဖက် (၂) မိုင်ခန့်တွင် Pile Chaung ကိုလည်းတွေ့ရပါသည်။ ၎င်း Fault ၏မြေပြင်အထောက်အထားများမှာ Brecciated Zones များနှင့် Mylonite များတွေ့ရပါသည်။

Regional Dimention ရှိပြီး N-S trend ဖြစ်နေပါသည်။ ထို့ပြင် Pile Fault သည် Kywegawgyi Fault ထက်များစွာသက်တန်းရင့်ကြောင်းတွေ့ရပါသည်။ ထို့ကြောင့် တိုက်စားမှုခံရပြီး ပြတ်ပိုင်း (Scarp) များ မတွေ့ရဘဲ Breccia များသာတွေ့ရခြင်းဖြစ်ပါသည်။ဧရိယာ၏အနောက်ဖက်တွင်လည်း Fault များ တွေ့ရ ပြီး Fault တစ်လျောက်ရေပူစမ်းများ/ခဲ ကာဘိုနိတ် များဖြစ်ပေါ်သည်ကိုတွေ့နိုင်ပါသည်။

ဤဒေသတွင်းရှိ N-S Faults များကို NE-SW Faults များက ထပ်မံဖြတ်ထားသော အထောက်အထားများ တွေ့ရပါသည်။၎င်း Faults များသည်သေးငယ်သော်လည်း မီးသင့်ကျောက်အတွင်း၌ ဖြစ်ပေါ်နေကြောင်းတွေ့ရပါသည်။ Sadwin Formation (Pliocene) ထက်သက်တမ်းရင့်သောကျောက်များ၌ Folding ကို တွေ့နိုင်ပါသည်။ (ကိုးကား- ဇော်ဖေ (၁၉၇၅) ကွင်းဆင်းအစီရင်ခံစာ)

၅.၃.၃.၃ စီးပွားဖြစ်ဘူမိဗေဒ (Economic Geology)

စစ်ကိုင်းပြတ်ရွှေ့ (Sagaing Fault) ၏အနောက်ဘက်တွင်ရှိသော Inner Volcanic Arc သည် မြန်မာပြည်၏ မြေအောက်သယံဇာတအတွက် အားထားရသောဘူမိရပ်ဝန်း တစ်ခုဖြစ်ပါသည်။ ဤ Inner Volcanic Arc ၏မြောက်ဘက်ဆုံးဖြစ်သော Kawt-a-Bum- Mt.Loimye တွင် ရွှေတူးဖော်မှု အမြောက်အမြား တွေ့ရပါသည်။ ၎င်းရွှေတို့သည် Kwat-a-Bum တောင်၏ အနောက်ဘက်ရှိ Volcanic Breccias and tuffs များမှ တိုက်စားစီးဆင်းလာသည်ဟု ယူဆကြပါသည်။ ၎င်းမြောက်ဘက်ဆုံးဧရိယာ (Kwat-a-Bum)၏ တောင်ဘက်တွင်မူ ယခုလျှောက်ထားသော Wuntho-Banmauk Segment ဖြစ်ပါသည်။ ၎င်း၏တောင်ဘက် Segment မှာ Monywa-Salingyi Segment ဖြစ်ပါသည်။ ၎င်းမုံရွာဒေသတွင်ကမ္ဘာအဆင့်မီကြေးနီသတ္တု သိုက် Monywa Copper Deposit ရှိ ပါသည်။

ယခုလျှောက်ထားသောလုပ်ကွက်ဖြစ်သော Wuntho-Banmauk Segment ၏မြောက်ဘက် Segment (Mt. Kawt-a -Bum)တွင် ရွှေဖြစ်ထွန်းမှုကိုတွေ့ရပြီးတောင်ဘက် Segment (Monywa) တွင်

ကြေးနီဖြစ်ထွန်းမှုကို တွေ့ရပါသည်။ ဤ Wuntho- Banmauk- Segment တွင်မူ ကြေးနီ နှင့် ရွှေ ဖြစ်ထွန်းမှု နှစ်မျိုးစလုံး တွေ့ရပါသည်။

Wuntho-Banmauk Segment ၏ ထင်ရှားသော စီးပွားဖြစ်သတ္တုသိုက်တစ်ခုမှာ ကျောက်ပါးစပ် ရွှေသတ္တုသိုက်ဖြစ်ပါသည်။ ၁၈၉၄-ခုနှစ်မှစတင်ထုတ်လုပ်ခဲ့ပါသည်။ Sulfide-rich telluride-bearing quartz-gold vein (Bromley-1896) မှထုတ်ယူခဲ့ကြောင်းဖော်ပြချက်တွေ့ရပါသည်။ထို့ပြင် Shangalon Copper propect သည်လည်း 1-2 Km ကျယ် ပြီး 3 Km ရှည်ပါသည်။ ရှာဖွေရေးအကြိမ်ကြိမ် စမ်းသပ်လွန်တူးမှုများ ပြုခဲ့ကြသော်လည်း Shangalon Area ၌ယခုထိစီးပွားဖြစ်ထုတ်လုပ်နိုင်မည့် Ore Reserve မဖော်ထုတ်နိုင်သေးပါ။ စီးပွားဖြစ်သတ္တုတွင်းအဖြစ် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များစွာ လိုအပ်နေပါသေးသည်။

ယခုအခါ ကျောက်ပါးစပ်သတ္တုတွင်း၌ ရွှေစီးပွားဖြစ် မထုတ်လုပ်နိုင်သေးသော်လည်း၊ ၎င်း၏ အနောက်ဘက်တောင်ဘက်တွင် Eternal Mine မှ ၂၀၀၂-ခုနှစ်မှစတင်၍စီးပွားဖြစ်ရွှေထုတ်နေပါသည်။ Pyritic quartz သည် Chloritized Andesite ထဲတွင်စွဲဝင်နေပါသည်။ High Grade ဖြစ်ပြီး တစ်မီတာကျယ်ပါသည်။ ၁၅၀-မီတာ အနက်ထိတူးနေပါသည်။ (Michell-2018) ထို့ပြင်ဗန်းမောက်၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်တို့တွင်လည်း ၃၀၀၀-၈က နှင့် ၁၅ဖဝ-၈က အသီးသီး အကြီးစားရွှေသတ္တုတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဗန်းမောက်ဧရိယာသည်ယ ခုအခါတွင်ရွှေသတ္တုထုပ်လုပ်မှုအသေးစား/ အလတ်စား/ အကြီးစား များ ဆောင်ရွက်လျက်ရှိသောဘူမိရပ်ဝန်းတစ်ခုဖြစ်ပါသည်။

၅.၃.၃.၄ တည်နေရာနှင့် အကျယ်အဝန်း

ဗန်းမောက်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၁၀ မိနစ်၊၂၄ ဒီဂရီ ၅၉ မိနစ်အကြား အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ်၊ ၉ဖ ဒီဂရီ ၁၂ မိနစ် အကြားတွင် တည်ရှိပါသည်။ အရှေ့မှ အနောက်သို့ (၄၈)မိုင်နှင့် တောင်မှမြောက်သို့ (ဖ၀)မိုင်ရှည်လျားပါသည်။ ဗန်းမောက်မြို့နယ်နှင့် မြို့တို့၏ ဧရိယာစတုရန်းမိုင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဇယား (၅.၃-၁) မြို့နယ် တည်နေရာနှင် အကျယ်အဝန်း

စဉ်	မြို့အမည်	မြို့ဧရိယာစတုရန်းမိုင်	ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင်	မြို့ဧရိယာ စတုရန်းမိုင်
၁	ဗန်းမောက်	၀.၂၀	၁၃၁၉.၅၉၃	၁၃၁၉.၇၉၃
မြို့နယ်ချုပ်	၁	၀.၂၀	၁၃၁၉.၅၉၃	၁၃၁၉.၇၉၃

၅.၃.၃.၅ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ငလျင်

ဗန်းမောက်မြို့သည် ကုန်းတွင်းဒေသအတွင်း တွင်တည်ရှိသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိခဲ့ပါ။ ဗန်းမောက်မြို့နယ်အတွင်းတွင် မြစ် ချောင်းများရှိသော်လည်း မိုးကာလ၌သာ ချောင်းရေကြီးမှု

ဖြစ်ပေါ်လေ့ရှိပါသည်။ စစ်ကိုင်းပြတ်ရွှေ့ကြောအတွင်းတည်ရှိသော်လည်း ပြတ်ရွှေ့ကြောနှင့်ဝေးကွာသဖြင့် မြေငလျင်ကြီးကြီးမားမားလှုပ်ခတ်ခဲ့ခြင်းမရှိပါ။ဗန်းမောက်မြို့နယ်အတွင်းသဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ၂၀၁၇ ခုနှစ်တွင် ရေဘေး (၁) ကြိမ်၊ မီးဘေး(၂) ကြိမ်နှင့်၊ လေဘေး (၅) ကြိမ် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	အမျိုးအစား	ဖြစ်ပွားကြိမ်	သေ/ပျောက်ဦးရေ	အဆောက်အဦး ပျက်စီးမှု	ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း)
၁	ရေဘေး	၁	-	၂	၁.၅
၂	မီးဘေး	၂	-	၂	၀.၁၄၅
၃	မုန်တိုင်းဘေး	၅	-	၄၂	၆.၃၁
စုစုပေါင်း		၈	-	၄၆	၇.၉၅၅

၂၀၁၈-ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်၍ စက်တင်ဘာလကုန်အတွင်း ရေဘေး (၁) ကြိမ်နှင့် လေဘေး (၄) ကြိမ် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးမှုမှာ အောက်ပါအတိုင်းဖြစ်သည်။

စဉ်	အမျိုးအစား	ဖြစ်ပွားကြိမ်	သေပျောက်ဦးရေ	အဆောက်အဦး ပျက်စီးမှု	ဆုံးရှုံးတန်ဖိုး (ကျပ်သန်း)
၁	ရေဘေး	၁	-	၂	၅.၁၁
၂	မုန်တိုင်းဘေး	၄	-	၃၆	၄.၇၆၃
စုစုပေါင်း		၅	-	၃၅	၉.၈၇၃

၅.၃.၃.၆ မြန်မာ့ငလျင်ဖြစ်ပွားနိုင်မှု (Earthquake Intensity of Myanmar)

ကမ္ဘာပေါ်တွင် တွေ့ကြုံခံစားနေကြရသည့် အဓိကသဘာဘေးအန္တရာယ် ငါးမျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ရာသီဥတုကြောင့် ဖြစ်ပွားခြင်း၊ (၂) ပထဝီအနေအထားကြောင့် ဖြစ်ပွားခြင်း၊ (၃) မီးဘေးအန္တရာယ်၊ (၄) စက်မှု အဏုမြု ဘေးအန္တရာယ်၊ (၅) မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ်တို့ ဖြစ်ပါသည်။ ပထဝီအနေအထားကြောင့် ဖြစ်ပွားသော ဘေးအန္တရာယ်တွင် ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနမီဖြစ်ပွားခြင်းတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ခံစားရသည့် သဘာဝဘေးဒဏ်များတွင် ငလျင်ဒါဏ်က အများစုဖြစ်သောကြောင့် အဓိကပြတ်ရွှေ့ကြောဖြစ်သည့် စစ်ကိုင်းပြတ်ရွှေ့ (မြန်မာနိုင်ငံ အလယ်ပိုင်း) နှင့် နီးကပ်မှုရှိသော နယ်မြေဒေသ စီမံကိန်းများကို ငလျင် ဘေးအန္တရာယ် သက်ရောက်မှု ရှုထောင့်နှင့် ထည့်သွင်းစဉ်းစားသုံးသပ်သွားရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ စီမံကိန်း အဆောက်အဦးများကို အထပ်မြင့်ဆောက်လုပ်မှုကို လျော့ချခြင်း၊ ငလျင်ဒဏ်ကို ခံနိုင်မည့် အဆောင်အဦးပုံစံနှင့် အရည်အသွေး စစ်ဆေးထိန်းချုပ်ခြင်း (Quality Control) စီမံဆောင်ရွက်ခြင်း စီမံကိန်းဧရိယာ အနီးရှိ တောင်ကုန်း၊ တောင်တန်း၊တောင်စောင်းများမှမြေလွှာနိမ့်ဆင်း၊ပြတ်ရွှေ့၊လျှောကျခြင်းများဖြစ်နိုင်ခြေဆန်းစစ်လေ့လာခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပုံ (၅.၃-၂) မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ



Revised by Dr. Maung Thein, U Tint Lwin Swe and Dr. Sone Han (December 2005)

၅.၃.၄ ရာသီဥတုအခြေအနေ

ကသာခရိုင်သည် မြေပြန့်ဒေသဖြစ်ပြီး အပူပိုင်းဇုန်ရာသီဥတုရှိသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန် (၆၀.၁၅) လက်မရှိပြီး မိုးရာသီကာလမှာ မေလမှ အောက်တိုဘာလကုန်အထိ ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံးအပူချိန်မြင့်မားလေ့ရှိပြီး ဆောင်းရာသီတွင် အပူချိန်လျော့နည်းသွားလေ့ရှိသည်။ ဗန်းမောက်မြို့နယ်သည် ကသာခရိုင်ထဲတွင်ပါဝင်ပြီး အများအားဖြင့် ပူအိုက်စိုစွတ်သောရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန် (၃၉°C) နှင့်အနိမ့်ဆုံးအပူချိန်မှာ (၆°C) ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

ဇယား (၅.၃-၂) ရာသီဥတု အခြေအနေပြဇယား

စဉ်	ခုနှစ်	မိုးရေချိန်		အပူချိန်	
		မိုးရွာရက်	စုစုပေါင်း မိုးရေချိန် (လက်မ)	နွေရာသီ (C)	ဆောင်းရာသီ (C)
				အမြင့်ဆုံး	အနိမ့်ဆုံး
၁	၂၀၁၅	၇၇	၇၀.၅၉	၃၈	၇
၂	၂၀၁၆	၉၁	၄၈.၈၅	၃၇	၈
၃	၂၀၁၇	၁၀၂	၅၆.၆၄	၃၅	၇
၄	၂၀၁၈	၇	၂.၀၂	၃၄	၆

၅.၃.၄.၁ မိုးရွာသွန်းမှုမိုးရေချိန်

ပုံ (၅.၃-၃) ဗန်းမောက်မြို့နယ် မိုးရွာသွန်းမှု၊ မိုးရေချိန်တိုင်းတာချက်



၅.၃.၄.၂ အပူချိန်

ပုံ (၅.၃-၄) ဗန်းမောက်မြို့နယ် ပျမ်းမျှအပူချိန်



၅.၃.၄.၃ လေတိုက်ခတ်ရာအရပ်နှင့်လေတိုက်နှုန်း

ပုံ (၅.၃-၅) ဗန်းမောက်မြို့နယ် လေတိုက်နှုန်းအချက်အလက်များ



၅.၃.၄.၄ တိမ်ဖြစ်ထွန်းမှုနှင့် စိုထိုင်းဆအချက်အလက်များ

ပုံ (၅.၃-ဇ) ဗန်းမောက်မြို့နယ် တိမ်ဖြစ်ထွန်းမှုနှင့် စိုထိုင်းဆအချက်အလက်များ



၅.၄ စီမံကိန်းဧရိယာ၏ဇီဝဆိုင်ရာပတ်ဝန်းကျင်

၅.၄.၁ သဘာဝပေါက်ပင်များ

ဗန်းမောက်မြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ ပိတောက်၊ အင်ကြင်း၊ အင်၊ ကညင်၊ ထောက်ကြီ၊ စကားဝါ၊ ယမနေ၊ မျောက်ငိ၊ ပျဉ်းမ၊ ကြို့၊ နဘဲ၊ ကြိမ်အမျိုးမျိုးအပြင် ဘယဆေးပင်များ စသည့်အပင်တို့ဖြစ်ပါသည်။

၅.၄.၂ ဇီဝမျိုးစုံမျိုးကွဲများ

စီမံကိန်းလုပ်ငန်းများကြောင့် ဇီဝမျိုးစုံ မျိုးကွဲနှင့် ဂေဟဝန်ဆောင်မှုများအပေါ် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သက်ရောက်စေမည့် အခြေအနေများကို ထည့်သွင်းစဉ်းစား၍ သက်ရောက်မှုများ လျော့နည်းအောင် ထိုက်သင့်သော အစီအမံများ စီမံဆောင်ရွက်ပြီးနောက် သိသာထင်ရှားစွာ ကျန်ရှိနိုင်သည့် ကြွင်းကျန် သက်ရောက်မှုများကို သိရှိအောင် ဆန်းစစ်ဖော်ထုတ်ရမည် ဖြစ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ခြိမ်းခြောက်မှုများဖြစ်သည့် နေရင်းဒေသများ ဆုံးရှုံးခြင်း၊ အရည်အသွေးကျဆင်းခြင်းနှင့် အကွဲကွဲအပြားပြား ဖြစ်လာခြင်း၊ ပြင်ပမျိုးစိတ်များ ကျူးကျော်ဝင်ရောက်လာခြင်း၊ မျိုးရင်းဒေသနေရာတို့အား အလွန်အကျွံအသုံးချခြင်း၊ ဧလဗေဒဆိုင်ရာ အပြောင်းအလဲများ၊ ယင်းနေရာများတွင် အပင်နှင့် သတ္တဝါတို့ လိုအပ်သည့် အာဟာရများ လိုအပ်သည့်ထက် အလွန်အကျွံစုပုံလာခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာခြင်း စသည်တို့ကို အထူးအလေးထား အာရုံစိုက်ရမည် ဖြစ်ပါသည်။

ဇီဝမျိုးစုံ မျိုးကွဲ အချက်အလက်များကို (Floristic data) နှင့် (Ecological data) နှစ်မျိုးခွဲခြား၍ ကောက်ယူပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရိစ္ဆာန် ထိန်းသိမ်းရေးဌာနမှ (၂၀၁၆၊ ဇွန်လ) တွင် ထုတ်ပြန်ထားသော မြန်မာနိုင်ငံရှိ (IUCN Red list) စာရင်းဝင် အပင်မျိုးစိတ်များစာရင်းနှင့် တိုက်ဆိုင်ဆန်းစစ်သွားပါမည်။ တောရိုင်းတိရိစ္ဆာန်အုပ်စုဝင်မျိုးစိပ်များကို နို့တိုက်သတ္တဝါများ၊ ငှက်များ၊ ကုန်းနေ/ရေနေသတ္တဝါများ၊ အဏ္ဏဝါနှင့် ရေချိုမျိုးစိပ်များ၊ ကုန်းနေ/ရေနေ တွားသွားသတ္တဝါများ စသည်တို့ကို သစ်တောဦးစီးဌာန၏ (၄-၃-၂၀၂၀) ရက်နေ့ အမိန့်ကြော်ငြာစာမှတ် (ဖဇ၀/၂၀၂၀) နှင့် တိုက်ဆိုင်ဆန်းစစ်သွားမည် ဖြစ်ပါသည်။

သစ်တော၊ သစ်ပင်များ၏ အခြေအနေကို လေ့လာဆန်းစစ်ရန်အတွက် Sample Plotting Method ကို အသုံးပြု၍ သစ်ပင်အမျိုးအစားများကို (Tree, Small Tree, Bamboo, Shrub, Herb, Climber/ Creeper, Climber, Epiphyte, Grass) ခွဲခြားသွားပါမည်။ အကွက်ရိုက်သတ်မှတ်ထားချက်အရ ဒေသအတွင်း အပင်များ၏ ပေါင်းစပ်ပါဝင်ပုံကို Sample Plotting Method/ Transacting Method များဖြင့် မြေပုံကြမ်းရေးဆွဲကောက်ယူသွားမည် ဖြစ်ပါသည်။ အပင်မျိုးစိပ်များ၏ သိပ်သည်းမှု (Population Density) များပြားမှု၊ သာမန်ရှိမှု၊ ရှားပါးမှု စသည်ဖြင့် ခွဲခြားကောက်ယူပါမည်။ အရပ်မျက်နှာ အလိုက် ခွဲခြား၍ ပျံ့နှံ့မှုနှုန်း (Frequency) ပေါ် မူတည်၍ အောက်ဖော်ပြပါ ပုံသေနည်းဖြင့် တွက်ယူပါမည်-

$$Population\ of\ Individual\ Species = \frac{Total\ Individual\ Species}{Total\ Plots\ Area\ (m^2)} \times 10000\ m^2\ (1ha)$$

အပင်မျိုးစိပ်များ၏ သိပ်သည်းမှု (Density) နှင့် ပတ်သက်၍ များပြားမှု သာမန်ရှိမှု၊ ရှားပါးမှု အခြေအနေကို အောက်ဖော်ပြပါ ပုံသေနည်းဖြင့် တွက်ယူပါမည်-

$$Relative\ Density\ of\ Tree\ Species = \frac{No.of\ Individual\ Species}{Total\ No.\ of\ All\ Individual\ Species} \times 100$$

လေ့လာမှု ဧရိယာအလိုက်၊ အရပ်မျက်နှာအလိုက် ပျံ့နှံ့မှု အခြေအနေ ကောင်း၊ သင့်၊ ညံ့ အခြေအနေကို သိရှိနိုင်စေရန် (Relative Frequency) ကို သိရှိနိုင်ရန် အောက်ဖော်ပြပါ ပုံသေနည်းဖြင့် တွက်ယူပါမည်-

$$Relative\ Frequency\ of\ Tree\ Species = \frac{No.of\ Sample\ Plot\ Occurs}{Total\ No.\ of\ All\ Species\ Occurs} \times 100$$

အထက်ဖော်ပြပါ Frequency ရာခိုင်နှုန်းအား အောက်ဖော်ပြပါအတိုင်း Frequency range ကို (1-20%) (20-40%) (40-60%) (60-80%) (80-100%) တစ်ခုခြင်းစီ ရှာ၍ သက်ဆိုင်ရာ မျိုးစိပ်များ၏ ပျံ့နှံ့တည်ရှိမှုကို တွက်ယူမည်ဖြစ်ပါသည်။

အပင်ကြီး/ ငယ် လုံးပတ် ကွာခြားချက် အခြေအနေကို သိရှိနိုင်ရန် ရင်စို့လုံးပတ် DBH (Diameter Brest Height) ကို တိုင်းတာ၍ အောက်ဖော်ပြပါ ပုံသေနည်းဖြင့် တွက်ယူပါမည်-

$$Populatin\ of\ DBH\ Class\ Intervals = \frac{No.of\ Species}{Total\ No.\ of\ All\ Species} \times 100$$

သစ်တောများ၏ အမျိုးအစား Primary Forest/ Secondary Forest ခွဲခြားသိရှိနိုင်ရန်၊ Evergreen Forest၊ Deserted Forest၊ Mix Evergreen Forest၊ Mix Deserted Forest၊ Bamboo Mix Forest စသည်ဖြင့် ခွဲခြားသိရှိနိုင်ရန် သစ်ပင်များ၏ အမြင့် (Height Class) သုံး၍ အောက်ဖော်ပြပါ ပုံသေနည်းဖြင့် တွက်ယူမည် ဖြစ်ပါသည်-

$$Populatin\ of\ Height\ \ Class\ Intervals = \frac{No.of\ Species}{Total\ No.\ of\ All\ Species} \times 100$$

၅.၄.၃ ဂေဟစနစ်၏ ဝန်ဆောင်မှုများ

ဂေဟစနစ်များထံမှ လူသားများနှင့် စီးပွားရေးလုပ်ငန်းများသို့ ပေးအပ်နေသော အကျိုးကျေးဇူးရှိသည့် ဂေဟဝန်ဆောင်မှု အုပ်စု (၄) ခု ရှိပါသည်-

- ဂေဟစနစ်၏ ဝန်ဆောင်မှုများ ထောက်ပံ့ခြင်း (Provisioning Ecosystem Services)
- ထိန်းညှိပေးသည့် ဂေဟစနစ်ဝန်ဆောင်မှုများ (Regulating Ecosystem Services)
- ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများ (Cultural Services)
- အထောက်အကူပြုသော ဝန်ဆောင်မှုများ (Supporting Services)

Ecosystem Services Assessment Table

Provisioning Services	Regulating Services	Cultural Services	Supporting Services
Products obtained from ecosystem • Food • Wood or Timber • Fuel Wood • Fiber • Abiotic Product • Biotic Products • Fresh Water	Benefits obtained from regulation of ecosystem process • Climate Change • Disease Regulation • Water Regulation • Water Purification • Erosion Control	Nonmeterial benefits obtained from ecosystem • Spiritual and Religions • Recreation and Ecotourism • Aesthetic • Inspirational • Educational • Natural Landscaping • Cultural Heritage	Services necessary for the production of all other ecosystem services • Soil Formation • Nutrient Regime • Primary Production (Navigation, Commodity Transport)

စီမံကိန်းတည်ရှိရာ ဒေသအတွင်းရှိ ဂေဟစနစ် ဝန်ဆောင်မှုများ အခြေအနေကို သိရှိဆန်းစစ်နိုင်ရန် တွေ့ဆုံမေးမြန်းခြင်းစနစ် (Interview Methods) ဖြင့် လေ့လာဆန်းစစ်သွားပါမည်။ မြို့နယ်/ ကျေးရွာအဆင့်မှ တာဝန်ရှိသူများ၊ ဒေသခံမှဆိုးများ၊ တံငါများ၊ အသား/ငါး ရောင်းချသူများ၊ အခြားဒေသခံပြည်သူများထံမှ မေးမြန်းစုံစမ်းခြင်း၊ မြေပြင်ကွင်းဆင်း လေ့လာခြင်း စနစ်များဖြင့် လေ့လာဆန်းစစ်သွားမည် ဖြစ်ပါသည်။

ပုံ (၅.၄-၁) စီမံကိန်းဧရိယာ၏ဇီဝဆိုင်ရာပတ်ဝန်းကျင်



၅.၄.၄ ဧလုံတောင်အမျိုးသားဥယျာဉ်

၅.၄.၄.၁ လျှာထားသော နယ်နိမိတ်တည်နေရာ

၂၀၁၇ ခုနှစ်၊ ဇွန်လ(၁၅)ရက်စွဲပါ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ အမိန့်ကြေငြာစာအမှတ်(၈၉/၂၀၁၇)အရ ခန့်ထားသည့် ကြေးတိုင်အရာရှိက ထုတ်ပြန်သော ကြေငြာချက်တွင် တောရိုင်းတရိစ္ဆာန်များ၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ(၈)အရ သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါနယ်နိမိတ်အတွင်းရှိ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှု အောက်တွင် ကျရောက်ပါဝင်သောမြေကို "ဧလုံတောင်အမျိုးသားဥယျာဉ်" ဟူသောအမည်ဖြင့် ခေါ်တွင်စေရန် သတ်မှတ်ထားပြီး ခန့်မှန်း ခြေဧရိယာ အကျယ်အဝန်းမှာ (၆၀၂၆၅.၃၆) ဧက (၉၄.၁၆၅) စတုရန်းမိုင်ခန့် ရှိပါသည်။ နယ်နိမိတ် တည်နေရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပုံ (၅.၄-၂) ဧလုံတောင်အမျိုးသားဥယျာဉ်၏ လျှာထားသော နယ်နိမိတ်တည်နေရာ



၅.၄.၄.၂ ချန်လှပ်ကွက် ဧရိယာစာရင်း

အထက်ဖော်ပြပါနယ်မြေအတွင်း ချန်လှပ်ကွက်များလည်းရှိပြီး ထိုချန်လှပ်ကွက်များတွင် ကျေးရွာအချို့၏ လယ်မြေများနှင့် ဧလုံတောင် တော်ဘုရား၏ သမိုင်းအရ ဆက်စပ်မှုရှိသောတောင်များ၊ ဧရိယာများ ပါဝင်ပါသည်။ ၎င်းတို့၏ဧရိယာ နယ်နိမိတ်အကျယ်အဝန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဇယား (၅.၄-၁) ချန်လှပ်ကွက် ဧရိယာစာရင်း

ချန်လှပ်ကွက်အမှတ်	ချန်လှပ်ကွက်နယ်နိမိတ်အမည်	ဧရိယာအကျယ်အဝန်း
၁	ဧလုံတောင်တော်ကလပ်	(၂၅.၂)ဧက
၂	တယ်ပင်ပြန့်	(၄၃.၆၄)ဧက
၃	ကျောက်မဏ္ဍပ်	(၃၆.၇၆)ဧက
၄	ဦးကောစခန်း	(၂၅.၀၁)ဧက
၅	အင်းဖိုအင်းမ	(၂၁.၁၄)ဧက
၆	ဆာဖာလိုင်းတောင်	(၂၁.၉၆)ဧက
၇	နတ်ရေတွင်းရေထွက်တောင်တော်	(၁၈.၈၆)ဧက
၈	စိမ့်ရေထွက် နဂါးထွင်းတောင်	(၁၆.၀၁)ဧက
၉	ဧလုံတောင်ကလေး	(၂၅.၂၀)ဧက
၁၀	ဖွံ့ဖြိုးရေးဇုန်	(၄၀.၉)ဧက
၁၁	လယ်ဦးကျေးရွာ၏လယ်မြေ	(၃၀)ဧက
၁၂	ဟဲချိန်ကျေးရွာ၏လယ်မြေ	(၃၄.၄၉)ဧက
၁၃	သရက်ကုန်ကျေးရွာ၏လယ်မြေ	(၉၃.၅၆)ဧက
၁၄	ပေကုန်းကျေးရွာ၏လယ်မြေ	(၄.၈၉)ဧက
၁၅	နားတောနောက်ကျေးရွာ၏လယ်မြေ	(၉၂.၆၇)ဧက
၁၆	ညောင်ခြေထောက်ကျေးရွာ၏လယ်မြေ	(၃၂.၅၈)ဧက

၅.၄.၄.၃ ဥပဒေအရ တားမြစ်ချက်များ

အဆိုပါကြေငြာချက်ကို ထုတ်ပြန်သည့်နေ့မှစ၍ လက်ရှိလက်မှတ်ရေးထိုးထားသူ သစ်တောကြေးတိုင် အရာရှိသို့မဟုတ် ၎င်းအားဆက်ခံသူ၏ ခွင့်ပြုချက်မှတပါး အထက်ဖော်ပြပါမြေပေါ်တွင် အိမ်ယာအသစ်ဆောက်လုပ်ခြင်း၊ စိုက်ခင်းတည်ထောင်ခြင်း၊ တောင်ယာစိုက်ပျိုးရန်မှအပ လယ်ယာစိုက်ပျိုးရန်နှင့် အခြားကိစ္စတစ်စုံတစ်ရာအတွက် တောခုတ်ထွင်ရှင်းလင်းခြင်း၊ ရောင်းဝယ်ဖောက်ကားရန်အတွက် သစ်ပင်ခုတ်လှဲခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားပါသည်။ သို့သော်လည်း ယင်းနယ်မြေကို

အပြီးသတ်အနေဖြင့် သဘာဝနယ်မြေအဖြစ် သတ်မှတ်ခြင်းမပြုမီ တောင်ယာစိုက်ပျိုးလုပ်ကိုင်လေ့ရှိသူများအား ထိုမြေပေါ်တွင် တရားသဖြင့် တောခုတ်ထွင်ရှင်းလင်းခြင်းကို တားမြစ်မည် မဟုတ်ပါ။

အထက်ဖော်ပြပါမြေကို သဘာဝနယ်မြေအဖြစ်ဖွဲ့စည်းပြီးသည့်အခါ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရပါက တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

- အဆောက်အဦသစ်ဆောက်လုပ်ခြင်း။
- တောရိုင်းတိရိစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သို့မဟုတ် အနာတရဖြစ်စေခြင်း၊ တောရိုင်းတိရိစ္ဆာန်ကိုဖြစ်စေ၊ တောရိုင်းတိရိစ္ဆာန်၏ အစိတ်အပိုင်းများကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်ယူခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း။
- မြေတူးခြင်း၊ မြေရှင်းလင်းခြင်း။
- သစ်ပင်သီးနှံစိုက်ပျိုးခြင်း။
- စားကျက်မြေအဖြစ်အသုံးပြုခြင်း။
- မီးရှို့ခြင်း။
- ငါးဖမ်းခြင်း။
- အမဲလိုက်ခြင်း။
- ရေထု၊လေထုညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးများကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲလက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

ထို့အပြင် လယ်ယာစိုက်ပျိုးလုပ်ကိုင်ရန်ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ မြေကို ခုတ်ထွင်ရှင်းလင်းလျှင် တည်ဆဲဥပဒေပါပြစ်ဒဏ်များကျခံရမည့်အပြင် ဆုံးရှုံးသည့်သစ်တောနှင့် သဘာဝသယံဇာတများအတွက် လျော်ကြေးကို တရားရုံးမှ စီရင်ဆုံးဖြတ်သည့်အတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ သို့သော်လည်း ခွင်းချက်အနေဖြင့် အောက်ပါအခြေအနေတစ်ရပ်ရပ်ကြောင့် ဆောင်ရွက်ခြင်းဖြစ်ပါက ပြစ်ဒဏ်များကျ ခံရန်မလိုအပ်ပါ-

- အစိုးရကပြဋ္ဌာန်းထားသည့် ဥပဒေနှင့် အညီ သို့မဟုတ် အာဏာရသစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း။
- သဘာဝနယ်မြေအဖြစ် ကြေငြာသည့် အမိန့်ကြေငြာစာအရ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း။
- အမိန့်ကြေငြာစာအရ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်များအရ ဆောင်ရွက်ခြင်း။

အထက်တင်ပြပါအတိုင်းဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ထားသော ဧလုံတောင်အမျိုးသားဥယျာဉ် ဧရိယာသည် ခမိုးစခန်းစီမံကိန်းဧရိယာနှင့် (၃)မိုင်ခန့်ကွာဝေးပြီး ကြားခံဧရိယာ(၃)မိုင်ခန့်နှင့် ချန်လှပ် ဧရိယာများလည်းရှိနေသဖြင့် ထိခိုက်သက်ရောက်နိုင်ခြေ နည်းပါးနိုင်ပါသည်။

၅.၅ ယဉ်ကျေးမှုနှင့်ရှေးဟောင်းအမွေအနှစ်များ

၅.၅.၁ ဧလုံတောင်ဘုရားနောက်ခံသမိုင်း

ဧလုံတောင်ဘုရားသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်တွင်တည်ရှိပြီး ဗန်းမောက်မြို့မှ မြောက်ဘက် (၁၂)မိုင်ခန့်အကွာ တောအတွင်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၃၀၉၀) မြင့်သော တောင်ပေါ်တွင် တည်ရှိပါသည်။ တောတောင်များ လျှိုမြောင်များ နက်ရှိုင်းလှပါသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် (၁၂၃) ခုနှစ် ဝါတော် (၂၀) အရတွင် သိကြားမင်းဖန်ဆင်းထားသော နတ်ပန်းရထား (၅၀၀) ဖြင့် ရဟန္တာအရှင်သူမြတ် (၅၀၀) ခြံရံပြီး ကောင်းကင်ခရီးမှ ဧလုံတောင်တော်သို့ ကြွတော်မူခဲ့ပါသည်။ ဧလုံတောင်ခေါ် ဂေါဒေါပလ္လင် တောင်တော်သည် အရှေ့ဧရာဝတီ၊ အနောက် သလ္လာဝတီ မြစ်နှစ်လီတို့၏ အလယ်တွင် တည်ရှိပါသည်။ ဂေါဒေါပလ္လင်တောင်တော်တွင် ဧရာပတ္တ နတ်နဂါးမင်း သားအဖတို့၏ တောင်းပန်လျှောက်ထားမှုကြောင့် (၇)ရက် သီတင်းသုံးတော်မူလျက် နဂါးမင်း သားအဖ လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူခဲ့ပါသည်။ ကျန်ရှိသော ဆွမ်း၊ ဆွမ်းဟင်းများကိုလည်း စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာများဖြစ်စေကြောင်း ဆုတောင်း အဓိဋ္ဌာန်ပြုလျက် တောင်၏ ဝဲယာ ရှေ့နောက် စွန့်ကြဲပက်ဖျန်းခဲ့သည်ဟု သမိုင်းကျောက်စာတွင် ဖော်ပြထားပါသည်။

ထိုတောင်တော်တွင် ဗျာဒိတ်ပေးဘုရားပုံတော်ကြီးတစ်ဆူလည်း ဖူးမျော်နိုင်ပါသည်။ ဗျာဒိတ်စကား မိန့်တော်မူသည်မှာ "ညီဘွား အာနန္ဒာ၊ အောင်မြေခေါ်သော ဤဂေါဒေါပလ္လင်တောင်ကလပ်၌ ပွင့်တော်မူလတ္တံသော အရိမေတ္တယျာဘုရားရှင်သည် ငါဘုရားကဲ့သို့ အလှူခံကာ တရားထူးကို ဟောကြားတော်မူလိမ့်မည်"ဟု ဗျာဒိတ်တော်ထားခဲ့လေသည်။ ထို့ကြောင့် ထိုဒေသ၏ မြောက်ဘက်တွင် ဖားကန့်ကျောက်စိမ်းတွင်းများ၊ အနောက်ဘက် တောင်ဘက်တွင် ရွှေတွင်းများ ဖြစ်လာသည်ဟု ဒေသခံများက ယုံကြည်ခဲ့ကြသည်။ ထို့အပြင် အရပ်လေးမျက်နှာလုံးတွင် ကျွန်းတောကြီးများ ဖြစ်နေသည့်အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများ အဖြစ်တည်ရှိနေသည်။ ဘုရားသမိုင်းတွင် ၎င်းကျောက်တောင်သည် ငါးဆူမြောက် အရိမေတ္တယျာဘုရားရှင် တရားဟောကြားမည့်နေရာဖြစ်ကြောင်း ဖော်ပြထားပါသည်။ ကျောက်တောင်သည် သံတောင် (၄၄၄) တောင်ဖြစ်၍ ပေအားဖြင့် (၆၆၆)ပေ မြင့်သည်။ ဤကျောက်တောင်ကို ဘုရားပွင့်မည့် သလွန်တောင်ဟု ခေါ်ခဲ့ပြီး နောင်တွင်ဒေသခံများက ဧလုံမှောက်ထားသည်နှင့် တူသဖြင့် ဧလုံတောင်ဟုခေါ်ဆိုခဲ့ကြဟု သိရှိရပါသည်။ လွန်ခဲ့သော နှစ် (၈၀) ခန့်က မြေပုံပေါ်တွင်လည်း သလွန်တောင်ဟုသာ ဖော်ပြထားသည်ကို တွေ့ရပါသည်။ ကျောက်တောင်ကြီးပေါ်တွင် ဘုရားတည်ခဲ့သည်မှာ သက္ကရာဇ် (၄၉၂) ခုနှစ်က ဖြစ်သည့်အတွက် နှစ်ပေါင်း (၉၀၀) ခန့်ကြာခဲ့ပြီ ဖြစ်ပါသည်။ အရှင် ဓမ္မဒသီ အမည်ရှိ အရှင်အရဟံနှင့် တပည့် အာစရ မထေရ်မြတ်နှစ်ပါးသည် ဂေါဒေါပလ္လင်ခေါ် ဧလုံတောင်သို့

ကြွရောက်တော်မူခဲ့ပြီး ဣစာသယ၊ လိုတရ၊ ချမ်းသာကြီး အောင်တော်မူ၊ အောင်ဆုယူစေတီများကို ဦးစွာပထမ တည်ထား ကိုးကွယ်ခဲ့ပါသည်။

ထို့နောက်သက္ကရာဇ် (၁၂၁၁)ခုနှစ်တွင် ဝိဇ္ဇာမဟိဒ္ဓိအရှင်ဟု ပေါ်လွင်ထင်ရှားသော ဘုန်းကြီးဦးသာအေး အရှင်မြတ်က အောင်တော်မူ၊ အောင်ဆုယူစေတီများကို ဒုတိယအကြိမ် မွမ်းမံပြုပြင်၍ အောင်ကျော်အေးအောင် ဧလုံတောင်ဟု သာသနာပြု မော်ကွန်းတင်ခံခဲ့ပါသည်။ သက္ကရာဇ် (၁၂၆၇) ခုနှစ်တွင် စက်တော (၉) ဌာနအဝင်ကန်ရွာကျောင်း ဆရာတော် နှင့် တိုက်သူကြီး ဦးရွှေသီး၊ ရပ်နီး ရပ်ဝေး မြို့ရွာ ဒါယိကာတို့က ကြေးချိန် (၂၅) ပိဿာဖြင့် ကြေးခေါင်းလောင်း သွန်းလုပ်လျှုဒါန်းပြီး သက္ကရာဇ် (၁၂၉၇)ခုနှစ်တွင် သောင်သွပ်မြို့ ဝဲတက်ရွာဇောတိ အရှင်ကုဝေရက သားတော်တောင် ကျောက်ပလ္လင်၌ ကန္ဓကုဋ္ဌီတိုက်စေတီ ငါးဆူတည်ထားကာ ဥာဏ်တော် (၄) ပေရှိ လိုတိုင်းပြည့် ဗျာဒိတ်ပေး ပဠူလောဟာ ဗုဒ္ဓရုပ်ပွားတော် သွန်းလောင်း၍ တတိယအကြိမ် ထူးခြားစွာ သာသနာပြုခဲ့ကြောင်း သိရပါသည်။

သက္ကရာဇ် (၁၃၁၁) ခုနှစ်တွင် စက်တောကုန်းရိုးကြီးကျောင်း ဆရာတော်ကြီးနှင့် အလယ်ရွာ၊ ကန်ရွာ၊ အနောက်တာ ဆရာတော်ကြီးများ ဦးဆောင်၍ ရပ်ဝေး ရပ်နီး မြို့ရွာ ဒါယိကာတို့က အောင်ဆုယူစေတီများကို မွမ်းမံပြင်ဆင်၍ စတုတ္ထအကြိမ် ရွှေထီးတော်အသစ် တင်လှူကာ သာသနာပြုခဲ့ကြောင်း သာသနာမော်ကွန်း ကျောက်တင်ကာ ဖော်ပြထားပါသည်။ ဤကျောက်တောင်ကြီးမှာ ခမည်းတော်တောင်နှင့် မယ်တော်တောင် ကျောက်ကြီးများ နှစ်လုံးပူးတွဲပြီး ဘေးအနည်းငယ်နိမ့်သောနှစ်ဖက်တွင် သားတော်တောင်၊ သမီးတော်တောင် တွဲနေပါသည်။ လွန်ခဲ့သော နှစ် (၄၀) ခန့်က သမီးတော်ကျောက်တောင်ကြီး ပဲ့ကျခဲ့ပါသည်။ ကျောက်လုံးကြီးပဲ့ကျသောအသံသည်ဗန်းမောက်မြို့နယ်တစ်ခုလုံးသိမ့်သိမ့်တုန်အောင်မြည်ဟီးရိုက်ခတ်ခဲ့ ကြောင်း သိရပါသည်။ ကျောက်တောင်ထိပ်ပေါ်တက်သည့်အခါ ကျောက်တောင်ကြီးနှစ်လုံးကြားမှ အုတ်လှေကားဖြင့် ကွေ့ပတ်တက်ခဲ့ရပါသည်။ ကျဉ်းကျပ်နေသော နေရာတွင် ကျောက်တံခါးကြီး လည်းရှိပါသည်။ အကုသိုလ်များသူများ မကျော်နိုင်၊ မဝင်နိုင်ဟု ဆိုကြပါသည်။ အမှန်တကယ် မဝင်နိုင်သူကိုလည်းတွေ့ရပါသည်။ ကျောက်တောင်ကြီးပေါ်ရှိ ဘုရားများကို တောင်ခြေမှလည်း ထင်ထင်ရှားရှားဖူးမျှော်နိုင်ပါသည်။ ကုတ်ကပ်တွယ်တက်ရသောနေရာလည်း ရှိပါသည်။ ကျောက်ကြောမှ တစ်ဆင့် ကူးသွားရသည်မှာလည်း နှစ်ဘက်စလုံး နက်ရှိုင်းသော ချောက်ကြီးနှင့်ဖြစ်၍ အသည်းယားစရာ ဖြစ်သဖြင့် အချို့သူများမှာမူ မကူးရဲကြပါ။ ဤကျောက်တောင်ကြီးတွင် ဧလုံတောင်အရှင်ကြီးရှိကြောင်း၊ ဤဧလုံတောင်ဘုရားဖူးလျှင်အရိမေတ္တာယျဘုရားဖူးရန်စာရင်းပါဝင်မည်ဖြစ်ကြောင်းအဆိုတစ်ရပ်လည်းရှိပါသ ည်။ ဧလုံတောင်အရှင်ကြီး စာရင်းမဝင်လျှင် မေတ္တာရှင်နှင့် လွဲလိမ့်မည်ဟု ဆိုပါသည်။ ထို့ကြောင့် ရပ်နီး ရပ်ဝေးဒေသများမှ နှစ်စဉ်ဘုရားဖူးများ လာရောက်ကြကြောင်း တွေ့မြင်ရပါသည်။ အချို့ဆိုလျှင် နှစ်ရက်၊ သုံးရက် လမ်းလျှောက်လာကြကြောင်းကိုလည်း တွေ့မြင်ရပါသည်။

၅.၅.၂ အခြားသမိုင်းဝင်အချက်အလက်များ

ဧလုံတောင်သည် ဗန်းမောက်မြို့ အနောက်မြောက်ဘက် (၁၂)မိုင်ခန့်အကွာတွင် တည်ရှိသော ကျောက်တောင်တစ်လုံးဖြစ်သည်။ ကျောက်တောင်၏ တည်ရှိနေပုံ၊ ဆန်းကြယ်မှုနှင့် တည်ထားသော ဘုရားတို့ကြောင့် ထင်ရှားပါသည်။ ဓာတ်ပုံကိုမြင်ရုံဖြင့် လာချင်အောင်ဆွဲဆောင်မှုရှိသော (သို့မဟုတ်)

ဓာတ်ရိုသည်ဟု ခေါ်ဆိုနိုင်သော တောင်တစ်လုံးဖြစ်သည်။ ဧလုံတောင်သည် မြန်မာနိုင်ငံအထက်ပိုင်း၌ ထူးကဲသော ဂုဏ်တန်ခိုးတို့နှင့် ပြည့်စုံပြီး ဧလုံတောင်စေတီတော်ကြီးမှာ မွန်ပြည်နယ်မှ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးနှင့် ပမာတူစွာ အံ့ဖွယ်ထူးခြားသော ဉာဏ်တော် တန်ခိုးတော်တို့နှင့် ပြည့်စုံသော သမိုင်းဝင်စေတီတော်ကြီးဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၀၊ (၃၀၉၀) တွင် တည်ရှိသော ပဗ္ဗကတောင်ထိပ်ပေါ်ဝယ် ထူးတင့်စွာ ဖူးမြော်ခွင့်ရသော ဧလုံတောင်စေတီတော်ကြီးမှာ သမိုင်းအခြေခံ တောင့်တင်းခဲ့သည်။ သမိုင်းဖြစ်တော်စဉ်အရ မြတ်စွာဘုရားရှင် ဝါတော် (၂၀) မဟာသက္ကရာဇ် (၁၂၃)ခုနှစ်တွင် သိကြားမင်းဖန်ဆင်းသော နတ်ပန်းရထားဖြင့် ရဟန္တာ (၅၀၀) ခြံရံပြီး ဧရာပတ္တနတ်နဂါး သားအဖ လျှုဒါန်းသော ဆွမ်း၊ ဆွမ်းဟင်းတို့ကို ဧလုံတောင်ထိပ်တွင် ဘုဉ်းပေးခဲ့ပါသည်။ ဤသို့သော မှတ်တမ်းမှတ်ရာများ၏ ဆင်းသက်မှုအရ သက္ကရာဇ် (၄၉၂) တွင် ရှင် အရဟံနှင့် ရှင်အာစရ ဘွဲ့အမည်ရသော ရဟန္တာနှစ်ပါး ဧလုံတောင်သို့ကြွရောက်ပြီး စေတီတော်များ တည်ခဲ့ကြောင်း တောင်၏အမြင့်ဆုံး ကျောက်စာတွင် ဖော်ပြထားကြောင်းသိရှိရပါသည်။

၅.၆ စီမံကိန်းကြောင့်ဆက်စပ်ဖြစ်ပေါ်နိုင်မှုများ

ခမိုးစခန်း တည်ဆောင်ခြင်း စီမံကိန်းကြောင့် ဆက်စပ်နေသော ဒေသတွင်း ဆက်သွယ်ရေးလမ်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ ဗန်းမောက်မြို့မှ ဧလုံတောင်ပေါ်သို့ ခရီးလမ်း (၁၅) မိုင် ဝေးကွာပြီး ရွှေညောင်ပင်စခန်းမှ ဧလုံတောင်အထိ (၉)မိုင်ခန့် တောင်တက်/ တောင်ဆင်း ခရီးလမ်းမှာ ကောင်းမွန်ခြင်း မရှိသောကြောင့် နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် လမ်းတိုးချဲ့ ဖောက်လုပ်ခြင်း၊ Terrain Co.,Ltd မှ ဆက်စပ်လုပ်ငန်းစီမံကိန်းအဖြစ် လမ်းများတိုးချဲ့ ဖောက်လုပ်ခြင်း စသည့် လုပ်ငန်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ခမိုးစခန်း ဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်သည်နှင့် အညီ ဗန်းမောက်မြို့တွင် အဆင့်မီ ဟိုတယ်နှင့် အပန်းဖြေစခန်းများ ထပ်မံ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း တွေ့ရှိရပါသည်။

၅.၇ မြင်ကွင်းပသာဒဆိုင်ရာဝိသေသလက္ခဏာများ

ဗန်းမောက်မြို့နယ်သည် ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲသော ဒေသများရှိခြင်းကြောင့် တော၊ တောင် သဘာဝနှင့် သစ်တောများ အသင့်အတင့် ကျန်ရှိပြီး မြေယာရှုခင်း ကောင်းမွန်သော ဒေသတစ်ခု ဖြစ်ပါသည်။ သို့ရာတွင် ဒေသတွင်း မူလရွှေသိုက် (Primary Gold Deposit) များ ရွှေ့ပြောင်းပို့ချသော ရွှေသိုက် (Placer Gold Deposit) များတည်ရှိမှုကြောင့် ရွှေသတ္တုတူးဖော်မှု လုပ်ငန်းများရှိသဖြင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသလို မြင်ကွင်းပသာဒဆိုင်ရာ အပြောင်းအလဲများရှိ လာခဲ့ပါသည်။ ဒေသအတွင်း ထင်ရှားလာသော ဧလုံတောင်နှင့် ဧလုံတောင်ဘုရားသည် တစ်ခါတစ်ရံ ညနေစောင်း နေဝင်ချိန် (Sunset) တွင် တိမ်တောက်ခြင်းနှင့် မြေပြင်မှ ရောင်ပြန်ဟပ်ခြင်း စသော အခြေအနေပေါ်မူတည်ပြီး ရွှေရောင်အဖြစ်သို့ ပြောင်းလဲမြင်တွေ့ရခြင်းများ ရှိပါသည်။ ယင်းအခြေအနေ၊ အချိန်အခါမျိုးတွင် မြင်တွေ့ဖူးမြော်ရသူများ

အနေဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ အယူအဆအရ ကံကောင်းခြင်းဟု အဓိပ္ပါယ်ကောက်ယူကြကြောင်း သိရှိရပါသည်။

၅.၈ ဒေသ၏လူမှုရေးနှင့်စီးပွားရေးအခြေအနေ

ဗန်းမောက်မြို့နယ်အတွင်း အဓိကမှီတင်းနေထိုင်ကြသော လူမျိုးစုမှာ ရှမ်းအန္တယ်ဝင် ကထူး၊ ကနန်း လူမျိုးများ အများစုဖြစ်ပြီး ဗမာလူမျိုးအနည်းငယ် ရှိပါသည်။ အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ဘာသာတရား အလွန်ကိုင်းရှိုင်းသော၊ အမျိုးဂုဏ် ဇာတိဂုဏ်နှင့် ရိုးရာဓလေ့ကို ထိမ်းသိမ်းကြသော လူထုများ ဖြစ်ကြပါသည်။ ဒေသတွင်း အဓိက မှီခိုအားထားသော စီးပွားရေးမှာ လယ်ယာသီးနှံစိုက်ပျိုးရေးကို အခြေခံပြီး ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများ စီးပွားဖြစ်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ ရွှေသတ္တုတူးဖော်ရေး လုပ်ငန်းအတွက် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မှလည်းကောင်း ရွှေ့ပြောင်းအခြေချမှုများ ရှိလာကြောင်း သိရှိရပါသည်။

၅.၉ လေ့လာမှု၏အချိန်နှင့်ဧရိယာအတိုင်းအတာကိုဖော်ထုတ်သတ်မှတ်ခြင်း

၅.၉.၁ EIA လေ့လာဆန်းစစ်မှု၏ အချိန်အတိုင်းတာ သတ်မှတ်ခြင်း

EIA လေ့လာဆန်းစစ်မှုအတွက် (၈) လခန့် လျာထားသတ်မှတ်ပြီး အောက်ဖော်ပြပါ ဇယားအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ခန့်မှန်းကြာချိန်	မှတ်ချက်
၁။	EIA အစီရင်ခံစာ ပြင်ဆင်ခြင်းလုပ်ငန်း	(၆)ပတ်	
၁.၁	စီမံကိန်းနှင့်သက်ဆိုင်သူများကို တွေ့ဆုံမေးမြန်းခြင်းအတွက် မေးခွန်းများပြင်ဆင်ခြင်း၊ ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်း	(၂) ပတ်	
၁.၂	ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ၊ ကွင်းဆင်းတိုင်းတာခြင်း	(၁) ပတ်	
၁.၃	ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးအချက်အလက်များ ခွဲခြားဆန်းစစ်ခြင်း	(၁) ပတ်	
၁.၄	လူမှုရေးဆိုင်ရာ အချက်အလက်များကို ကွင်းဆင်းကောက်ယူခြင်း	(၁) ပတ်	
၁.၅	လူမှုရေးဆိုင်ရာ အချက်အလက်များကို ခွဲခြားဆန်းစစ်ထည့်သွင်းခြင်း	(၁) ပတ်	
၂။	EIA အစီရင်ခံစာကို ရေးသားပြုစုခြင်းနှင့် အကြိုပြုချက်များရယူခြင်း	(၂.၄) ပတ်	
၂.၁	အစီရင်ခံစာ၏ခေါင်းစဉ်များ၊ အကြောင်းအရာများအပေါ် စီမံကိန်းပိုင်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးညှိနှိုင်းခြင်း	(၁) ပတ်	
၂.၂	သက်ရောက်မှုဆန်းစစ်ခြင်းနည်းလမ်းများ၊ပုံစံများဖော်ထုတ်ခြင်း	(၃) ပတ်	
၂.၃	ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်ခြင်းနှင့် လျှော့ချရေးနည်းလမ်းများကို ဖော်ထုတ်ခြင်း	(၆) ပတ်	
၂.၄	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်များရေးဆွဲခြင်း	(၄) ပတ်	
၂.၅	ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းနှင့် အကြိုပြုချက်များရယူခြင်း	(၃) ပတ်	
၂.၆	အစီရင်ခံစာမူကြမ်း ရေးသားပြုစုခြင်း	(၃) ပတ်	
၂.၇	စီမံကိန်းပိုင်ရှင်များနှင့် အစီရင်ခံစာကို ဆန်းစစ်တိုင်ပင်ခြင်း	(၂) ပတ်	
၂.၈	EIA အစီရင်ခံစာကို ပြည်သူလူထုထံ အသိပေးထုတ်ဖော်ခြင်း	(၁) ပတ်	
၂.၉	EIA အစီရင်ခံစာကို ECD ဌာနသို့ လျှောက်ထားတင်ပြခြင်း	(၁) ပတ်	
၃။	ECD ဌာနမှ အစီရင်ခံစာကိုဆန်းစစ်ခြင်း။		

၅.၉.၂ EIA လေ့လာဆန်းစစ်မှု၏ ဧရိယာအတိုင်းအတာ သတ်မှတ်ခြင်း

ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းအား အချင်းဝက်(၅)ကီလိုမီတာ သတ်မှတ်၍ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ အချင်းဝက်(၅)ကီလိုမီတာ သတ်မှတ်ရခြင်းမှာ စီမံကိန်းဧရိယာ၏ အနီးဆုံး ဗန်းမောက်မြို့ နှင့် လေးသီကျေးရွာအုပ်စုများသည် စီမံကိန်းကြောင့် သက်ရောက်မှု အချို့ဖြစ်သော မြေအရည်အသွေး၊ လေအရည်အသွေး၊ ရေအရည်အသွေး၊ ဆူညံသံနှင့် ယာဉ်အန္တရာယ်များ ထိခိုက်ခံစား ရနိုင်ခြင်း၊ ဂေဟစနစ်ကို ထိခိုက်မှုရှိနိုင်ခြင်း စသည့်အခြေအနေများကို လွှမ်းခြုံမိစေရန် လေ့လာဆန်းစစ်နိုင်စေရန် ဖြစ်ပါသည်။ စီမံကိန်းဧရိယာ ခမိုးစခန်းသည် ဗန်းမောက်မြို့မှ (၃)မိုင်ကွာဝေးပြီး ခမိုးစခန်းမှ ဧလုံတောင်ဘုရား အထိ (၁၂) မိုင် ကွာဝေးသဖြင့် စုစုပေါင်းခရီးအကွာအဝး အလျား (၁၅)မိုင် ရှိပါသည်။



၅.၁၀ စီမံကိန်းအနီးဝန်းကျင်ထိခိုက်နိုင်သောနေရာများ

စီမံကိန်းအနီးဝန်းကျင်ထိခိုက်မှု ရှိနိုင်သည့်အရာများမှာ အောက်ဖော်ပြပါဇယားအတိုင်းဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ဖော်ပြချက်	အကွာအဝေး (မိုင်/ဖာလုံ)
၁။	အနီးဆုံးလူနေရပ်ကွက်	ခမိုးကျေးရွာ	(၂)ဖာလုံ
၂။	အနီးဆုံးမြေပေါ်ရေထု	နန်းမိုချောင်း ခမိုးချောင်း	(၃)ဖာလုံ (၁)မိုင်
၃။	အနီးဆုံး စိုက်ပျိုးမြေ	လယ်ကွင်းများ ရာသီသီးနှံစိုက်ခင်းများ	(၄)ဖာလုံ (၂)ဖာလုံ
၄။	အနီးဆုံးကျေးရွာအုပ်စု	လေးသီကျေးရွာအုပ်စု	(၂)မိုင်
၅။	အနီးဆုံး လူနေအထူထပ်ဆုံး နေရာ	ဗန်းမောက်မြို့	(၃)မိုင်
၆။	အနီးဆုံး ဆက်သွယ်ရေးလမ်း	ဗန်းမောက်မြို့- ဇလုံတောင်လမ်း	(၄)ဖာလုံ
၇။	အနီဆုံးသောစာသင်ကျောင်း	ခမိုးကျေးရွာမူလတန်းကျောင်း	(၃)ဖာလုံ

၅.၁၀.၁ အနီးအနားရှိ လူနေရပ်ကွက်များ/ကျေးရွာများ

စီမံကိန်းဧရိယာဝန်းကျင် အနီးကပ်ဆုံးတည်ရှိသော လူနေရပ်ကွက်/ကျေးရွာမှာ ခမိုးကျေးရွာဖြစ်ပြီး အိမ်ခြေ(၁၀၅)၊ လူဦးရေကျား(၂၄၈) မ(၂၈၁)၊ ပေါင်း(၅၂၉)ဦးခန့် နေထိုင်ကြပါသည်။ စီမံကိန်းကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုးသက်ရောက်မှု၊ ဆိုးကျိုးသက်ရောက်မှု နှစ်မျိုးစလုံး လက်ခံရရှိမည့်ကျေးရွာ ဖြစ်ပါသည်။ ဒုတိယအနီးဆုံး ကျေးရွာမှာ အကွာအဝေး (၂)မိုင်ခန့်တွင်ရှိသော လေးသီကျေးရွာနှင့် အကွာအဝေး (၃)မိုင်ခန့်တွင်ရှိသော ဗန်းမောက်မြို့တို့ဖြစ်ပါသည်။

၅.၁၀.၂ အနီးဆုံးရှိ မြစ်ချောင်းများ

စီမံကိန်းနှင့် အနီးဆုံးချောင်းမှာ နန့်မိုချောင်းဖြစ်ပြီး စီမံကိန်း၏ တောင်ဘက် (၂)ဖာလုံခန့်တွင် အနောက်မှအရှေ့သို့ ကွေ့ပတ်စီးဆင်းလျက်ရှိပြီး လေးသီကျေးရွာအနီးတွင် ခမိုးချောင်းအတွင်းသို့ စီးဝင်ပါသည်။ စီမံကိန်း၏ မြောက်ဘက် (၁)မိုင်ခန့်အကွာတွင် ခမိုးချောင်းတည်ရှိပြီး အနောက်မှ အရှေ့သို့ စီးဆင်းကာ လေးသီကျေးရွာ၏ အရှေ့မြောက်ဘက် (၇)မိုင်ခန့်အကွာ(၂၄° ၂၅' ၄၆.၆၆" N ၉၅° ၅၅'၃၁.၀၇" E)တွင် မဲဇာချောင်းအတွင်းသို့ စီးဝင်ပါသည်။ မဲဇာချောင်း၏ အညာဘက်ပိုင်းတစ်လျှောက်သည် ရွှေသတ္တုတူးဖော်မှုများ ရှိခြင်းကြောင့် ရေအရည်အသွေးကျဆင်းမှုနှင့် ဂေဟစနစ်ထိခိုက်လျက်ရှိပါသည်။

၅.၁၀.၃ စီမံကိန်းအနီးအနားရှိ စိုက်ခင်းများ

စီမံကိန်းဧရိယာ မြောက်ဘက် ခမိုးချောင်း၏ တစ်ဘက်တစ်ချက်စီတွင်လည်းကောင်း၊ စီမံကိန်း တောင်ဘက် နန့်မိုချောင်း၏ တစ်ဖက်တစ်ချက်စီတွင်လည်းကောင်း လယ်ယာစိုက်ခင်းများ တည်ရှိပါသည်။ စီမံကိန်း၏ အရှေ့ဘက်တွင်ခမိုးရွာ တည်ရှိပြီး အနောက်ဘက်တွင် တောရိုင်းမြေ၊ တောင်ကုန်းတောင်တန်းများ တည်ရှိပြီး သဘာဝပေါက်ပင်များ ပေါက်ရောက်လျက်ရှိပါသည်။

၅.၁၁ အိမ်ထောင်စုလူဦးရေ၊ကျား/မ၊လူမျိုး၊ကိုးကွယ်သည့်ဘာသာ

၅.၁၁.၁ အိမ်ခြေ/အိမ်ထောင်စုနှင့် လူဦးရေ

ဗန်းမောက်မြို့နယ်၏ ၂၀၁၈ ခုနှစ်၊ မတ်လကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အိမ်ခြေ/အိမ်ထောင်စု**

စဉ်	အကြောင်းအရာ	အိမ်ခြေ	အိမ်ထောင်စု	ရပ်ကွက်	ကျေးရွာအုပ်စု	ကျေးရွာ
၁	မြို့နေ	၁၁၆၁	၁၁၅၃	၃	-	-
၂	ကျေးလက်နေ	၁၆၆၀၇	၁၆၅၅၈	-	၄၇	၂၂၃
	မြို့နယ်ချုပ်	၁၇၇၆၈	၁၇၇၁၁	၃	၄၇	၂၂၃

(ခ) **လူဦးရေ**

စဉ်	အကြောင်းအရာ	အသက်(၁၈)နှစ်အထက်			အသက်(၁၈)နှစ်အောက်			စုစုပေါင်း		
		ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	မြို့နေ	၁၈၃၆	၂၁၀၂	၃၉၃၈	၁၀၇၄	၁၀၇၁	၂၁၄၅	၂၉၁၀	၃၁၇၃	၆၀၈၃
၂	ကျေးလက်နေ	၂၆၂၇၅	၂၈၃၉၂	၅၄၆၆၇	၂၁၂၂၂	၂၀၉၉၂	၄၂၂၁၄	၄၇၄၉၇	၄၉၃၈၄	၉၆၈၈၁
မြို့နယ်ချုပ်		၂၈၁၁၁	၃၀၉၄၉	၅၈၆၀၅	၂၂၂၉၆	၂၂၀၆၃	၄၄၃၆၉	၅၀၄၀၇	၅၂၅၅၇	၁၀၂၉၆၄

၅.၁၁.၂ တိုင်းရင်းသားလူမျိုးစုများ

ဗန်းမောက်မြို့နယ်တွင် တိုင်းရင်းသားလူမျိုးစု (၁၁) မျိုးနေထိုင်ကြပြီး ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	လူမျိုး	နေထိုင်သည့်လူဦးရေ	မြို့နယ်လူဦးရေ	မြို့နယ်လူဦးရေ၏ရာခိုင်နှုန်း
၁	ကချင်	၁၁၈	၁၀၃၇၀၈	၀.၁၁၄
၂	ကယား	၅	၁၀၃၇၀၈	၀.၀၀၅
၃	ကရင်	၂၀	၁၀၃၇၀၈	၀.၀၂၀
၄	ချင်း	၂၃	၁၀၃၇၀၈	၀.၀၂၂
၅	မွန်	၄	၁၀၃၇၀၈	၀.၀၀၄
၆	ဗမာ	၂၆၁၉	၁၀၃၇၀၈	၂.၅၂၅
၇	ရခိုင်	၂၅	၁၀၃၇၀၈	၀.၀၂၄
၈	ရှမ်း	၇၂၄၀၀	၁၀၃၇၀၈	၆၉.၈၁၁
၉	ကတူး	၁၅၃၇၄	၁၀၃၇၀၈	၁၄.၈၂၄
၁၀	ကနန်း	၁၃၁၁၇	၁၀၃၇၀၈	၁၂.၆၄၈
၁၁	နာဂ	၃	၁၀၃၇၀၈	၀.၀၀၃
	မြို့နယ်ချုပ်	၁၀၃၇၀၈	၁၀၃၇၀၈	၁၀၀%

၅.၁၁.၃ ကိုးကွယ်သည့်ဘာသာ

ဗန်းမောက်မြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	မြို့နယ်/မြို့	ဗုဒ္ဓ ဘာသာ	ခရစ်ယာန် ဘာသာ	ဟိန္ဒူ ဘာသာ	အစ္စလာမ် ဘာသာ	နတ်	အခြား	ပေါင်း
၁	ဗန်းမောက်	၁၀၂၈၁၂	၁၃၆	-	၁၆	-	-	၁၀၂၉၆၄
မြို့နယ်ချုပ်		၁၀၂၈၁၂	၁၃၆	-	၁၆	-	-	၁၀၂၉၆၄

၅.၁၁.၄ ပညာရေး၊ ကျန်းမာရေး အခြေအနေ

၅.၁၁.၄.၁ ပညာရေး အခြေအနေ

အထက ကျောင်းများ						
စဉ်	ကျောင်းအမည်	တည်နေရာ	အကျယ်အဝန်း (ဧက)	ဆရာ/ဆရာမ ဦးရေ	ကျောင်းသား/သူ ဦးရေ	ဆရာနှင့် ကျောင်းသားအချိုး
၁	အထက ဗန်းမောက်	မြန်နွာ ရပ်ကွက်	၇.၂၄	၃၄	၁၆၃၁	၁း၄၇.၉၄
၂	အထက ဟော်ယော	ဟော်ယော	၅.၀၀	၁၈	၅၅၇	၁း၃၀.၉၄
၃	အထက မံစီ	မံစီကြီး	၁၀	၁၈	၆၉၀	၁း၃၈.၃၃
မြို့နယ်ချုပ်	(၃)ကျောင်း		၂၂.၂၄	၇၀	၂၈၇၈	၁း၄၁.၄၄

အလက ကျောင်းများ						
စဉ်	ကျောင်းအမည်	တည်နေရာ	အကျယ်အဝန်း (ဧက)	ဆရာ/ဆရာမ ဦးရေ	ကျောင်းသား/သူ ဦးရေ	ဆရာနှင့် ကျောင်းသားအချိုး
၁	အလက မံကပ်	မံကပ်	၅.၁၃	၁၂	၂၅၅	၁း၂၁.၃
၂	အလက မြို့မ	မြို့မ	၀.၃၅	၂၁	၅၂၈	၁း၂၅.၁
၃	အလက စာခမ်း	စာခမ်း	၁၀.၄	၁၁	၂၈၈	၁း၂၆.၂
၄	အလကဒယူး	ဒယူး	၁၀.၀၉	၁၁	၃၈၀	၁း၃၄.၅

၅	အလကပန်းတော	ပန်းတော	၅.၁၁	၈	၂၂၂	၁၂၂၇.၈
၆	အလကစီးမော်	စီးမော်	၅.၁၇	၉	၃၆၅	၁၃၄၀.၆
၇	အလကချောင်းဆုံ	ချောင်းဆုံ	၉.၉၀	၁၁	၂၀၀	၁၁၈.၂
၈	အလကမံယူးကြီး	မံယူးကြီး	၉.၈၄	၁၁	၂၄၂	၁၂၂.၀
၉	အလကမင်းကုန်း	မင်းကုန်း	၅.၀၀	၁၂	၄၀၁	၁၃၃.၄
မြို့နယ်ချုပ်	(၉)ကျောင်း		၂၂.၂၄	၇၀	၂၈၇၈	၁၄၁.၄၄

မူလတန်းလွန် ကျောင်းများ					
စဉ်	မြို့နယ်/ မြို့	ကျောင်းအရေအတွက်	ဆရာ/ဆရာမ ဦးရေ	ကျောင်းသား/ သူ ဦးရေ	ဆရာနှင့် ကျောင်းသားအချိုး
၁	ဗန်းမောက်	၃၆	၂၂၉	၄၆၂၆	၁:၂၀.၂၀
မြို့နယ်ချုပ်		၃၆	၂၂၉	၄၆၂၆	၁:၂၀.၂၀

အမက ကျောင်းများ				
စဉ်	ကျောင်းအရေအတွက်	ဆရာ/ဆရာမ ဦးရေ	ကျောင်းသား/ သူ ဦးရေ	ဆရာနှင့် ကျောင်းသားအချိုး
၁	၁၁၀	၄၀၃	၄၅၃၇	၁:၁၁

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ					
စဉ်	ကျောင်းအမည်	တည်နေရာ	ဆရာ/ဆရာမ ဦးရေ	ကျောင်းသား/ သူ ဦးရေ	ဆရာနှင့် ကျောင်းသားအချိုး
၁	စက်တော-ဘ/က	စက်တော	၂	၂၁	၁:၁၀.၅
၂	မံအင်-မကျီးကုန်းဘ/က	မကျီးကုန်း	၁၁	၂၀၇	၁:၁၈.၈
မြို့နယ်ချုပ်			၁၃	၂၂၈	၁:၁၇.၅၄

၅.၁၁.၄.၂ ကျန်းမာရေး အခြေအနေ

ဗန်းမောက်မြို့နယ်တွင် ဒေသတွင်းအများဆုံးဖြစ်ပွားတတ်သော ရောဂါများမှာ ငှက်ဖျား၊ ဝမ်းလျှောပါ၊ တီဘီ၊ ဝမ်းကိုက်၊ အသည်းရောင်ရောဂါတို့ ဖြစ်ပြီး ရောဂါအမျိုးအစားအလိုက် ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	မြို့/မြို့နယ်	ရောဂါအမျိုးအစား									
		ငှက်ဖျား		ဝမ်းလျှောပါ		တီဘီ		ဝမ်းကိုက်		အသည်းရောင်	
		ဖြစ်	သေ	ဖြစ်	သေ	ဖြစ်	သေ	ဖြစ်	သေ	ဖြစ်	သေ
၁	ဗန်းမောက်	၁၁၆၁	၃	၁၅၂၂	၂	၈၄	-	၃၃၄	-	၂	-
မြို့နယ်ချုပ်		၁၁၆၁	၃	၁၅၂၂	၂	၈၄	-	၃၃၄	-	၂	-

(က) ဆေရုံများ

စဉ်	ဆေးရုံအမည်	တည်နေရာ	အစိုးရ/ပုဂ္ဂလိက	ကုတင်အရေအတွက်
၁	ဗန်းမောက်ဆေးရုံ	ဗန်းမောက်	အစိုးရ	၂၅ကုတင်
၂	ကြောင်လည်တိုက်နယ်ဆေးရုံ	ကြောင်လည်	အစိုးရ	၁၆ကုတင်
၃	မံစီတိုက်နယ်ဆေးရုံ	မံစီကြီး	အစိုးရ	၁၆ကုတင်
မြို့နယ်ချုပ်	(၃)ရုံ	၃		၂၅ကုတင် (၁)ခု ၁၆ကုတင် (၂)ခု

(ခ) ကျန်းမာရေးစောင့်ရှောက်မှု

စဉ်	မြို့နယ်/ မြို့	လူဦးရေ	ဆရာဝန်မှ ကျန်းမာရေး စောင့်ရှောက်မှုနှုန်း		သူနာပြုမှ ကျန်းမာရေး စောင့်ရှောက်မှုနှုန်း		လက်ထောက်ကျန်းမာရေးမှူးမှကျန်းမာရေး စောင့်ရှောက်မှုနှုန်း	
			ဆရာဝန် ဦးရေ	ဆရာဝန် နှင့်လူဦးရေ အချိုး	သူနာပြု ဦးရေ	သူနာပြု နှင့်လူဦး ရေအချိုး	လ/ထ ကျန်းမာ ရေးမှူး ဦးရေ	လ/ထ ကျန်းမာ ရေးမှူးနှင့် လူဦးရေ အချိုး
၁	မြို့နယ်	၁၀၂၉၆၄	၅	၁:၂၀၅၉၄	၁၆	၁:၆၄၃၃	၅	၁:၂၀၅၉၂
မြို့နယ်ချုပ်		၁၀၂၉၆၄	၅	၁:၂၀၅၉၄	၁၆	၁:၆၄၃၃	၅	၁:၂၀၅၉၂

၅.၁၁.၅ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဗန်းမောက်မြို့နယ်တွင် လေကြောင်းလမ်း၊ ရေကြောင်းလမ်း၊ မီးရထားလမ်းများ မရှိပါ။ မော်တော်ကားလမ်း တစ်မျိုးတည်းသာ ပေါက်ပါသည်။ ဗန်းမောက်မြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးနှင့်ပက်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ကားလမ်း

စဉ်	ကားလမ်းအမည်	မြို့နယ်အတွင်း		အရှည်မိုင်
		မှ	ထိ	
၁	ကသာ-အင်းတော်-မံစီ	၃၇/၀	၇၆/၆	၃၉ မိုင် ၆ ဖာလုံ
မြို့နယ်ချုပ်		၃၇/၀	၇၆/၆	၃၉ မိုင် ၆ ဖာလုံ

(ခ) မြို့နယ်ချင်းဆက်လမ်းများ

စဉ်	လမ်းအမည်	အရှည် (မိုင်-ဖာလုံ)	အမျိုးအစား			မှတ်ချက်
			ကတ္တရာ	ကျောက်ချော	အမာခံ လမ်း	
၁	ကသာ-အင်းတော်-မံစီ	၃၉/၆	၁၉/၄	၂၀/၄	-	
မြို့နယ်ချုပ်		၃၉/၆	၁၉/၄	၂၀/၄	-	

(ဂ) ပေ (၁၈၀) အထက် တံတားများ

စဉ်	တံတားအမည်	အရှည်(ပေ)	အမျိုးအစား	တည်ဆောက်သည့်ခုနှစ်	သွားလာနိုင်သည့်ယာဉ်(ကား/ရထား)
၁	ကျဲကောကြီး	၃၀၀	ကွန်ကရစ်	၁၉၇၇	ကား
မြို့နယ်ချုပ်		၃၀၀	ကွန်ကရစ်	၁၉၇၇	ကား

(ဃ) ပေ (၁၈၀) အောက် တံတားများ

စဉ်	ပေ(၅၀)မှ(၁၈၀)ရှိတံတားအမည်	အရှည် (ပေ)	အမျိုးအစား	တည်ဆောက်သည့်ခုနှစ်	သွားလာနိုင်သည့်ယာဉ် (ကား/ရထား)	ပေ(၅၀)အောက် တံတားအရေအတွက်
၁	ချောင်းဆုံ	၁၆၀	ဘေလီ	၂၀၁၃	ကား	၁၂၈

၂	ပင်ဟင်းခါး	၁၂၀	ဘေလီ	၂၀၁၅	ကား	
၃	ပဓုံချောင်း	၁၁၈	ဘေလီ	၂၀၁၆	ကား	
မြို့နယ်ချုပ်			ဘေလီ	(၃) စီး		

၅.၁၁.၆ အခြားစီးပွားရေးလုပ်ငန်းများကိုသတ်မှတ်ဖော်ထုတ်ခြင်း

ဗန်းမောက်မြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသောမြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ထို့အပြင် ရွှေသတ္တုတူးဖော်ရှာဖွေခြင်းလုပ်ငန်းကိုလည်း အနည်းငယ်လုပ်ကိုင်ကြပါသည်။ ဗန်းမောက်မြို့နယ်သည် မြန်မာနိုင်ငံရှိ ဒေသများသို့ ကုန်းလမ်းခရီးဖြင့်သာ သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်မှာ ဆန်စပါး ဖြစ်သော်လည်း အခြားမြို့များသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိပါ။ ဗန်းမောက်မြို့နယ်သည် မန္တလေးမြို့မှသာ ကုန်ပစ္စည်းများကို အဓိက တင်သွင်းရပါသည်။

ဗန်းမောက်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အမျိုးမျိုးရှိပြီး လုပ်ငန်းအလိုက် ခန့်မှန်းအလုပ်လုပ်ကိုင်သူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်	မြို့နယ်	အစိုးရဝန်ထမ်း	ဝန်ဆောင်မှု	ဆိုင်ပိုင်းရေး	မွေးမြူရေး	အရောင်းအဝယ်	စက်မှုလက်မှု	ရေလက်ပန်း	ကျေးလက်	အခြား	စုစုပေါင်း
၁	ဗန်းမောက်	၄၇၂	၂၀၀	၄၃၆	၅၃၆	၁၆၀	၅၆	၁၁	၄၅	၁၀	၁,၅၀၉
မြို့နယ်ချုပ်		၄၇၂	၂၀၀	၄၃၆	၅၃၆	၁၆၀	၅၆	၁၁	၄၅	၁၀	၁,၅၀၉

၅.၁၁.၆.၁ လယ်ယာစိုက်ပျိုးရေး

ဗန်းမောက်မြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကနှင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

စဉ်	မြေအမျိုးအစား	ဧရိယာ(ဧက)
၁	အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း	၃၈၁၉၄
	(က)လယ်မြေဧရိယာ	၃၃၃၄၈
	(ခ)ယာမြေ	၃၂၃၆
	(ဂ)ကိုင်း/ကျွန်းမြေ	၇၁၉
	(ဃ)ဥယျာဉ်မြေ	၈၉၁

	(င)ခနီ	-
၂	လုပ်ထားမြေဧရိယာပေါင်း	၁၂
	(က)လယ်မြေဧရိယာ	-
	(ခ)ယာမြေ	-
	(ဂ)ကိုင်း/ကျွန်းမြေ	-
	(ဃ)ဥယျာဉ်မြေ	-
	(င)ခနီ	-
၃	စားကျက်မြေ	-
၄	စက်မှုလုပ်ငန်းသုံးမြေ	-
၅	မြို့မြေ	၁၃၁
၆	ရွာမြေ	၂၀၃၂
၇	အခြားမြေ	-
၈	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ	၅၇၁၁၇၁
၉	တောရိုင်း	၁၇၆၁၉၃
၁၀	မြေရိုင်း	၂၅၈၁
၁၁	စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ	၅၄၃၅၄
စုစုပေါင်း		၈၄၄၆၆၈

(က) အဓိက သီးနှံ (၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု

စဉ်	သီးနှံ	၂၀၁၇-၂၀၁၈ လျာထားဧက		၂၀၁၇-၂၀၁၈ ခုနှစ်			
				စိုက်	ရိတ်	နှုန်း	အထွက်(တင်း)
၁	စပါးပေါင်း	နွေ	၃၂၀	၃၉၅	၃၉၅	၉၀.၁၄	၃၅၆၀၅
		မိုး	၃၉၇၂၆	၃၈၈၅၉	၃၈၈၅၉	၈၈.၅၅	၃၄၄၀၈၃၂
၂	မြေပဲ	မိုး	၃၈၅	၃၈၆	၃၈၆	၄၂.၂၆	၁၆၃၁၂
		ဆောင်း	၇၀၂၀	၇၇၆၂	၇၇၆၂	၇၃.၅၈	၅၇၁၁၂၂၈
၃	နှမ်း	မိုး	၈၀	၈၁	၈၁	၆.၁၂	၄၉၆
		ဆောင်း	၃၅၀၀	၂၀၃၁	၂၀၃၁	၁၆.၀၁	၃၂၅၁၆
၄	နေကြာ	-	၁၄၀၀	၁၄၀၀	၁၄၀၀	၂၇.၁၄	၃၇၉၉၆
၅	မတ်ပဲ	-	-	-	-	-	-
၆	ပဲတီစိမ်း	မိုး	၄၀	၃၈	၃၈	၁၅.၂၆	၅၈၀
		ဆောင်း	၄၉၅	၄၈၀	၄၈၀	၁၇.၆၀	၈၄၄၈
၇	ပဲစင်းငုံ	-	-	-	-	-	-
၈	ဝါ	-	-	-	-	-	-
၉	ကြံ	-	၃၇	၃၇	၃၇	၂၃.၆၅	၈၇၅

၁၀	အစေ့ထုတ်ပြောင်း	-	-	-	-	-	-

(ခ) အခြားဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု

စဉ်	သီးနှံအမည်	စိုက်ဧက	ရိတ်ဧက	အထွက်နှုန်း	အထွက်ပေါင်း
၁	နဂါးမောက်	၃	၃	၂၈၀.၀၀	၈၄၀
မြို့နယ်ချုပ်		၃	၃	၂၈၀.၀၀	၈၄၀

(ဂ) နှစ်ရှည်သီးနှံ စိုက်ပျိုးမှုအခြေအနေ

စဉ်	သီးနှံအမည်	စိုက် (ဧက)	ရိတ် (ဧက)	အထွက်နှုန်း (ပိဿာ)	အထွက်ပေါင်း (ပိဿာ)
၁	ငှက်ပျော	၁၆၀	၁၆၀	၉၆၇.၇၉	၁၅၄၈၄၆
၂	ထန်း	၂၇	၂၇	၁၉၆၂၃.၅၆	၅၂၉၈၃၆
၃	အုန်းသီး	၃၂၅	၃၂၅	၃၇၅၄.၃၃	၁၂၂၀၁၅၇
၄	ကော်ဖီ	၂၁၂	၂၁၂	၂၂၀.၈၄	၄၆၈၁၈
၅	လက်ဖက်	၄၇၉	၄၇၉	၃၆၄.၇၆	၁၇၄၇၂၀
၆	ကွမ်းသီး	၁၉	၁၉	၃၆၈.၃၇	၆၉၉၉
၇	သစ်သီးပင်	၉၅၉	၉၅၉	၂၉၀၂၇.၈၅	၂၇၈၃၇၇၁၀
၈	ကြက်ပေါင်ဈေး	၄၀၅	၄၀၅	-	-
၉	ငရုတ်ကောင်း	၁	၁	၁၉.၀၀	၁၉
၁၀	ကွမ်းရွက်	၁၃	၁၃	၄၂၅၀.သသ	၅၅၂၅၀
၁၁	ပီလောပီနံ	၂၀၀	၂၀၀	၁၇၉၄.၁၄	၃၅၈၈၂၈
မြို့နယ်ချုပ်		၂၈၀၀	၂၈၀၀	၆၀၃၉၀.၆၄	၃၀၃၈၅၁၈၃

၅.၁၁.၆.၂ မွေးမြူရေးလုပ်ငန်း

ဗန်းမောက်မြို့နယ်တွင် မွေးမြူရေးဇုန်များမရှိပါ။ ဗန်းမောက်မြို့နယ်၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မြို့နယ်မွေးမြူရေး(ကောင်ရေ)

စဉ်	မြို့နယ်/မြို့	ခုနှစ်	ကျွဲ	နွား	ဝက်	သိုး/ဆိတ်	ကြက်	ဘဲ	ငုံး
၁	ဗန်းမောက်	၂၀၁၇-၂၀၁၈	၁၅၃၃၀	၅၁၁၉၁	၂၅၂၅၉	-	၆၄၀၆၀၇	၂၁၁၀	-

မြို့နယ်ချုပ်	၂၀၁၇-၂၀၁၈	၁၅၃၃၀	၅၁၁၉၁	၂၅၂၅၉	-	၆၄၀၆၀၇	၂၁၁၀	-

(ခ) မြို့နယ်အသားထုတ်လုပ်မှု (ဝိဿာ)

စဉ်	မြို့နယ်/မြို့	ခုနှစ်	ကျွဲ	နွား	ဝက်	သိုး/ဆိတ်	ကြက်	ဘဲ	ငုံး
၁	ဗန်းမောက်	၂၀၁၇-၂၀၁၈	-	၁၈၆၅၃၈၁	၂၇၈၉၅၃၀	-	၅၀၀၆၈၈၀	၅၀၈၁၈	-
မြို့နယ်ချုပ်		၂၀၁၇-၂၀၁၈	-	၁၈၆၅၃၈၁	၂၇၈၉၅၃၀	-	၅၀၀၆၈၈၀	၅၀၈၁၈	-

၅.၁၁.၆.၃ သစ်တောလုပ်ငန်းများ အခြေအနေ

ဗန်းမောက်မြို့နယ်တွင် စီးပွားဖြစ်သစ်တောစိုက်ခင်းများမရှိပါ။ ဗန်းမောက်မြို့နယ်၏ သစ်တောလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က)သစ်တောများ

စဉ်	အကြောင်းအရာ	ဧရိယာ(ဧက)	ပေါက်သည့်အပင်များ
၁	ကြိုးဝိုင်း	၃၆၄၀၆၃	ကျွန်း၊ တမလန်း၊ သစ်ယာ၊ အင်ကြင်း၊ ယမနေ၊ အင်၊ ထောက်ကြီ့၊ ကညင်၊ ဖန်းခါး၊ လက်ပံ၊ မြောက်ချော၊ ဝါးအမျိုးမျိုး စသည့်အပင်တို့ ပေါက်ပါသည်။
၂	ကြိုးဝိုင်း	၂၀၇၁၀၇	
မြို့နယ်ချုပ်		၅၇၁၁၇၁	

(ခ) သစ်ထုတ်လုပ်မှု

စဉ်	အမျိုးအစား	နိုင်ငံပိုင်	ပုဂ္ဂလိကပိုင်	ထုတ်လုပ်မှု(တန်)
၁	အင်ကြင်း	၁၅၀.၅၁၂	-	၁၅၀.၅၁၂
၂	ကညင်	၃၀၅၄.၄၉၀	-	၃၀၅၄.၄၉၀
၃	စကားဝါ	၆.၇၁၆	-	၆.၇၁၆
၄	သစ်မကျီး	၂.၁၄၈	-	၂.၁၄၈
၅	အင်	၉၇.၁၄၂	-	၉၇.၁၄၂
၆	တောင်သရက်	၆၈.၉၄၄	-	၆၈.၉၄၄

၇	ထောက်ကြုံ	၆၂.၇၉၈	-	၆၂.၇၉၈
၈	သပြေ	၁၁.၆၉၂	-	၁၁.၆၉၂
၉	သစ်အယ်	၃၈.၈၇၈	-	၃၈.၈၇၈
၁၀	နဘဲ	၃.၁၈၂	-	၃.၁၈၂
၁၁	မျောက်ငိ	၂.၀၆၁	-	၂.၀၆၁
၁၂	လက်ပံ	၁.၇၁၆	-	၁.၇၁၆
စုစုပေါင်း		၃၅၀၀.၂၄၃	-	၃၅၀၀.၂၄၃

(ဂ) သစ်တောထွက်ပစ္စည်းများ

စဉ်	အမျိုးအစား	ရေတွက်ပုံ	ထုတ်လုပ်မှု
၁	ထင်း	ကုဗတန်	၈၀၀
၂	မီးသွေး	ကုဗတန်	၁၀၀၀
၃	ဝါး	လုံး(၀၀၀)	၅၅၆
၄	ကြိမ်	လုံး(၀၀၀)	-
၅	သစ်ခေါက်	ပိဿာ	၁၀၀၀၀
၆	အင်တွဲ/ပွဲညှက်	ပိဿာ	၈၅၄
၇	ဝဋ္ဌခြောက်	ပိဿာ	၃၀၀
၈	ဝဋ္ဌစို	ပိဿာ	-
၉	လျှော်	ပိဿာ	၈၅
၁၀	သက္ကယ်	ဗျစ်(၀၀၀)	၃၀
၁၁	ပျားရည်	ပိဿာ	၂၀၀
၁၂	ပျားဖယောင်း	ပိဿာ	၁၆
၁၃	ဘုမ္မရာဇာ	ပိဿာ	၈၂

၅.၁၂ ဆက်စပ်သက်ရောက်မှု ဖြစ်ပေါ်နိုင်သော အခြားဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းများကို သုံးသပ်ဖော်ထုတ်ခြင်း

- စီမံကိန်းလုပ်ငန်းနှင့် ဆက်စပ်လျှက် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးနှင့် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။
- ဒေသတွင်း စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာမှုကြောင့် လူများပြောင်းရွှေ့ နေထိုင်ခြင်းနှင့် မြို့ရွာများ တိုးချဲ့မှု ဖြစ်ပေါ်လာနိုင်ပါသည်။
- ဒေသတွင်း ရွှေလုပ်ငန်းများရှိခြင်းကြောင့် မြေအရည်အသွေး၊ ရေအရည်အသွေး ကျဆင်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ နေရင်းဒေသ၊ အလေ့အထများအပေါ် သက်ရောက်မှုများ တိုးပွားဖြစ်ပေါ်လာနိုင်ပါသည်။

- စီမံကိန်းလုပ်ငန်း၏ အခြေအနေအရ ခရီးသွားလုပ်ငန်း ရာသီချိန်ဖြစ်သော ပွင့်လင်းရာသီတွင် တည်ဆောက်ရေးလုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်ခြင်း လုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်သော အခြေအနေရှိသဖြင့် ဆက်စပ်သက်ရောက်မှုများ ပေါင်းစပ်ဖြစ်ပေါ်နိုင်ပါသည်။ ခရီးသွားပြည်သူများသည် ညစ်ညမ်းမှုကို ထိခိုက်ခံစားရမှု ရှိနိုင်သလို ညစ်ညမ်းမှုများကို ထုတ်လွှတ်သူများအဖြစ်လည်း တစ်ပြိုင်တည်း ဖြစ်ပေါ်နိုင်ပါသည်။

အခန်း(၆)

စီမံကိန်းကြောင့်အဓိကထိခိုက်နိုင်မှုအလားအလာများကို ကနဦးဆန်းစစ်ခြင်းနှင့် လျှော့ချနိုင်မည့် နည်းလမ်းများ

၆.၁ နိဒါန်း

EIA တွင် အသုံးပြုမည့် သင့်လျော်သော ချဉ်းကပ်ပုံနှင့် နည်းလမ်းများကို ဤအခန်းတွင် ဖော်ပြထားပါသည်။ စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် ပတ်သတ်၍ ကနဦးဆန်းစစ်ခြင်း၊ သက်ရောက်မှုများကို စဉ်းစားဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ပြုလုပ်ပါမည်။ နယ်မြေသတ်မှတ်ခြင်းလုပ်ငန်းသည် ကွင်းဆင်း၍ စစ်တမ်းများကောက်ယူခြင်း၊ စီမံကိန်းအဆိုပြုသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ (Secondary data) အချက်အလက်များကို ပြန်လည်လေ့လာသုံးသပ်ခြင်းအပေါ် အခြေခံထားပါသည်။

၆.၂ သက်ရောက်မှုများကို ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း နည်းလမ်းများ (Methodology)

ပတ်ဝန်းကျင် ဆန်းစစ်ခြင်း နည်းပညာများအား အဓိကအားဖြင့် (၈) မျိုးခွဲခြားနိုင်ပြီး တစ်ခုနှင့် တစ်ခု အားသာချက်များ၊ အသုံးပြုမည့် စီမံကိန်း အမျိုးအစားနှင့် နယ်ပယ်အလိုက် ထိရောက်စွာ အသုံးပြုနိုင်ရန် လိုအပ်ပါသည်။ အများအားဖြင့် ပတ်ဝန်းကျင် ဆန်းစစ်ခြင်း နည်းပညာများကို ရွေးချယ် အသုံးချနိုင်ရန်အတွက် အဓိကကျသော အချက်(၄) ချက်ဖြစ်သော ထိခိုက်နိုင်မှု ဖော်ထုတ်ခြင်း (Impact Identification)၊ တိုင်းတားခြင်း (Impact Measurement)၊ ရှင်းလင်းဖော်ပြတွက်ချက်နိုင်ခြင်း (Impact Interpretation & Evaluation) နှင့် ရှင်းလင်းလွယ်ကူစွာ ဖော်ပြသိရှိနိုင်စေခြင်း (Impact Communication) တို့အပေါ် အခြေခံ၍ ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပုံ (၆.၂-၁) EIA Methodoligies ရွေးချယ်ရာတွင် အခြေခံသည့် စံများ



၆.၂.၁ အသုံးပြုမည့် ပတ်ဝန်းကျင် ဆန်းစစ်ခြင်း နည်းပညာများ (EIA Methodologies)

စီမံကိန်း၏ တည်ဆောက်ရေးအဆင့်၊ လုပ်ငန်းလည်ပတ်သည့်အဆင့်နှင့် ပိတ်သိမ်းသည့်အဆင့်များ အတွက် သက်ရောက်မှုများဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းကို စီမံကိန်း၏လုပ်ဆောင်ချက် (Activities)များ အပေါ်မူတည်၍ ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်သတ်မှတ်ခြင်း၊ အကျိုးသက်ရောက်နိုင်မှု အကဲဖြတ်ခြင်း တို့ကို ကွင်းဆင်းစစ်တမ်းကောက်ယူခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံအချက်အလက်များ အစရှိသော အချက်အလက်များအား ပတ်ဝန်းကျင်းဆန်းစစ်ခြင်း နည်းပညာရွေးချယ်ခြင်းစံ (EIA Methodologies Criterias) များအဖြစ် မူတည်၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနည်းလမ်းများကို အသုံးပြု ဆန်းစစ်သွားပါမည်-

- Simple Interaction Matrix Method(Leopold)
- Checklists Method (Simple; Descriptive and Scaling)

၆.၂.၁.၁ Simple Interaction Matrix Method (Leopold)

Leopold Matrix သည် လုပ်ဆောင်သည့် action များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ဖော်ပြဆောင်ရွက်နိုင်သော Matrix နည်းလမ်း တစ်ခုဖြစ်ပြီး ထိခိုက်မှု ပမာဏ (Magnitude) နှင့် သိသာထင်ရှားမှု (Significance) ရလဒ်အမှတ်များဖြင့် ဆုံးဖြတ်ပေးသော ပုံစံဖြစ်ပါသည်။ ဤနည်းလမ်းသည် အသေးစိတ်တိုင်းတာထားသည့် အချက်များအား စုပေါင်းဖော်ပြ၍ သိမြင်လွယ်ကူစေသော နည်းလမ်း ဖြစ်ပါသည်။ အသုံးပြုမည့် Matrix Method ပုံကြမ်းမှာ အောက်ဖော်ပြပါဇယားအတိုင်း ဖြစ်ပါသည်-

1-10 / 1-10	Construction			Operation			
	Land Clearance	Building Work	Transport Work	Waste Generated	Maintain Works	Household	Operation Work
Air Quality Assessment	6 / 8						
Surface Water							
Biodiversity Flora Fauna							
Economic Health							
Sociocultural Condition							
Scenry Visual Change							
Plants and Forest							



၆.၂.၁.၂ Checklist Method

Checklist ပတ်ဝန်းကျင်ဆန်းစစ်ခြင်း နည်းပညာကို အများအားဖြင့် Parameter အလိုက် အသုံးပြု၍ ရနိုင်သည့် အပြင် Simple၊ Descriptive နှင့် Scaling အလိုက် လိုအပ်သလို ချဲ့ထွင်အသုံးပြုနိုင်သော နည်းလမ်းဖြစ်သည်။ Simple checklist သည် တိုင်းတာရရှိထားသော ပတ်ဝန်းကျင်အချက်အလက်များကို ဖော်ပြရှင်းလင်းရာတွင် အသုံးပြုပြီး descriptive စနစ်ဖြင့်ပါ အသုံးပြုပါက တိုင်းတာသည့် ပုံစံနှင့် နည်းလမ်းများကို တွဲဖက် ဖော်ပြအသုံးပြုနိုင်သည်။ Scaling checklist နည်းလမ်းကို အသုံးပြုခြင်းဖြင့်

တိုင်းတာရရှိသည့် အချက်အလက်များကို Guideline value များဖြင့် တစ်ပြိုင်နက် နှိုင်းယှဉ်ဖော်ပြ အသုံးပြုနိုင်ပါသည်။ ယခု စီမံကိန်းတွင် Checklist method အား ပတ်ဝန်းကျင်သတ်မှတ်ချက်အလိုက် ခွဲခြားအသုံးခြင်းဖြင့် စနစ်တကျ တွက်ချက်ဆောင်ရွက်နိုင်မည့် နည်းလမ်းကို အလေးပေးအသုံးပြုသွားရန် ရည်ရွယ်ပါသည်။ အသုံးပြုမည့် Checklist method ၏ စံနမူနာပုံမှာ အောက်ဖော်ပြပါဇယားအတိုင်း ဖြစ်ပါသည်-

Transportaion and Construction	Construction Stage			Operation Stage		
	Adverse effect	No Effect	Benefical	Benefical	Adverse effect	No Effect
Settlememt						
Erosion						
Ground cover						
Deposition						
Stability						
Floods						
Waste control						
Operation failure						
Sociocultural Condition						

S.E.E.D

စီမံကိန်း၏ သဘောသဘာဝနှင့် တည်နေရာပေါ်မူတည်၍ EIA လေ့လာမည့် နေရာကို မူလပထမ သက်ရောက်သည့်ဧုန် (Primary Impact Zone)နှင့် ဆင့်ပွားသက်ရောက်သည့်ဧုန် (Secondary Impact Zone) ဟူ၍ (၂) မျိုးခွဲခြား ထားပါသည်။ ယင်းတို့မှာ - မူလပထမ သက်ရောက်သည့်ဧုန် (Secondary Impact Zone) သည် အချင်းဝက်(1000) မီတာအတွင်းနှင့် ဆင့်ပွားသက်ရောက်သည့်ဧုန်(Secondary Impact Zone) သည်အချင်းဝက် (5000) မီတာအတွင်း ဖြစ်ပါသည်။



သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာသက်ရောက်မှုများကို အသေးစိတ်လေ့လာပြီး EIA အဆင့်တွင် အထက်တင်ပြပါ နည်းလမ်းများဖြင့် ဆန်းစစ်သွားပါမည်။ ထို့အပြင် သက်ရောက်မှုများ၏ သဘောသဘာဝ၊ ဖြစ်နိုင်ချေအလားအလာ၊ ဧရိယာအပေါ် သက်ရောက်မှုပမာဏများ၊ စီမံကိန်းကြောင့် ကောင်းကျိုး သက်ရောက်မှုများ၊ ဆိုးကျိုးသက်ရောက်မှုများနှင့် ထပ်တိုးသက်ရောက်မှုများဟူ၍ အပိုင်းကဏ္ဍများ ခွဲခြားထားနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်၏ အခြေခံ အရည်အသွေးများဖြစ်ကြသော လေထုအရည်အသွေး၊ ရေထုအရည်အသွေး၊ မြေထုအရည်အသွေး၊ ဆူညံသံနှင့် တုန်ခါမှုတိုင်းတာခြင်းလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ EIA Scoping Report ကို အတည်ပြုပြီးသောအခါ နောက်တစ်ဆင့် ဖြစ်သော EIA Report တွင် ဆက်လက်လုပ်ဆောင်ပါမည်။

၆.၂.၂ ပတ်ဝန်းကျင်ဆန်းစစ်ချက်များ ပြုလုပ်ရာတွင် အသုံးပြုမည့် စက်ပစ္စည်းများ

စဉ်	ပစ္စည်းအမျိုးအစား	အမျိုးအစား
၁။	OCEANUS AQM-09 Air Quality Monitor System	
၂။	DIGITAL SOUND LEVEL METER	
၃။	VIBRATION METER	
၄။	GARMIN GPS	
၅။	BRUNTON COMPASS	
၆။	pH TESTER	
၇။	DIGITAL CAMERA	

၈။	DRONE	
၉။	4inch AQUARIUM NET	
၁၀။	50M MEASURING TAPE	

၆.၂.၃ သက်ရောက်မှုများကို အကဲဖြတ်ခြင်း (Scoping Matrix)

စီမံကိန်း တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပိတ်သိမ်းခြင်း အဆင့်များလုပ်နေစဉ်အတွင်း လုပ်ငန်းစဉ် တစ်ချို့ကိစ္စရပ်များကြောင့် ကောင်းသောသက်ရောက်မှုများရှိနိုင်သလို ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ စီမံကိန်း အနီးအနားဝန်းကျင်ရှိ ပတ်ဝန်းကျင်နှင့် လူမှုရေး အခြေအနေများအပေါ် အခြေခံ၍ သဘာဝပေါက်ပင်နှင့် ဇီဝမျိုးကွဲများ၊ လူမှုစီးပွားရေးအခြေနေများကို ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်း၊ လေ့လာဆန်းစစ်ခြင်းတို့ကို ပြုလုပ်ပါသည်။

သက်ရောက်မှုများကို အောက်ပါ စံနှုန်းများနှင့် အညီ A မှ D အဖြစ် သတ်မှတ်ထားပါသည်-

A	-	ထပ်တိုးသက်ရောက်မှု၊
A⁻	-	သိသာသော ဆိုးကျိုးသက်ရောက်မှု၊
A⁺	-	သိသာသော ကောင်းကျိုးသက်ရောက်မှု၊
B⁻	-	အတန်အသင့်ရှိသော ဆိုးကျိုးသက်ရောက်မှု၊
B⁺	-	အနည်းငယ် ကောင်းကျိုးသက်ရောက်မှု၊
C	-	သက်ရောက်မှု၏ သက်တမ်းကာလသည် မသေချာသောကြောင့် ပြန်လည်ဆန်းစစ်ရန် လိုအပ်သော်လည်း သိသိသာသာ / ဆိုးဝါးသော သက်ရောက်မှုမျိုး မဟုတ်ပါ၊
D	-	သက်ရောက်မှု မရှိပါ ၊ ထပ်မံလေ့လာရန် မလိုအပ်ပါ။

ဇယား (၆.၂-၁) အဆိုပြု စီမံကိန်း၏ သက်ရောက်မှုများကို အကဲဖြတ်ခြင်း (Scoping Matrix)

အလားအလာရှိသော သက်ရောက်မှုများ	**လုပ်ငန်းအဆင့်လိုက် အလားအလာရှိသော သက်ရောက်မှုများ**					
	တည်ဆောက်ရေး ကာလ	**လုပ်ငန်းလည်ပတ်စဉ် ကာလ**				**လုပ်ငန်းပိတ်သိမ်းရေး ကာလ**
	ဇုန် (A+B+C+D)	**ဇုန် (A)**	**ဇုန် (B)**	**ဇုန် (C)**	**ဇုန် (D)**	**ဇုန် (A+B+C+D)**
ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်အခြေအနေ						
ရေအရည်အသွေး (မြေအောက်ရေနှင့် မြေပေါ်ရေ)	**B⁻**	**A⁻**	**B⁻**	**B⁻**	**C**	**D**
မြေအရည်အသွေး	**B⁻**	**C**	**C**	**C**	**B⁺**	**C**

လေအရည်အသွေး	A⁻	A⁻	B⁻	C	A⁺	D
ဆူညံသံနှင့် တုန်ခါမှု	B⁻	B⁻	B⁻	C	C	D
အနံ့	C	C	C	C	D	D
ဇီဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေ						
သဘာဝပေါက်ပင်နှင့် ဇီဝမျိုးကွဲများ (ကုန်နေ၊ရေနေသတ္တဝါများ)	B⁻	D	D	B⁺	B⁺	C
လူမှုစီးပွားဆိုင်ရာသက်ရောက်မှုများ						
လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံရေး	B⁻	B⁻	B⁻	B⁻	C	D
ရပ်ရွာကျန်းမာရေးနှင့် လုံခြုံမှု	B⁻	B⁻	B⁻	B⁻	B⁻	D
လူမှုစီးပွားအခြေအနေ	A⁺	A⁺	A⁺	A⁺	A⁺	A⁻
မီးဘေး	B⁻	A⁻	B⁻	B⁻	C	D
အညစ်အကြေးစွန့်ပစ်ခြင်း						
စွန့်ပစ် အစိုင်အခဲ စွန့်ပစ်ခြင်း	B⁻	B⁻	B⁻	B⁻	B⁻	D
ရေဆိုး၊ ရေညစ် ထုတ်လွှတ်ခြင်း	B⁻	B⁻	B⁻	B⁻	C	D
ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ယာဉ်ရပ်နားရန်နေရာတို့၏ အခက်အခဲနှင့် ပြဿနာများ						
ယာဉ်ကြောပိတ်ဆို့ခြင်း	B⁻	A⁻	A⁻	A⁻	A⁻	D
ယာဉ်ရပ်နားရန် နေရာ	B⁻	A⁻	C	D	D	D

၆.၃ အလားအလာရှိသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာခြင်း

စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူသားများ၊ ဂေဟစနစ်ဝန်ဆောင်မှုများကို အကျိုးသက်ရောက်နိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို (Scoping matrix) အသုံးပြု၍ ဇယား (၆.၁)အရ ၎င်းတို့၏ သဘာဝနှင့် ပြင်းထန်မှုအလားအလာကို ဖော်ပြထားပါသည်။ စီမံကိန်းအဆင့်အလိုက် သက်ရောက်နိုင်မှုများကို အောက်ပါအတိုင်း ဆက်လက်အကဲဖြတ်သွားပါမည်-

၆.၃.၁ တည်ဆောက်ခြင်းကာလ

အဆိုပြုစီမံကိန်းကို လေ့လာရာတွင် ဇုန် (၄) ခု ပါဝင်ပါသည်။ သို့သော် တည်ဆောက်ခြင်းကာလတွင် သက်ရောက်မှုများကို ဆန်းစစ်လေ့လာရာတွင် သီးသန့်ဇုန်အလိုက် ခွဲပြမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဇုန်(၄)ခုစလုံးကိုတည်ဆောက်ရာတွင်ကြာမြင့်သည့်အချိန်ကာလတူခြင်း၊ တည်ဆောက်ခြင်းနည်းစနစ်တူခြင်း၊

အသုံးပြုရသည့် စက်ယန္တရားများနှင့် စက်ပစ္စည်းများတူခြင်းတို့ကြောင့် စီမံကိန်းတွင် ပါဝင်သော ဇုန် (၄) ခု စလုံးကို စီမံကိန်းလုပ်ငန်းခွင် ဧရိယာတစ်ခုတည်းအဖြစ် ယူဆပြီး ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်လေ့လာပါမည်။

တည်ဆောက်ခြင်းကာလတွင် အခြေခံအုတ်မြစ်ချခြင်း၊ မြေရှင်းခြင်း၊ မြေကြီးတူးခြင်း၊ မြေညှိခြင်းနှင့် လျှပ်စစ်မီးတပ်ဆင်ခြင်းအစရှိသည့် အဆောက်အဦဆောက်လုပ်ခြင်းနှင့် လိုအပ်သောပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို ပြုလုပ်ပါသည်။ ထို့အပြင် ယခုကာလသည် တည်ဆောက်ဆဲကာလ ဖြစ်သော်လည်း အဆိုပြုစီမံကိန်း မစတင်မီကတည်းက ဧလုံတောင်သို့ လာရောက်ပြီး ဧလုံတောင်တော် ဘုရားသို လာရောက်ဖူးမျှော် လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများ ရှိနေခဲ့ပြီး ဖြစ်ပါသည်။ ဤစီမံကိန်းကို ဘုရားဖူးရာသီအတွင်း အကောင်အထည်ဖော်ရသောကြောင့် စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ခရီးသွားပြည်သူများအတွက် အနှောက်အယှက် မဖြစ်စေရန်နှင့် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ မပြီးစီးခင် အဆင်ပြေစေရန် အတွက် အချို့သော နားနေဆောင်များ၊ စားသောက်ဆိုင်များ၊ စျေးဆိုင်များနှင့် အဆောက်အဦများကို Master Plan များအတိုင်း တည်ဆောက်ခြင်း မပြုနိုင်မီ သစ်သားများ၊ ထရံများ၊ ခနိမ့်များဖြင့် ယာယီတည်ဆောက်ခြင်းများ လည်းရှိပါသည်။ ထိုယာယီအဆောက်အဦများကို နောက်ပိုင်းတွင် ဖျက်သိမ်းကာ Master Plan အတိုင်း တစ်ဆင့်ခြင်း အကောင်အထည်ဖော်၍ ဆက်လက်ဆောင်ရွက်သွားပါမည်။ ဤအချက်အလက်များပေါ် အခြေခံ၍ သက်ဆိုင်ရာအပိုင်းများ၏ သက်ရောက်မှုများကို အောက်ပါ ဇယား (၆.၃-၁) တွင် အသေးစိတ် စီစစ်တင်ပြထားပါသည်-

ဇယား (၆.၃-၁) တည်ဆောက်ခြင်းကာလတွင် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများကို အကဲဖြတ်ခြင်း

လုပ်ဆောင်ချက်နှင့်နယ်ပယ်များ	ပတ်ဝန်းကျင်ဆိုင်ရာ အစိတ်အပိုင်းများ	လုပ်ငန်းအဆင့်လိုက် အလားအလာရှိသော သက်ရောက်မှုများ တည်ဆောက်ခြင်းအဆင့်	သက်ရောက်မှုများ ဖြစ်ပွားနိုင်သည့် အကြောင်းရင်းများ
ရွှံ့ဝိုင်းဆိုင်ရာ ပတ်ဝန်းကျင်အရြေအနေ	ရေအရည်အသွေး (မြေအောက်ရေနှင့် မြေပေါ်ရေ)	B⁻	• တည်ဆောက်ရေးကာလတွင်အသုံးပြုသောစက်ယန္တရားများ၊သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဘုရားဖူးယာဉ်များပြင်ဆင်ထိန်းသိမ်းခြင်းမှ ထွက်ရှိသောစက်ဆီ၊ ချောဆီဟောင်းများ တိုက်ရိုက်စွန့်ပစ်လျှင် မိုးရေနှင့်အတူ စီးဆင်း၍ မြစ်များ၊ ချောင်းများထဲသို့စီးဝင်သွားပါက မြေပေါ်ရေ အရည်အသွေးကို ကျဆင်း စေနိုင်ပါသည်။ • မိုးရာသီတွင် မျက်နှာပြင်ပေါ်မှ ရေများသည် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရာမှ ထွက်သောရေဆိုး၊ရေညစ်များနှင့်ရောစပ်စီးဆင်းပြီးမြစ်၊ချောင်း၊အင်းအိုင်များအတွင်းတိုက်ရိုက်စီးဝင်၍ မြေပေါ်ရေအရည်အသွေးကို လျော့ကျစေနိုင်ပါသည်။ • စီမံကိန်းတစ်ခုလုံးအသုံးပြုရန်အတွက် အချင်း(၆)လကျွအဝီစိတွင်း (၂/၃)တွင်း တူးဖော်မှုကြောင့် ဒေသတွင်း မြေအောက်ရေကို ထိခိုက်မှုမရှိနိုင်ပါ။

	မြေအရည်အသွေး	B⁻	• တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင်အခြေခံအုတ်မြစ်ချခြင်း၊မြေယာရှင်းလင်းခြင်း၊လမ်းဖောက်ခြင်း၊မြေတူးခြင်းနှင့်မြေညှိခြင်းများကြောင့်တိုက်စားအနယ်ကျမှုဖြစ်ကာမြေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။ • နားနေဆောင်များ၊ စျေးဆိုင်များနှင့် ဝန်ထမ်းအိမ်ယာမှ ထွက်သော စွန့်ပစ်ပစ္စည်းများ ထားရှိသောအမှိုက်ကန်များ၊ဆီသိုလှောင်ကန်၊မိုးရွာသောအခါမိုးရေကြောင့်ညစ်ညမ်းသောရေများနှင့်မြေဆီလွှာအတွင်းထဲသို့ စိမ့်ဝင်နိုင်ခြင်းကြောင့် မြေအရည်အသွေး ကို လျော့ကျစေနိုင်ပါသည်။ • တည်ဆောက်ရေးကာလတွင်အသုံးပြုသောစက်ယန္တရားများ၊သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဘုရားဖူးယာဉ်များပြုပြင်ထိန်းသိမ်းခြင်းမှ ထွက်သော စက်ဆီ၊ ချောဆီများ မတော်တဆ မြေပေါ်သို့ ကျခြင်းကြောင့် မြေဆီလွှာကို အနည်းငယ်ထိခိုက်နိုင်ပါသည်။
	လေအရည်အသွေး	A⁻	• တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ်ချခြင်း၊ မြေယာ ရှင်းလင်းခြင်း၊ မြေတူးခြင်းနှင့် မြေညှိခြင်းများ ပြုလုပ်ရသောကြောင့် ဖုန်မှုန့်များ ထွက်ခြင်းကြောင့် လေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။ • တည်ဆောက်ရေးကာလတွင် အသုံးပြုသော စက်ယန္တရားများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် ဘုရားဖူးယာဉ်များ အိပ်ဇောမှ ထွက်သော ကာဗွန်ဒိုင်အောက်ဆိုက် အခိုးအငွေ့များကြောင့် လေထုအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။ • စုပေါင်းစွန့်ပစ်ကန်များမှ အမှိုက်များပြည့်လျှံမှုကြောင့် အမှိုက်ပုပ်နံ့များ အနီးဝန်းကျင်သို့ ပျံ့လွင့်နိုင်ပါသည်။ လေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။
	ဆူညံသံနှင့် တုန်ခါမှု	B⁻	• လုပ်ငန်းခွင် ပြင်ဆင်မှုများ ပြုလုပ်ရာတွင် စက်ယန္တရားများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် မီးစက်များ စသော စက်ပစ္စည်းများကို အသုံးပြုရခြင်းကြောင့် ဆူညံသံနှင့် တုန်ခါမှုကိုအနည်းငယ် ဖြစ်ပေါ်စေနိုင်ပါသည်။

	အနှံ့	C	• တည်ဆောက်ခြင်းလုပ်ငန်းတွင် ဂေဟဆော်ခြင်းကို တစ်ခါတစ်ရံ ပြုလုပ်ရခြင်း ကြောင့် ထိမှုထွက်ရှိသော ညှော်နံ့မှ လွဲ၍ တခြား အနှံ့မထွက်ရှိပါ။
ဇီဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေ	သဘာဝပေါက်ပင်နှင့် ဇီဝမျိုးကွဲများ (ကုန်နေ၊ရေနေသတ္တဝါများ)	B⁻	• တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ်ချခြင်း၊ မြေယာ ရှင်းလင်းခြင်း၊ မြေတူးခြင်းနှင့် မြေညှိခြင်းများ ပြုလုပ်ရသောကြောင့် သဘာဝပေါက်ပင်များ အနည်းငယ် ပျက်စီးစေနိုင်သည်။ • စီမံကိန်း ပြုလုပ်ခြင်းကြောင့် လူနေထူထပ်လာပြီး တောရိုင်းတိရစ္ဆာန်များ စားကျက်မြေ ရှားပါးလာမှုကိုဖြစ်စေသောကြောင့်တောရိုင်းတိရစ္ဆာန်များနေရာသစ်သို့ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ပေါ်နိုင်ပါသည်။

လူမှုစီးပွားဆိုင်ရာသယံဇာတများ	လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံရေး	B⁻	• တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ်ချခြင်း၊ မြေယာ ရှင်းလင်းခြင်း၊ မြေတူးခြင်းနှင့် မြေညှိခြင်းများ ပြုလုပ်ရသောကြောင့် ထွက်ရှိလာသော ဖုန်မှုန့်များကြောင့် ဝန်ထမ်းများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • တည်ဆောက်ရေးကာလတွင် အသုံးပြုသော စက်ယန္တရားများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် ဘုရားဖူးယာဉ်များမှ ထွက်သော ကာဗွန်ဒိုင်အောက်ဆိုက် အခိုးအငွေ့များကြောင့် ဝန်ထမ်းများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကို ဖြစ်ပွားစေနိုင်ပါသည်။ • နေပူပြင်းထန်ချိန်တွင် အလုပ်လုပ်ရသည့်အခါ ရေဓာတ် ခန်းခြောက်ခြင်း၊ မူးဝေခြင်းတို့ ဖြစ်စေနိုင်ပါသည်။ • စက်ယန္တရားများကိုအသုံးပြု၍ လုပ်ကိုင်ရသောကြောင့် လုပ်ငန်းခွင် မတော်တဆမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် ဝန်ထမ်းများ အလုပ်လုပ်ရာတွင် ကျွမ်းကျင်မှု မရှိခြင်းနှင့် ပေါ့ဆခြင်းတို့ကြောင့် ဘေးအန္တရာယ်ကျရောက်စေနိုင်ပါသည်။ • လောင်စာများနှင့် ဓာတုပစ္စည်းများကို ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျ ကိုင်တွယ်ခြင်း မရှိပါက ဘေးအန္တရာယ်ကို ဖြစ်ပွားစေနိုင်ပါသည်။
	ရပ်ရွာကျန်းမာရေးနှင့် လုံခြုံမှု	B⁻	• သယ်ယူပို့ဆောင်ရေးယာဉ်များသည် ရပ်ရွာအတွင်း ဖြတ်၍ စီမံကိန်းသို့ သွားရာမှ ထွက်သော ဖုန်မှုန့်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကြောင့် ရပ်ရွာအတွင်း နေထိုင်သည့် ဒေသခံပြည်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • မြို့အသီးသီး၊ နယ်ပယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြခြင်းကြောင့် စီမံကိန်းရှိ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကြားတွင် လူမှုရေးပဋိပက္ခများလည်း ဖြစ်ပွား နိုင်ပါသည်။

	လူမှုစီးပွားအခြေအနေ	A^+	• စီမံကိန်းလုပ်ငန်းတွင် ဒေသခံလုပ်သား/ ဝန်ထမ်းများအား ဦးစားပေးခန့်အပ် ထားမည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားစေခြင်း၊ ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည်တို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေးနှင့် စားဝတ်နေရေးတို့ကို ယခင်ကထက် ပိုမိုအဆင်ပြေကောင်းမွန်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ စီမံကိန်း အကောင်အထည်ဖော်ခြင်းကြောင့် ဒေသခံပြည်သူလူထု၏ စီးပွားရေးကို ထိခိုက်မှု မရှိစေသည့် အပြင် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ပိုမို ဖြစ်ထွန်းခြင်းလာနိုင်ပါသည်။
	မီးဘေး	B^-	• စက်ယန္တရားများ မောင်းနှင်ရန်နှင့် ဘုရားဖူးယာဉ် တောင်တက်ကားများအတွက် သိုလှောင်ထားသော လောင်စာဆီများ ယိုဖိတ်ခြင်း၊ ဝါယာကြိုးများပေါက်ပြဲ၍ရှော့ဖြစ်ခြင်း၊ အစားအသောက်များ ချက်ပြုတ်ရာတွင် မီးများ (ထင်း/ မီးသွေး) ကြွင်းကျန်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်မီးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ခြင်ဆေးခွေ မီးကြွင်းကျန်ခြင်း စသည်တို့ကြောင့် မီးဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။

အညစ်အကြေးစွန့်ပစ်ခြင်း	စွန့်ပစ် အစိုင်အခဲ စွန့်ပစ်ခြင်း	**B⁻**	• တည်ဆောက်ရေးလုပ်ငန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိပါသည်။ • လုပ်ငန်းခွင်မှ ဝန်ထမ်းများက စွန့်ပစ်သော စွန့်ပစ်ပစ္စည်းများနှင့် ဝန်ထမ်းအိမ်ယာမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိပါသည်။ • နားနေဆောင်၊ စားသောက်ဆိုင်၊ ဈေးဆိုင်များမှ ထွက်သော စားကြွင်းစားကျန်များ၊ တစ်ကြိမ်သုံးထုတ်ပိုးခွံများ၊ ရေသန့်ဘူးခွံအဟောင်းများ၊ သုံးပြီးသားပလစ်စတစ်အိတ်များ၊ တစ်ကိုယ်ရည်ကျန်းမာရေးသုံးပစ္စည်းများ စသောစွန့်ပစ်ပစ္စည်းများ ထွက်ရှိနိုင်ပါသည်။ • စက်ယန္တရားများကို ပြင်ဆင်လဲလှယ်ရာမှထွက်သော သံထည်စက်ပစ္စည်းအပိုင်းအစများ၊ တာယာအဟောင်းများ ထွက်ရှိနိုင်ပါသည်။
	ရေဆိုး၊ ရေညစ် ထုတ်လွှတ်ခြင်း	**B⁻**	• ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းများ ဆေးကြောခြင်းနှင့် တောင်တက်ကားများနှင့် သယ်ယူပို့ဆောင်ရေး ယာဉ်များကို ဖုန်တက်သောအခါ ရေဖြင့် သန့်စင်ဆေးကြောခြင်းတို့ ပြုလုပ်ခြင်းကြောင့် ရေဆိုး၊ ရေညစ်များ ထွက်ရှိပါသည်။ • ဝန်ထမ်းအိမ်ယာများ၊ အများသုံးသန့်စင်ခန်းများ၊ နားနေဆောင်များ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များတို့မှ ရေဆိုး၊ ရေညစ်များနှင့် မိလ္လာရေများ ထွက်ရှိပါသည်။ • မိုးရာသီတွင် မျက်နှာပြင်ပေါ်မှ ရေများ(Run-off water)ကြောင့် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရာမှထွက်သော ရေဆိုး၊ ရေညစ်များ နှင့် ပေါင်းစပ်စီးဆင်းခြင်းတို့ကို ဖြစ်ပေါ်နိုင်ပါသည်။

ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ယာဉ်ရပ်နားရန်နေရာတို့၏ အခက်အခဲနှင့် ပြဿနာများ	**ယာဉ်ကြောပိတ်ဆို့ခြင်း**	**B⁻**	• ခရီးသွားရာသီချိန်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျှင် ရပ်ရွာမှစီမံကိန်းသို့သွားရာ လမ်းကြောင်းတစ်လျှောက်တွင် ယာဉ်အန္တရာယ်ဖြစ်စေနိုင်ပါသည်။ လုပ်ငန်းခွင်မှသယ်ယူပို့ဆောင်ရေးယာဉ်များ၊ ဝန်ထမ်းများ၏ဆိုင်ကယ်များ၊ ဘုရားဖူးရန် လာသောယာဉ်များနှင့် ဒေသခံပြည်သူတို့အသုံးပြုသောကား၊ ဆိုင်ကယ်တို့ကြောင့် မြို့/ရွာအတွင်း ယာဉ်ကြောပိတ်ဆို့ခြင်း အခိုက်အတန့် ဖြစ်စေနိုင်ပါသည်။
	ယာဉ်ရပ်နားရန် နေရာ	**B⁻**	• ဇလုံတောင်သို့ဘုရားဖူးရန် ဘုရားဖူးပြည်သူများ အများဆုံးလာရောက်သည့် ပွင့်လင်းရာသီတွင် စီမံကိန်းလုပ်ငန်းမှအသုံးပြုသောယာဉ်များ၊ ဝန်ထမ်းများ၏ဆိုင်ကယ်များနှင့် ဘုရားဖူးယာဉ်များ များပြားခြင်းကြောင့် ယာဉ်ရပ်နားခြင်းစနစ်စီမံခန့်ခွဲမှုမကောင်းပါက နေရာ အခက်အခဲများကို ဖြစ်စေနိုင်ပါသည်။ • ဘုရားဖူးအများအပြားလာသည့် ပွင့်လင်းရာသီမဟုတ်ပါက ယာဉ်ရပ်နားရန်နေရာ အခက်အခဲမရှိနိုင်ပါ။

၆.၃.၂ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလ

စီမံကိန်းကို ရေးဆွဲရာတွင် သက်ဆိုင်ရာ လုပ်ငန်းနှင့် ဝန်ဆောင်မှုအပေါ် မူတည်၍ ဇုန် (၄) ဇုန် ခွဲခြား သတ်မှတ်ထားပါသည်။ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလတွင် သက်ရောက်မှုများကို ဆန်းစစ် လေ့လာရာ၌ ရှင်းရှင်းလင်းလင်းဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဇုန် တစ်ခုချင်းစီအလိုက် လေ့လာသွားပါမည်။

၆.၃.၂.၁ စီမံကိန်း ဇုန် (A)

ဇုန် (A) တွင် Express ကားကြီးရပ်နားရန်နေရာ၊ ကိုယ်ပိုင်ကားလေးရပ်နားရန် နေရာ၊ အယောက် (၄၀) ဆန့် (၂) ထပ် နားနေဆောင်၊ ဧည့်ကြို ရုံးခန်း၊ ပွဲကြည့်စင်၊ သံဃာ နားနေဆောင်၊ ယာဉ်မောင်း နားနေဆောင်၊ အများသုံး အိမ်သာ၊ အများသုံး ရေချိုးခန်း၊ ရိုးရာပစ္စည်းအရောင်းဆိုင်၊ စက်သုံးဆီ အရောင်းဆိုင်၊ စက်သုံးဆီ သိုလှောင်ကန်နှင့် မီးသတ်ကန်၊ ကားဝပ်ရှော့နှင့် ပြုပြင်ထိန်းသိမ်းရေးစင်တာ၊ လျှပ်စစ် ထရန်စဖော်မာ၊ ရေလှောင်ကန်၊ ရေသန့်စက်တို့ ပါဝင်ပါသည်။ ဤအချက်အလက်များအပေါ် အခြေခံ၍ သက်ဆိုင်ရာအပိုင်းများ၏ သက်ရောက်မှုများကို အောက်ပါဇယား (၆.၃-၂)တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

ဇယား (၆.၃-၂) စီမံကိန်း ဇုန် (A) ၏ လုပ်ငန်းလည်ပတ်သည့်ကာလတွင် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများကို အကဲဖြတ်ခြင်း

လုပ်ဆောင်ချက်နှင့်နယ်ပယ်များ	**ပတ်ဝန်းကျင်ဆိုင်ရာ အစိတ်အပိုင်းများ**	**လုပ်ငန်းအဆင့်လိုက် အလားအလာရှိသော သက်ရောက်မှုများ** **ဇုန် (A) ၏ လုပ်ငန်းလည်ပတ်သည့် ကာလ**	**သက်ရောက်မှုများ ဖြစ်ပွားရသည့် အကြောင်းရင်းများ**
ရပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ	ရေအရည်အသွေး (မြေအောက်ရေနှင့် မြေပေါ်ရေ)	A-	• လုပ်ငန်းလည်ပတ်ခြင်းကာလတွင် အသုံးပြုသောစက်ယန္တရားများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဘုရားဖူးယာဉ်များ ပြင်ဆင်ထိန်းသိမ်းခြင်းမှ ထွက်ရှိသောစက်ဆီ၊ ချောဆီဟောင်းများ တိုက်ရိုက်စွန့်ပစ်လျှင် မိုးရေနှင့်အတူ စီးဆင်း၍ မြစ်များ၊ ချောင်းများထဲသို့ စီးဝင်ပါက မြေပေါ်ရေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။ • မိုးရာသီတွင်အမှိုက်ကန်များရှိ စွန့်ပစ်အမှိုက်များ (ဥပမာ- လူ့အသုံးဆောင်ပစ္စည်းများ၊ ရေဘူးခွံ၊ ပလတ်စတစ်အိတ်၊ ကျန်းမာရေးပစ္စည်းနှင့် စားကြွင်းစာကျန်များ)မှ ထွက်သော အညစ်အကြေးနှင့်ရေများသည် မိုးရေနှင့်အတူ ပြင်ပသို့ စီးဆင်းထွက်သွားနိုင်ပြီး မြေပေါ်ရေအရည်အသွေး ကို ကျဆင်းစေနိုင်ပါသည်။

	မြေအရည်အသွေး	C	• Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များနှင့် ကားဝပ်ရှော့နှင့် ပြုပြင်ထိန်းသိမ်းရေးစင်တာမှ ထွက်သော စက်ဆီ၊ ချောဆီများ မတော်တဆ မြေပေါ်သို့ ကျနိုင်ပါသည်။ ထိုဖြစ်ရပ်ကြောင့် မြေဆီလွှာကို အနည်းငယ်ထိခိုက်ပျက်စီး နိုင်ပါသည်။ • မိုးရာသီတွင် အမှိုက်ကန်ထဲရှိ စွန့်ပစ်အမှိုက်များ (ဥပမာ လူ့အသုံးဆောင်ပစ္စည်းများ၊ ရေဘူးခွံ၊ ပလတ်စတစ်အိတ်) နှင့် စားကြွင်းစာကျန်များမှ ထွက်သော အညစ်အကြေး ရေများသည် မိုးရေနှင့်အတူ ပြင်ပသို့ စိမ့်ထွက်သွားနိုင်ပြီး မြေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။
	လေအရည်အသွေး	A-	• Expressကားကြီးများ၊ကိုယ်ပိုင်ယာဉ်များနှင့်ဆီသယ်ယာဉ်များအသုံးပြုမောင်းနှင်ခြင်းကြောင့်ထွက်သောကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ နှင့် ဖုန်မှုန့်များကြောင့် လေထုအရည်အသွေးကို ကျဆင်းစေပါသည်။ • စုပေါင်းစွန့်ပစ်ကန်များမှ အမှိုက်များပြည့်လျှံ၍ အချိန်မှန်စွန့်ပစ်ခြင်းမရှိသည့်အခါတွင် အမှိုက်ပုပ်နံများကြောင့် လေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။
	ဆူညံသံနှင့် တုန်ခါမှု	B-	• Expressကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များ၊ ဆီသယ်ယာဉ်များနှင့် မီးစက်များစသော စက်ပစ္စည်းများကို အသုံးပြုရခြင်းကြောင့် ဆူညံသံနှင့် တုန်ခါမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ • ကားဝပ်ရှော့နှင့်ပြုပြင်ထိန်းသိမ်းရေးစင်တာမှ လုပ်ငန်းလည်ပတ်ခြင်းကြောင့် တစ်ခါတစ်ရံဆူညံသံများ ထွက်ပေါ်လာနိုင်ပါသည်။
	အနံ	C	• ကားဝပ်ရှော့နှင့် ပြုပြင်ထိန်းသိမ်းရေးစင်တာတွင် လုပ်ငန်းလိုအပ်ချက်အရ ဂေဟဆော်ခြင်းကို တစ်ခါတစ်ရံ ပြုလုပ်ရခြင်းကြောင့် ညှော်နံထွက်နိုင်ပါသည်။ • အများသုံးအိမ်သာနှင့် ရေချိုးခန်းများသည် တည်ဆောက်မှုစနစ်နှင့် သန့်ရှင်းမှုစနစ်မကောင်းပါက အနံဆိုးများထွက်နိုင်ပါသည်။

ဇီဝဝန်းကျင်ဆိုင်ရာ	သဘာဝပေါက်ပင်နှင့် ဇီဝမျိုးကွဲများ (ကုန်းနေ၊ရေနေသတ္တဝါများ)	**D**	• တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ်ချခြင်း၊ မြေယာ ရှင်းလင်းခြင်း၊ မြေတူးခြင်းနှင့် မြေညှိခြင်းများ ပြုလုပ်ရသောကြောင့် သဘာဝပေါက်ပင်များနှင့် တောရိုင်းတိရစ္ဆာန်များ၏ စားကျက်မြေများ အနည်းငယ် ပျက်ဆီးဆုံးရှုံးမှုရှိနိုင်သော်လည်း လုပ်ငန်းလည်ပတ်ခြင်းအဆင့်တွင် သဘာဝပေါက်ပင်များနှင့် ဇီဝမျိုးကွဲများ၏အလေ့အထနှင့် နေရင်းဒေသများပြန်လည်ဖွံ့ဖြိုးတည်ငြိမ်လာနိုင်ပါသည်။
လူမှုစီးပွားရေးနှင့်ယဉ်ကျေးမှု	လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံရေး	**B⁻**	• Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များ၊ ဆီသယ်ယာဉ်များနှင့် မီးစက်များ အသုံးပြုရာမှထွက်သော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များနှင့် ဖုန်မှုန့်များကြောင့် ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူတို့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များနှင့် ဆီသယ်ယာဉ်များကြောင့် ယာဉ်မတော်တဆမှုများနှင့် တိမ်းမှောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ • စက်သုံးဆီအရောင်းဆိုင်တွင် စက်သုံးဆီများကို စနစ်တကျသိုလှောင်ထားရှိမှု မရှိပါက ဘေးအန္တရာယ်ကို ဖြစ်ပွားစေနိုင်ပါသည်။ • အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ဆီ အစရှိသည့် လောင်စာများကို ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျကိုင်တွယ်ခြင်း မရှိပါက ဘေးအန္တရာယ်ကို ဖြစ်ပွားစေနိုင်ပါသည်။

	ရပ်ရွာကျန်းမာရေးနှင့် လုံခြုံမှု	B⁻	• စီမံကိန်းလုပ်ငန်းမှယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဆီသယ်ယာဉ်များသည် စီမံကိန်းသို့ သွားရာမှ ထွက်သော ဖုန်မှုန့်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကြောင့် ရပ်ရွာအတွင်း နေထိုင်သည့် ဒေသခံ ပြည်များတွင် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • ရပ်ရွာအတွင်း ယာဉ်မတော်တဆမှုများလည်း ဖြစ်စေနိုင်ပါသည်။ • မြို့အသီးသီး၊ နယ်ပယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြခြင်းကြောင့် စီမံကိန်းရှိဝန်ထမ်းများနှင့် ဒေသခံပြည်သူများကြားတွင် လူမှုရေးပဋိပက္ခများလည်း ဖြစ်ပွားနိုင်ပါသည်။
	လူမှုစီးပွားအခြေအနေ	A⁺	• စီမံကိန်းလုပ်ငန်းတွင် ဒေသခံလုပ်သား/ ဝန်ထမ်းများအား ဦးစားပေးခန့်အပ် ထားမည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားစေခြင်း၊ ရောင်းဝယ်ဖောက်ကားရေး လုပ်ငန်းများနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ အစရှိသည်တို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေးနှင့် စားဝတ်နေရေးတို့ကို ယခင်ကထက် ပိုမိုအဆင်ပြေ ကောင်းမွန်လာစေနိုင်ပါသည်။ သို့ဖြစ်ပါ၍ စီမံကိန်းအကောင်အထည်ဖော်ခြင်းကြောင့် ဒေသခံပြည်သူလူထု၏ စီးပွားရေးကို ထိခိုက်မှု မရှိစေသည့် အပြင် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ပိုမို ဖြစ်ထွန်းလာနိုင်ပါသည်။

	မီးဘေး	A⁻	• စက်သုံးဆီအရောင်းဆိုင်တွင် စက်သုံးဆီများကို စနစ်တကျသိုလှောင်မှုမရှိခြင်း၊ ဆီသယ်ယာဉ်များ မတော်တဆတိမ်းမှောက်ခြင်း၊ ရှော့ဖြစ်ခြင်းများကြောင့် မီးဘေးအန္တရာယ်ကို ဖြစ်စေနိုင်ပါသည်။ • ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်မီးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ခြင်ဆေးခွေ မီးကြွင်းကျန်ခြင်း အစသည်တို့ကြောင့် မီးဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။ • နားနေဆောင်များ၊ ဆိုင်ခန်း၊ ရုံးခန်းများ အစရှိသော အခန်းများ၏ လျှပ်စစ်သွယ်တန်းထားရှိမှု စနစ်မမှန်ကန်ပါက ဝိုင်ယာရှော့ဖြစ်ခြင်း၊ တယ်လီဖုန်းများအားသွင်းထားရာမှအပူလွန်ကဲခြင်း၊ လျှပ်စစ်ကိုင်တွယ်မှု ပေါ့ဆခြင်းစသည်တို့ကြောင့် မီးလောင်မှုကို ဖြစ်စေနိုင်ပါသည်။
အည်စ်အကြေးစွန့်ပစ်ခြင်း	စွန့်ပစ် အစိုင်အခဲ စွန့်ပစ်ခြင်း	B⁻	• လုပ်ငန်းခွင်မှ ဝန်ထမ်းများက စွန့်ပစ်သော စွန့်ပစ်ပစ္စည်းများနှင့် ဝန်ထမ်းအိမ်ယာမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိနိုင်ပါသည်။ • နားနေဆောင်များမှ ထွက်သော စားကြွင်းစာကျန်များ၊ ရေသန့်ဘူးခွံအဟောင်းများ၊ သုံးပြီးသား ပလစ်စတစ်အိတ်များ စသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိနိုင်ပါသည်။ • ကားဝပ်ရှော့နှင့် ပြုပြင်ထိန်းသိမ်းရေးစင်တာမှ စွန့်ပစ် စက်ပစ္စည်း အပိုင်းစများ ထွက်ရှိနိုင်ပါသည်။
	ရေဆိုး၊ ရေညစ် ထုတ်လွှတ်ခြင်း	B⁻	• Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များနှင့် ဆီသယ်ယာဉ်များ ဖုန်တက်သောအခါ ရေဖြင့် သန့်စင်ဆေးကြောခြင်းတို့ ပြုလုပ်ခြင်းကြောင့် ရေဆိုး၊ ရေညစ်များ ထွက်ရှိနိုင်ပါသည်။ • အများသုံးသန့်စင်ခန်းများ၊ အများသုံး ရေချိုးခန်း၊ အမျိုးမျိုးသော နားနေဆောင်များ၊ ဝန်ထမ်းအိမ်ယာများ၊ ကားဝပ်ရှော့နှင့် ပြုပြင်ထိန်းသိမ်းရေးစင်တာတို့မှ ရေဆိုး၊ ရေညစ်များနှင့် မိလ္လာရေများ ထွက်ရှိနိုင်ပါသည်။

ယာဉ်ကြောပြတ်ခြင်းနှင့် ယာဉ်ရပ်နားနေရာနှင့်ကားပြတ်ခြင်းနေရာ	**ယာဉ်ကြောပိတ်ဆို့ခြင်း**	**A⁻**	• စီမံကိန်းလုပ်ငန်းမှယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဆီသယ်ယာဉ်များ သည် ရပ်ရွာမှ စီမံကိန်းသို့ သွားရာလမ်းကြောင်း တစ်လျှောက်တွင် ထိုစီမံကိန်း မရှိခင်ကထက် ပိုမို၍ ယာဉ်ကြောပိတ်ဆို့ခြင်းများကို ဖြစ်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပွင့်လင်းရာသီတွင် ဝန်ထမ်းများ၏ ဆိုင်ကယ်များ၊ ကိုယ်ပိုင်ကားများ၊ ဘုရားဖူးရန် လာသောယာဉ်များနှင့် ဒေသခံပြည်သူတို့ အသုံးပြုသော ကား၊ ဆိုင်ကယ်တို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်စေနိုင်ပါသည်။
	ယာဉ်ရပ်နားရန် နေရာ	**A⁻**	• ဇလုံတောင်သို့ဘုရားဖူးရန် ဘုရားဖူးပြည်သူများ အများဆုံးလာရောက်သည့် ပွင့်လင်းရာသီတွင် စီမံကိန်းလုပ်ငန်းမှ Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များ၊ ဝန်ထမ်းများ၏ ဆိုင်ကယ်များ၊ ဘုရားဖူးယာဉ်များဖြင့် စည်ကားနေခြင်းကြောင့် ယာဉ်ရပ်နားရန်နေရာ အခက်အခဲများ ဖြစ်စေနိုင်ပါသည်။ • ဘုရားဖူးအများအပြားလာသည့် ပွင့်လင်းရာသီမဟုတ်ပါက ယာဉ်ရပ်နားရန်နေရာ အခက်အခဲ မရှိနိုင်ပါ။

၆.၃.၂.၂ စီမံကိန်း ဇုန် (B)

ဇုန် (B) တွင် ဇလုံတောင်တက် ကားဂိတ်၊ ဆိုင်ကယ် ရပ်နားရန်နေရာ၊ ညစျေးတန်း၊ စားသောက်ဆိုင်၊ စျေးဆိုင်၊ အများသုံးအိမ်သာများ၊ ရဲစခန်း၊ ဆေးခန်းနှင့် လျှပ်စစ် ထရန်စဖော်မာတို့ ပါဝင်ပါသည်။ ဤ အချက်အလက်များအပေါ် အခြေခံ၍ သက်ဆိုင်ရာအပိုင်းများ၏ သက်ရောက်မှုများကို အောက်ပါ ဇယား ၆.၃.၃ တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

ဇယား (၆.၃-၃) စီမံကိန်း ဇုန် (B) ၏ လုပ်ငန်းလည်ပတ်သည့်ကာလတွင် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများကို အကဲဖြတ်ခြင်း

လုပ်ဆောင်ချက်နှင့်နယ်ပယ်များ	**ပတ်ဝန်းကျင်ဆိုင်ရာ အစိတ်အပိုင်းများ**	**လုပ်ငန်းအဆင့်လိုက် အလားအလာရှိသော သက်ရောက်မှုများ**	**သက်ရောက်မှုများ ဖြစ်ပွားရသည့် အကြောင်းရင်းများ**
		ဇုန် (B) ၏ လုပ်ငန်းလည်ပတ်သည့် ကာလ	

ရပ်ဝန်းဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ	ရေအရည်အသွေး (မြေအောက်ရေနှင့် မြေပေါ်ရေ)	B-	• လုပ်ငန်းလည်ပတ်ခြင်းကာလတွင် အသုံးပြုသောစက်ယန္တရားများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဘုရားဖူးယာဉ်များပြင်ဆင်ထိန်းသိမ်းခြင်းမှ ထွက်ရှိသော စက်ဆီ၊ ချောဆီဟောင်းများ တိုက်ရိုက်စွန့်ပစ်လျှင် မိုးရေနှင့်အတူမျောပါ၍ မြစ်များ၊ ချောင်းများထဲသို့စီးဝင်ပါက မြေပေါ်ရေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။ • မိုးရာသီတွင် အမှိုက်ကန်များရှိစွန့်ပစ်အမှိုက်များ (ဥပမာ-လူ့အသုံးဆောင်ပစ္စည်းများ၊ ရေဘူးခွံ၊ ပလတ်စတစ်အိတ်၊ ကျန်းမာရေးပစ္စည်းနှင့် စားကြွင်းစားကျန်များ)မှ ထွက်သော အညစ်အကြေး နှင့်ရေများသည် မိုးရေနှင့်အတူ ပြင်ပသို့ စီးဆင်းထွက်သွားနိုင်ပြီး မြေပေါ်ရေအရည်အသွေး ကို ကျဆင်းစေနိုင်ပါသည်။
	မြေအရည်အသွေး	C	• ဇလုံတောင်တက် ကားများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များမှ ထွက်သော စက်ဆီ၊ ချောဆီများ မတော်တဆ မြေပေါ်သို့ ကျနိုင်ပါသည်။ ထိုဖြစ်ရပ်ကြောင့် မြေဆီလွှာကို အနည်းငယ်ထိခိုက်ပျက်စီး နိုင်ပါသည်။ • မိုးရာသီတွင် အမှိုက်ကန်ထဲရှိ စွန့်ပစ်အမှိုက်များ (ဥပမာ လူ့အသုံးဆောင်ပစ္စည်းများ၊ ရေဘူးခွံ၊ ပလတ်စတစ်အိတ်) နှင့် စားကြွင်းစာကျန်များမှ ထွက်သော အညစ်အကြေး ရေများသည် မိုးရေနှင့်အတူ ပြင်ပသို့ စိမ့်ထွက်သွားနိုင်ပြီး မြေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။
	လေအရည်အသွေး	B-	• ဇလုံတောင်တက် ကားများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များ အသုံးပြု မောင်းနှင်ခြင်း ကြောင့် ထွက်သော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ နှင့် ဖုန်မှုန့်များကြောင့် လေထုအရည်အသွေးကို ကျဆင်းစေပါသည်။ • စားသောက်ဆိုင်များမှ ချက်ပြုတ်ခြင်းကြောင့် ထွက်လာသော မီးခိုးငွေ့နှင့် ညှော်နံများကြောင့် လေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။ • စုပေါင်းစွန့်ပစ်ကန်များမှ အမှိုက်များပြည့်လျံနေသောအခါတွင် အမှိုက်ပုပ်နံများ အနီးဝန်းကျင်မှ ရနိုင်ပါသည်။ ထို့ကြောင့် လေအရည်အသွေးကို ကျဆင်းစေပါသည်။

	ဆူညံသံနှင့် တုန်ခါမှု	B-	• ဇလုံတောင်တက် ကားများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များနှင့် မီးစက်များ စသော စက်ပစ္စည်းများကို အသုံးပြုရခြင်းကြောင့် ဆူညံသံနှင့် တုန်ခါမှုကို ဖြစ်ပေါ်စေ နိုင်ပါသည်။ • ညစျေးတန်း၊ စားသောက်ဆိုင်၊ စျေးဆိုင်တို့ရှိခြင်းကြောင့် ဆူညံမှုများ ရှိနိုင်ပါသည်။
	အနံ့	C	• စားသောက်ဆိုင်များမှ ချက်ပြုတ်ခြင်းကြောင့် ညှော်နံ့များ ထွက်နိုင်ပါသည်။
ဇီဝပတ်ဝန်းကျင်ဆိုင်ရာ	သဘာဝပေါက်ပင်နှင့် ဇီဝမျိုးကွဲများ (ကုန်နေ၊ရေနေ သတ္တဝါများ)	D	• တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ်ချခြင်း၊ မြေယာ ရှင်းလင်းခြင်း၊ မြေတူးခြင်းနှင့် မြေညှိခြင်းများ ပြုလုပ်ရသောကြောင့် သဘာဝပေါက်ပင်များနှင့် တောရိုင်းတိရစ္ဆာန်များ၏ စားကျက်မြေများ အနည်းငယ် ပျက်စီးဆုံးရှုံးမှုရှိနိုင်သော်လည်း လုပ်ငန်းလည်ပတ်ခြင်းအဆင့်တွင် သဘာဝပေါက်ပင်များနှင့် ဇီဝမျိုးကွဲများ၏ အလေ့အထနှင့် နေရင်းဒေသများပြန်လည်ဖွံ့ဖြိုးတည်ငြိမ်လာနိုင်ပါသည်။
လူမှုစီးပွားရေးနှင့်ယဉ်ကျေးမှု	လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် လုံခြုံရေး	B-	• ဇလုံတောင်တက် ကားများ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် မီးစက်များ အသုံးပြုရာမှထွက်သော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များနှင့် ဖုန်မှုန့်များ ကြောင့် ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူတို့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • ဇလုံတောင်တက်ကားများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များကြောင့် ယာဉ်မတော်တဆမှုများနှင့် တိမ်းမှောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ • စားသောက်ဆိုင်များ၏ ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။ • အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ဆီ အစရှိသည့် လောင်စာများကို ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျ ကိုင်တွယ်ခြင်း မရှိပါက ဘေးအန္တရာယ်ကို ဖြစ်ပွားစေနိုင်ပါသည်။

	ရပ်ရွာကျန်းမာရေးနှင့် လုံခြုံမှု	B⁻	• စီမံကိန်းလုပ်ငန်းမှယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဆီသယ်ယာဉ်များသည် ရပ်ရွာအတွင်း ဖြတ်၍ စီမံကိန်းသို့ သွားရာမှ ထွက်သော ဖုန်မှုန့်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကြောင့် ရပ်ရွာအတွင်း နေထိုင်သည့် ဒေသခံပြည်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • ရပ်ရွာအတွင်း ယာဉ်မတော်တဆမှုများလည်း ဖြစ်စေနိုင်ပါသည်။ • မြို့အသီးသီး၊ နယ်ပယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြခြင်းကြောင့် စီမံကိန်းရှိ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကြားတွင် လူမှုရေးပဋိပက္ခများလည်း ဖြစ်ပွား နိုင်ပါသည်။
	လူမှုစီးပွားအခြေအနေ	A⁺	• စီမံကိန်းလုပ်ငန်းတွင် ဒေသခံလုပ်သား/ ဝန်ထမ်းများအား ဦးစားပေးခန့်အပ် ထားမည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားစေခြင်း၊ ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ အစရှိသည်တို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေးနှင့် စားဝတ်နေရေးတို့ကိုယခင်ကထက် ပိုမိုအဆင်ပြေ တိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စီမံကိန်းအကောင်အထည်ဖော်ခြင်း ကြောင့် ဒေသခံပြည်သူလူထု၏ စီးပွားရေးကို ထိခိုက်မှု မရှိစေသည့် အပြင် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ပိုမို ဖြစ်ထွန်းခြင်းလာနိုင်ပါသည်။
	မီးဘေး	B⁻	• ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်မီးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ခြင်ဆေးခွေ မီးကြွင်းကျန်ခြင်း အစသည်တို့ကြောင့် မီးဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။ • နားနေဆောင်များ၊ ဆိုင်ခန်း၊ ရုံးခန်းများ အစရှိသော အခန်းများ၏ လျှပ်စစ်သွယ်တန်းထားရှိမှု စနစ် မမှန်ကန်ပါက ဝိုင်ယာရှော့ဖြစ်ခြင်း၊ တယ်လီဖုန်းများအားသွင်းထားရာမှ အပူလွန်ကဲခြင်း၊ လျှပ်စစ်ကိုင်တွယ်မှုပေါ့ဆခြင်း စသည်တို့ကြောင့် မီးလောင်မှုကို ဖြစ်စေနိုင်ပါသည်။

အညစ်အကြေးစွန့်ပစ်ခြင်း	စွန့်ပစ် အစိုင်အခဲ စွန့်ပစ်ခြင်း	B⁻	• လုပ်ငန်းခွင်မှ ဝန်ထမ်းများက စွန့်ပစ်သော စွန့်ပစ်ပစ္စည်းများ ထွက်ရှိပါသည်။ • ညစျေးတန်း၊ စားသောက်ဆိုင်၊ စျေးဆိုင် တို့မှ ထွက်သော စားကြွင်းစာကျန်များ၊ ရေသန့်ဘူးခွံအဟောင်းများ၊ သုံးပြီးသား ပလစ်စတစ်အိတ်များစသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိပါသည်။
	ရေဆိုး၊ ရေညစ် ထုတ်လွှတ်ခြင်း	B⁻	• ယာဉ်များနှင့် စက်ပစ္စည်းများကို သန့်စင်ဆေးကြောခြင်းတို့ ပြုလုပ်ခြင်းကြောင့် ရေဆိုး၊ ရေညစ်များ ထွက်ရှိပါသည်။ • အများသုံးသန့်စင်ခန်းများ၊ ညစျေးတန်း၊ စားသောက်ဆိုင်နှင့် စျေးဆိုင်တို့မှ ရေဆိုး၊ ရေညစ်များနှင့် မိလ္လာရေများ ထွက်ရှိပါသည်။
ဘဝဝန်းကျင်ဝိတ်ခွဲခြင်းနှင့် ယာဉ်ရပ်နားရန်နေရာတို့၏ အခင်းအကျင်းပြောင်းလဲမှုများ	**ယာဉ်ကြောပိတ်ဆို့ခြင်း**	A⁻	• စီမံကိန်းလုပ်ငန်းမှယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဆီသယ်ယာဉ်များသည် ရပ်ရွာမှ စီမံကိန်းသို့ သွားရာလမ်းကြောင်းတစ်လျှောက်တွင် ထိုစီမံကိန်း မရှိခင်ကထက် ပိုမို၍ ယာဉ်ကြောပိတ်ဆို့ခြင်းများကို ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပွင့်လင်းရာသီတွင် ဝန်ထမ်းများ၏ ဆိုင်ကယ်များ၊ ကိုယ်ပိုင်ကားများ၊ ဘုရားဖူးရန် လာသောယာဉ်များနှင့် ဒေသခံပြည်သူတို့ အသုံးပြုသော ကား၊ ဆိုင်ကယ်တို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နိုင်ပါသည်။
	ယာဉ်ရပ်နားရန် နေရာ	C	• ဇလုံတောင်သို့ဘုရားဖူးရန် ဘုရားဖူးပြည်သူများ အများဆုံးလာရောက်သည့် ပွင့်လင်းရာသီတွင် စီမံကိန်းလုပ်ငန်းမှ Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များ၊ ဝန်ထမ်းများ၏ ဆိုင်ကယ်များ၊ ဘုရားဖူးယာဉ်များဖြင့် စည်ကားနေခြင်းကြောင့် ယာဉ်ရပ်နားရန်နေရာ အခက်အခဲများ ဖြစ်စေနိုင်ပါသည်။ • ဘုရားဖူးအများအပြားလာသည့် ပွင့်လင်းရာသီ မဟုတ်ပါက ယာဉ်ရပ်နားရန် နေရာ အခက်အခဲမရှိနိုင်ပါ။

၆.၃.၂.၃ စီမံကိန်း ဇုန် (C)

ဇုန် (C) ကို အဆင့်မြင့်ဟိုတယ်ဝန်ဆောင်ဝန်ဆောင်မှုဧရိယာ အဖြစ်သတ်မှတ်ထားပြီး ဟိုတယ်နှင့် ဆက်စပ်အဆောက်အဦများ၊ စားသောက်ဆိုင်နှင့် ကားပါကင်တို့ ပါဝင်မည်ဖြစ်ပါသည်။ ဤအချက်အလက်များအပေါ် အခြေခံ၍ သက်ဆိုင်ရာအပိုင်းများ၏ သက်ရောက်မှုများကို အောက်ပါ ဇယား တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

ဇယား (၆.၃-၄) စီမံကိန်း ဇုန် (C) ၏ လုပ်ငန်းလည်ပတ်သည့်ကာလတွင် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများကို အကဲဖြတ်ခြင်း

လုပ်ဆောင်ချက်နှင့်နယ်ပယ်များ	**ပတ်ဝန်းကျင်ဆိုင်ရာ အစိတ်အပိုင်းများ**	**လုပ်ငန်းအဆင့်လိုက် အလားအလာရှိသော သက်ရောက်မှုများ** **ဇုန် (C) ၏ လုပ်ငန်းလည်ပတ်သည့် ကာလ**	**သက်ရောက်မှုများ ဖြစ်ပွားရသည့် အကြောင်းရင်းများ**
ရပ်ဝန်းဆိုင်ရာ ပတ်ဝန်းကျင်အရေးအနေ	ရေအရည်အသွေး (မြေအောက်ရေနှင့် မြေပေါ်ရေ)	**B⁻**	• မိုးရာသီတွင် အမှိုက်ကန်ထဲရှိ စွန့်ပစ်အမှိုက်များ (ဥပမာ လူ့အသုံးဆောင်ပစ္စည်းများ၊ ရေဘူးခွံ၊ ပလတ်စတစ်အိတ်) နှင့် စားကြွင်းစာကျန်များမှ ထွက်သော အညစ်အကြေး ရေများသည် မိုးရေနှင့်အတူ ပြင်ပသို့ စိမ့်ထွက်သွားနိုင်ပြီး မြေပေါ်ရေအရည်အသွေး ကို ကျဆင်းစေနိုင်ပါသည်။

	မြေအရည်အသွေး	C	• မိုးရာသီတွင် အမှိုက်ကန်ထဲရှိ စွန့်ပစ်အမှိုက်များ (ဥပမာ လူ့အသုံးဆောင်ပစ္စည်းများ၊ ရေဘူးခွံ၊ ပလတ်စတစ်အိတ်) နှင့် စားကြွင်းစာကျန်များမှ ထွက်သော အညစ်အကြေး ရေများသည် မိုးရေနှင့်အတူ ပြင်ပသို့ စိမ့်ထွက်သွားနိုင်ပြီး မြေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။
	လေအရည်အသွေး	C	• ဟိုတယ်သို့ တည်းခိုရန်လာသော ကားများနှင့် လုပ်ငန်းခွင်မှ ကားများ အသုံးပြု မောင်းနှင်ခြင်း ကြောင့် ထွက်သော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ နှင့် ဖုန်မှုန့်များကြောင့် လေထုအရည်အသွေးကို ကျဆင်းစေပါသည်။ • ဟိုတယ်ရှိ စားသောက်ခန်းမှ အစားအစာများ ချက်ပြုတ်ခြင်းကြောင့် ထွက်လာသော မီးခိုးငွေ့နှင့် ညှော်နံများကြောင့် လေအရည်အသွေးကို ကျဆင်းစေနိုင်ပါသည်။ • စုပေါင်းစွန့်ပစ်ကန်များမှ အမှိုက်များပြည့်လျံနေသောအခါတွင် အမှိုက်ပုပ်နံများ အနီးဝန်းကျင်မှ ရနိုင်ပါသည်။ ထို့ကြောင့် လေအရည်အသွေးကို ကျဆင်းစေပါသည်။
	ဆူညံသံနှင့် တုန်ခါမှု	D	• သက်ရောက်မှုမဖြစ်ပေါ်နိုင်ပါ။
	အနံ	D	• သက်ရောက်မှုမဖြစ်ပေါ်နိုင်ပါ။
ဇီဝပတ်ဝန်းကျင် အထိခိုက်ခံရခြေအနေ	သဘာဝပေါက်ပင်နှင့် ဇီဝမျိုးကွဲများ (ကုန်နေ၊ရေနေသတ္တဝါများ)	A^+	• ဟိုတယ်ဧရိယာသန့်ရှင်းသာယာလှပစေရေးနှင့် ဟိုတယ်သို့ လာရောက်တည်းခိုသော ဘုရားဖူးဧည့်သည်များကို စိတ်ကျေနပ်မှုရစေရန်၊ လေကောင်းလေသန့်များ ရရှိစေရန် ဟိုတယ်ပတ်ပတ်လည်တွင် ပန်းပင်၊ သစ်ပင်များဖြင့် အလှဆင်စိုက်ပျိုးပေးထားမည် ဖြစ်သောကြောင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် ကောင်းကျိုးများဖြစ်စေနိုင်ပါသည်။

လမ်းမီးပွားထွင်းဆင့်ရောက်ရှိမှုများ	လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံရေး	B⁻	• ဟိုတယ်သို့ တည်းခိုရန်လာသော ကားများ၊ လုပ်ငန်းခွင်မှ ကားများ နှင့် မီးစက်များ ကို အသုံးပြုရာမှထွက်သော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များနှင့် ဖုန်မှုန့်များ ကြောင့် ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူတို့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • ဟိုတယ်ရှိ စားသောက်ခန်း၊ ဝန်ထမ်းများနှင့် တည်းခိုသောဧည့်သည်များမှ ပေါ့ဆမှု ကြောင့် မီးဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။ • အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ဆီ အစရှိသည့် လောင်စာများကို ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျ ကိုင်တွယ်ခြင်း မရှိပါက ဘေးအန္တရာယ်ကို ဖြစ်ပွားစေနိုင်ပါသည်။
	ရပ်ရွာကျန်းမာရေးနှင့် လုံခြုံမှု	B⁻	• စီမံကိန်းလုပ်ငန်းမှယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဆီသယ်ယာဉ်များ သည် ရပ်ရွာအတွင်းဖြတ်၍ စီမံကိန်းသို့ သွားရာမှထွက်သောဖုန်မှုန့်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကြောင့် ရပ်ရွာအတွင်း နေထိုင်သည့် ဒေသခံ ပြည်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • ရပ်ရွာအတွင်း ယာဉ်မတော်တဆမှုများလည်း ဖြစ်စေနိုင်ပါသည်။ • မြို့အသီးသီး၊ နယ်ပယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြခြင်းကြောင့် စီမံကိန်းရှိ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကြားတွင် လူမှုရေးပဋ္ဌိပက္ခများလည်း ဖြစ်ပွား နိုင်ပါသည်။

	လူမှုစီးပွားအခြေအနေ	A^+	• စီမံကိန်းလုပ်ငန်းတွင် ဒေသခံလုပ်သား/ ဝန်ထမ်းများအား ဦးစားပေးခန့်အပ် ထားမည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားစေခြင်း၊ ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ အစရှိသည်တို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေးနှင့် စားဝတ်နေရေးတို့ကို အရင်ကထက် ပိုမို အဆင်ပြေ ကောင်းမွန်လာပါမည်။ သို့ဖြစ်ပါ၍ စီမံကိန်းအကောင်အထည်ဖော်ခြင်း ကြောင့် ဒေသခံပြည်သူလူထု၏ စီးပွားရေးကို ထိခိုက်မှု မရှိစေသည့် အပြင် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ပိုမို ဖြစ်ထွန်းခြင်းလာနိုင်ပါသည်။
	မီးဘေး	B^-	• ဟိုတယ်ရှိ စားသောက်ခန်း၊ ဝန်ထမ်းများနှင့် တည်းခိုသောဧည့်သည် များမှ ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။ • ဟိုတယ်ရှိ လျှပ်စစ် သွယ်တန်းထားရှိမှု ချို့ယွင်းချက်များကြောင့် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်နိုင်ပါသည်။ • ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်မီးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ခြင်ဆေးခွေ မီးကြွင်းကျန်ခြင်း အစသည်တို့ကြောင့် မီးဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။
အညစ်အကြေးစွန့်ပစ်ခြင်း	စွန့်ပစ် အစိုင်အခဲ စွန့်ပစ်ခြင်း	B^-	• ဟိုတယ်မှ ဝန်ထမ်းများနှင့် တည်းခိုသော ဧည့်သည်များမှ စွန့်ပစ်သော စွန့်ပစ်ပစ္စည်းများ ထွက်ရှိပါသည်။ • ဟိုတယ်ရှိ စားသောက်ခန်းတို့မှ ထွက်သော စားကြွင်းစားကျန်များ၊ ရေသန့်ဘူးခွံဟောင်းများ၊ သုံးပြီးသားပလစ်စတစ်အိတ်များစသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိပါသည်။

	ရေဆိုး၊ ရေညစ် ထုတ်လွှတ်ခြင်း	B⁻	• ယာဉ်များနှင့် စက်ပစ္စည်းများကို သန့်စင်ဆေးကြောခြင်းတို့ ပြုလုပ်ခြင်းကြောင့် ရေဆိုး၊ ရေညစ်များ ထွက်ရှိပါသည်။ • ဟိုတယ်လုပ်ငန်းမှ ရေဆိုး၊ ရေညစ်များနှင့် မိလ္လာရေများ ထွက်ရှိပါသည်။
ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ယာဉ်ရပ်နားရန်နေရာတို့၏ အခြေခံလေ့လာပြုခြင်း	**ယာဉ်ကြောပိတ်ဆို့ခြင်း**	A⁻	• စီမံကိန်းလုပ်ငန်းမှယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဆီသယ်ယာဉ်များသည် ရပ်ရွာမှ စီမံကိန်းသို့ သွားရာလမ်းကြောင်း တစ်လျှောက်တွင် ထိုစီမံကိန်းမရှိခင်ကထက် ပိုမို၍ ယာဉ်ကြောပိတ်ဆို့ခြင်းများကို ဖြစ်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပွင့်လင်းရာသီတွင် ဝန်ထမ်းများ၏ ဆိုင်ကယ်များ၊ ကိုယ်ပိုင်ကားများ၊ ဘုရားဖူးရန် လာသောယာဉ်များနှင့် ဒေသခံပြည်သူတို့ အသုံးပြုသော ကား၊ ဆိုင်ကယ်တို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်စေနိုင်ပါသည်။
	ယာဉ်ရပ်နားရန် နေရာ	D	• သက်ရောက်မှုမဖြစ်ပေါ်နိုင်ပါ။

၆.၃.၂.၄ စီမံကိန်း ဇုန် (D)

ဇုန် (D) တွင် အများပြည်သူ အပန်းဖြေနိုင်သော ပန်းခြံ၊ကစားကွင်းနှင့် ပျိုးဥယျာဉ်များ ပါဝင်ပါသည်။ ဤအချက်အလက်များအပေါ် အခြေခံ၍ သက်ဆိုင်ရာအပိုင်းများ၏ သက်ရောက်မှုများကို အောက်ပါ ဇယားတွင် အသေးစိတ် ဆွေးနွေးထားပါသည်။

ဇယား (၆.၃-၅) စီမံကိန်း ဇုန် (D) ၏ လုပ်ငန်းလည်ပတ်သည့်ကာလတွင် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများကို အကဲဖြတ်ခြင်း

လုပ်ဆောင်ချက်နှင့်နယ်ပယ်များ	ပတ်ဝန်းကျင်ဆိုင်ရာ အစိတ်အပိုင်းများ	လုပ်ငန်းအဆင့်လိုက် အလားအလာရှိသော သက်ရောက်မှုများ ဇုန် (D) ၏ လုပ်ငန်းလည်ပတ်သည့် ကာလ	သက်ရောက်မှုများ ဖြစ်ပွားရသည့် အကြောင်းရင်းများ
ရင်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ	ရေအရည်အသွေး (မြေအောက်ရေနှင့် မြေပေါ်ရေ)	D	• သက်ရောက်မှုမဖြစ်ပေါ်နိုင်ပါ။
	မြေအရည်အသွေး	A+	• ပန်းပင်၊ ပျိုးပင်များ စိုက်ပျိုးရန်အတွက် မြေဆီလွှာကောင်းရန် လိုအပ်ပါသည်။ ထို့ကြောင့် ဓာတ်မြေသြဇာများ မြေကြီးထဲသို့ ထည့်ပေးရပါသည်။ ပတ်ဝန်းကျင် စိမ်းစိုသာယာ လှပစေရန် စိုက်ပျိုးသော ပန်းပင်၊ ပျိုးပင်များသည် မြေဆီလွှာကို ဆိုးကျိုးမရှိပါ။ ယခင်ကထက် မြေအရည်အသွေး ပိုမို ကောင်းမွန်လာ စေပါသည်။

	လေအရည်အသွေး	A+	• ကစားကွင်းကြောင့် လေအရည်အသွေးကို မကျဆင်းပါ။ • ပန်းခြံနှင့် ပျိုးဥယျာဉ်များရှိခြင်းကြောင့် ပတ်ဝန်းကျင်ရှိ လေအရည်အသွေးကို တိုးတက်ကောင်းမွန်စေပါသည်။
	ဆူညံသံနှင့် တုန်ခါမှု	D	• ကလေးငယ်များ ကစားကွင်းတွင် ပြေးလွှားဆော့ကစားသည့် အသံမှလွဲ၍ တခြား ဆူညံသံ မရှိပါ။ ထိုအသံသည် လက်ခံနိုင်သော အနေအထားဖြစ်၍ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုမရှိပါ။
	အနံ့	D	• ဇုန် (D) တွင် အများပြည်သူ အပန်းဖြေနိုင်သော ပန်းခြံ၊ကစားကွင်းနှင့် ပျိုးဥယျာဉ်များသာ ရှိသောကြောင့် မည်သည့် အနံ့ဆိုးများ မရရှိပါ။
ဇီဝဝန်းကျင်ဆိုင်ရာ အခြေအနေ	သဘာဝပေါက်ပင်နှင့် ဇီဝမျိုးကွဲများ (ကုန်းနေ၊ရေနေသတ္တဝါများ)	D	• ထိုဇုန်တွင်သစ်ပင်၊ ပန်းပင်နှင့်ပျိုးပင်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားမည်ဖြစ်သောကြောင့် အင်းဆက်များ၊ လိပ်ပြာများ၊ ငှက်များ စသော သတ္တဝါများ ဇီဝမျိုးစုံမျိုးကွဲများ၏ နေရင်းဒေသများ ပိုမိုကောင်းမွန်တည်ငြိမ်နိုင်ပါသည်။
လူမှုစီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှု	လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံရေး	D	• သစ်ပင်၊ ပန်းပင်များမှ သန့်စင်ပေးသော လေကောင်းလေသန့်များ ရှူရှိုက်ရခြင်းကြောင့် လူသားတို့၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။ သက်ရောက်မှုမဖြစ်ပေါ်နိုင်ပါ။

	ရပ်ရွာကျန်းမာရေးနှင့် လုံခြုံမှု	B⁻	• စီမံကိန်းလုပ်ငန်းမှယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဆီသယ်ယာဉ်များသည် ရပ်ရွာအတွင်း ဖြတ်၍ စီမံကိန်းသို့ သွားရာမှ ထွက်သော ဖုန်မှုန့်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကြောင့် ရပ်ရွာအတွင်း နေထိုင်သည့် ဒေသခံပြည်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ • ရပ်ရွာအတွင်း ယာဉ်မတော်တဆမှုများလည်း ဖြစ်စေနိုင်ပါသည်။ • မြို့အသီးသီး၊ နယ်ပယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြခြင်းကြောင့် စီမံကိန်းရှိ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကြားတွင် လူမှုရေးပဋ္ဌိပက္ခများလည်း ဖြစ်ပွားနိုင်ပါသည်။
	လူမှုစီးပွားအခြေအနေ	A⁺	• ပြည်သူလူထုအပန်းဖြေအနားယူရန်နေရာများ၊ လေကောင်းလေသန့် ရှူရှိုက်ရန်နေရာများ၊ ကိုယ်လက်လှုပ်ရှားအားကစားနေရာများ တိုးပွားလာသောကြောင့် လူမှုရေးအခြေအနေများ တိုးတက်လာနိုင်ပါသည်။
	မီးဘေး	D	• သက်ရောက်မှုမဖြစ်ပေါ်နိုင်ပါ။
အညစ်အကြေးစွန့်ပစ်ခြင်း	စွန့်ပစ် အစိုင်အခဲ စွန့်ပစ်ခြင်း	B⁻	• ဝန်ထမ်းများနှင့် ပန်းခြံသို့ လာရောက် အပန်းဖြေသူများမှ စွန့်ပစ်သော စွန့်ပစ်ပစ္စည်းများ (စားကြွင်းစာကျန်များ၊ ရေသန့်ဘူးခွံအဟောင်းများ၊ သုံးပြီးသားပလစ်စတစ်အိတ်များ၊ ကျန်းမာရေးအကာအကွယ်ပစ္စည်းများ ထွက်ရှိနိုင်ပါသည်။
	ရေဆိုး၊ ရေညစ် ထုတ်လွှတ်ခြင်း	C	• ဇုန် (D) တွင် ရှိသောအများသုံး အိမ်သာများမှ မိလ္လာရေများ ထွက်ရှိနိုင်ပါသည်။

ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ယာဉ်ရပ်နားစနစ်ပေါ်သက်ရောက်မှု ပြဿနာများ	**ယာဉ်ကြောပိတ်ဆို့ခြင်း**	**D**	• သက်ရောက်မှုမဖြစ်ပေါ်နိုင်ပါ။
	ယာဉ်ရပ်နားရန် နေရာ	**D**	• ပန်းခြံသို့ လာရောက် အပန်းဖြေသော ဧည့်များ၏ ကားများ၊ လုပ်ငန်းခွင်မှ ကားများ ရှိနိုင်ပါသည်။ သို့သော် ယာဉ်ရပ်နားရန်နေရာ အခက်အခဲများ မဖြစ်ပေါ်နိုင်ပါ။

၆.၄ ဖြစ်နိုင်ဖွယ်ရှိသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများအတွက် ရည်ရွယ်ထားသည့် လျှော့ချရန် အစီအမံများ

၆.၄.၁ စီမံကိန်းအဆင့်အားလုံးအတွက် လျှော့ချရေးနည်းလမ်းများ

ဧလုံတောင်စီမံကိန်း၏ တည်ဆောက်ပုံဒီဇိုင်းနှင့် တည်ဆောက်ရေးနည်းလမ်းများသည် ၎င်း၏ ပတ်ဝန်းကျင်လူမှုကျန်းမာရေးဆိုင်ရာသက်ရောက်မှုများအပေါ် ထိခိုက်စေမည့် လုပ်ဆောင်ချက်များကို အတတ်နိုင်ဆုံးရှောင်ကျဉ်ပြီး လျှော့ချနိုင်အောင်ရည်ရွယ်ချက်ဖြင့် ဒေသအခြေအနေ၊ လုပ်ငန်းအခြေအနေနှင့် ကိုက်ညီသောနည်းလမ်းများကို အသုံးပြု၍ ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းမှ မလွဲမသွေ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန် နည်းစနစ်ကျသော လျှော့ချရေး လုပ်ငန်းစဉ်များကိုလည်း ကြိုတင်ချမှတ်ထားမည်ဖြစ်ပါသည်။

စီမံကိန်း၏ တည်ဆောက်ရေးအဆင့်နှင့် လုပ်ငန်းလည်ပတ်ခြင်းအဆင့်တွင် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုများ လျော့နည်းသည်ထက် လျော့နည်းအောင် အောက်ပါ လျှော့ချရေး နည်းလမ်း အကျဉ်းချုပ်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်-

ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့်ကြိုတင်ကာကွယ်ရေး

- လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် ထိန်းချုပ်ရေးစနစ်များ။
- ဆူညံမှုနှင့် တုန်ခါမှု ထိန်းချုပ်ရေးစနစ်များ။
- ရေပေးဝေရေးနှင့် ရေဆိုးသန့်စင်ရေးစနစ်များ။
- စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။
- မြေဆီလွှာတိုက်စားမှု ကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း။

စီမံကိန်းနေရာတွင်ဆောင်ရွက်ရမည့်ကောင်းမွန်သောအလေ့အထများ

- အပေါ်ယံမြေဆီလွှာကို ထိန်းသိမ်းခြင်း။
- လောင်စာဆီများ၊ ဓာတုပစ္စည်းများကို သင့်တော်စွာကိုင်တွယ်ခြင်းနှင့် သိုလှောင် ထိန်းသိမ်းခြင်း။
- အများသုံးအစိုင်အခဲစွန့်ပစ်ပစ္စည်းများကို သင့်တော်စွာ စီမံခန့်ခွဲစွန့်ပစ်ခြင်း။
- တကိုယ်ရည်သုံးကာကွယ်ရေးပစ္စည်းများကို ထောက်ပံ့ပေး၍ ဝန်ထမ်း/လုပ်သားများကို အသုံးပြုစေရန် ကြပ်မတ်ခြင်း။

ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ခြင်း၊

ယာဉ်သွားလာမှုနှင့်ချဉ်းကပ်နည်းလမ်းများထိန်းချုပ်ခြင်း၊

ရေ၊စွမ်းအင်နှင့်မြေဆီလွှာထိန်းသိမ်းကာကွယ်ခြင်း၊

ဒေသခံများ၊ခရီးသွားပြည်သူများကျန်းမာရေး၊မှုခင်းနှင့်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊

လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊

ယဉ်ကျေးမှုဆိုင်ရာရုပ်ပိုင်းသယံဇာတများကိုထိန်းသိမ်းစောင့်ရှောက်ခြင်း၊

ဒေသခံပြည်သူများချိတ်ဆက်ပါဝင်စေခြင်းနှင့်ဒေသဖွံ့ဖြိုးရေး။

သက်ရောက်မှု အမျိုးအစား	သက်ရောက်မှုရင်းမြစ်/ ဖြစ်ပွားရသည့် အကြောင်းအရင်း	သက်ရောက်မှု အကဲဖြတ်ချက်					လျှော့ချဆောင်ရွက်မည့်နည်းလမ်းများ	တာဝန် ယူမည့် အဖွဲ့	ကြွင်းကျန် သက်ရောက်မှု				
		CS	OS Zone						CS	OS Zone			
			A	B	C	D				A	B	C	D
လေထုညစ်ညမ်းခြင်း (ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးညစ်ညမ်းခြင်း)	အခိုးအငွေ့များ ထုတ်လွှတ်ခြင်းနှင့် အမှုန်အမွှားများ ထုတ်လွှတ်ခြင်း	B^-	B^-	B^-	B^-	A^+	▪ စီမံကိန်းလုပ်ငန်းခွင်အတွင်းတစ်နေ့(၂)ကြိမ် ရေဖြန်းပေးခြင်းဖြင့် ဖုန်ထခြင်း ၊ဖုန်လွင့်စင်ခြင်းကိုလျော့နည်းစေပါသည်။ ▪ စက်ယန္တရားများ၊မော်တော်ယာဉ်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ခြင်းဖြင့် မီးခိုးများ ထုတ်လွှတ်ခြင်းကို လျှော့ချနိုင်ပါသည်။ ▪ စားသောက်ဆိုင်များ၊ ဝန်ထမ်းများ၏ ချက်ပြုတ်စားဖိုဆောင်များတွင်သတ်မှတ်ချက်နှင့်ကိုက်ညီသော မီးခိုးခေါင်းတိုင်များ တပ်ဆင် ပေးခြင်းဖြင့် မီးခိုးထွက်ရှိမှုကို လျော့ချပေး နိုင်ပါသည်။ ▪ စုပေါင်းအမှိုက်စွန့်ပစ်ကန်မှ အမှိုက်များကို အပတ်စဉ် ပုံမှန်စွန့်ပစ်ခြင်းဖြင့် အနံ့အသက်များကို လျှော့ချပေးနိုင်ပါသည်။	ကုမ္ဗဏီ၏ စီမံခန့်ခွဲမှု အဖွဲ့/ EHS အဖွဲ့	C^-	C^-	C^-	C^-	A^+
ရေထုညစ်ညမ်းခြင်း (ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးညစ်ညမ်းခြင်း)	စွန့်ပစ်ရေနှင့်စွန့်ပစ်ပစ္စည်းများထွက်ရှိခြင်း	B^-	B^-	B^-	C^-	D	▪ စီမံကိန်းအတွင်း ရေဆိုး၊ ရေညစ်များစနစ်တကျ စီးဆင်းမှုရှိအောင် ရေနုတ်မြောင်းများ ပြုလုပ်ပေးခြင်း၊ ရေနုတ်မြောင်းများအတွင်း ပိတ်ဆို့စေနိုင်သော ပစ္စည်းများမရှိအောင် စစ်ဆေးပေးခြင်း၊ ရေဝပ်နိုင်မည့် နေရာများကို စနစ်တကျ မြေဖို့ပေးခြင်းတို့ကို လုပ်ဆောင်ပါမည်။	ကုမ္ဗဏီ၏ စီမံခန့်ခွဲမှုအဖွဲ့/မြို့နယ် စည်ပင်အဖွဲ့	C^-	C^-	C^-	D	E

							▪ စီမံကိန်းလုပ်ငန်းခွင်များမှ စွန့်ထုတ်သော ရေဆိုး၊ ရေညစ်များကို စနစ်တကျ ခေတ်မီနည်းပညာဖြင့် တည်ဆောက်ထားသော ရေဆိုးသန့်ကန်ကို ဖြတ်သန်းပြီးမှ စီမံကိန်းပြင်ပသို့ စွန့်ထုတ်ခြင်း။ ▪ မြေမျက်နှာပြင်ညှိခြင်း၊လမ်းများဖောက်လုပ်ခြင်းကြောင့်မိုးရေနှင့်တိုက်စားအနည်ကျခြင်းမရှိစေရန်ရေတားမြောင်း၊ရေဖြတ်မြောင်းများဆောင်ရွက်ထားရှိပါမည်။ ▪ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် Landfill စနစ်မှ Leachateများ စိမ့်ဝင်ညစ်ညမ်းမှု မရှိစေရန် ကာကွယ်ရပါမည်။						
မြေထုညစ်ညမ်းခြင်း (ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးညစ်ညမ်းခြင်း)	စွန့်ပစ်ရေထွက်ရှိခြင်း၊ လောင်စာဆီများ၊စက်သုံးဆီများယိုဖိတ်ခြင်း၊ လောင်စာဆီနှင့်အခြားအန္တရာယ်ဖြစ်စေသောဓာတုပစ္စည်းများသိုလှောင်ခြင်း	B⁻	C⁻	C⁻	C⁻	B⁺	▪ စွန့်ပစ်ပစ္စည်းများထည့်မည့်ကန်၊ ဆီသိုလှောင်ကန်တို့ကို တည်ဆောက်ရာတွင် စနစ်တကျအမိုးအကာများဖြင့် တည်ဆောက်စေပါမည်။ ▪ စက်ယန္တရားများနှင့် ယာဉ်များကို ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ပေးခြင်း ဖြင့် စက်ဆီ၊ ချောဆီများမတော်တဆမြေပေါ်သို့စိမ့်ထွက်ကျဆင်းခြင်းများကိုလျှော့ချပေးနိုင်ပြီးမြေဆီလွှာအပေါ်ထိခိုက်မှုကို ကာကွယ်ပေးနိုင်ပါသည်။ ▪ စက်သုံးဆီနှင့်ဓါတုပစ္စည်းများယိုစိမ့်မှု မရှိစေရန် သံပေါ်များဖြင့်စနစ်တကျသိုလှောင်သိမ်းဆည်းစေပါမည်။	ကုမ္ဗဏီ၏ စီမံခန့်ခွဲမှုအဖွဲ့/ EHS အဖွဲ့	C⁻	D	D	D	B⁺

							▪ စက်သုံးဆီနှင့်ဓာတုပစ္စည်းများယိုစိမ့်မှုရှိမရှိ နေ့စဉ်စစ်ဆေးခြင်းဆောင်ရွက်ပါမည်။ ▪ အခြေခံအဆောက်အဦများအတွက်မြေရှင်းခြင်း၊ မြေတူးခြင်းကြောင့်မြေအရည်အသွေးကျဆင်းမှု မဖြစ်စေရန်စိုက်ခင်းပျိုးခင်းများ၊မြက်ခင်းများထူ ထောင်ခြင်းတွင်အသုံးပြုသွားပါမည်။						
အနှံ့ဆိုးများ (ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးညစ်ညမ်းခြင်း)	စားကြွင်းစားကျန်စွန့်ပစ် ပစ္စည်းများ၊ အနှံ့ဆိုးသော အမှိုက်များ	E	D	D	D	E	▪ အများသုံးအိမ်သာနှင့် ရေချိုးခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်အောင် ဆောင်ရွက် ပေးထားခြင်း။ ▪ အများသုံးအိမ်သာနှင့်ရေချိုးခန်းများတွင်အနှံ့ ပျောက်ဆေးများ အမွှေးခဲများကို လုံလောက်စွာ ထည့်ထား ပေးခြင်း။ ▪ အများသုံးအိမ်သာနှင့်ရေချိုးခန်းများကိုပုံမှန်သန့် ရှင်းရေး ပြုလုပ်ခြင်းဖြင့် အနှံ့အသက်များကို လျှော့ချနိုင်ပါသည်။ ▪ ကားဝပ်ရှော့နှင့် ပြုပြင်ထိန်းသိမ်းရေးစင်တာ တွင်ExhaustFanများ လုံလောက်စွာ တပ်ဆင်ပေးခြင်း၊ ပန်ကာများ တပ်ဆင်ပေးခြင်းဖြင့် ဂေဟဆော်ခြင်းမှ ထွက်သောညှော်နံများ ကားစက်နှိုးခြင်းမှ ထွက်သောမီးခိုးနံ့များကို လျှော့ချပေး နိုင်ပါသည်။ ▪ ဟိုတယ်ရှိ စားသောက်ခန်းနှင့် စားဖို ဆောင်တွင် ExhaustFanနှင့်မီးခိုးခေါင်းတိုင်များ	ကုမ္ပဏီ၏ စီမံ ခန့်ခွဲမှုအ ဖွဲ့/EHS အဖွဲ့	Nil	E	E	E	Nil

							တပ်ဆင်ပေးခြင်းဖြင့် ချက်ပြုတ်ခြင်းကြောင့် ဖြစ်ပေါ်လာမည့်ညှော်နံ့များကိုလျော့ကျစေနိုင်ပါသည်။						
ဆူညံသံနှင့်တုန်ခါမှု (ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးညစ်ညမ်းခြင်း)	အကြိုတည်ဆောက်ရေးနှင့်တည်ဆောက်ရေးကာလတို့တွင် စက်ယန္တရားများ အသုံးပြုခြင်းမောင်းနှင်ခြင်းနှင့်လုပ်ငန်းလည်ပတ်သည့်ကာလတွင်ကားများ မော်တော်ယာဉ်များမောင်းနှင်ခြင်း	C-	D	D	D	D	▪ ဆူညံသံထုတ်လွှတ်မှုနည်းပါးသောယာဉ်များကို အသုံးပြုခြင်း။ ▪ ယာဉ်များ၏ကြံ့ခိုင်မှုကိုစစ်ဆေးခြင်းနှင့်ပြုပြင်ခြင်း။ ▪ အသံလုံမီးစက်များအသုံးပြုခြင်း။ ▪ ယာဉ်များကိုအရှိန်လျှော့မောင်းနှင်စေခြင်း ▪ တည်ဆောက်ရေးကာလတွင် စီမံကိန်း ပြင်ပသို့ ဆူညံသံများသက်ရောက်မှုမရှိစေရန်စီမံကိန်းဧရိယာပတ်လည်တွင်အကာအရံများလိုအပ်သလိုပြုလုပ်ခြင်း၊နှစ်ရှည်ပင်များစိုက်ပျိုးခြင်း။	ကုမ္ဍဏီ၏ စီမံခန့်ခွဲမှု အဖွဲ့	D	E	E	E	D
သဘာဝပေါက်ပင်များ။ရေနေသတ္တဝါများ၊တောရိုင်းတရိစ္ဆာန်များအပေါ်သက်ရောက်ခြင်း (ဧဝပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှု)	အကြိုတည်ဆောက်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မြေယာရှင်းလင်းခြင်း၊မြေတူးခြင်း၊မြေညှိခြင်း၊အခြေခံအုတ်မြစ်ချခြင်းတို့ကြောင့်သဘာဝပေါက်ပင်များပျက်စီးစေခြင်းနှင့်စီမံကိန်းကြောင့်လူနေထူထပ်လာခြင်း။	C-	E	E	E	D	▪ အရိပ်ရအပင်များ၊ သစ်ပင်ပန်းပင်များ၊ သဘာဝပေါက်ပင်များပြန်လည်စိုက်ပျိုးပေးခြင်း။ ▪ စွန့်ပစ်ရေများ၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်းဆောင်ရွက်ပါမည်။ ▪ စီမံကိန်းဧရိယာအနီးသစ်ပင်များခုတ်ခြင်းကို တားမြစ်သွားပါမည်။ ▪ လျှာထားသတ်မှတ်မည့်ဧလုံတောင်အမျိုးသား ဥယျာဉ်ဧရိယာအတွင်းမှအများပြည်သူစိတ်ဝင်စားသောငှက်များ၊တောရိုင်းတိရိစ္ဆာန်များပရဆေးပင်မျိုးစိတ်များ၊သစ်ခွမျိုးစိတ်များ၊ရှားပါးနွယ်ပင်များကိုပြုစုပျိုးထောင်၍ပြသခြင်းဖြင့်သစ်တောဦးစီးဌာန၏ပညာပေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်သွားပါမည်။	ကုမ္ဍဏီ၏ စီမံခန့်ခွဲမှု အဖွဲ့	D	E	E	E	**Nil**

လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်လုံခြုံမှု (လူမှုစီးပွားရေးဆိုင်ရာသက်ရောက်မှု)	တည်ဆောက်ရေးကာလတွင် အသုံးပြုသော စက်ယန္တရားများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် ဘုရားဖူးယာဉ် များမှ ထွက်သောကာဗွန်ဒိုင်အောက်ဆိုက်အခိုးအငွေ့များကြောင့်လည်း ဝန်ထမ်း များနှင့် အလုပ်သမားများ တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေနိုင်ခြင်း ၊စက်ယန္တရားများကိုအသုံးပြု၍ လုပ်ကိုင်ရသောကြောင့် ဝန်ထမ်းများအလုပ်လုပ်ရာတွင် ကျွမ်းကျင်မှုမရှိခြင်းနှင့်ပေါ့ဆခြင်းတို့ကြောင့် လုပ်ငန်းခွင်မတော်တဆ မှုများဖြစ်ပေါ်ခြင်း၊ Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များနှင့် ဆီသယ်ယာဉ်များ စည်းကမ်းတကျ မမောင်းနှင်ပါက ယာဉ်မတော်တ	B-	B-	B-	B-	A+	• လုပ်ငန်းခွင်အတွင်း ဖုန်မထအောင် တစ်နေ့ (၂) ကြိမ် ရေဖြန်းပေးခြင်းဆောင်ရွက်ပါမည်။ • စက်ယန္တရားများနှင့်ယာဉ်များကိုပုံမှန်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ပေးသွာ.ပါမည်။ • မတော်တဆမှုများ မဖြစ်စေရန် အလုပ်သမားများ နေမကောင်းပါက နားခွင့်ပေး ခြင်း။ • ဆေးဝါး၊ အရက်နှင့် ကွမ်းတို့ကို လုပ်ငန်းခွင်အတွင်း သုံးစွဲခြင်းကို တားမြစ်သွားရပါမည်။ • အဆောက်အဦများတည်ဆောက်နေစဉ်အဆောက်အအုံ၏ပတ်ပတ်လည်တွင်ပစ္စည်များမတော်တဆဘေးသို့မကျရောက်အောင်ပိုက်ကွန်များဖြင့် ကာထား ပေးရပါမည်။ • လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်သည်နှင့် တပြိုင်နက် တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်းများကို အသုံးပြုပြီးမှ ဝင်ရောက်ခွင့်ပြုရန်ကြပ်မတ်ရပါမည်။ • လုပ်ငန်းခွင်အတွင်း ကျန်းမာရေးဆေးခန်းထားရှိပေးရမည်။ • ဆေးဝါးနှင့်ဓာတ်ဆားရည်များကိုလုပ်ငန်းခွင်တစ်ခုချင်းဆီတွင်လုံလောက်စွာ ထောက်ပံ့ပေးရမည်။ • အလုပ်သမားများကို လုပ်ငန်းခွင် ကျွမ်းကျင်မှုနှင့် ဘေးအန္တရာယ် ကင်းရှင်းစေရန် လုပ်ငန်းခွင်သို့မဝင်မီလိုအပ်သောသင်တန်းပေးခြင်းများဆောင်ရွက်ရပါမည်။	ကုမ္ပဏီ၏ စီမံခန့်ခွဲမှု အဖွဲ့/ EHS အဖွဲ့	C-	C-	C-	C-	A+

	ဆမ္ဘများနှင့် တိမ်းမှောက်မှုများ ဖြစ်ပေါ်စေခြင်းနှင့် ၊အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ဆီ အစရှိသည့် လောင်စာများကို ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျကိုင်တွယ်ခြင်းမရှိပါက လောင်စာဆီများမှတဆင့် မီးဘေးအန္တရာယ်များကို ဖြစ်ပွားစေနိုင်ခြင်း။						• အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများ၊လောင်စာများနှင့်ဓာတုပစ္စည်းများကိုကိုင်တွယ်အသုံးပြုရာတွင်လိုင်စင်ရထားပြီးသောကျွမ်းကျင်ဝန်ထမ်းများကိုသာအသုံး ပြုခန့်ထားစေခြင်း။ • ဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ လိုအပ်သလိုထားရှိပေးပါမည်။ • အရေးပေါ်ဆေးသေတ္တာများ ထားရှိပေး ခြင်း။ • မီးသတ်ဆေးဘူးများနှင့် မီးသတ်ကိရိယာ များ ထားရှိပေးခြင်း။					
ရပ်ရွာကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံမှု (လူမှုစီးပွားရေးဆိုင်ရာသက်ရောက်မှု)	စက်ယန္တရားများ၊ မော်တော်ယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ သည် စီမံကိန်းပတ် ဝန်းကျင်ရှိရပ်ရွာများ အနီးမှ ဖြတ်သန်း၍ စီမံကိန်းတည်နေရာသို့ သွားရသောကြောင့် ထိုယာဉ်များမှထွက်သော ဖုန်မှုန့်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို ထိုရပ်ရွာများ အတွင်းနေ	C⁻	B⁻	B⁻	B⁻	E	• ရပ်ရွာနှင့်စီမံကိန်းအကြားချိတ်ဆက်ထားသော မြေသားလမ်းများကိုဖုန်မထစေရန်ရေဖြန်းပေးပါမည်။ • စက်ယန္တရားများနှင့် ယာဉ်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ပေးခြင်းဖြင့်မီးခိုးထွက်ရှိမှုကို လျှော့ချပါမည်။ • ဝန်ထမ်းများကို ရပ်ရွာအတွင်းရှိ ဒေသခံများနှင့် လူမှုရေးပဋိပက္ခများမဖြစ်ပေါ်စေရန်တင်းကြပ်သော စည်းမျဉ်း၊စည်း ကမ်းကို ချမှတ်ထား၍ ထိန်းသိမ်းပေးရပါမည်။	ကုမ္ပဏီ၏ စီမံခန့်ခွဲမှု အဖွဲ့/ EHS အဖွဲ့	D	C⁻	C⁻	C⁻	Nil

	ထိုင်ကြသည့် ဒေသခံပြည်များမှ ရှုသွင်းမိပါက အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများကို ဖြစ်ပွားစေနိုင်ခြင်း၊စီမံကိန်းတည်ဆောက်ရေးလုပ်သားများနှင့် စီမံကိန်းဝန်ထမ်းများတွင် ဒေသခံပြည်သူများပါဝင်သကဲ့သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြသည့် သူများလည်းပါဝင်ပါသည်။ ထို့ကြောင့် တခါတရံ ရပ်ဝေးမှ လာရောက်လုပ်ကိုင်ကြသော အလုပ်သမားများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအကြား မတော်တဆ ပဋ္ဌိပက္ခများဖြစ်ပွားနိုင်ပါသည်။												
လူမှုစီးပွားရေးအခြေအနေ (လူမှုစီးပွားရေးဆိုင်ရာသက်ရောက်မှု)	စီမံကိန်းလုပ်ငန်းတွင် ဒေသခံလုပ်သား/ ဝန်ထမ်းများအား ဦးစားပေးခန့်အပ်ထားမည်ဖြစ်သော	A^+	A^+	A^+	A^+	A^+	▪ လျှော့ချရန်မလိုအပ်ပါ။	ကုမ္ဍဏီ၏ စီမံခန့်ခွဲမှုအဖွဲ့	A^+	A^+	A^+	A^+	A^+

	ကြောင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားစေခြင်း၊ ရောင်းဝယ်ဖောက်ကား ရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည်တို့ကို ဆောင်ရွက် နိုင်မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေးနှင့် စားဝတ်နေရေးတို့ ယခင်ကထက် ပိုမို အဆင်ပြေကောင်မွန် စေလာနိုင်ပါသည်။ သို့ဖြစ်ပါ၍စီမံကိန်းအကောင်အထည် ဖော်ခြင်းကြောင့် ဒေသခံပြည်သူလူထု၏ စီးပွားရေးကို ထိခိုက်မှု မရှိစေသည့်အပြင် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းလာစေနိုင်ပါသည်။													

မီးဘေးအန္တရာယ် (လူမှုစီးပွားရေးဆိုင်ရာသက်ရောက်မှု)	စက်ယန္တရားများ မောင်းနှင်ရန်နှင့် ဘုရားဖူးယာဉ်တောင်တက်ကားများအတွက် သိုလှောင်ထားသော လောင်စာဆီများ ယိုဖိတ်ခြင်း၊ လျှပ်စစ်ဝါယာကြိုးများပေါက်ပြဲ၍ရှော့ဖြစ်ခြင်း၊ အစားအသောက်များ ချက်ပြုတ်ရာတွင် လောင်စာများ(ထင်း/ မီးသွေး) ကြွင်းကျန်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်မီးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ခြင်ဆေးခွေ မီးကြွင်းမီးကျန်များစနစ်တကျမဇြိမ်းသတ်ခြင်း။	B-	B-	B-	B-	B-	• စက်ဆီသိုလှောင်ရုံ၊သိုလှောင်ကန်များကိုသတ်မှတ်နည်းစနစ်များအတိုင်းတည်ဆောက်အသုံးပြုပါမည်။ • မီးသတ်ဆေးဘူး၊မီးသတ်ရေကန်၊မီးသတ်ပိုက်အခြားမီးငြိမ်းသတ်ကိရိယာများအသင့်ထားရှိခြင်း၊မီးသတိပေးဆိုင်းဘုတ်များထားရှိပေးခြင်းဆောင်ရွက်ပါမည်။ • လုပ်ငန်းခွင်တွင်လျှပ်စစ်အသုံးပြုရန်ဝါယာကြိုးများကိုစနစ်တကျသွယ်တန်းထားရှိပေးရပါမည်။ • ဆေးလိပ်သောက်ရန်အတွက် နေရာတစ်နေရာစီစဉ်ပေးထားရန်။ • စက်သုံးဆီ အရောင်းဆိုင်တွင် စက်သုံးဆီများကို လမ်းညွှန်ချက်များနှင့် အညီ စနစ်တကျ သိုလှောင် ထားရမည်။ • ဆီဆိုင်ဝန်ထမ်းများကိုတစ်ကိုယ်ရည်အကာအကွယ်သုံးပစ္စည်းများထောက်ပံ့ပေးခြင်း၊ကုမ္ပဏီဝန်ထမ်းများဈေးဆိုင်ဝန်ထမ်းများ၊ကျေးရွာသားများကိုအရန်မီးသတ်သင်တန်းများပို့ချပေးထားပါမည်။ • စက်သုံးဆီအရောင်းဆိုင်ဧရိယာအတွင်းဖုန်းသုံးစွဲမှုကိုတင်းကြပ်စွာတားမြစ်ခြင်း၊ဆေးလိပ်သောက်ခြင်း စသော မီးလောင်နိုင်သည့် အပြုမူမျိုးများမပြုလုပ်ရန်အထူးကြပ်မတ်သွားရပါမည်။	ကုမ္ပဏီ၏ စီမံခန့်ခွဲမှု အဖွဲ့/ EHS အဖွဲ့	C-	C-	C-	C-	D

							• ဆီဖြည့်နေစဉ်အတွင်းမော်တော်ယာဉ်များ၊ဆိုင်ကယ်များကိုစက်ရပ်ထားစေရေးအထူးဂရုပြု ဆောင်ရွက်သွားရပါမည်။ • နားနေဆောင်များ၊ ဆိုင်ခန်း၊ ရုံးခန်းများ အစရှိသောအဆောက်အဦအခန်းများ၏လျှပ်စစ်သွယ်တန်းမှုကိုအရည်အသွေးအဆင့်မီသည့်ပစ္စည်းများဖြင့်စနစ်တကျတပ်ဆင်၍ဘေးကင်းမှုကိုပုံမှန် စစ်ဆေးခြင်းဆောင်ရွက်သွားပါမည်။ • နားနေဆောင်များ၊ဆိုင်ခန်း၊ရုံးခန်းများအစရှိသော အခန်းများတွင် မီးအချက်ပေး စနစ်များ တပ်ဆင်ပေးထားပါမည်။ • ဧည့်သည်အသုံးပြုပြီးသောအခန်းများပြန်လည်အပ်နှံပါက မီးများပိတ်ခဲ့ခြင်း ရှိ၊ မရှိ သေချာစွာ ပြန်လည်စစ်ဆေးခြင်း၊အစားသောက်များချက်ပြုတ်ပြီးသောအခါလျှပ်စစ်မီးဖို၊ဂတ်စ်အိုးများကို စနစ်တကျပြန်ပိတ်ခြင်းဖြင့်မီးဘေးအန္တရာယ်ကို ကာကွယ်ခြင်းများဆောင်ရွက်ရပါမည်။						
စွန့်ပစ်အစိုင်အခဲစွန့်ပစ်ခြင်း (အညစ်အကြေးစွန့်ပစ်ခြင်းဆိုင်ရာသက်ရောက်မှု)	တည်ဆောက်ရေးလုပ်ငန်းများမှ ဘိလပ်မြေ အိတ်ခွံများ၊ သစ်သားများ၊ သံတိုသံစများနှင့် အခြားလုပ်ငန်းခွင်စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်း၊လုပ်ငန်းခွင်ဝန်ထမ်းများမှ တစ်ကိုယ်	C-	C-	C-	C-	C-	• နားနေဆောင်၊ စားသောက်ဆိုင်၊ စျေးဆိုင်များနှင့် ဝန်ထမ်းများမှ စွန့်ပစ်သော စားကြွင်းစာကျန်များ၊ရေသန့်ဘူးခွံအဟောင်းများ၊သုံးပြီးသားပလစ်စတစ်အိတ်များ၊တစ်ခါသုံးထုတ်ပိုးခွံများ၊ကျန်းမာရေးအကာအကွယ်ပစ္စည်းများ၊ပုလင်းခွံ၊သံဗူးခွံများကိုရွေးခြယ်၊ခွဲခြား၊သိမ်းဆည်း၊စုစည်းသယ်ပို့နည်းလမ်းများအရတစ်ပတ်လျင်(၃	ကုမ္ဗဏီ၏ စီမံခန့်ခွဲမှုအဖွဲ့/မြို့နယ်စည်ပင်သာယာအဖွဲ့	D	D	D	D	D

	ရည်သုံးအသုံးအဆောင်များ၊အိမ်သုံးစွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်း ၊နားနေဆောင်၊စားသောက်ဆိုင်၊ စျေးဆိုင်များမှ ထွက်သော စားကြွင်းစားကျန်များ၊ ရေသန့်ဘူးခွံ အဟောင်းများ၊ သုံးပြီးသားပလစ်စတစ်အိတ်များစသော စွန့်ပစ်ပစ္စည်းများထွက်ရှိခြင်း။ညစျေးတန်း၊ စားသောက်ဆိုင်၊ စျေးဆိုင်တို့မှ ထွက်သော စားကြွင်းစာကျန်များ၊ ရေသန့်ဘူးခွံ အဟောင်းများ၊ သုံးပြီးသား ပလစ်စတစ် အိတ်များစသော စွန့်ပစ်ပစ္စည်းများထွက်ရှိခြင်း၊ဟိုတယ်ရှိ စားသောက်ခန်းမှ စွန့်ပစ်သော စားကြွင်းစာကျန်များ၊ရေသန့်ဘူးခွံအဟောင်းများ၊ သုံးပြီးသားပလပ်စတစ်အိတ်များ စသော စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်း။						)ကြိမ်အမှိုက်သိမ်းယာဉ်ဖြင့်စုပေါင်းအမှိုက်စွန့်ပစ်သည့်နေရာသို့သွားရောက်စွန့်ပစ်နိုင်ရန်စီစဉ်ရပါမည်။ • စီမံကိန်းလုပ်ငန်းခွင်အတွင်းအမျိုးမျိုးသောလုပ်ငန်းများမှစွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကိုအမိုးအကာပါသောစုပေါင်းစွန့်ပစ်သို လှောင်ကန် ပြုလုပ်၍ စနစ်တကျ ထားသိုသိမ်းဆည်း၍မြို့နယ်စည်ပင်သာယာ ရေးကော်မတီနှင့်စနစ်တကျချိတ်ဆက်စွန့်ပစ်နိုင်ရန်စီမံသွားပါမည်။ • ညစျေးတန်း၊ စားသောက်ဆိုင်၊ စျေးဆိုင်များနှင့် ဝန်ထမ်းမှ ထွက်သော စားကြွင်းစာကျန်များ၊ ရေသန့်ဘူးခွံအဟောင်းများ၊သုံးပြီးသားပလစ်စတစ်အိတ်များ စသောစွန့်ပစ် ပစ္စည်းများကို တစ်ပတ် (၂) ကြိမ် အမှိုက် သိမ်းယာဉ်ဖြင့် အမှိုက်သိမ်းအစီအစဉ်ထားပေးပြီးစည်ပင်သာယာ၏စုပေါင်းအမှိုက်ပုံသို့သွားရောက်စွန့်ပစ်ဖျက်ဆီးခြင်းဆောင်ရွက်ပါမည်။ • ဟိုတယ်လုပ်ငန်းမှထွက်ရှိသော စားကြွင်းစာကျန်များ၊ရေသန့်ဘူး၊ပုလင်း၊သံဘူးခွံအဟောင်းများ၊ သုံးပြီးသား ပလစ်စတစ်အိတ်များ ကျမ္မာရေးအကာအကွယ်ပစ္စည်း စသော စွန့်ပစ်ပစ္စည်းများကို တစ်ပတ် (၂) ကြိမ် အမှိုက်သိမ်းယာဉ်ဖြင့်အမှိုက်သိမ်းအစီအစဉ်						

							ထားပေးပြီးစုပေါင်းအမှိုက်စွန့်ပစ် ကန်ထဲသို့ စနစ်တကျ သွားရောက် စွန့်ပစ်စေပါမည်။						
ရေဆိုးရေညစ်များစွန့်ထုတ်ခြင်း (အညစ်အကြေးစွန့်ပစ်ခြင်းဆိုင်ရာသက်ရောက်မှု)	ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းများ ဆေးကြောခြင်းနှင့် တောင်တက်ကားများနှင့် သယ်ယူပို့ဆောင်ရေး ယာဉ်များကို ဖုန်တက်သောအခါ ရေဖြင့်သန့်စင်ဆေး ကြောခြင်းတို့ ပြုလုပ် ခြင်းကြောင့် ရေဆိုး၊ ရေညစ်များ ထွက်ရှိခြင်း၊ ဝန်ထမ်းအိမ်ယာများ၊ အများသုံးသန့်စင်ခန်းများ၊ နားနေဆောင်များ၊ စားသောက်ဆိုင်များ၊ စျေးဆိုင်များတို့မှ ရေဆိုး၊ ရေညစ်များနှင့် မိလ္လာရေများ ထွက်ရှိခြင်း၊ Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များနှင့် ဆီသယ်ယာဉ်များကို ရေနှင့်ဆပ်ပြာတို့ အသုံး	B-	C-	C-	C-	C-	• စီမံကိန်းလုပ်ငန်းခွင်အတွင်း စနစ်တကျ ရေစီးဆင်းစေရန်အတွက် ရေနုတ်မြောင်း စနစ်ကို ကောင်းစွာ စီစဉ်ပေးပါမည်။ • စီမံကိန်းအတွင်း ရေဝပ်မှု မရှိစေရန် မြေချိုင့်များကို မြေဖို့ပေးခြင်း၊ ရေနုတ်မြောင်းအတွင်း ပိတ်ဆို့မှု ဖြစ်ပေါ်စေသော အရာများကို ဖယ်ရှားခြင်းဖြင့် ရေစီးရေ လာကောင်းမွန်စေရန်အစဉ်ဂရုပြုထိမ်းသိမ်းပါမည်။ • ဟိုတယ်လုပ်ငန်းမှ ထွက်သော ရေဆိုး၊ ရေညစ်များကို စီမံကိန်းပြင်ပသို့ မစွန့် ထုတ်မီ ရေဆိုးသန့်စင်ကန်(Treatment system)သို့ ဖြတ်သန်းသန့်စင်ပြီးမှပြင်ပသို့စွန့်ထုတ်ရန်စီစဉ်ပါမည်။ • စီမံကိန်းဧရိယာတစ်ခုလုံးစနစ်တကျရေစီးဆင်းမှုကောင်းမွန်စေရန်လုံလောက်သောအကျယ်၊အနက်၊ရေဆင်းပြည့်စုံသောရေနုတ်မြောင်းများနှင့် ရေဝပ်မှုမရှိစေရန်ချိုင့်များကိုမြေဖို့ပေးခြင်း၊ရေနုတ်မြောင်းအတွင်း ပိတ်ဆို့မှု ဖြစ်ပေါ်စေသော အရာများကို ဖယ်ရှားခြင်းဖြင့် ရေစီးရေလာ ကောင်းမွန်နေစေရန်ဆောင်ရွက်ထားပါမည်။	ကုမ္ဍဏီ၏ စီမံခန့်ခွဲမှုအဖွဲ့	C-	D	D	D	D

	ပြုကာ သန့်စင်ဆေးကြောခြင်း၊ သန်ရှင်းရေးပြုလုပ်ခြင်းတို့မှ ရေဆိုး၊ ရေညစ်များ ထွက်ရှိခြင်း၊ အများသုံးသန့်စင်ခန်းများ၊ ညစ္စေးတန်း၊ စားသောက်ဆိုင်နှင့် စျေးဆိုင်တို့မှ ရေဆိုး၊ ရေညစ်များနှင့် မိလ္လာရေများ ထွက်ရှိခြင်းနှင့် ဟိုတယ်မှစွန့်ပစ်ရေများ၊ ရေဆိုး၊ ရေညစ်များနှင့် မိလ္လာရေများ ထွက်ရှိခြင်း။						• မိလ္လာကန်စနစ်များကိုကောင်းမွန်စွာတည်ဆောက်စီစဉ်ပေးသွားမည်ဖြစ်ပြီးသဘာဝချေဖျက်ခြင်းနည်းလမ်းများ၊ဓာတုဆေးဖြင့်ချေဖျက်ခြင်းနည်းလမ်းများဖြင့်ညစ်ညမ်းမှုလျှော့ချစွန့်ထုတ်ပါမည်။						
ယာဉ်ကြောပိတ်ဆို့ခြင်း (ယာဉ်ကြောပိတ်ဆို့ခြင်းနှင့်ယာဉ်ရပ်နားရန်နေရာအခက်အခဲ)	တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသောကြောင့်ရပ်ရွာမှစီမံကိန်းသို့ သွားရာလမ်းကြောင်း တစ်လျှောက်တွင် အရင်ကထက်ပိုမို၍ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်စေခြင်း၊လုပ်ငန်းခွင်မှ သယ်ယူပို့ ဆောင်ရေးယာဉ်များ၊ ဝန်ထမ်းများ၏ ဆိုင်ကယ်များ၊ ဘုရားဖူးရန် လာသောယာဉ်များနှင့် ဒေသခံပြည်သူတို့	B-	B--	B-	B-	E	• တည်ဆောက်ခြင်းကာလတွင်ယာဉ်ကြောပိတ်ဆို့မှုစစ်တမ်းများ လေ့လာ၍ လုပ် ငန်းလည်ပတ်သည့်အဆင့်တွင်ယာဉ်ကြောပိတ်ဆို့မှုလျှော့ကျစေရန် ကြိုတင် အစီအစဉ်များနှင့် အဝင်အထွက်လမ်း ကြောင်းများကို စနစ်တကျ တွက်ချက်ပြီး ဆောက်လုပ်သွားပါမည်။ • ကားကြီး၊ ကားလေးရပ်နားကွင်းများတွင် အဝင်တစ်လမ်း၊ အထွက်တစ်လမ်း ထားရှိခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကိုလျှော့ချစီမံပါမည်။ • မြို့/ရွာအတွင်းမှ စီမံကိန်းသို့ လာလမ်းတလျောက်လမ်းဆုံလမ်းခွများတွင် ယာဉ်ကြောပိတ်ဆို့ခြင်း မရှိစေရန် ယာဉ်ကြောရှင်းလင်းရေး	ကုမ္ဗဏီ၏ စီမံခန့်ခွဲမှုအဖွဲ့	C-	C-	C-	C-	Nil

	အသုံးပြု သောကားဆိုင်ကယ်တို့ကြောင့်မြို့/ရွာအတွင်း ယာဉ်ကြောပိတ်ဆို့ခြင်း၊						ဝန်ထမ်းများ ထားရှိပေးခြင်း၊ ထိုအပြင် ဇုန် (A,B,C,D) အတွင်းတွင်လည်း ယာဉ်ကြောရှင်းလင်းရေးဝန်ထမ်းများ ထားရှိပေးပါမည်။ • တောင်တက်ကားဝန်းနှင့် ဆိုင်ကယ်ရပ်နားဂိတ်တို့တွင် အဝင်တစ်လမ်း၊ အထွက်တစ်လမ်း ထားရှိခြင်းဖြင့် ယာဉ်ပိတ်ဆို့မှုကို လျော့နည်းစေပါမည်။						
ယာဉ်ရပ်နားရန်နေရာ အခက်အခဲ (ယာဉ်ကြောပိတ်ဆို့ခြင်းနှင့်ယာဉ်ရပ်နားရန်နေရာအခက်အခဲ)	ဧလုံတောင်သို့ဘုရားဖူးရန် ဘုရားဖူးပြည်သူများ အများဆုံးလာရောက်သည့် ပွင့်လင်းရာသီတွင် စီမံကိန်းလုပ်ငန်းမှ အသုံးပြု သောယာဉ်များ၊ ဝန်ထမ်းများ၏ ဆိုင်ကယ်များနှင့် ဘုရားဖူးယာဉ်များဖြင့် စည်ကားနေခြင်းကြောင့် ယာဉ်ရပ်နားရန် နေရာအခက်အခဲများကို ဖြစ်စေနိုင်ခြင်း၊ဧလုံ တောင်သို့ ဘုရားဖူးရန် ဘုရားဖူး ပြည်သူများ အများဆုံး လာရောက်သည့် ပွင့်လင်းရာသီတွင် စီမံကိန်းလုပ်ငန်း၌ Express ကားကြီးများ၊ ကိုယ်ပိုင်ယာဉ်များ၊	C-	C-	D	E	E	• တည်ဆောက်ရေးအဆင့်တွင် ဧလုံတောင် သို့ လာရောက်သောယာဉ်အရေအတွက်စစ်တမ်းများ၏ ရလဒ်များကို အခြေခံ၍ ကျွမ်းကျင်သူများကို အသုံးပြုကာ စနစ် တကျယာဉ်ရပ်နားရန်နေရာကိုတည်ဆောက် ခြင်းပြုလုပ်ရပါမည်။ • ယာဉ်ရပ်နားစခန်းတွင်ယာဉ်ကြောဆိုင်ရာအကူညီပေးသည့်ဝန်ထမ်းများလုံလောက်စွာခန့်ထားပေးခြင်းဖြင့်ယာဉ်ရပ်နားရန်နေရာအခက်အခဲများကို ဖြေရှင်း ပေးနိုင်ပါသည်။ • ဟိုတယ်ကားပါကင်နေရာတွင် ယာဉ်နေရာချထားပေးသည့် ဝန်ထမ်းများ ခန့်ထားခြင်းဖြင့် ယာဉ်ရပ်နားရန်နေရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ပါသည်။ • ခရီသွားရာသီကာလအတွင်းဗန်းမောက်မြို့တွင်းမှဖြတ်သန်း၍စီမံကိန်းဧရိယာသို့ခရီးသွားယာဉ်များစုစည်းဝင်ရောက်မှုကြောင့်ယာဉ်အန္တရာယ်နှင့်ယာဉ်ကြောပိတ်ဆို့ခြင်းများမဖြစ်ပေါ်စေရန်ဆ	ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့/ EHS အဖွဲ့/ မြို့နယ်စည်ပင်သာယာအဖွဲ့	D	D	E	Nil	Nil

	ဝန်ထမ်းများ၏ ဆိုင်ကယ်များ၊ ဘုရားဖူးယာဉ်များ ဖြင့် စည်ကားနေခြင်းကြောင့် ယာဉ်ရပ်နားရန် နေရာအခက်အခဲများ ဖြစ်စေနိုင်ခြင်း။						နိုးစစ်လေ့လာမှုဆောင်ရွက်၍လိုအပ်သောအခြေခံအဆောက်အဦများတိုးချဲ့ခြင်းကိုမြို့နယ်စည်ပင်သာယာအဖွဲ့၊မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့တို့နှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပါမည်။						

၆.၄.၂ လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်အတွက် လျော့ချရေးနည်းလမ်းများ

ဤ စီမံကိန်းကို နောင်နှစ် (၅၀) မှ (၇၀)အထိ ကြိုတင် စီမံရေးဆွဲထားပါသည်။ ပိုမိုကောင်းမွန်သော စီမံကိန်းမရှိသေးပါက စီမံလုပ်ငန်းများကို ရုတ်တရက်ပိတ်သိမ်းပစ်၍ မဖြစ်နိုင်သကဲ့သို့ ဘုရားဖူးခရီးသွားလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသ၏အကျိုးစီးပွား၊ ကုမ္ပဏီ၏ အကျိုးစီးပွားကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့သော် စီမံကိန်းသက်တမ်း တစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင် အရည်အသွေး ရေရှည်တည်ငြိမ်ကောင်းမွန်စေရေး၊ စောင့်ကြပ်ကြည့်ရှုလေ့လာရေး အစီအစဉ်များ ပုံမှန်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ စီမံကိန်းပိတ်သိမ်းမှုအစီအစဉ်ကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ သက်တမ်းမကုန်ဆုံးမီ ကြိုတင်ပြင်ဆင်ရေးဆွဲရန် သက်ဆိုင်ရာကုမ္ပဏီမှ ဆောင်ရွက်ရပါမည်။

၆.၅ ထိခိုက်နိုင်မှုများနှင့်အန္တရာယ်များကိုသင့်လျော်စွာလျှော့ချနိုင်မည့်နည်းလမ်းများ

၆.၅.၁ စီမံကိန်းလုပ်ငန်းအတွက် ထိခိုက်မှုများလျှော့ချမည့် လုပ်ငန်းစဉ်

ရှောင်ရှားခြင်း (Avoid) နည်းလမ်းများ

- စီမံကိန်းအစိတ်အပိုင်းများကို စနစ်တကျနေရာ ရွေးချယ်ခြင်း။
- သယ်ယူ၊ ပို့ဆောင်ရေးလမ်းများ ဖောက်လုပ်ခြင်း။
- စီမံကိန်း အဆောက်အဦများ၊ အခြေခံအဆောက်အဦများ၏ ဒီဇိုင်းများ စနစ်တကျပြင်ဆင်ခြင်း။

အနိမ့်ဆုံးဖြစ်စေခြင်း (Minimize)။

- ညစ်ညမ်းပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ ထုတ်လွှတ်မှု လျှော့ချခြင်း။
- မြေယာအသုံးပြုသူနှင့် အနှောက်အယှက်ဖြစ်စေမှု အနိမ့်ဆုံးဖြစ်စေရန် စီမံခြင်း။
- ဆောက်လုပ်ရေးပစ္စည်း (သဲ၊ ကျောက်စရစ်) ထုတ်လုပ်မှု အနည်းဆုံး ဖြစ်စေရန် စီမံခြင်း။
- ရေ/ စွမ်းအင် အသုံးပြုမှု အနည်းဆုံး ဖြစ်စေခြင်း။

မူလအတိုင်းပြန်ဖြစ်စေခြင်းနှင့် ပြန်လည်တည်ထောင်ခြင်း(Restore and Rehabilitate)

- တည်ဆောက်ခြင်းအဆင့်မှာပင် ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို ကြိုတင်စီမံ ဆောင်ရွက်ခြင်း။
- တည်ဆောက်ခြင်းအဆင့်ကြောင့် ယိုယွင်းပျက်စီးမှုများကို လျှော့ချရေး စီမံချက်ရေး ဆွဲထားခြင်း။
- Green zone၊ Buffer zone များတွင် နှစ်တို၊ နှစ်ရှည်ပင်နှင့် မြက်ခင်းများ စိုက်ပျိုးပေးခြင်း။
- ငါးမျိုးစုံနှင့် တောရိုင်းတိရိစ္ဆာန်များ ပြုစုပျိုးထောင်မွေးမြူခြင်း။

အခြားနေရာတွင် အစားထိုးဆောင်ရွက်ပေးခြင်း(Offset)

- မြေယာ ဆုံးရှုံးမှုရှိပါက လူမှုစီးပွားထိခိုက်မှုရှိလျှင် အစားထိုးပေးခြင်း၊ မြေယာလျော်ကြေးပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးပေးခြင်း။
- ဧဝမျိုးစုံ မျိုးကွဲများအတွက် ထိန်းသိမ်းစောင့်ရှောက်ထားသော ဧရိယာများ ထိခိုက်နှောက်ယှက်မှု ဖြစ်နိုင်ပါက အခြားတစ်နေရာတွင် အစားထိုး ထူထောင်ပေးခြင်း။

တိုးတက်စေခြင်း(Enhance)

- စီမံကိန်းဆောင်ရွက်မှုကြောင့်ရရှိဖြစ်ပေါ်လာသည့်လူမှုစီးပွားရေးကောင်းကျိုးများ၊လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများ တိုးတက်မှုအတွက် ဒေသဖွံ့ဖြိုးရေး အစီအစဉ်များဖြင့် ထပ်တိုးရင်းမြစ်များ ထောက်ပံ့ အကောင်ထည်ဖော်ခြင်း။

၆.၆ အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်း။(Prediction of Potential Risk)

စီမံကိန်းဆောင်ရွက်ရာ နယ်မြေဒေသအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ခြေနှင့် စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သော မတော်တဆဖြစ်မှုများ ဖြစ်နိုင်ခြေကို လေ့လာဆန်းစစ်၍ လျှော့ချရေး နည်းလမ်းများ ဖော်ထုတ်တင်ပြသွားပါမည်။ စီမံကိန်း၏ တည်ဆောက်ရေး အဆင့်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း အဆင့်များတွင် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို ခွဲခြားလေ့လာသွားပါမည်။

၆.၆.၁ အန္တရာယ် ဖြစ်နိုင်ခြေ ဆန်းစစ်သည့် နည်းလမ်း

သဘာဝဘေးအန္တရာယ်များအတွက် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ပါမည်-

- ရာဇဝင်တစ်လျှောက် မှတ်တမ်းများကို အခြေခံ၍လည်းကောင်း၊ ဖြစ်နိုင်သော ဘူမိနှင့် လေထုဆိုင်ရာ ဘေးအန္တရာယ်များကို ဆန်းစစ်ခြင်းဖြင့်လည်းကောင်း သဘာဝဘေး အန္တရာယ် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်ပါမည်၊
- အနာဂတ်ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များ၏ အကြိမ်အရေအတွက်နှင့် အကျိုးဆက်များကို ထည့်သွင်းစဉ်းစားပါမည်၊
- သဘာဝဘေးအန္တရာယ်၏ နေရာအလိုက် ဖြစ်ပွားနိုင်သည့် ပုံစံများ၊ အကြိမ်ရေ၊ ကာလနှင့် ပြင်းထန်မှုတို့ကို ခန့်မှန်းပါမည်။

၆.၆.၂ ယာဉ်နှင့် စက်မှုဆိုင်ရာ အန္တရာယ်

- ဖြစ်ရပ်လေ့လာမှုများ၊ စာအုပ်စာတမ်း ရှာဖွေလေ့လာမှုများနှင့် ပေါင်းစပ်လျှက် စီမံကိန်း ဒီဇိုင်းနှင့် Layout ပုံစံတို့ကို လည်းကောင်း၊ အန္တရာယ်ရှိ ပစ္စည်းများအား အသုံးပြုမှုနှင့် ကိုင်တွယ်ပုံတို့ကို လည်းကောင်း အခြေခံ၍ စက်မှုဆိုင်ရာ အန္တရာယ်အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်ပါမည်၊

- စက်မှုဆိုင်ရာ အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းရင်းနှင့် အကျိုးဆက်ဖြစ်ရပ်များကိုလည်းကောင်း၊ ဖြစ်ပေါ်နိုင်ခြေကိုလည်းကောင်း လေ့လာဆန်းစစ်ပါမည်၊
- နေရာအလိုက် ဖြစ်ပွားနိုင်သည့် ပုံစံများ၊ အကြိမ်ရေ၊ ကာလနှင့် ပြင်းထန်မှုတို့ အပါအဝင် စက်မှုဆိုင်ရာ အန္တရာယ်များ၏ ပြင်းအား (severity) ကို လေ့လာဆန်းစစ်ပါမည်။

၆.၆.၃ အရေးပေါ်အခြေအနေနှင့် တုံ့ပြန်ရေး စီမံချက်များ

အန္တရာယ်ရှိပစ္စည်းများ မတော်တဆယိုဖိတ်မှု၊ ဆည်ကျိုးပေါက်ခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ကြိုတင်မခန့်မှန်းနိုင်သော မိုးလေဝသဖြစ်ရပ်များ၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် မြေလွှာပြတ်ရွှေ့ခြင်းစသော ဖြစ်ရပ်များကို ကိုင်တွယ်ရန် အရေးပေါ်အခြေအနေ တုံ့ပြန်ရေး စီမံချက်များကို ရေးဆွဲထားရှိစေပါမည်။ ယင်းစီမံချက်များတွင် အဓိကထား ပါဝင်ရမည့် အချက်အလက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- အရေးပေါ်အခြေအနေအတွက် အရင်းအမြစ်များ၊
- ဆက်သွယ်ပြောကြားရေး စနစ်များ၊
- စီမံချက်ကို ကိုင်တွယ်စီမံ အသုံးပြုခြင်း၊
- အရေးပေါ် အခြေအနေကို တုန့်ပြန်သည့် လုပ်ထုံးလုပ်နည်းများ၊
- ရပ်ရွာအခြေပြု လုပ်ထုံးလုပ်နည်းများ၊
- လုပ်ထုံးလုပ်နည်းများကို အသိပေးပြောကြားထားခြင်း၊
- အရေးပေါ်အခြေအနေ အတွက် အသင့်ပြင်ဆင်ထားရေး သင်တန်းများ၊
- ပြန်လည်အစီရင်ခံခြင်းနှင့် အရေးပေါ်အခြေအနေနောက်ပိုင်း စိတ်ဖိစီးမှု ကင်းရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

၆.၇ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်း

Terrain Company Limited ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ခြင်းစီမံချက်များကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ လုပ်ဆောင်မှု စံသတ်မှတ်ချက်များ(၁-၁-၂၀၁၂)၊ ပြည်ထောင်စုမြန်မာနိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)နှင့် အခြားပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များကို ကိုးကား၍ အောက်ဖော်ပြပါစီမံချက်များ ရေးဆွဲ၍ (EIA)အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားပါမည်-

- လုပ်ငန်းခွင်ဘေးအန္တရာယ်များအား လေ့လာဆန်းစစ်ခြင်း(Job Hazard Analysis)၊
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးခြင်း(Safety Inspection)၊
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်း၊ စည်းကမ်းများချမှတ်ခြင်း(Inhouse Rules and Regulations)၊

- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်းစီမံချက်(Emergency Response Plan)၊
- လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ(၂၀၁၉) ၏ ကောက်နှုတ်ချက်များ။

၆.၇ ဆက်စပ်သက်ရောက်မှုများ(Cumulative Impacts)

စီမံကိန်းနယ်မြေဧရိယာအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော၊ ဆက်စပ်ဆောင်ရွက်ရမည့် အနာဂတ်စီမံကိန်းများနှင့် အကြောင်းဆက်စပ်၍ ပေါင်းစည်းဖြစ်ပေါ်လာနိုင်သော၊ ဆတိုးဖြစ်ပေါ်နိုင်သော ဆက်စပ်သက်ရောက်မှုများကို သုံးသပ်စီစစ်နိုင်ရန်လိုအပ်ပါသည်။ ယင်းဆက်စပ်မှုများ၏ အရေးကြီးမှုကို အောက်ဖော်ပြပါ ဂုဏ်ရည်များဖြင့် နှိုင်းချိန်ဆုံးဖြတ်သွားပါမည်-

- ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်များ၊ နေရင်းဒေသများ၊ တောရိုင်းတိရိစ္ဆာန်များ။
- ဇီဝမျိုးစုံ၊ မျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ။
- သဘာဝအရင်းအမြစ်ဖြစ်စဉ်များ။
- လူမှုစီးပွားရေးဆိုင်ရာအခြေအနေများ။
- ရိုးရာယုံကြည်မှု၊ ယဉ်ကျေးမှုသွင်ပြင်များ။

ဆက်စပ်သက်ရောက်မှုဖြစ်ပေါ်နိုင်သော အခြားဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းများကို သုံးသပ်ဖော်ထုတ်ထားချက်မှာ စာပိုဒ် (၅.၁၂) အတိုင်းဖြစ်ပြီး ဧလုံတောင်လမ်း လမ်းသစ်တိုးချဲ့ဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးတိုးချဲ့သွယ်တန်းခြင်း၊ မြို့ရွာများတိုးချဲ့လာခြင်း စသည့်လုပ်ငန်းများကြောင့် သိသာသောဆက်စပ်သက်ရောက်မှု မဖြစ်နိုင်ပါ။ စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်ခြင်း လုပ်ငန်းများတွင် ပေါင်းစည်းသက်ရောက်ခြင်းဖြစ်နိုင်ချေမှာလည်း COVID-19 ရောဂါဖြစ်ပွားမှု၏ ရိုက်ခက်မှုများကြောင့် ခရီးသွားလုပ်ငန်းများကျဆင်းနေသဖြင့် သိသာထင်ရှားသော ဆက်စပ်သက်ရောက်မှုမဖြစ်နိုင်ပါ။ ဒေသတွင်းရှိ ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများရှိခြင်းကြောင့် စီမံကိန်းနေရာများ နီးကပ်လျှင် ဆက်စပ်သက်ရောက်မှုဖြစ်နိုင်ပါသည်။ အနီးဆုံးရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများသည် စီမံကိန်းဒေသ၏ အရှေ့မြောက်ဘက် (၈)မိုင်ခန့်အကွာ မဲဇာချောင်းတစ်လျှောက်၊ ထီးတော်ကိုင်းကျေးရွာအုပ်စု၊ ပေကုန်းကျေးရွာအုပ်စု၊ ပန်းတောပြင်ကျေးရွာအုပ်စုများတွင် (၂၀၀၈) ခုနှစ်ခန့်ကတည်းက တစ်ပိုင်တစ်နိုင် ရွှေလက်လုပ်စားတူးဖော်သောလုပ်ကွက်များ စတင်ဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၈)ခုနှစ်ခန့်တွင် မြန်မာ့သတ္တုတွင်းသတ္တုတူးဖော်ရေးကုမ္ပဏီများမှ အသေးစားလုပ်ကွက်များ လျှောက်ထား၍ တူးဖော်လုပ်ကိုင်မှုများရှိခြင်းကြောင့် မဲဇာချောင်းတစ်လျှောက် ရေအရည်အသွေး ကျဆင်းမှုများ ရှိနေခဲ့ပါသည်။ ယင်းအခြေအနေကိုအခြေပြု၍ စီမံကိန်းဧရိယာမှ စွန့်ထုတ်သော မြေပေါ်ရေညစ်ညမ်းမှုရှိလျှင် ခမိုးချောင်းတစ်လျှောက်မှ စီးဆင်းပေါင်းဆုံကာ ဆက်စပ်သက်ရောက်မှု ဖြစ်ပေါ်နိုင်ပါသည်။ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းခွင်သုံးယာဉ်များ၊ အုပ်ချုပ်မှုသုံးယာဉ်များကြောင့် ခရီးသွားရာသီအတွင်း ခရီးသွားမော်တော်ယာဉ်များနှင့် ပေါင်းဆုံလျှင် ယာဉ်သွားလာမှုဆိုင်ရာ ဆက်စပ်သက်ရောက်မှု ဖြစ်ပေါ်နိုင်ပါသည်။

အခန်း(၇)

ဒေသခံပြည်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်ဒေသဖွံ့ဖြိုးရေး

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီအရင်ခံစာ၏ အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်သော ဒေသခံ ပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးသည် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဆောင်ရွက်ချက်များကို လေးစားလိုက်နာ၍ လူထု၏ ရေရှည်အကျိုး စီပွားရေးအတွက် တာဝန်ယူမှုရှိသော စီမံကိန်းလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ရန် အရေးပါသည်။ ဤစီမံကိန်းအပေါ် ဒေသခံပြည်သူများ၏ ပါဝင်အကြံပေးဆောင်ရွက်မှုများ ရယူ၍ မလိုလားအပ်သော ပြဿနာများ၊ မသေချာမှုများကို ဖယ်ရှားနိုင်ပြီး ထိရောက်သော လိုအပ်ချက်များကို သိရှိနားလည်နိုင်ခြင်းဖြင့် ဒေသခံများ၊ ကုမ္ပဏီနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

၇.၁ ဒေသခံပြည်သူများနှင့် ပါဝင်ပတ်သက်သူများကို ချိတ်ဆက်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ

ပုံ (၇.၁-၁) [၁]ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်များ



၇.၁.၁ စီမံကိန်းဧရိယာ၏ လူမှုစီးပွားရေးအခြေခံအချက်အလက်များ ကောက်ခံခြင်း

စီမံကိန်းဧရိယာ၏ အဓိက သက်ရောက်မှုရှိနိုင်သော ခမိုးကျေးရွာ၏ လူမှုစီးပွားရေး အခြေခံအချက်အလက်များကို သိရှိနိုင်ရန် S.E.E.D အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသားများထံမှ စစ်တမ်းကောက်ယူသွားရန် ရှင်းလင်းလွယ်ကူစေမည့် အသုံးအနှုန်းများ၊ ကျေးရွာသားများထံမှ စစ်တမ်းကောက်ယူသွားရန် ရှင်းလင်းလွယ်ကူစေမည့် အသုံးအနှုန်းများ၊ လူမှုစီးပွားဆိုင်ရာ အခန်းကဏ္ဍများ ပါဝင်သည့် အောက်ဖော်ပြပါ ခေါင်းစဉ်များပါဝင်သည့် စံပြုမေးခွန်းများ ပြုစုထားပြီး ဖြစ်ပါသည်-

ကျေးရွာအုပ်ချုပ်ရေးမှူးအတွက် မေးခွန်းလွှာ-

- တည်နေရာ (ရွာအမည်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး)
- လူဦးရေ (ကျား၊ မ၊ စုစုပေါင်း)
- အိမ်ထောင်စုဦးရေ

---

[၁] Stakeholder Engagement: A Good Practice Handbook for Companies Doing Business in Emerging Markets (2007*), International Finance Corporation (IFC)*; Washington, D.C

- လူမျိုး (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း/ အိန္ဒိယ၊ တရုတ်၊ အခြား)
- ကိုးကွယ်သည့်ဘာသာ
- ရွာကိုဖြတ်သန်းစီးသွားသည့် မြစ်၊ ချောင်းရှိပါက ဖော်ပြရန်
- ရွာတွင် တွေ့ကြုံခဲ့ဖူးသော သဘာဝဘေးအန္တရာယ် ဖြစ်ပွားသော ခုနှစ်နှင့် ရွာကို မည်သို့ ထိခိုက်သည်ကို ဖော်ပြရန်
- စားဝတ်နေရေးအခြေအနေ
- မြေယာအခြေအနေ
- စိုက်ပျိုးသီးနှံအခြေအနေ
- မွေးမြူရေးအခြေအနေ
- ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေ
- ထိန်းသိမ်းစောင့်ရှောက်ရမည့် နေရာ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ
- ကျေးရွာအခြေခံအဆောက်အဦး
- ပညာရေး
- စျေး
- ကျန်းမာရေး
- ချေးငွေဆိုင်ရာ ပံ့ပိုးမှု
- လျှပ်စစ်သုံးစွဲမှု
- ရေအရင်းအမြစ်
- စီမံကိန်းနှင့် ပတ်သက်၍ ကျေးရွာအတွက် အဓိကကျပြီး ဦးစားပေးရမည့် မျှော်မှန်းချက်များ
- အုပ်စုအဖွဲ့အစည်းများ
- စီမံကိန်းနှင့် ပတ်သက်သည့် ဗဟုသုတ

ကျေးရွာသားများအတွက် မေးခွန်းလွှာ-

- တစ်ဦးခြင်း၏ အခြေခံအချက်အလက်၊ ကိုယ်ရေးအကျဉ်း
- လူမှုစီးပွားဆိုင်ရာ အချက်အလက်များ
- စီမံကိန်းကြောင့် မိသားစုအသက်မွေးဝမ်းကျောင်းအပေါ် သက်ရောက်မှု
- ယခုစီမံကိန်းနှင့် ပတ်သက်သည့် အမြင်များ
- ကျန်းမာရေး အခြေအနေများ

အချက်အလက်ကောက်ယူဆန်းစစ်သွားမည့် မေးခွန်းလွှာနမူနာများကို [နောက်ဆက်တွဲ (c/၃)](#) တွင် ပူးတွဲဖော်ပြထားပါသည်။ ယခုအခါ Covid-19 ကပ်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်၍ ကွင်းဆင်းစစ်တမ်း ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်အတွက်ကြောင့် ယခုအခါ ဤစီမံကိန်းအပေါ် ထင်မြင်ယူဆချက် သဘောထားများနှင့် အကြံဉာဏ်များ သိရှိနိုင်ရေးအတွက် စစ်တမ်းအတိုချုပ်ပေးပို့ ကောက်ယူခြင်း Webinrar စနစ်ဖြင့် တွေ့ဆုံမေးမြန်း ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

၇.၂ လေ့လာမှုနယ်ပယ်သတ်မှတ်ခြင်းအဆင့်တွင်ဆောင်ရွက်ခဲ့သည့်တိုင်ပင်ဆွေးနွေးမှုရလဒ်များ

ဧလုံတောင် ယာဉ်ရပ်နားစခန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း စီမံကိန်း၏ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လေ့လာမှုနယ်ပယ် သတ်မှတ်ခြင်း အဆင့်အတွက် တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပါဝင်ပတ်သက်သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ဒေသခံများ (ဗန်းမောက်မြို့၊ ခမိုးကျေးရွာ)၊
- ရပ်ကွက်/ကျေးရွာဦးစီး၊ရပ်မိရပ်ဖများ၊ကျေးရွာသူကျေးရွာသားများ(ခမိုးကျေးရွာ၊ခိုပြင်ကျေးရွာ၊ ညောင်သာယာကျေးရွာ(ပင်းမန)၊ ပင်းမနရွာဟောင်း၊ လေးသီကျေးရွာ)၊
- စည်ပင်သာယာရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊
- ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးကော်မတီ၊
- ဗန်းမောက်မြို့နယ်သက်ဆိုင်ရာအစိုးရဌာနများ၊(သစ်တော၊ လျှပ်စစ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊စီမံကိန်း)

၇.၂.၁ စီမံကိန်းကို ကြီးကြပ်ကွပ်ကဲသည့်အစိုးရဌာနများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှု အစီအစဉ်

COVID-19 ကပ်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်သဖြင့် သွားလာရန်ခက်ခဲခြင်း၊ လူစုလူဝေးဖြင့်ကျင်းပရန် မဖြစ်နိုင်ခြင်းတို့ကြောင့် ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲ (Public Consultaion Meeting) အား ကွင်းဆင်းပြုလုပ်ခြင်း မပြုတော့ဘဲ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက် (တနင်္ဂနွေနေ့) ၁၄:၁၅ အချိန်တွင် Zoom Application (Webinrar) ဖြင့် ကျင်းပ ပြုလုပ်သော တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd) ဧလုံတောင်ဒေသ၊ ခမိုးယာဉ်ရပ်နားစခန်းနှင့် ဟိုတယ်စီမံကိန်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအတွက် ဒေသခံပြည်သူ၊ ရွာသူရွာသားများနှင့် တိုင်ပင်ဆွေးနွေးခြင်း အစည်းအဝေးမှတ်တမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၇.၂.၁.၁ Zoom meeting ဆွေးနွေးပွဲတက်ရောက်သူများ

- ဦးသစ်ထူးမြင့် ၊ ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊
- ဦးကျော်သူရလှိုင်၊ဒုတိယညွှန်ကြားရေးမှူး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊
- ဦးဇော်ထွန်းအောင်၊လက်ထောက်ညွှန်ကြားရေးမှူးစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊(မြို့နယ်စီ/ခန့်)၊
- ဦးနေလင်းသိန်း၊အမှုဆောင်အရာရှိ၊ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊
- ဦးကျော်မျိုးလတ်၊ဟိုတယ်လုပ်ငန်းဆိုင်ရာအကြံပေး တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd)၊
- ဦးရန်နိုင်ဝမ်၊ခမိုးစခန်းတာဝန်ခံ၊ တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd)၊
- ဦးသိန်းထိုက်၊ တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd)၊
- ခမိုးကျေးရွာမှ တက်ရောက်လာသော အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားကိုယ်စားလှယ်များ(၄)ဦး၊
- ဦးခင်မောင်အေး (S.E.E.D Ltd အကြံပေးအဖွဲ့ခေါင်းဆောင်)၊

- ဦးသန်းနိုင်အေး(S.E.E.D Ltd)၊
- ဒေါက်တာအိအိမျိုး(S.E.E.D Ltd)၊
- ဦးကောင်းကျော်ထက် (S.E.E.D Ltd)၊
- ဦးရဲမင်းခ(S.E.E.D Ltd)၊
- ဦးဇေယျာညီညီ(S.E.E.D Ltd)၊
- ဦးထူးမြတ်ခိုင်(S.E.E.D Ltd)၊
- ဒေါ်နီလာအောင်(S.E.E.D Ltd)၊(မှတ်တမ်းတင်)

၇.၂.၁.၂ ရည်ရွယ်ချက်

၁။ တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd) ဧလုံတောင်ဒေသ၊ ခမိုးယာဉ်ရပ်နားစခန်းနှင့် ဟိုတယ်စီမံကိန်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် အစိုးရအဖွဲ့၊ ဒေသခံပြည်သူ၊ ရွာသူရွာသား များမှ ဆွေးနွေးအကြံပြုချက်များ ရယူနိုင်ရန်။

၇.၂.၁.၃ ဆွေးနွေးချက်များ

၂။ **ဦးကောင်းကျော်ထက် (S.E.E.D Ltd)** မှ အစည်းအဝေးစတင်ဖွင့်လှစ်ပြီး အစည်းအဝေးအား (၁) ဦးခင်မောင်အေးမှ EIA အကြောင်းရှင်းလင်းခြင်း၊ (၂) သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းမှ အကြံပြုချက်များ ရယူခြင်း၊ (၃) ရွာသူရွာသားများမှ ဆွေးနွေးခြင်း၊ (၄) အစည်းအဝေးပိတ်သိမ်းခြင်း စသည့် အစီအစဉ်များဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း တင်ပြပါသည်။

၃။ **ဦးခင်မောင်အေး (S.E.E.D Ltd အကြံပေးအဖွဲ့ခေါင်းဆောင်)** မှ စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (EIA Report) နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် EIA Scoping Report အတွက် Project Component တွေ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများမှ အကြံပြုချက်များပေးနိုင်ရန် အကြံပြုလွှာများ ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်း၊ Covid ကာလဖြစ်နေပြီး ခရီးသွားလာရန် အခက်အခဲရှိပါသဖြင့် ECD မှ ညွှန်ကြားထားသည့်အတိုင်း Zoom Meeting ဖြင့် ပြုလုပ်ရကြောင်း၊ စီမံကိန်းသည် ဧလုံတောင်ဒေသ၊ ခမိုးယာဉ်ရပ်နားစခန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုစခန်း လုပ်ငန်းဖြစ်ပြီး တည်နေရာမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ လေးသီကျေးရွာ အုပ်စု၊ ခမိုးကျေးရွာရှိ ဗန်းမောက်မြို့နယ်၊ စည်ပင်ပိုင်မြေ (၃၁.၅၃) ဧကတွင် ဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်မည့် ကုမ္ပဏီမှာ တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd) ဖြစ်ပြီး လုပ်ငန်းကာလသည် နှစ် (၅၀) ဖြစ်ကြောင်း၊EIA ရေးသားပြုစုမည့် အဖွဲ့အစည်း(Third Party) မှာ S.E.E.D Ltd ဖြစ်ကြောင်း တင်ပြပြီး စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များမှာ (၁) မြင်ကွင်းပသာဒအားဖြင့် ထူးခြားမှုရှိသည့် ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ ဧလုံတောင်တော်ဘုရား တစ်ဝိုက် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းအတွက် လိုအပ်နေသော ဝန်ဆောင်မှုလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ (၂) ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် လူနေမှု အဆင့်အတန်းများ တိုးတက်မြင့်မားလာစေရန်၊ (၃) မြို့နေလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့်

ဒေသဖွံ့ဖြိုးရေး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာစေရန်၊ (၄) ဗန်းမောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေတိုးမြှင့်ရရှိ၍ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်စေရန် ဖြစ်ပါကြောင်း၊ စီမံကိန်း၏ နယ်ပယ်အတိုင်းအတာအစီရင်ခံစာပြီးပါက BOD စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း၊ စီမံကိန်း၏ သဘောတူညီချက်များ ရှင်းလင်းခြင်းတွင် စီမံကိန်းအား အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ကြောင်း၊ မြေဌားရမ်းခအဖြစ် တစ်နှစ်လျှင် ကျပ်သိန်း (၃၀၀) တိတိအား ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင်ငွေစာရင်းသို့ ထည့်သွင်းပေးရန် သဘောတူထားကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကားရပ်နားကွင်း၏ ဝင်ငွေအတွက် စီမံကိန်းမှ အသားတင်ဝင်ငွေ၏ ၅၀% လည်းကောင်း၊ ဆိုင်ခန်းရှင်များထံမှ ဆိုင်ငှားရမ်းခ၏ ၃% ကိုလည်ကောင်း၊ တောင်တက်ကားများ ခေါက်ကြေးအတွက် အသားတင်ဝင်ငွေ ၅၀% အား စီမံကိန်းပိုင်ရှင် ကုမ္ပဏီ၏ အရင်းငွေကြေး ကျေသည့်ကာလအထိ ရယူပြီး အရင်းကျေကာလ ပြီးဆုံးချိန်တွင် တိုင်းဒေသကြီးအစိုးရမှ သဘောတူညီချက်ဖြင့် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုကို ၁၀၀% လွှဲပြောင်းရယူလုပ်ကိုင်ပြီး လုပ်ငန်းအသီးသီးအတွက် ခွဲခြားသတ်မှတ်ထားသော အကျိုးအမြတ်များ ရရှိပါမည်ဖြစ်ကြောင်း၊ CSR လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီမံကိန်းမှ ရရှိသော နှစ်စဉ်အခွန်ပေးဆောင်ပြီး အသားတင်အမြတ်၏ ၂% ကို သုံးစွဲပေးရန် လျာထားပါကြောင်း ရှင်းလင်းပြောကြားပါသည်။ စီမံကိန်းဇုန်များအကြောင်း ဆွေးနွေးရာတွင် ဇုန် A တွင် တည်းခိုခန်းများ၊ သန့်စင်ခန်းနှင့် ရေချိုးခန်းများ၊ ကားကြီး (Express) ယာဉ်ရပ်နားရန် နေရာများ၊ ကားလေးယာဉ်ရပ်နားရန် နေရာများ၊ ဓါတ်ဆီဆိုင်နှင့် ကားဝပ်ရှော့ တို့ ပါဝင်မည်ဖြစ်ကြောင်း၊ဇုန် B တွင် တောင်တက်ကားဂိတ်၊ စားသောက်ဆိုင်နှင့် ညစျေးတန်းများ၊ ဆိုင်ကယ်ရပ်နားရန်နေရာ၊ အများပြည်သူ သန့်စင်ခန်းများ၊ စခန်းရုံးနှင့် ဆေးခန်း တို့ ပါဝင်ကြောင်း၊ဇုန် C တွင် (၄၈) ခန်းပါ ဟိုတယ်အဆောက်အဦ (၂)လုံး၊ (၃၂) ခန်းပါ ဟိုတယ် အဆောက်အဦ (၂)လုံး၊ စားသောက်ခန်းမ၊ ကားရပ်နားရန်နေရာ၊ ဝန်ထမ်းအိမ်ရာ၊ ဧည့်ကြိုဆောင်၊ ရုံးခန်းနှင့် ကန်တင်း တို့ပါဝင်မည်ဖြစ်ကြောင်း/ ဇုန် D တွင် အများပြည်သူ အပန်းဖြေနိုင်သော ပန်းခြံ၊ ကစားကွင်းနှင့် မျက်စိပဒေသဖြစ်ဖွယ် ပျိုးဥယျာဉ်တို့ ပါဝင်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်းသက်တမ်းအနေဖြင့် စီမံကိန်းတည်ဆောက်ရေးကာလ၊ စီမံကိန်းလည်ပတ်ခြင်းကာလ၊ စီမံကိန်းပိတ်သိမ်းခြင်းကာလ စသည်ဖြင့် နှစ် (၅၀) ကြာမြင့်မည်ဖြစ်ပြီး (၂၀၆၈) ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။ ဆက်လက်၍ စီမံကိန်းဆောင်ရွက်သူ အကြောင်းရှင်းလင်းခြင်း၊ EIA အစီရင်ခံစာ ပြုစုမည့် အဖွဲ့အစည်း (Third Party) အကြောင်းတို့ကို ရှင်းလင်းပြောကြားပါသည်။ စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်နိုင်မှုများကို လေ့လာခြင်းအကြောင်းတွင် ကောင်းကျိုးသက်ရောက်မှုများ၊ ဆိုးကျိုးသက်ရောက်မှုများ ရှင်းလင်းပြောကြားပြီး စီမံကိန်းသည် မြေပေါ်မြေအောက်များကို တူးဖော်ပြီး လုပ်ဆောင်သည့်လုပ်ငန်း၊ စက်ရုံလုပ်ငန်း မဟုတ်ဘဲ အခြေခံအဆောက်အဦဆောက်လုပ်၍ ဆောင်ရွက်မည်ဖြစ်သဖြင့် ဆိုးကျိုးများစွာ မရှိကြောင်း၊ သက်ရောက်မှုများကို လျှော့ချမည့် နည်းလမ်းများ ရှင်းလင်းရာတွင် ရေ၊ မြေ၊ လေ အနှံ့ဆိုး၊ ဆူညံသံ၊ ဇီဝပတ်ဝန်းကျင်၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံမှု၊ ရပ်ရွာကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံမှု၊ လူမှုစီးပွားရေးအခြေအနေ၊ မီးဘေး အန္တရာယ်၊ စွန့်ပစ်အစိုင်အခဲစွန့်ပစ်ခြင်း၊

ရေဆိုးရေညစ်များ စွန့်ထုတ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်ရပ်နားရန်နေရာအခက်အခဲ စသည်များကို ချမှတ်ထားသော နည်းလမ်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အနည်းဆုံးဖြစ်အောင် လျှော့ချ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပါသည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေး အစီအစဉ် (Community Development Plan)၊ အများပြည်သူအား အသိပေး ကြေညာခြင်း၊ မကျေလည်မှုများကို ဖြေရှင်းပေးမည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းပြီး Third Party အဖွဲ့မှ ဆက်လက်ဆောင်ရွက်မည့် EIA လုပ်ငန်းစဉ်အား တင်ပြရာတွင် ခန့်မှန်းကြာချိန် စုစုပေါင်း (၃) ပတ် ကြာမြင့်နိုင်ပါကြောင်း၊ ပြီးလျှင် ECD ဌာနသို့ အဆင့်ဆင့်တင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။ အစိုးရဌာနဘက်မှ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ဒု-ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခမိုးကျေးရွာမှ တက်ရောက်သူများ၊ တာရိန်းကုမ္ပဏီမှ တာဝန်ရှိသူများ စသည်ဖြင့် အဆင့်ဆင့် ပြောကြားဆွေးနွေးအကြံပြုပေးပါရန် ပြောကြားပါသည်။

၃။ **ဦးသစ်ထူးမြင့် ၊ ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး**၊မှ ၎င်းစီမံကိန်း ဖြစ်လာခြင်းမှာ ဧလုံတောင်သည် နာမည်ကြီးလာပြီး ဘုရားကလည်း တန်ခိုးကြီးလာသောကြောင့်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြားလာပြီး နေရာထိုင်ခင်းအဆင်မပြေသည့်အတွက် စည်ပင်အနေဖြင့် ထိုစီမံကိန်းကို ဆောင်ရွက်ရကြောင်း၊ စီမံကိန်းနယ်ပယ်အကျယ် အဝန်းမှာ (၃၁.၅၃) ဧကဖြစ်ပြီး(၂၈.၇၅) ဧကသည် မြေလွတ်မြေရိုင်းဖြစ်၍ (၂.၇၈) ဧကသည် လယ်ယာမြေ ဖြစ်နေသောကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဗန်းမောက်စည်ပင်အဖွဲ့အနေဖြင့် လယ်ယာမြေပိုင်ရှင်အား ညှိနှိုင်းရယူခဲ့ပြီး ဖြစ်ကြောင်း၊ စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘုရားဖူးရာသီအမီတွင် စတင်ဆောင်ရွက် နိုင်စေရန်အတွက် အဆိုပြုလာသော Terrain Co.,Ltd အား ရွေးချယ်ခဲ့ကြောင်း၊ ယာဉ်ရပ်နားစခန်း၊ တည်းခိုရိပ်သာ၊ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များအား (၂၁.၃) ဧကတွင် တည်ဆောက်ပြီး (၁၀.၂၃) တွင် Holtel Zone အဖြစ် (၂)ပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယာဉ်ရပ်နားစခန်းတွင် တောင်တက်ကားကြီးအဖွဲ့ ထားရှိမည်ဖြစ်ကြောင်း၊ (၅၀%)ကို အစိုးရသို့ပေးပြီး ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီသည် အရင်းကျသည့် အချိန်တွင် အားလုံး အစိုးရဌာနဆိုင်ရာသို့ အပ်နှံရန် သဘောတူထားကြောင်း၊ ၄ားရမ်းခအဖြစ် ရရှိမည့် သိန်း (၃၀၀) သည် ဗန်းမောက်စည်ပင်မှ ဝင်ငွေအဖြစ် စာရင်းသွင်းမည်ဖြစ်ပြီး ဗန်းမောက်မြို့လမ်းများ၊ ပန်းမန်သစ်ပင်များ၊ သန့်ရှင်းရေးများအတွက် ပြန်လည်အသုံးပြုသွားမည် ဖြစ်ကြောင်း၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်မှ ရရှိသောအကျိုးအမြတ် များကိုလည်း အစိုးရဌာနမှ စည်ပင်သို့ ပြန်လည်ပေးသွင်း ရမည်ဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများ၊ ပလပ်စတစ်များ၊ အမှိုက်များကိုလည်း စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုတွင် ယာဉ်ရပ်နားစခန်း တည်ဆောက်နေသော အဆင့်ဖြစ်ပြီး တောင်တက်ကားလမ်းအား အစိုးရဌာနနှင့် စည်ပင်မှ ပူးပေါင်းပြီး နှစ်စဉ်အနည်းငယ်စီ တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြော ကြားပါသည်။

၄။ဦးကျော်သူရလှိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၊စစ်ကိုင်းတိုင်းဒေသကြီး၊ မှဆွေးနွေးရာတွင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုသာ လုပ်ဆောင်၍မရဘဲ လူမှုရေးဆိုင်ရာအတွက်ပါ ထည့်သွင်းစဉ်းစားလုပ်ဆောင်သင့်ကြောင်း၊ ၎င်းစီမံကိန်းသည်

အခြေခံအဆောက်အဦ ဆောက်လုပ်၍ လုပ်ဆောင်မည်ဖြစ်၍ မီးခိုးမထွက်သည့် လုပ်ငန်းဖြစ်သော်လည်း နှစ် (၅၀)အတွက်ဆိုလျှင် ခရီးသွားများ များပြားလာသည်နှင့်အမျှ စွန့်ပစ်ပစ္စည်းတွေကို ဘယ်လိုဆောင်ရွက်မလဲ ဆိုတာ ရှင်းရှင်းဖော်ပြပေးရန်လိုကြောင်း၊ ဒေသခံပြည်သူများကိုလည်း သေသေချာချာသိအောင်၊ နားလည်အောင်၊ ထိခိုက်မှုရှိ/မရှိစသည်တို့ကို သေသေချာချာ ရှင်းလင်းပြောပြစေချင်ကြောင်း၊ ထိုစီမံကိန်းသည် ဒေသအတွက်အကျိုးရှိမည်ဟု ထင်မြင်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။

၅။ **ဦးနေလင်းသိန်း၊ အမှုဆောင်အရာရှိ၊ ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊** မှ ဆွေးနွေးရာတွင် လယ်ယာမြေ ဖြစ်နေသည့် (၂.၇၈) ဧကအတွက် ပုံစံ ၇ ပြောင်းခြင်းကိစ္စ ဆောင်ရွက်ပေးနေပါကြောင်း၊ ခမိုးစခန်း တာဝန်ခံ ဦးရန်နိုင်ဝမ် တောင်းဆိုထားသည့်ကိစ္စရပ်များ ဆောင်ရွက်ပေးနေပါကြောင်း ပြောကြားပါသည်။

၆။ **ဦးဇော်ထွန်းအောင်၊လက်ထောက်ညွှန်ကြားရေးမှူးစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊** မှ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းစွန့်ပစ်ခြင်းတွင် နှစ် (၅၀) ကာလအတွက် မည်သို့ဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားရန်၊ ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်၍ မိုးရာသီတွင် မြေများပြို၍ လမ်းများ ပျက်စီးကြောင်း၊ ဘယ်လိုခိုင်ခံ့အောင် လုပ်မည်ကို စဉ်းစားရန်၊ ရေရှည်ကောင်းမွန်အောင် မည်သို့ဆောင်ရွက်မည်ကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း ဆွေးနွေးအကြံပြုပါသည်။

၇။ **ခမိုးကျေးရွာမှ တက်ရောက်လာသော အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ** အနေဖြင့် ဆွေးနွေးရန် အထွေအထူးမရှိပါကြောင်း၊ အကြံပြုလွှာများတွင် အကြံပြုချက်များ ဖော်ပြထားပါကြောင်း ပြောကြားပါသည်။

၈။ **ဦးကျော်မျိုးလတ်၊ ဟိုတယ်လုပ်ငန်းဆိုင်ရာအကြံပေး တာရိန်းကုမ္ပဏီလီမိတက် (Terrain Co.,Ltd)၊** မှ ဆွေးနွေးရာတွင် ၎င်းစီမံကိန်းကြောင့် ပတ်ဝန်းကျင် မထိခိုက်ခြင်းသည် အဓိကဖြစ်ကြောင်း၊ ဟိုတယ်နှင့် ယာဉ်ရပ်နား စခန်းလုပ်ငန်းဖြစ်ပြီး အခြားစက်ရုံလုပ်ငန်းများကဲ့သို့ များစွာထိခိုက်မှုမရှိကြောင်း၊ သို့သော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး အဖွဲ့အစည်းများနှင့် ဆွေးနွေး၍ စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေကြောင်း၊ ဝန်ထမ်းများကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ Training များ ပေးနေကြောင်း၊ ဟိုတယ်ဇုန်တွင် သစ်ပင်များ၊ ပန်းမန်များ စိုက်ပျိုးနေကြောင်း၊ စီမံကိန်း၏ အသားတင်အမြတ်ငွေမှ (၂%)ကို ကျေးရွာဖွံ့ဖြိုးရေးအတွက် တွက်ချက်၍ အသုံးပြုဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

၉။ **ဦးရန်နိုင်ဝမ် ခမိုးစခန်းတာဝန်ခံ** မှ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းအတွက် စည်ပင်သာယာနှင့် တိုင်ပင်ပြီး အမှိုက်ထည့်သည့် Tank ထဲတွင် စွန့်ပစ်မည်ဖြစ်ပြီး စည်ပင်သာယာမှ သိမ်းဆည်းမည် ဖြစ်ပါကြောင်း၊ ခရီးသွားများမှ စွန့်ပစ်အမှိုက်များအား နေရာတိုင်းတွင် အမှိုက်ပုံးများ ထားရှိပေးမည် ဖြစ်ကြောင်း၊ ခန့်အပ်ထားသော ဝန်ထမ်းများမှလည်း ညနေတိုင်းတွင် သန့်ရှင်းရေးလုပ်မည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့များမှလည်း မည်သို့ဆောင်ရွက်သင့်သည်ကို ဆွေးနွေးပေးစေချင်ကြောင်း၊ သစ်ပင်ပန်းမန်များလည်း စိုက်ပျိုးနေပါကြောင်း၊ ရှားပါးသစ်ပင်ပန်းမန်များအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ

ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုတွင် နှစ်ရှည်ပင်၊ အခြားအပင်များ စိုက်ပျိုးနေပြီဖြစ်ကြောင်း ဆွေးနွေး ပြောကြားပါသည်။

၁၀။ **ဦးခင်မောင်အေး (S.E.E.D Ltd အကြံပေးအဖွဲ့ခေါင်းဆောင်)** မှ EIA အစီရင်ခံစာရေးသားမည့် S.E.E.D Ltd သည် တတိယအဖွဲ့အစည်း ၊ ECD သည် ပထမအဖွဲ့အစည်း၊ စီမံကိန်းအကောင်အထည် ဖော်မည့် Terrain Co.,Ltd နှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သည် ဒုတိယအဖွဲ့အစည်း ဖြစ်ပြီး S.E.E.D Ltd (တတိယအဖွဲ့) အနေဖြင့် အဖွဲ့နှစ်ဖွဲ့ကြားတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ အားလုံးနှင့်လည်း ဆွေးနွေးညှိနှိုင်းပြီး ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ပတ်သက်သည့် သက်ရောက်မှုများကိုလည်း ဆန်းစစ်ဖော်ထုတ်ပြီး သင့်တင့်ကောင်းမွန်သော လျော့ချခြင်း နည်းလမ်းများကို အကြံပြုသွားမည် ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်များကိုလည်း EIA Report တွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးသွားသည့် အချက်များကိုလည်း ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါကြောင်း၊ ကြေညာထားတဲ့ Website, Email လိပ်စာများသို့လည်း ဆွေးနွေးအကြံပြုနိုင်ပါကြောင်း၊ Scoping Report , EIA Report များ ရေးသားပြီးသည့် အခါတွင် S.E.E.D Ltd ၏ Website တွင် Terrain Co.,Ltd ၏ ကိုယ်စား တင်ပြသွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းရေးဆွဲရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ပြောကြားသွားသည့်အတိုင်း ဇလုံတောင်တက်လမ်းသည် ပြုပြင်ထိန်းသိမ်း၍ စနစ်တကျလုပ်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ် ဖြစ်ပါကြောင်း၊ သို့သော်လည်း စီမံကိန်းလုပ်ငန်းဖြစ်သော ခမိုးစခန်းစီမံကိန်း နှင့် တိုက်ရိုက်မပတ်သက်ပါကြောင်း၊ ဆက်စပ်၍ ဖြစ်လာနိုင်သည့် Project ဖြစ်ပါကြောင်း၊ လမ်းကောင်းမွန်ရေးအတွက် ရာသီမရွေးသွားလာနိုင်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ခရီးသွားပြည်သူများ တက်နိုင်ဆင်းနိုင်ရန်၊ တောင်တက်ကားများ တက်နိုင်ဆင်းနိုင်ရန် အတွက် ဆက်စပ်စီမံကိန်းအနေဖြင့် ဖြစ်ပေါ်လာမှာ ဖြစ်ပါကြောင်း၊ ၎င်းကို MOU ထိုးမည့် BOD စာချုပ် တွင်လည်း အပိုဒ်တစ်ပိုဒ်အနေဖြင့် အကြမ်းထည့်သွင်းဖော်ပြထားသည်ကို တွေ့ရကြောင်း၊ Terrain Co.,Ltd အနေဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာ၍ တင်ပြဆောင်ရွက်ရန် တစ်ပိုင်းဖြစ်သလို တစ်ပိုင်းမှာလည်း ၂၀၁၅- ၂၀၁၆ ခုနှစ်ကတည်းကစ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တစ်နှစ်လျှင် တစ်မိုင်ကျော် လမ်းအကြမ်း၊ လမ်းအချော ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ ထိုစီမံကိန်းသည်လည်း ခမိုးစခန်း စီမံကိန်းရှိလျှင် ဆက်စပ်စီမံကိန်းအဖြစ် နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ် ဘတ်ဂျက်များမှ တစ်စိတ်တစ်ပိုင်းချပေးသည့် အစီအမံဖြင့် ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားသည့်အနေအထား တွေ့ရှိရပြီး တစ်ဖက်မှလည်း Terrain Co.,Ltd အနေဖြင့် တိုင်းဒေသကြီးအစိုးရ၏အစီအစဉ်ဖြင့် ၎င်းလုပ်ငန်းများအား ဆန်းစစ်လေ့လာ၍ ပူးပေါင်းဆောင်ရွက်သွားမည့်အပိုင်းများလည်း ရှိလာနိုင်ပါကြောင်း၊ စီမံကိန်းမှ ရရှိမည့် အကျိုးအမြတ်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့မှ ရရှိမည့် ရန်ပုံငွေနှင့် ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သလို တစ်ပိုင်းမှလည်း နိုင်ငံတော်အတွက် အခွန်အခများ တိုးမြှင့်ရရှိပြီး ဘက်စုံဖွံ့ဖြိုးလာမည့် အနေအထားဖြစ်ပါကြောင်း၊ တစ်ပိုင်းတွင်လည်း ဒေသအတွင်းရှိသည့် ပြည်သူလူထုအနေဖြင့် စီမံကိန်း

အပေါ်မှာ အားလုံးပါဝင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသအတွင်းတွင်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားထုတ်ကုန် လုပ်ငန်းများ စသည့် အားလုံးအတွက် အကျိုးအမြတ်များ ရရှိလာနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း အကောင်းမြင်သည့်ဘက်မှ ဖော်ထုတ်ဆွေးနွေးတင်ပြလိုပါကြောင်း၊ အစည်းအဝေးတက်ရောက်သူများအားလည်း ကျေးဇူးတင်ပါကြောင်း၊ ဌာနဆိုင်ရာများအတွက် အလုပ်နားသည့်ရက် ဖြစ်သွားသောကြောင့် နားလည်ခွင့်လွှတ်ပေးစေချင်ကြောင်း၊ နိဂုံးချုပ် အနေဖြင့် သက်ဆိုင်ရာ အစိုးရအဖွဲ့၊ တာဝန်ရှိသည့်သူများ၊ သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်မည့် Terrain Co.,Ltd အနေဖြင့်လည်း ကောင်း၊ S.E.E.D (EIA) အကြံပေးအဖွဲ့အနေဖြင့်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့်လည်းကောင်း အားလုံးပူးပေါင်းဆောင်ရွက်၍ စီမံကိန်းလုပ်ငန်းအား အောင်မြင်စွာ ဆက်လက် အကောင်အထည် ဆောင်ရွက်သွားနိုင်ပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်ပါကြောင်း ဆွေးနွေး ပြောကြား ပါသည်။

၇.၂.၁.၄ အထွေထွေမေးခွန်းများမေးမြန်းဖြေကြားခြင်း

၁၁။ မေးခွန်းများ မေးမြန်းချက်မရှိသဖြင့်အစည်းအဝေးအား (၁၅:၃၅) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

၇.၂.၂ စီမံကိန်းကိုကြီးကြပ်ကွပ်ကဲသည့်အစိုးရဌာနများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံမှုရလဒ်များ

ခမိုးစခန်းစီမံကိန်းနှင့် ပတ်သက်၍ ပြည်သူလူထုထံမှ စာဖြင့်ရေးသားတောင်းခံထားသော အကြံပြုချက်များ၊ Zoom Meeting ဖြင့် တွေ့ဆုံဆွေးနွေးခြင်းမှ ရရှိသော ဆွေးနွေးချက်များအရ အောက်ဖော်ပြပါ အကျိုးရလဒ်များ ရရှိပါသည် -

- စီမံကိန်းမြေပိုင်ရှင် စည်ပင်သာယာရေးဌာနနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သော တာရိန်းကုမ္ဗဏီတို့သည် စီမံကိန်းအတွက် နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အကြံဉာဏ်ကောင်းများ ရရှိခြင်း၊
- စီမံကန်းနယ်မြေမှ ဒေသခံများအနေဖြင့် စီမံကိန်းအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ပိုမိုရှင်းလင်းစွာ သိမြင်ကြပြီး ယင်းတို့စိုးရိမ်ပူပန်မှုများဖြစ်သည့် သစ်တောပြုန်းတီးနိုင်မှု၊ မြေပေါ်ရေညစ်ညမ်းမှု၊ စွန့်ပစ်ပစ္စည်းများတိုးပွားမှုအတွက် ဖြေရှင်းမည့်အစီအစဉ်များကို သိရှိနိုင်ခြင်း၊
- စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို ပိုမိုသိမြင် နားလည်လာစေခြင်း၊
- စီမံကိန်းကြောင့် ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများ၊ ပြည်သူလူထုစီးပွားတိုးတက်မှု အလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ယုံကြည်မှု အားကောင်းလာစေခြင်း စသည်တို့ဖြစ်ပါသည်။

၇.၂.၂.၁ အစည်းအဝေးတက်ရောက်လာသူ ဒေသခံများ

- ဦးဖိုးစိန် ကျေးရွာအုပ်ချုပ်ရေးမှူး ခမိုးကျေးရွာ(ဖုန်း-၀၉၄၄၆၃၃၀၁၀၆၂၄)
- ဦးခင်မောင်သန်း ကျေးရွာသား ခမိုးကျေးရွာ၊
- ဦးခင်အောင် ကျေးရွာသား ခမိုးကျေးရွာ(ဖုန်း-၈၈၃၁၄၅၅၆၅)

- ဦးအောင်ဝင်းခိုင် လူငယ်အဖွဲ့ခေါင်းဆောင် ခမိုးကျေးရွာ(ဖုန်း-၄၀၆၄၉၂၇၂၁)

စာဖြင့်ရေးသား၍ အကြံပြုချက် ပေးပို့ကြသူများစာရင်း

အမည်	ဒေသခံ	နေရပ်လိပ်စာ	ဖုန်းနံပါတ်
ဦးခင်အောင်	ဆယ်အိမ်မှူး	ခမိုးကျေးရွာ	09 883 145 655
ဦးဝင်းအောင်	ကျေးရွာသား	ခမိုးကျေးရွာ	09 443 643 614
ဦးအောင်ဝင်းခိုင်	လူငယ်အဖွဲ့ခေါင်းဆောင်	ခမိုးကျေးရွာ	09 406 492 721
ဦးမောင်ရွှေ	တောင်သူ	ခမိုးကျေးရွာ	09 890475 830
ဒေါ်အေးအေးမြင့်	ဒေသခံ	ခမိုးကျေးရွာ	09 406 914 712
ဦးဇင်မျိုးသူ	ခမိုးရိပ်ညိုဆိုင်ဝန်ထမ်း	ခမိုးကျေးရွာ	09 256 491 326
ဦးကုမာရ	ခမိုးကျောင်း	ခမိုးကျေးရွာ	09 889 471 097
ဦးမောင်သန်း	ဆယ်အိမ်မှူး	ခမိုးကျေးရွာ	-
ဦးမြင့်အောင်	ကျေးရွာသား	ခမိုးကျေးရွာ	09 883 146 691
ဦးဝင်းမြင့်	ကျေးရွာသား	ခမိုးကျေးရွာ	-
ဒေါ်စုစုကြည်	ဒေသခံ	ပုဇွန်တောင်ရပ်၊ ဗန်းမောက်မြို့	09 258 522 957
ဦးဉာဏ်လှိုင်ထွန်း	ဒေသခံ	မြို့မရပ်၊ ဗန်းမောက်မြို့	09 962 013 356

စာဖြင့်ရေးသားအကြံပြုလွှာများအား [နောက်ဆက်တွဲ(စ)](#) တွင် ပူးတွဲတင်ပြထားပါသည်။

၇.၃ အကျိုးသက်ဆိုင်သူများ၊ စီမံကိန်းကြောင့်ထိခိုက်နိုင်ခြေရှိသည့်သူများအား သရုပ်ခွဲစစ်ခြင်း

၇.၃.၁ စီမံကိန်လုပ်ငန်းနှင့်ပတ်သက်၍ထုတ်ဖော်အသိပေးခြင်း(Public Disclosure)

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်သောသတင်းအချက်အလက်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သောသတင်းအချက်အလက်များအား အကျိုးသက်ဆိုင်သူ၊ အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးရေး၊ သတင်းအချက်အလက်ထုတ်ပြန်ရေး အစီအစဉ်အရ စီမံကိန်း၏ တာဝန်ရှိသူ မြို့နယ်စည်ပင်/ တာရိန်းကုမ္ပဏီတာဝန်ရှိသူများမှ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေး တိုင်ပင်ဖြေရှင်းပေးခဲ့ပါသည်။ EIAအကြံပေးအဖွဲ့အနေဖြင့် စီမံကိန်းအကြောင်းအကျဉ်းရှင်းလင်းဖော်ပြချက် ဗွီနိုင်းပိုစတာများကို (၁၁-၁၀-၂၀၂၀)ရက်နေ့တွင် ဗန်းမောက်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့၊ ခမိုးကျေးရွာ လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့၊ ခမိုးကျေးရွာဘုန်းကြီးကျောင်းရှေ့၊ နောင်မဲ့လုံကျေးရွာ ရွာလယ်လမ်းဆုံများတွင် စိုက်ထူအသိပေးထားခဲ့ပါသည်။ (၁၆-၁၀-၂၀၂၀)ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာ များဖြစ်သော ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာများတွင် စီမံကိန်းအကြောင်းအရာအကျဉ်းနှင့် ပြည်သူလူထု တွေ့ဆုံဆွေးနွေးခြင်း(Online meeting) ဆောင်ရွက်ရန် အတွက် အသိပေးကြေညာခြင်း၊ EIAအကြံပေးအဖွဲ့၏ ဝက်ဘ်ဆိုဒ်လိပ်စာ www.unitedfriendsabilities.com/seed/ တွင် ကြေညာပေးထားခဲ့ပါသည်။ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ (EIA-

report) များကိုလည်း ပြည်သူလူထု ဖတ်ရှုသိရှိပြီး ပြန်လည်အကြံပြုနိုင်စေရန် ယင်းဝက်ဘ်ဆိုဒ်တွင် လွှင့်တင်ကြော်ငြာအသိပေးသွားမည်ဖြစ်ပါသည်။

၇.၄ ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်စေခြင်း စီမံချက်

စီမံကိန်းလုပ်ငန်းသည် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး ရှေ့ရှုသော လုပ်ငန်းဖြစ်သဖြင့် သတ္တုတွင်းလုပ်ငန်းများကဲ့သို့ ဒေသခံပြည်သူများ အပေါ် ရေရည်ဆိုးကျိုးများရှိလိမ့်မည်မဟုတ်ပါ။ သို့ရာတွင် စီမံကိန်းနှင့် အကျိုးဆက်စပ်သူ ပြည်သူလူထုများ အကြား ရေရည်ဆက်ဆံမှုတည်ဆောက်ထားခြင်းဖြင့် အန္တရာယ်ဖြစ်နိုင်ခြေ သတ်မှတ်ဖော်ထုတ်နိုင်ခြင်း၊ စီမံကိန်းလုပ်ငန်းကို အငြင်းပွားမှုကိစ္စများ အနည်းဆုံးဖြင့် ရေရှည်အောင်မြင်မှုရရှိစေရန် ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ ဒေသခံပြည်သူများက အဓိပ္ပါယ်ရှိစွာ ချိတ်ဆက်ပါဝင်မှုသည် စနစ်ကျ၍ စဉ်ဆက်မပြတ်သော ထပ်တလဲလဲလုပ်ငန်းစဉ်တစ်ခု ဖြစ်သင့်ပါသည်။ ဒေသခံပြည်သူချိတ်ဆက်ပါဝင်ရေး စီမံချက်တွင် အောက်ဖော်ပြပါအကြောင်းအရာများ ပါဝင်ရေးဆွဲပါမည် -

- အကျိုးသက်ဆိုင်သူများနှင့် ထိခိုက်ခံရနိုင်ဖွယ်ရှိသည့် ပြည်သူများကို သရုပ်ခွဲဆန်းစစ်ခြင်း၊
- EIA ဆောင်ရွက်စဉ်အတွင်း တိုင်ပင်ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များ၊
- ဒေသခံပြည်သူများချိတ်ဆက်ရေး မဟာဗျူဟာ၊
- တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်းအတွက် အဆိုပြုထားသော လုပ်ငန်းများ၊
- သတင်းအချက်အလက်ဖြန့်ဝေခြင်းနှင့် ဖြန့်ဝေပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊
- နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်၊
- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာတို့ကို ပူးတွဲစောင့်ကြပ်ရေးအစီအစဉ်နှင့် ဒေသခံများသို့ အစီရင်ခံရေး အစီအစဉ်။

၇.၅ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း

စီမံကိန်းဆောင်ရွက်ရာ ဗန်းမောက်မြို့နယ်၊ ခမိုးကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းကို တာဝန်ယူမည့် တာရိန်းကုမ္ပဏီလီမိတက်သည် ဒေသခံများ၏ လူမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ စီမံကိန်းလုပ်ငန်းများကြောင့် ဒေသခံပြည်သူများရရှိမည့် အကျိုးကျေးဇူးများကို ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် အမြင့်ဆုံးဖြစ်စေသင့်ပြီး ဆိုးကျိုးများကို ရှောင်ရှားနိုင်ရပါမည် (သို့မဟုတ်) အနိမ့်ဆုံးဖြစ်စေရပါမည်။ ဒေသခံပြည်သူတို့အတွက် အောက်ဖော်ပြပါအကျိုးကျေးဇူးများကို အခြေခံစဉ်းစားပြီး စီမံချက်ကို ရေးဆွဲပါမည်-

- ကျောင်းအဆောက်အဦများ ဆောက်လုပ်ပေးခြင်း၊ ပြင်ဆင်ပေးခြင်း၊ ပညာရေးတိုးတက်စေရန် ထောက်ပံ့ပေးခြင်း နှင့် ပိုမိုကောင်းမွန်သော ပညာရေးဖြစ်စေရန်အတွက် ကျောင်းသားများကို ငွေကြေးထောက်ပံ့ပေးခြင်း၊
- လမ်းများပြင်ဆင်ခြင်း၊ ရေနူတ်မြောင်းစနစ်များကို တိုးတက်စေခြင်း၊ ရေနှင့်လျှပ်စစ်ဓာတ်အား ရရှိစေခြင်းဖြင့် အခြေခံအဆောက်အဦတိုးတက်စေရန် ထောက်ပံ့ပေးခြင်း၊
- ဒေသခံပြည်သူများ၏ ကျန်းမာရေးတိုးတက်စေရန် ထောက်ပံ့ပေးခြင်းနှင့် ကူးစက်ရောဂါဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးအသိနိုးကြားမှု မြှင့်တင်ပေးခြင်း၊ ကူးစက်ရောဂါကာကွယ်ရေး အစီအမံများကို အပြည့်အဝအကောင်အထည်ဖော်ခြင်း၊
- ဒေသခံအဆင့်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးခြင်းဖြင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ထောက်ပံ့ပေးခြင်း။

၇.၆ မကျေလည်မှုများအား ဖြေရှင်းပေးမည့် လုပ်ငန်းစဉ်ပုံပြယောင်း

ပုံ (၇.၆-၁) Grievance Mechanism လုပ်ငန်းစဉ်



အခန်း(၈)

နိဂုံးချုပ် နှင့် အကြံပြုချက်များ

၈.၁ နိဂုံးချုပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ လေးသီကျေးရွာအုပ်စု ခမိုးရွာအနီး မြို့နယ်စည်ပင်ရေးအဖွဲ့ပိုင် ကွင်းအမှတ် (O.S.S) ကြေးတိုင်ပြင်ကွင်း မြေ (၃၁.၅၃) ဧကပေါ်တွင် B.O.T စနစ်ဖြင့် တာရိန်းကုမ္ပဏီမှ တည်ဆောက်မည့် ဧလုံတောင်ဒေသ၊ ခမိုးယာဉ်ရပ်နားစခန်းနှင့် ဟိုတယ်၊ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို တတိယပုဂ္ဂိုလ် အဖွဲ့အစည်းဖြစ်သည့် Sustainable Environment Enhancing Development Ltd (S.E.E.D) မှ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ EIA လုပ်ငန်းစဉ်သည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများ စတင်ဆောင်ရွက်ခြင်း မပြုမီ မှန်ကန်တိကျစွာ လေ့လာဆန်းစစ်ရသော လုပ်ငန်းစဉ်ဖြစ်ပြီး၊ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့် (EIA) ဆိုင်ရာ တာဝန်နှင့် ဝတ္တရားများ (TOR) သည်လည်း EIA လုပ်ငန်းစဉ်များ မတိုင်မီ ရှေ့ပြေးဆောင်ရွက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြရမည် ဖြစ်ပါသည်။

ယခုဆန်းစစ်လေ့လာတင်ပြသော နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာတွင် စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် စီမံကိန်းကာလအတွင်း ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများကို ထင်ရှားစွာပြဆိုသည် ဖြစ်စေ၊ မထင်မရှားပြဆိုသည်ဖြစ်စေ ကြိုတင်မျှော်မှန်း၍ ရှေးဦးစွာ ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများ အားလုံးကို EIA လုပ်ငန်းစဉ်များ ဆောင်ရွက်သည့် အချိန်တွင် လျှော့ချဖြေရှင်းနိုင်မည်ဟု ရည်မှန်းထားပါသည်။

နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအတွက် လေ့လာမှုအခြေအနေတွင် ဖြစ်နိုင်ခြေ အလားအလာ ရှိသော ဆိုးကျိုးသက်ရောက်မှု အချို့ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး ယင်းတို့အထဲမှ စီမံကိန်းလုပ်ငန်း တည်ဆောက်ရေးကာလအတွင်း တည်ဆောင်ရေးလုပ်ငန်း စွန့်ပစ်ပစ္စည်းအစိုင်အခဲများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ စွန့်ပစ်ရေ၊ စီးဆင်းရေ (Run-off water) များကြောင့် မြေပေါ်ရေ ညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်း၊ လုပ်ငန်းခွင် မတော်တဆမှု ဘေးအန္တရာယ်ဖြစ်နိုင်ခြင်းစသည့် သက်ရောက်မှုများရှိနိုင်သော်လည်း စီမံခန့်ခွဲမှုအဖွဲ့မှ ကောင်းမွန်စွာစီမံခန့်ခွဲနိုင်လျှင် ကာကွယ်ရှောင်လွှဲနိုင်မည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းကာလအတွင်း၌ မော်တော်ယာဉ်များ ဝင်ထွက်သွားလာမှုကြောင့် ဆူညံသံများဖြစ်ပေါ်ခြင်း၊ အမှုန်အမွှားနှင့် အခိုးအငွေ့များ ဖြစ်ပေါ်ထုတ်လွှတ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်ခြင်း၊ စွန့်ပစ်အစိုင်အခဲများ၊ စွန့်ပစ်ရေများ ထွက်ရှိနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ၏ နေရင်းဒေသများပျောက်ဆုံးခြင်း၊ စက်သုံးဆီအဟောင်းများ နည်းလမ်းလွဲမှားစွာ စွန့်ပစ်မှုကြောင့် မြေထုညစ်ညမ်းခြင်း၊ လူတို့၏ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြင်း စသည့်သက်ရောက်မှုများရှိနိုင်သော်လည်း စီမံကိန်းဆောင်ရွက်သူများ အနေဖြင့် အကြံပေးအဖွဲ့၏အကြံပြုချက်များအတိုင်းအကောင်းဆုံး ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်ပြီး အနိမ့်ဆုံးအဆင့်သို့ လျှော့ချနိုင်မည် ဖြစ်ကြောင်း ခန့်မှန်းရပါသည်။

စီမံကိန်းအဆိုပြုသူ Terrain Co., Ltd နှင့် EIA အကြံပေးအဖွဲ့ S.E.E.D Ltd တို့သည် ပြုစုတင်ပြထားသော နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့် (TOR) တို့အတည်ပြုချက်ရရှိပြီးနောက် EIA ဆန်းစစ်လေ့လာမှုကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ EIA ဆန်းစစ်လေ့လာမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်သိမ်းရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၂) နှင့် (၆၃) အပိုဒ်ခွဲ (က) မှ (ဈ) အထိကို တိကျစွာ လိုက်နာဆောင်ရွက် ပြုစုတင်ပြသွားပါမည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သူ Terrain Co., Ltd နှင့် ဗန်းမောက်မြို့နယ် စည်ပင်သာယာအဖွဲ့တို့သည် EIA အစီရင်ခံစာတွင် အသေးစိတ်ထပ်မံ ဖော်ပြမည့်၊ ယခုအစီရင်ခံစာ အခန်း(၃)ပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများ၊ နိုင်ငံတကာ သဘောတူညီချက်နှင့် စံပြုချက်များကို လိုက်နာဆောင်ရွက်သွားရန် တာဝန်ရှိပါသည်။ ဆက်လက် ဆန်းစစ်လေ့လာ ဆောင်ရွက်မည့် EIA အစီရင်ခံစာပါ နည်းစနစ်တကျ တွက်ချက်၍ စေ့စေ့စပ်စပ် ဖော်ထုတ်ထားသော သက်ရောက်မှု လျှော့ချရေး အစီအမံများကို စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီနှင့် ဌာနတို့သည် တိကျစွာလိုက်နာ ဆောင်ရွက်သွားသင့်ပါသည်။ အချုပ်အားဖြင့် စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီနှင့် ဌာနတို့မှ လိုက်နာအကောင်အထည်ဖော်ရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) နှင့် စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ကို EIA အစီရင်ခံစာတွင် ဆက်လက်ထည့်သွင်း ရေးဆွဲပေးသွားမည် ဖြစ်ပါသည်။

၈.၂ အကြံပြုချက်များ

- ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်ရွက် လမ်းညွှန်မှု၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့၏ အနီးကပ်လမ်းညွှန်မှုကို ခံယူလျက် စီမံကိန်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်များ၊ EIA ဆန်းစစ်လေ့လာမှု လုပ်ငန်းစဉ်များကို Terrain Co., Ltd နှင့် စဉ်ဆက်မပြတ်ပူပေါင်း ဆောင်ရွက်သင့်ပါသည်။
- Terrain Co., Ltd အနေဖြင့် EIA ဆန်းစစ်လေ့လာမှု လုပ်ငန်းစဉ်များ မြန်ဆန်ထိရောက် အောင်မြင်စေရေးအတွက် စီမံကိန်လုပ်ငန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်၊ နည်းပညာနှင့် ဒီဇိုင်းများ (PCM) လုပ်ငန်းစဉ်များ စသည်တို့ကို (S.E.E.D) အဖွဲ့သို့ အချိန်နှင့် တပြေးညီ အပြည့်အဝ ကူညီထောက်ပံ့ပေးသင့်ပါသည်။
- စီမံကိန်းသက်တမ်း တစ်လျှောက်လုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးကို တာဝန်ယူဆောင်ရွက်သွားနိုင်မည့် (Environmental Health and Safety) EHS အဖွဲ့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ Terrain Co., Ltd တို့ ပူးပေါင်းလျှက် စနစ်တကျ ဖွဲ့စည်းခြင်း၊ လိုအပ်သော အသိပညာနှင့် လေ့ကျင့်ခြင်း အစီအစဉ်များကို ကြိုတင်စီမံ ဆောင်ရွက်ထားသင့်ပါသည်။
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်သည့် အကြံပေးအဖွဲ့မှ စီစစ်တင်ပြသည့် အန္တရာယ်ဖြစ်နိုင်ခြေရှိသော အကြောင်းတရားများကို စီမံကိန်းစီမံခန့်ခွဲသည့်အဖွဲ့၊ (EHS)အဖွဲ့ တို့အနေဖြင့် အစဉ်အမြဲအလေးထား၍ စီမံချက်ငယ်များရေးဆွဲထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါသည်။
- စီမံကိန်းလုပ်ငန်း သက်တမ်းတစ်လျှောက် တည်ဆောက်ရေးကာလ၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း ကာလများအတွင်း စီမံကိန်းပိုင်ရှင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ Terrain Co., Ltd တို့သည် ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးမှုများကို အခါအားလျော်စွာ ဆက်လက် ဆောင်ရွက်သွားသင့်ပါသည်။
- စီမံကိန်းကို အခြေခံ၍ လည်းကောင်း၊ သီးခြားအစီအစဉ်ဖြင့် လည်းကောင်း ဆက်စပ် ပတ်သက်သော အခြားစီမံကိန်းများ ပေါ်ပေါက်လာပါက ထပ်တိုးသက်ရောက်မှုများ ရှိနိုင်လျှင် သီးခြားလေ့လာ ဆန်းစစ်မှုများ ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုပါသည်။
- ခရီးသွားရာသီကာလအတွင်း ဗန်းမောက်မြို့တွင်းမှ ဖြတ်သန်း၍ စီမံကိန်းဧရိယာသို့ ခရီးသွားယာဉ်များ စုစည်းဝင်ရောက်မှုကြောင့် ယာဉ်အန္တရာယ်နှင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်ပေါ်စေရန် ဆန်းစစ်လေ့လာမှု ဆောင်ရွက်၍ လိုအပ်သော အခြေခံအဆောက်အဦများ တိုးချဲ့ခြင်းကို မြို့နယ်စည်ပင်သာယာအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့တို့နှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက် သွားသင့်ပါသည်။
- ဗန်းမောက်မြို့၊ ရဲတပ်ဖွဲ့စခန်းတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ မရှိသေးသဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ချိန်တွင် ဗန်းမောက်မြို့တွင်းနှင့် ခမိုးရွာတွင် ယာဉ်ထိန်းသိမ်းကြပ်မတ်ပေးမည့် ရဲတပ်ဖွဲ့ဝင်များ တာဝန်ချထားပေးရေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အဆင့်ဆင့် တင်ပြသွားသင့်ပါသည်။

- လျှာထားသတ်မှတ်မည့် ဧလုံတောင်အမျိုးသားဥယျာဉ်ဧရိယာအတွင်းမှ အများပြည်သူ စိတ်ဝင်စားသော ၄က်များ၊ တောရိုင်းတိရိစ္ဆာန်များ၊ ပရဆေးပင်မျိုးစိတ်များ၊ သစ်ခွမျိုးစိတ်များ၊ ရှားပါးနွယ်ပင်များကို ပြုစုပျိုးထောင်၍ ပြသခြင်းဖြင့် သစ်တောဦးစီးဌာန၏ ပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားသင့်ပါသည်။

ဦးခင်မောင်အေး

အဓိကအကြံပေးပုဂ္ဂိုလ်

Sustainable Environment Enhancing Development Limited

အခန်း(၉)

EIA အစီရင်ခံစာအတွက် တာဝန်နှင့် ဝတ္တရားများ (TOR)

၉.၁ နိဒါန်း

ယခုတင်ပြသော နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာသည် အခန်း(၂)တွင် ဖော်ပြခဲ့ပြီးသော စီမံကိန်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်နိုင်ရန် ရှေ့ပြေးဖြစ်သဖြင့် လိုအပ်သော တာဝန်ဝတ္တရားများကို ချမှတ်ထားရန် လိုအပ်ပါသည်။ (TOR) ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- လျာထားဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအတွက် အစဉ်အမြဲ အပြည့်အဝ လိုက်နာ ဆောင်ရွက်နိုင်သော ထိရောက်သည့် စီမံခန့်ခွဲမှုများကို ပြင်ဆင်ပေးနိုင်ရန်။
- စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သော အကြံပြုချက်များနှင့် ရှောင်လွှဲကုစားခြင်း နည်းလမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသော ဌာနများနှင့် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့ကို အကြံပြုတင်ပြပေးနိုင်ရန်။
- မြန်ဆန်ထိရောက်သော လေ့လာဆန်းစစ်မှုများဖြင့် သတင်းအချက်အလက်များ အထောက်အပံ့ ပြုနိုင်ရန်။
- EIA အကြံပေးအဖွဲ့သည် ကြိုတင်ဆန်းစစ်၍ ခန့်မှန်းထားသော သမာရိုးကျ မဟုတ်သည့် ဖြစ်နိုင်ခြေရှိသော အကြောင်းတရားများကို ဒေသခံပြည်သူလူထုသို့ အသိပေးနိုင်ရန်။
- လျာထား ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းကို အတည်ပြုဆုံးဖြတ်ပေးမည့် တာဝန်ရှိသူများအနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆန်းစစ်၍ ဖော်ထုတ်ထားသော EIA အစီရင်ခံစာ၏ ရလဒ်နှင့် အကြံပြုချက်များအရ နောက်ဆုံးအဆင့် အတည်ပြုဆုံးဖြတ်ချက်ပြုနိုင်ရန် ဖြစ်ပါသည်။

ယခုတင်ပြသော (TOR) ပါဝင်သည့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၉-၁၂-၂၀၁၅) ၏ အပိုဒ် ၄၉၊ အပိုဒ်ခွဲ (က) မှ (ဆ) ထိ၊ အပိုဒ် ၅၀၊ (က/ခ)၊ အပိုဒ် ၅၁၊ အပိုဒ်ခွဲ (က) မှ (ဈ) အထိ၊ အပိုဒ် ၅၂ နှင့် ၅၃ တို့အရ ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

၉.၂ လေ့လာမှုနယ်မြေ၊ လွှမ်းမိုးနေသော အကြောင်းတရားများ၊ စီမံကိန်းအဆင့်နှင့် ကာလ ကန့်သတ်ချက်များ၊ နည်းစနစ်များနှင့် အဓိကသက်ဆိုင်သူများ

၉.၂.၁ လေ့လာမှုနယ်မြေ

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်မည့် နယ်မြေသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ လေးသီကျေးရွာအုပ်စု ခမိုးရွာအနီး ဗန်းမောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ကွင်းအမှတ် (O.S.S)၊ ကြေးတိုင်ပြင်ကွင်း မြေ (၃၁.၅၃) ဧက ပေါ်တွင် ဖြစ်ပါသည်။ စီမံကိန်းဧရိယာတွင် မြေလွတ်မြေရိုင်း (၂၈.၇၄) ဧက နှင့် လယ်မြေ (၂.၇၉) ဧက ပါဝင်ပြီး၊ ယင်းလယ်မြေပိုင်ရှင် အတွက် မြေယာလျော်ကြေးများ ညှိနှိုင်းပေးအပ်ပြီး ဖြစ်ပါသည်။ စီမံကိန်းဧရိယာ၏ မြောက်ဘက်နှင့်

တောင်ဘက်တွင် ခမိုးကျေးရွာဒေသခံများ ပိုင်ဆိုင်သော လယ်မြေများ၊ အရှေ့ဘက်တွင် ခမိုးကျေးရွာ၏ ရွာမြေများ အနောက်ဘက်တွင် တောင်ကုန်း တောင်တန်း တောရိုင်းမြေ တည်ရှိကြပါသည်။ စီမံကိန်းဧရိယာ ပတ်ဝန်းကျင်တွင် လယ်/ယာ မြေနှင့် ချုံတောများ၊ သစ်ပင်ငယ်များသာရှိပြီး သစ်ပင်၊ သစ်တော အပင်ကြီးများ ပေါက်ရောက်နေခြင်း တွေ့ရှိရခြင်း မရှိပါ။

၉.၂.၂ ဆက်စပ်သက်ရောက်မှု ဧရိယာနှင့် အချိန်ကာလသတ်မှတ်ချက်များ

၉.၂.၂.၁ ဆက်စပ်သက်ရောက်မှု ဧရိယာများ

စီမံကိန်းလုပ်ငန်း၏ လျှာထားဧရိယာ (၃၁.၅၃) ဧက အပေါ် လွှမ်းခြုံနိုင်သော ပထမအဆင့် ဧရိယာအဖြစ် ဝန်းကျင် အချင်းဝက်(၁၀၀၀)မီတာ ပတ်လည်ကို တိုက်ရိုက်သက်ရောက်မှုရှိသော ဧရိယာအဖြစ် လေ့လာဆန်းစစ်သွားမည် ဖြစ်ပါသည်။ ယင်းဧရိယာအတွင်း စီမံကိန်း၏ ဇုန်နယ်မြေ (A/B/C/D) ၄ ခု ပါဝင်ပြီး ယာဉ်ရပ်နားစခန်းများ၊ ကားဂိတ်နှင့်အလုပ်ရုံများ၊ ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ တည်းခိုဆောင်များ၊ ဟိုတယ်ဇုန်ဧရိယာနှင့် ဝန်ဆောင်မှုဧရိယာများ၊ အပန်းဖြေအနားယူရန် ပန်းခြံဧရိယာများ ပါဝင်မည် ဖြစ်ပါသည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှု အဓိကဖြစ်စေသော အနံ့အသက်၊ လေထုညစ်ညမ်းမှု အခိုးအငွေ့၊ ဆူညံသံနှင့် ဓာတုဗေဒဆိုင်ရာ အက်စစ်ထုတ်လွှတ် စွန့်ပစ်မှုများ မရှိသော လုပ်ငန်းဖြစ်ပါသည်။ ယင်းဇုန်အတွင်း အဓိက သက်ရောက်မှု ရှိနိုင်သော ကျေးရွာမှာ ခမိုးရွာ တစ်ရွာတည်းသာ ရှိပါသည်။ စီမံကိန်း၏ သွယ်ဝိုက်၍ သက်ရောက်မှု ဖြစ်စေနိုင်သော ပြင်ပကြားခံ ဧရိယာအဖြစ် အချင်းဝက် (၅၀၀၀)မီတာ ပတ်လည် ဧရိယာကို လေ့လာဆန်းစစ်သွားမည် ဖြစ်ပါသည်။ ဤဧရိယာအတွင်းတွင် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု အခြေအနေများကို လေ့လာဆန်းစစ် အကဲဖြတ်သွားမည် ဖြစ်ပါသည်။

၉.၂.၂.၂ စီမံကိန်းအဆင့်နှင့် အချိန်ကာလသတ်မှတ်ချက်

စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် တာရိန်းကုမ္ပဏီနှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာအဖွဲ့တို့၏ B.O.T စာချုပ် သဘောတူညီချက်အရ သတ်မှတ်ထားသော စီမံကိန်း သက်တမ်းကာလမှာ -

- အကြိုတည်ဆောက်ရေးကာလ (၁) နှစ်၊
- တည်ဆောင်ရေးကာလ (၅) နှစ်၊
- လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကာလ (၂၅) နှစ်၊
- ပထမအကြိမ် သက်တမ်းတိုးကာလ (၁၀) နှစ်၊
- ဒုတိယအကြိမ် သက်တမ်းတိုးကာလ (၁၀) နှစ်၊
- လုပ်ငန်းအခြေအနေရ နှစ်ဦးနှစ်ဘက် ညှိနှိုင်း၍ ပြန်လည် သက်တမ်းတိုးနိုင်ခွင့်။ (၂၀) နှစ်၊
- စီမံကိန်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ကာလ။ (၁)နှစ်။

၉.၂.၂.၃ စီမံကိန်းကြောင့် သက်ရောက်မှုအလားအလာရှိသော ပြည်သူလူထု

စီမံကိန်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှု၊ ကောင်းကျိုးသက်ရောက်မှု အလားအလာရှိသော ပြည်သူလူထုနှင့် လူထုအခြေပြု အဖွဲ့အစည်းများမှာ အနီးဝန်းကျင်တွင် တည်ရှိသော ခမိုးကျေးရွာ၊ လေးသီကျေးရွာနှင့် ဗန်းမောက်မြို့ပေါ်ရပ်ကွက် (၄) ခု ဖြစ်ပါသည်။

၉.၃ စီမံကိန်းတွင် လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စံနှုန်းများ

၉.၃.၁ လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)။

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)။

(ဃ) သစ်တောဥပဒေ (၁၉၉၂)/(၂၀၁၈)/ နည်းဥပဒေ (၁၉၉၅)။

(င) မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေ (၂၀၁၈)။

(စ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ (၂၀၁၃)။

(ဆ) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့် နည်းဥပဒေများ (၂၀၁၂)။

(ဇ) မြေအောက်ရေ အက်ဥပဒေ (၁၉၃၀)။

(စျ) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ (၂၀၁၉)။

(ည) ဇီဝမျိုးစုံ၊ မျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ (၂၀၁၈)။

(ဋ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ(၁၉၉၄)။

(ဌ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းရေး နည်းဥပဒေ (၂၀၀၂)။

(ဍ) အခကြေးငွေပေးချေရေး ဥပဒေ (၂၀၁၆)။

(ဎ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)။

(ဏ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)။

(တ) ပြည်သူ့ကျန်းမာရေး ဥပဒေ (၁၉၇၂)။

(ထ) အလုပ်သမားလျော်ကြေးငွေ အက်ဥပဒေ (၁၉၅၁)။

(ဒ) မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)။

(ဓ) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၄)။

(နဓ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)။

(ပ) အလုပ်သမားအဖွဲ့အစည်း ဥပဒေ (၂၀၁၁)။

(ဖ) လူမှုဖူလုံရေး အက်ဥပဒေ (၁၉၅၄)/ လူမှုဖူလုံရေး ဥပဒေ (၂၀၁၂)။

(ဗ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂)/ နည်းဥပဒေ (၂၀၁၃)။

(ဘ) အနည်းဆုံးအခကြေးငွေ ဥပဒေ/ နည်းဥပဒေ (၂၀၁၃)။

(မ) လယ်ယာမြေ ဥပဒေ/ နည်းဥပဒေ (၂၀၁၂)။

(ယ) ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ (၁၉၅၁)/ နည်းဥပဒေများ (၂၀၁၈) ။

(ရ) ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ (၂၀၂၀)။

(လ) မော်တော်ယာဉ်ဥပဒေ (၂၀၁၅)။

(ဝ) မော်တော်ယာဉ်နည်းဥပဒေများ (၁၉၈၉)။

(သ) လျှပ်စစ်ဥပဒေ(၂၀၁၄)။

(ဟ) မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၈)

(ဠ) မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ

၉.၃.၂ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် သဘောတူညီချက်များ (International Convention and Protocols)

No.	Conventions	Year (Ratified/Acceded/Accepted)
	Environment	
1	Plant Protection Agreement for the Southeast Asia and Pacific Region, Rome 1956	1959 (Ratified)
2	MARPOL: International Convention for the Prevention of Pollution from Ships 1973 and MARPOL Protocol of 1978	1988 (Accession)
3	ICAO: ANNEX 16 to the Convention on International Civil Aviation	Accession

	Environmental Protection Vol. I and II, Aircraft Noise and Aircraft Engine Emission	
4	Agreement on the Networks of Aquaculture Centers in Asia and the Pacific, Bangkok 1988	1990 (Accession)
5	Vienna Convention for the Protection of the Ozone Layer, Vienna 1985	1993 (Ratification)
6	Montreal Protocol on Substances that Deplete the Ozone Layer, Montreal 1987	1993 (Ratification)
7	London Amendment to the Montreal Protocol on Substances that Deplete the Ozone Layer, London 1990	1993 (Ratification)
8	United Nations Framework Convention on Climate Change (UNFCCC), New York 1992	1994 (Ratification)
9	Convention on Biological Diversity, Rio de Janeiro 1992	1994 (Ratification)
10	The Convention Concerning the Protection of the World Cultural and Natural Heritage, Paris 1972	1994 (Acceptance)
11	International Tropical Timber Agreement (ITTA), Geneva 1994	1996 (Ratification)
12	United Nations Convention to Combat Desertification in Those Countries Experiencing Serious Drought, Paris 1994	1997 (Accession)
13	Convention on International Trade in Endangered Species of Wild Fauna and Flora (CITES), Washington DC 1973; and as amended in Bonn, Germany 1979	1997 (Accession)
14	ASEAN Agreement on Conservation of Nature and Nature Resources, Kuala Lumpur, 1985	1997 (Signatory)
15	Kyoto Protocol to the Convention on Climate Change, Kyoto 1997	2003 (Accession)
16	ASEAN Agreement on Trans-boundary Haze Pollution	2003 (Ratification)

17	Stockholm Convention on Persistent Organic Pollutants (POPs), 2001	2004 (Accession)
18	Ramsar Convention on Wetlands of International Importance	2005 (Accession)
19	Establishment of ASEAN Regional Centre for Biodiversity	2005 (Signatory)
20	Declaration on ASEAN Heritage Parks	2003 (Signatory)
21	International Treaty on Plant Genetic Resources for Food and Agriculture, 2001	2004 (Ratification)
22	Cartagena Protocol on Biosafety, Cartagena, 2000	2001 (Signatory)
23	Agreement to Promote Compliance with International Conservation and Management Measures by Fishing Vessels on the High Seas, Rome, 1973	1994 (Acceptance)
24	United Nations Convention on the Law of the Sea, Montego Bay, 1982	1996 (Ratified)
25	Agreement Relating to the Implementation of Part XI of the United Nations Convention on the Law of the Sea of 10 December 1982, New York, 1994	1996 (Accession)
26	Convention on the Prohibition of the Development, Production, Stockpiling and Use of Chemical Weapons and their Destruction, Paris, 1993	1993 (Signatory)
27	Treaty on the Prohibition of the Emplacement of Nuclear Weapons and other Weapons of Mass Destruction on the Sea Bed and Ocean Floor and in the Subsoil there of, London, Moscow, Washington, 1971	1971 (Signatory)

Social, Labour and Health		
28	Universal Declaration of Human Rights (UNDHR)	signed
29	Convention on the Rights of the Child	1991 (acceded)
30	Convention on Elimination of All Forms of Discrimination against Women (CEDAW)	1997 (acceded)
31	Relevant ILO Conventions in force in Myanmar:	Ratified:
	C1 Hours of Work (Industry)	1921
	C14 Weekly Rest (Industry)	1923
	C17 Workmen's Compensation (Accidents)	1956
	C19 Equality of Treatment (Accident Compensation)	1927
	C26 Minimum Wage Fixing Machinery	1954
	C29 Forced Labor Convention	1955
	C42 Workmen's Compensation (Occupational Diseases) Revised 1934	1957
	C52 Holidays with Pay	1954
	C87 Freedom of Association and Protection of the Right to Organize	1955

၉.၃.၃ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်များ

အမျိုးသာ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်များ (NEQEG) (၂၀၁၅) လမ်းညွှန်ချက်များအရ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများတွင် လိုက်နာဆောင်ရွက်ပါမည် -

၉.၃.၃.၁ လေအရည်အသွေး

ဇယား (၉.၃-၁) လေထုအရည်အသွေး စံနှုန်းသတ်မှတ်ချက်

Parameter (avg. 8hrs)	CO (ppb)	NO2 (ppb)	NO (ppb)	PM10 (µg/m3)	PM2.5 (µg/m3)	SO2 (ppb)
Guideline Value	9(ppm)	100	100	35	150	75

Parameter	Averaging Period	Guideline Value µg/m3	Reference
Nitrogen dioxide	1- year 1- hour	40 200	EQEG (2015, December)
Particulate Matter PM10	1- year 24- hour	20 50	EQEG (2015, December)
Particulate Matter PM2.5	1- year 24- hour	10 25	EQEG (2015, December)
Sulphur dioxide	24- year 10- min	20 500	EQEG (2015, December)
Ozone	8- hour daily maximum	100	EQEG (2015, December)

*Source: ECD Department.

[a] Particulate matter 10 micrometres or less in diameter.

[b] Particulate matter 2.5 micrometres or less in diameter.

၉.၃.၃.၂ ရေအရည်အသွေး

ဇယား (၉.၃-၂) စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Wastewater, Effluent, Sanitary Discharges and Storm Water Run-off (General Application)

Parameter	Unit	Guideline Value	Reference
5-day Biochemical oxygen demand	mg/l	50	EQEG (2015, December)
Ammonia	mg/l	10	EQEG (2015, December)
Arsenic	mg/l	0.1	EQEG (2015, December)
Cadmium	mg/l	0.05	EQEG (2015, December)
Chemical Oxygen Demand	mg/l	150	EQEG (2015, December)
Chlorine (total residual)	mg/l	0.2	EQEG (2015, December)
Chromium (hexavalent)	mg/l	0.1	EQEG (2015, December)
Chromium (total)	mg/l	0.5	EQEG (2015, December)
Copper	mg/l	0.3	EQEG (2015, December)
Cyanide (free)	mg/l	0.1	EQEG (2015, December)
Cyanide (total)	mg/l	1	EQEG (2015, December)
Fluoride	mg/l	20	EQEG (2015, December)
Heavy metals (total)	mg/l	10	EQEG (2015, December)
Iron (total)	mg/l	2	EQEG (2015, December)
Lead	mg/l	0.2	EQEG (2015, December)
Mercury	mg/l	0.002	EQEG (2015, December)
Nickel	mg/l	0.5	EQEG (2015, December)
Oil and grease	mg/l	10	EQEG (2015, December)
pH	S.U.[a]	6-9	EQEG (2015, December)
Phenols	mg/l	0.5	EQEG (2015, December)
Selenium	mg/l	0.1	EQEG (2015, December)
Silver	mg/l	0.5	EQEG (2015, December)
Sulfide	mg/l	1	EQEG (2015, December)
Temperature increase	^{o} C	<3[b]	EQEG (2015, December)
Total coliform bacteria	100ml	400	EQEG (2015, December)
Total phosphorus	mg/l	2	EQEG (2015, December)
Total Suspended Solids	mg/l	50	EQEG (2015, December)
Zinc	mg/l	0.5	EQEG (2015, December)

Source : ECD Department.

[a] Standard unit

[b] At the edge of a scientifically established mixing zone which takes into account ambient water quality, receiving water use, potential receptors and assimilative capacity; when the zone is not defined, use 100 meters from the point of discharge.

ဇယား (၉.၃-၃) လုပ်ငန်းနေရာမှ စီးဆင်းရေနှင့် စွန့်ပစ်ရေ စွန့်ထုတ်မှု (Site Run - off and Wastewater Discharges (Construction Phase)

Parameter	Unit	Maximum Concentration	Reference
စိန် (Arsenic)	mg/l	0.1	EQEG (2015, December)
Cadmium	mg/l	0.05	EQEG (2015, December)
Chemical oxygen demand	mg/l	150	EQEG (2015, December)
ခရိုမီယမ် (Hexavalent)		0.1	EQEG (2015, December)
ကြေးနီ (Copper)	mg/l	0.3	EQEG (2015, December)
ဆိုင်ယာနိုက် (Cyanide)	mg/l	1	EQEG (2015, December)
ဆိုင်ယာနိုက် (Free)	mg/l	0.1	EQEG (2015, December)
ဆိုင်ယာနိုက် (Weak acid dissociable)	mg/l	0.5	EQEG (2015, December)
သံ (total)	mg/l	2	EQEG (2015, December)
ခဲ (Lead)	mg/l	0.2	EQEG (2015, December)
ပြဒါး (Mercury)	mg/l	0.002	EQEG (2015, December)
နီကယ် (Nickel)	mg/l	0.5	EQEG (2015, December)
ချဉ်ငန်ဓာတ် (pH)	S.U. [a]	6-9	EQEG (2015, December)
အပူချိန် (Temperature)	^{0}C	‹3 degree	EQEG (2015, December)
Total suspended solids	mg/l	50	EQEG (2015, December)
သွပ် (Zinc)	mg/l	0.5	EQEG (2015, December)

*Source : ECD Department.

[a] Standard unit

ဇယား (၉.၃-၄) သောက်သုံးရေအဆင့်သတ်မှတ်ချက်များ

WHO categories	Parameter	Units	WHO .1993
Bacteriological quality	Total coliforms Total coliforms	Counts/100ml Number of samples / months	0
Inorganic Chemicals (of health significance)	Arsenic	mg/l	0.01 (p)
	Barium	mg/l	0.7
	Boron	mg/l	0.5(p)
	Cadmium	mg/l	0.003
	Chromium	mg/l	0.05(p)
	Copper	mg/l	2(p)
	Cyanide	mg/l	0.07
	Fluoride	mg/l	1.5
	Lead	mg/l	0.01
	Nickel	mg/l	0.02
	Nitrate - NO_3	mg/l	50
	Nitrite - NO_2	mg/l	3
	Manganese	mg/l	0.5(p)
	Mercury	mg/l	0.001
	Selenium	mg/l	0.01
Pesticides	Dieldrin	µg/l	0.03
	Atrazine	µg/l	2
	DDT	µg/l	2
	Gamma-HCH (Lindane)	µg/l	2
	Permethrin	µg/l	20
	Pesticides total	µg/l	
Disinfectants and disinfectant by-products	Chlorine	mg/l	5
Radioactive constituents	Gross Alpha activity	Bq/liter	0.1

	Gross Beta activity	Bq/liter	1
	Turbidity	NTU	5 (a)
	Aluminum	mg/l	0.2 (a)
	Ammonia - N	mg/l	1.5(a)
	Chloride	mg/l	250(a)
	Copper	mg/l	1
	Hydrogen sulfide - H_2S	mg/l	0.05 (a)
	Iron	mg/l	0.3 (a)
	Manganese	mg/l	0.1
	Dissolved Oxygen	mg/l	
	pH		< 8 (a)
	Sodium	mg/l	200 (a)
	Sulfate	mg/l	250 (a)
	Sulfides	mg/l	
	Total dissolved solids	mg/l	1000
	Electrical conductivity	µS/cm	
	Zinc	mg/l	3 (a)
	Residual chlorine	mg/l	0.6-1
Sources: WHO, 1993. Guidelines for Drinking Water Quality.2nd edition. (p)Provisional guideline value:(a) aesthetic guideline.			

၉.၃.၃.၃ ဆူညံသံ

ဇယား (၉.၃-၅) ဆူညံသံ စံနှုန်းသတ်မှတ်ချက်

Receptor	One Hour Laeq (dBA)a		Reference
	Daytime 07:00 -22:00 (10:00 - 22:00 for Public holidays)	Nighttime 07:00 - 22:00 (10:00 - 22:00 for Public holidays)	
Residential Institutional Educational	55	45	EQEG (2015, December)

Industrial Commercial	70	70	EQEG (2015, December)

Source: ECD Department.

[a] Equivalent continuous sound level in decibels.

၉.၃.၃.၄ သန့်စင်ခန်းအရေအတွက် (Toilet Facilities)

ဇယား (၉.၃-၆) သန့်စင်ခန်း အရေအတွက် သတ်မှတ်ချက်များ

Number of workers or residences of each gender	Minimum number or water closet	Minimum number of sinks
1-15	1	1
16-35	2	2
36-55	3	3
56-80	4	4
81-110	5	5
111-150	6	6
>150	**	**

၉.၃.၄ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ကြိုတင်မျှော်မှန်းခြင်း

၉.၃.၄.၁ အကြိုတည်ဆောက်ခြင်းကာလ

၂၀၁၈ ခုနှစ်နှစ်ကုန်ပိုင်းနှင့် ၂၀၁၉ နှစ်ဆန်းပွင့်လင်းရာသီတွင် ဆောင်ရွက်ခဲ့ပြီး ဖြစ်သဖြင့် ထည့်သွင်းဆန်းစစ်ခြင်း မပြုတော့ပါ။

၉.၃.၄.၂ တည်ဆောက်ခြင်းကာလ

- လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံမှု၊ လုပ်ငန်းခွင် မတော်တဆမှုများ။
- လေထုအရည်အသွေး အပေါ်သက်ရောက်နိုင်မှု။
- ဆူညံသံနှင့် တုန်ခါမှု။
- စွန့်ပစ်ပစ္စည်းများမှ သက်ရောက်မှု။ (တည်ဆောက်ရေးလုပ်ငန်း စွန့်ပစ်မှုများ)
- လူမှု၊ စီးပွားရေးဆိုင်ရာ သက်ရောက်မှု အလားအလာ။
- လုံခြုံရေးဆိုင်ရာ သက်ရောက်မှု အလားအလာ။

၉.၃.၄.၃ လုပ်ငန်းလည်ပတ်ခြင်းကာလ

- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်လမ်းကြောင်း ပိတ်ဆို့မှု အလားအလာများ။
- လေထုအရည်အသွေးအပေါ် သက်ရောက်မှု။
- ဆူညံသံနှင့် တုန်ခါမှု။
- မဟာဓာတ်အားလိုင်း အပေါ် သက်ရောက်နိုင်မှု။
- လူသုံးစွန့်ပစ်ပစ္စည်းများ၏ သက်ရောက်နိုင်မှု။
- လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံမှု၊ လုပ်ငန်းခွင် မတော်တဆမှုများ။
- လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု အလားအလာ။
- လုံခြုံရေးဆိုင်ရာ သက်ရောက်မှု အလားအလာ။

၉.၃.၄.၄ စီမံကိန်းပိတ်သိမ်းခြင်းကာလ

- လုပ်ငန်းခွင် မတော်တဆ ဖြစ်မှုအလားအလာ။
- ကြွင်းကျန်သက်ရောက်မှု အလားအလာများ။

၉.၄ EIA ဆန်းစစ်လေ့လာမှုအတွက် ပတ်ဝန်းကျင်ကဏ္ဍအလိုက် အသေးစိတ်အစီအမံများ

၉.၄.၁ EIA ဆန်းစစ်လေ့လာခြင်းကို ဆောင်ရွက်မည့် အစီအမံများ

EIA ဆန်းစစ်လေ့လာခြင်းကို ဆောင်ရွက်မည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်းသည် စီမံကိန်း ဧရိယာ၏ အခြေအနေများကို မျက်မြင်ကွင်းဆင်း ဆန်းစစ်လေ့လာခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ၊ လူမှုစီးပွားဆိုင်ရာ အချက်အလက်များအား စစ်တမ်းကောက်ယူခြင်း၊ သက်ဆိုင်ရာ စက်ကိရိယာများ

အသုံးပြု၍ တိုင်းတာရယူခြင်းများ ဆောင်ရွက်သွားပါမည်။ EIA အစီရင်ခံစာရေးသားမှု ဆောင်ရွက်ချိန်တွင် ရုံးတွင်းလေ့လာမှု နည်းလမ်းများ၊ ကွင်းဆင်းဆန်းစစ် တိုင်းတာလေ့လာမှု နည်းလမ်းများ၊ အကျိုးသက်ဆိုင်သူများ/ ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်မှုမှ ရရှိသော အကြံဉာဏ်များနှင့် အချက်အလက်များကို စုစည်းပေါင်းစပ် အသုံးပြုရေးသားသွားပါမည်။ ဆန်းစစ်လေ့လာမှု၏ ရလဒ်များကို ကျွမ်းကျင်မှု နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ အကဲဖြတ်ဆန်းစစ်သူများ၏ စဉ်းစားချင့်ချိန်ယူဆချက်များကို ပေါင်းစည်း၍ ပညာရှင်ဆုံးဖြတ်ချက် နည်လမ်းပေါ် အခြေခံကာ လက်တွေ့ကျသော၊ ယုံကြည်စိတ်ချရသော အခြေအနေအထိ အဖြေရယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရုံးတွင်းလေ့လာမှု နည်းလမ်းများကို ပြည်တွင်းပြည်ပရှိ EIA အစီရင်ခံစာများ၊ လုပ်ထုံးလုပ်နည်းနှင့် အကြံပြုချက်များ၊ ပညာရှင်စာတမ်းများကို အင်တာနက်မှ ရယူကိုးကားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉.၄.၂ ရူပဆိုင်ရာ တိုင်းတာမည့် ကန့်သတ်ချက်များ

ရူပဝန်းကျင်ဆိုင်ရာ တိုင်းတာမည့် နယ်ပယ်များအဖြစ် လေအရည်အသွေးတွင် PM 10 ၊ PM 2.5 ၊ SO_2၊ NO_2၊ CO တို့အား လည်းကောင်း၊ ဆူညံသံ အရည်အသွေးတို့အား ကနဦး အချက်အလက် (Primary Data) အဖြစ် သက်ဆိုင်ရာ စက်ကိရိယာများဖြင့် စီမံကိန်းဧရိယာ ကွင်းဆင်းချိန်တွင် တိုင်းတာရယူသွားမည်ဖြစ်ပြီး မြေပေါ်ရေအရည်အသွေး၊ မြေအောက်ရေ အရည်အသွေး၊ မြေအရည်အသွေးတို့အား နမူနာရယူ၍ သက်ဆိုင်ရာ ဓာတ်ခွဲခန်းများတွင် စမ်းသပ်တိုင်းတာသွားပါမည်။ အခြေခံဘူမိဗေဒဆိုင်ရာ အချက်အလက်များကို ယခင်စမ်းသပ်တိုင်းတာခဲ့သော အချက်အလက်များအဖြစ် (Secondary data) ရယူသွားမည် ဖြစ်ပါသည်။ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ မိုးရေချိန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေတိုက်နှုန်းနှင့် လေတိုက်ခတ်ရာအရပ် စသည့် အချက်အလက်များကို မိုးလေဝသနှင့် ဧလဗေဒ ဦးစီးဌာန၏ ထုတ်ပြန်ချက်များ၊ Website များမှ ရယူသွားမည် ဖြစ်ပါသည်။ အချို့သော ရူပဗေဒဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာ၊ ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာနများတွင် ဆက်သွယ်တောင်းခံရယူသွားမည်ဖြစ်ပါသည်။

၉.၄.၃ ဇီဝဆိုင်ရာ သိရှိရမည့် အချက်အလက်များ

စီမံကိန်းဒေသရှိ ဇီဝဆိုင်ရာ အစိတ်အပိုင်းများ တစ်မျိုးချင်းစီ အလိုက် အချက်အလက်များကို ကွင်းဆင်းအချက်အလက်ကောက်ယူလေ့လာခြင်း အစီအစဉ်တွင် ကနဦးသတင်းအချက်အလက် (Primary data) အဖြစ် စုဆောင်းကောက်ယူ သွားမည် ဖြစ်ပါသည်။ ဒေသတွင်းရှိ ဒေသပေါက်ပင်များ၊ ၄က်မျိုးစိပ်များ၊ တွားသွားသတ္တဝါများ၊ နို့တိုက်သတ္တဝါများ၊ ကုန်းနေရေနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ အင်းဆက်များ စသည်ဖြင့် အချက်အလက်ကောက်ယူလေ့လာသွားပါမည်။ စီမံကိန်းဧရိယာအနီးတွင် တောရိုင်းတိရိစ္ဆာန်များ နေထိုင်ကျက်စားမှု နည်းပါးနိုင်သော်လည်း အချင်းဝက် (၅) ကီလိုမီတာ ပတ်လည်ဧရိယာအတွင်းမှ အချက်အလက်များ ရယူပါမည်။ ဒေသပေါက်ပင် အမျိုးအစားများအတွက်လည်း ယင်းဧရိယာအတွင်းမှ အပင်အမျိုးအစား၊ မျိုးစိတ်အုပ်စုများ၊ ပြန့်ပွားတည်ရှိမှု အခြေအနေများ ဆန်းစစ်လေ့လာသွားပါမည်။

၉.၄.၄ လူမှုစီးပွားဆိုင်ရာ အချက်အလက်များ

စီမံကိန်းဧရိယာ အနီးဝန်းကျင် မြို့/ရွာများရှိ လူမှု စီးပွားဆိုင်ရာ အချက်အလက် (Secondary Data) များအား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အချက်အလက်များ၊ (MIMU) မှ အချက်အလက်များကို ရုံးတွင်းလေ့လာခြင်း နည်းလမ်းဖြင့် ကနဦးရယူပါမည်။ ဒုတိယအဆင့်အနေဖြင့် သက်ဆိုင်ရာ ဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခြင်း၊ ဖုန်းဖြင့် မေးမြန်းခြင်းဖြင့် ရယူပါမည်။ ထို့နောက် ကွင်းဆင်းလေ့လာခြင်း အစီအစဉ်အရ သက်ဆိုင်ရာ ဦးတည်အုပ်စုများ၊ အကျိုးသက်ဆိုင်မှုအုပ်စုများနှင့် တွေ့ဆုံမေးမြန်း စစ်တမ်းကောက်ယူခြင်း နည်းလမ်းဖြင့် (Primary Data) စုဆောင်းရယူပါမည်။

၉.၄.၅ ဒေသ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံဆိုင်ရာ အချက်အလက်များ

စီမံကိန်းဒေသအနီး ဝန်းကျင်ရှိ မြို့/ရွာများရှိ ပြည်သူလူထု၏ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံနှင့် ထူးခြားသော ဝိသေသ လက္ခဏာများ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို (Primary data/ Secondary data) နှစ်မျိုးလုံးရယူသွားပါမည်။

၉.၄.၆ မြင်ကွင်းပသာဒဆိုင်ရာ ဝိသေသလက္ခဏာများ

စီမံကိန်းဧရိယာတစ်ဝိုက်တွင် ထူးခြားသော မြင်ကွင်းပသာဒဆိုင်ရာ ဝိသေသလက္ခဏာများ မရှိသော်လည်း စီမံကိန်း၏ အခြေခံဆက်စပ်ရာ ဧလုံတောင်ဘုရားသည် ထူးခြားသော ဝိသေသလက္ခဏာ ရှိသဖြင့် ဆက်စပ်ထည့်သွင်း လေ့လာသွားပါမည်။

၉.၅ စီမံကိန်းနှင့်အကျိုးသက်ဆိုင်သူများ၊ စီမံကိန်းပိုင်ရှင်များ၊ အစိုးရဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများ အတွက် ဆန္ဒထုတ်ဖော်တင်ပြနိုင်မည့် အခွင့်အလမ်းများ

စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ၊ ဆောင်ရွက်မည့် အစီအမံလှုပ်ရှားမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်နိုင်မှုများ၊ သက်ရောက်မှုများကို လျော့ပါးစေရေး ဆောင်ရွက်မည့် နည်းလမ်းများ၊ ကြွင်းကျန်သက်ရောက်မှုများ စသည်တို့ကို အကျိုးသက်ဆိုင်သူများ၊ စီမံကိန်းပိုင်ရှင်များ၊ အစိုးရဌာနများ၊ ဒေသခံပြည်သူများမှ သိရှိ၊ အကြံပြုနိုင်စေရေးအတွက် Public Consultation Meeting အား နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းကာလ၊ EIA ဆန်းစစ်လေ့လာခြင်းကာလ နှစ်ရပ်စလုံးတွင် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး ပါဝင်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သို့ရာတွင် ယခုအခါ ကမ္ဘာ့ကပ်ရောဂါဖြစ်သော COVID- 19 ရောဂါကူးစက်ပျံ့ပွားမှု အရှိန်မြင့်တက်နေသော ကာလဖြစ်သောကြောင့် (PCM) ကို ဆောင်ရွက်ရန် EIA အကြံပေးအဖွဲ့မှ ကွင်းဆင်းရန်၊ လူစုလူဝေးဖြင့် တွေ့ဆုံဆွေးနွေးရန် မဖြစ်နိုင်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်ချက်နှင့် အညီ စီမံကိန်း သတင်းအချက်အလက်များ ကြေငြာထုတ်ပြန်ခြင်း၊ အကြံပြုလွှာများ ပြန်လည်ကောက်ခံခြင်း၊ E-mail၊ Website၊ တယ်လီဖုန်းများဖြင့် ဆက်သွယ်ခြင်း၊ Zoom/ Facebook live များဖြင့် လက်ခံဆွေးနွေးခြင်း၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၊ စီမံကိန်းရုံးများ၊ သတင်းစာများမှ အသိပေးကြေငြာခြင်းများကို စနစ်တကျ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

EIA ဆန်းစစ်လေ့လာမှုဆောင်ရွက်ချိန်တွင် COVID-19 ရောဂါထိန်းချုပ်နိုင်ချိန်တွင် ပုံမှန်တွေ့ဆုံ ဆွေးနွေးမှု (PCM) ကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်း၏

သက်တမ်းတစ်လျှောက်၊ လုပ်ငန်းလည်ပတ်စဉ်ကာလများအတွင်းတွင်လည်း စီမံကိန်းပိုင်ရှင်များ အနေဖြင့် ပြည်သူလူထုတွေ့ဆုံ ဆွေးနွေးမှုများကို အခါအားလျှော်စွာ ဆက်လက်ဆောင်ရွက်သွားရန် အကြံပြု သွားပါမည်။ တွေ့ဆုံဆွေးနွေးပွဲများအတွင်း တက်ရောက်လာသူများသို့ ယင်းတို့၏ ထင်မြင်ယူဆချက်များ၊ အကြံပြုချက်များ၊ လိုလားတောင်းဆိုမှုများကို အများသူငါရှေ့တွင် မထုတ်ဖော် မပြောဆိုရဲသော အခြေအနေမှ ရှောင်လွှဲနိုင်ရန် စာရွက်စာတမ်းဖြင့် ရေးသားဖော်ပြနိုင်ရန် ဖြန့်ဝေပေးခြင်း၊ ပြန်လည်စုစည်း ကောက်ခံခြင်း နည်းလမ်းကို ဆောင်ရွက်သွားပါမည်။

၉.၆ ဆန်းစစ်လေ့လာခြင်းလုပ်ငန်စဉ်အတွင်း အချိန်၊ ငွေကြေး၊ ရင်းမြစ်ပစ္စည်းများ မဆုံးရှုံးစေဘဲ ပြီးပြည့်စုံသော အစီရင်ခံစာ ရရှိစေခြင်း

အရည်အချင်း ပြည့်ဝ၍ EIA လုပ်ငန်းအတွေ့အကြုံရှိသော တတိယပုဂ္ဂိုလ် အဖွဲ့အစည်းတစ်ခုမှ တာဝန်ယူဆောင်ရွက်ပြီး ECD ဌာနမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းလမ်းညွှန်ချက်များကို လေးစားလိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ စီမံကိန်းပိုင်ရှင် ကုမ္ပဏီဘက်မှလည်း စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ၊ ဆောင်ရွက်မည့် အစီအမံများ၊ နည်းပညာများ၊ ဒီဇိုင်းများ ပြည့်စုံလုံလောက်စွာ ထောက်ပံ့ပေးနိုင်ပါက မလိုလားအပ်သော အချိန်၊ ငွေကြေးနှင့် အရင်းအမြစ်ပစ္စည်းများ ဆုံးရှုံးခြင်းမှ ရှောင်လွှဲနိုင်၍ ပြည့်စုံသော အစီရင်ခံစာ ရရှိစေနိုင်ပါသည်။

၉.၇ စီမံကိန်းကြောင့် အလားအလာရှိမည့် ထိခိုက်ခံစားရနိုင်သူများ၊ အကျိုးသက်ရောက်သူများအား သတ်မှတ်ဖော်ထုတ်ခြင်း

ခမိုးစခန်းစီမံကိန်းဆောင်ရွက်ခြင်းကြောင့်အဓိကထိခိုက်ခံစားရနိုင်သည့်ကျေးရွာမှာခမိုးကျေးရွာဖြစ်ပြီး ဒုတိယအများဆုံးထိခိုက်ခံစားရနိုင်သည့်နေရာမှာ ဗန်းမောက်မြို့နှင့် လေးသီကျေးရွာအုပ်စု တို့ဖြစ်ပါသည်။ အဆိုပါမြို့ရွာများသည် စီမံကိန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုး/ကောင်းကျိုးများကို အဓိကခံစားရမည့် အခြေအနေဖြစ်ပါသည်။ စီမံကိန်းကြောင့်ရောက်ရှိလာမည့် ယာဉ်များ၊ ခရီးသွားပြည်သူများကြောင့် ဆူညံသံများ၊ အမှုန်အမွှားနှင့်အခိုးအငွေ့ထုတ်လွှတ်မှုများ၊ မြေပေါ်ရေ ညစ်ညမ်းမှုများ၊ မြေအောက်ရေ ဆုံးရှုံးမှုများ၊ ယာဉ်အန္တရာယ်များ၊ ယာဉ်ကြောပိတ်ဆို့မှုများ၊ စွန့်ပစ်ပစ္စည်းထုတ်လွှတ်မှုများ အစရှိသည့် သက်ရောက်မှုများရှိနိုင်ပါသည်။ သို့ရာတွင် ၎င်းသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဖြင့် စနစ်တကျစီမံဆောင်ရွက်ပါက လျှော့ချနိုင်/ကာကွယ်နိုင်သည့် သက်ရောက်မှုများသာဖြစ်ကြောင်း ခန့်မှန်းမိပါသည်။ ကောင်းကျိုးသက်ရောက်မှုများ အနေဖြင့် ဒေသတွင်းအဆောက်အဦများ ဖွံ့ဖြိုးလာခြင်း၊ ဒေသခံအလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ ဒေသတွင်း ကုန်သွယ်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေခြင်း၊ CSR ရန်ပုံငွေများရရှိစေခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေများ တိုးမြှင့်ရရှိစေခြင်း စသည့် ကောင်းကျိုးများ ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းမိပါသည်။

၉.၇.၁ ပြည်သူလူထု အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း

စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူလူထုများ၊ အကျိုးသက်ဆိုင်သူများ၏ အပြုသဘောဆောင်သော အကြံဉာဏ်များ၊ လိုလားတောင့်တမှုများကို သိရှိစေရေးအတွက် ခမိုးစခန်း၏ စီမံကိန်းပိုင်ရှင်ဖြစ်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်ရှိသူများ၊ တာရိန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူကိုယ်စားလှယ်များ၊ EIA ဆောင်ရွက်မည့် အကြံပေးအဖွဲ့ကိုယ်စားလှယ်များသည် ရုံးဆန်ဆန်တွေ့ဆုံခြင်း၊ ရုံးပြင်မဆန်သော တွေ့ဆုံမေးမြန်းခြင်းများကို နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းကာလတွင် ဆောင်ရွက်ခဲ့ကြပါသည်။ ကနဦးတွေ့ဆုံမေးမြန်းခြင်း၊ အကြံဉာဏ်ရယူခြင်းကို နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းကာလအတွင်းတွင်လည်းကောင်း၊ ပြီးပြည့်စုံသော အသေးစိတ် တွေ့ဆုံမေးမြန်းအကြံဉာဏ်ရယူခြင်းတို့ကို EIA အစီရင်ခံစာ လေ့လာရေးသားချိန်ကာလတွင်လည်းကောင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သော အစိုးရဌာနတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် အလျှဉ်းသင့်သော ဆက်သွယ်မှုနည်းလမ်းများဖြင့် တွေ့ဆုံမေးမြန်းသွားရမည်ဖြစ်ပါသည်။ အဓိပ္ပါယ်ပြည့်ဝ၍ ထိရောက်မှုရှိသော တွေ့ဆုံမေးမြန်းမှုလုပ်ငန်းများကို စီမံကိန်း၏ တည်ဆောက်ရေးကာလမှသည် လုပ်ငန်းလည်ပတ်ခြင်း ကာလအထိ ရေရှည်လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၉.၇.၁.၁ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များထုတ်ဖော်ခြင်း

စီမံကိန်းဖော်ထုတ်ဆောင်ရွက်သောကုမ္ပဏီသည် စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်များကို ဒေသခံပြည်သူများ အကျွမ်းတဝင်သိရှိနေစေရေး၊ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို လုပ်ငန်းစတင်သည်မှစ၍ လုပ်ဆောင်မှုအဆင့်တိုင်းတွင် အချိန်နှင့်တပြေးညီ သိရှိရေးအတွက် ထုတ်ဖော်မှု နည်းလမ်းများဖြစ်သော ဆိုင်းဘုတ်များဖြင့် အသိပေးခြင်း၊ သက်ဆိုင်ရာ ရုံးဌာနများတွက် ကြေညာခြင်း၊ သတင်းစာ/ဂျာနယ်များတွင် ကြေညာခြင်း၊ အခြားလူမှုကွန်ယက် သတင်းများတွင် ကြေညာခြင်း အသိပေးခြင်းများကို ဆောင်ရွက်ရပါမည်။ သာမန်အားဖြင့် အစီရင်ခံစာများ၏ အကျဉ်းချုပ်အစီရင်ခံစာကို အသိပေးကြေငြာရမည်ဖြစ်ပါသည်။

၉.၇.၁.၂ ပြည်ထောင်စုဝန်ကြီးဌာနမှ အကြံပြုထားသော လူထုတွေ့ဆုံဆွေးနွေးအကြံပြုချက်များကို ရယူဆောင်ရွက်ခြင်း အစီအစဉ်

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ်(၅၀) (ခ) ပါ လမ်းညွှန်ချက်အတိုင်း ဒေသခံလူမှုအဖွဲ့အစည်းများ၊စီမံကိန်းကြောင့်အဓိကထိခိုက်ခံစားရမည့်သူများ၊ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အစည်းများ နှင့် လိုအပ်သည့်တိုင်ပင်ဆွေးနွေးပွဲများကို ဝန်ကြီးဌာနနှင့် ECD ဌာနမှ အကြံပြု လမ်းညွှန်ထားသည့်အတိုင်း ပြုလုပ်ခြင်း၊ သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်းများ (Online Meeting) များကို အချိန်နှင့်တပြေးညီ ရှင်းလင်းဆောင်ရွက်ပါမည်။

၉.၈ EIA အစီရင်ခံစာတွင်ဖွဲ့စည်းပါဝင်မည့်အခန်း၊စာပိုဒ်ခေါင်းစဉ်များ

တင်ပြပါ စီမံကိန်း၏ EIAအစီရင်ခံစာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ကြေငြာချက်အမှတ် (၆၁၆/၂၀၁၅) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) အပိုဒ်(၆၃)အပိုဒ်ခွဲ(က)မှ(ဈ)အထိ ပြဋ္ဌာန်းထားချက်များအရ EIAအစီရင်ခံစာကို အောက်ဖော်ပြပါ အခန်း၊စာပိုဒ်ခေါင်းစဉ်ဖွဲ့စည်းမှုများဖြင့် ရေးသားပြုစုတင်ပြသွားပါမည်-

အစီရင်ခံစာ၏ အခန်းများ	အဓိကပါဝင်မည့် အကြောင်းအရာများ
မာတိကာ	
အတိုကောက်စာလုံးများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ	
ပုံများစာရင်း၊ဇယားများစာရင်း	
၁။ အစီရင်ခံစာ အကျဉ်းချုပ်	• စီမံကိန်းနှင့် စီမံကိန်း၏ ပတ်ဝန်းကျင်၊ လူမှုဆိုင်ရာအခြေအနေများ အကြောင်း အတိုချုပ်ရှင်းလင်းတင်ပြပါမည်။ • ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော အဓိကထိခိုက်နိုင်မှုများကို (လျှော့ပါးစေရေးနည်းလမ်းများ၊ ဆက်စပ်သက်ရောက်မှုများ၊ ကြွင်းကျန်သက်ရောက်မှုများ အပါအဝင်) အကျဉ်းချုပ်တင်ပြပါမည်။ • ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်စေရေးနှင့် ဒေသဖွံ့ဖြိုးရေး စီမံချက်များကို အကျဉ်းချုပ်တင်ပြပါမည်။ • ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များကို အကျဉ်းချုပ်တင်ပြပါမည်။
၂။ နိဒါန်း	
စီမံကိန်းအကြောင်းအရာ	• စီမံကိန်းနောက်ခံ အကြောင်းအရာနှင့် ရာဇဝင်အကျဉ်းချုပ် တင်ပြပါမည်။ • စီမံကိန်းဆောင်ရွက်သူနှင့် EIA အကြံပေးအဖွဲ့တို့အကြောင်း ရှင်းလင်းတင်ပြပါမည်။
EIA အစီအစဉ်ခံစာ သဘောတူညီခြင်း	• စီမံကိန်းဆောင်ရွက်သူက လက်မှတ်ရေးထိုးထားသည့် အတည်ပြု ကြောင်းနှင့် တာဝန်ယူကြောင်း ကတိဝန်ခံချက် တင်ပြပါမည်။ • ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန်နှင့် စီမံကိန်း၏ ကတိကဝတ်များ အားလုံးကို ဖြည့်ဆည်းရန်အတွက် လိုအပ်သည့် ငွေကြေးနှင့် လူစွမ်းအားအရင်းအမြစ်များ ထောက်ပံ့ပေးမည် ဖြစ်ကြောင်း စီမံကိန်းဆောင်ရွက်သူ၏ အတည်ပြုချက်များ ထည့်သွင်းပါမည်။ • တတိယအဖွဲ့အစည်းဖြစ်သည့် EIA အကြံပေးအဖွဲ့မှ EIA အစီရင်ခံစာ၏ တိကျမှန်ကန်မှု၊ ပြည့်စုံမှုနှင့် ပတ်သက်၍ အတည်ပြုစာ ထည့်သွင်းပေးပါမည်။

၃။ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်	• စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီ၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ မူဝါဒများ၊ စီမံကိန်းနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံ၏ မူဝါဒနှင့် ဥပဒေမူဘောင်များ ဖော်ပြပါမည်။ • စီမံကိန်းနှင့် သက်ဆိုင်ရာ နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူစာချုပ်များကို ဖော်ပြပါမည်။ • မြန်မာနိုင်ငံ အစိုးရ၏ အုပ်ချုပ်မှုများ/ အဖွဲ့အစည်းဆိုင်ရာ မူဘောင်၊ • မြန်မာနိုင်ငံပတ်ဝန်းကျင် အရည်အသွေးထုတ်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများမှ စီမံကိန်းနှင့် သက်ဆိုင်သည့် စံတန်ဖိုးများကို ဖော်ပြပါမည်။ • နိုင်ငံတကာမူဝါဒ၊ လမ်းညွှန်ချက်၊ စံနှုန်းများမှ စီမံကိန်းနှင့် သက်ဆိုင်သည့် စံတန်ဖိုးများကို ဖော်ပြပါမည်။
၄။ စီမံကိန်းအကြောင်း ရှင်းလင်းဖော်ပြချက်နှင့် အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများ	
စီမံကိန်းအကြောင်း ရှင်းလင်းဖော်ပြချက်	• စီမံကိန်းနှင့် စီမံကိန်းရည်ရွယ်ချက်များကို ရှင်းလင်းဖော်ပြပါမည်။ • စီမံကိန်း၏ အရွယ်အစား၊ အဆောက်အဦများ၊ နည်းပညာ အခြေခံအဆောက်အဦ၊ ပစ္စည်းကိရိယာနှင့် သယံဇာတအသုံးပြုမှု၊ စွန့်ပစ်ပစ္စည်းထုတ်ရှိမှု၊ ထုတ်လွှတ်မှုများ စသည်တို့ကို မြေပုံများ၊ လုပ်ငန်းခွင်ပြပုံများဖြင့် ရှင်းလင်းတင်ပြပါမည်။
အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆန်းစစ်ခြင်း	• ဆန်းစစ်ခြင်းနည်းစနစ်ကို ဖော်ပြပါမည်။ • အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းတစ်ခုချင်းစီအား ယင်းတို့ကြောင့် ဖြစ်ပေါ်နိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အဓိက ထိခိုက်မှုများ၊ အန္တရာယ်များကို ကြိုတင်ခန့်မှန်းချက်များ၊ အကဲဖြတ်ချက်များနှင့် တကွ ရှင်းလင်းတင်ပြပါမည်။ • စီမံကိန်းဆောင်ရွက်သူ၏ လုပ်ငန်းနယ်ပယ်အတွင်းသာ ရှိပြီး ဖြစ်နိုင်ချေရှိသော အစားထိုးနည်းလမ်းများကို ထည့်သွင်းတင်ပြပါမည်။ • စီမံကိန်းဆောင်ရွက်သူ ကုမ္ပဏီ၏ အကြိုက်နှစ်သက်ဆုံးသော အစားထိုးနည်းလမ်းကို ရွေးချယ်ရသည့် အကြောင်းရင်းများကို ဖော်ပြသွားပါမည်။
၅။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ကို ရှင်းလင်းဖော်ပြချက်	• ဆန်းစစ်ခြင်းနည်းစနစ်များကို ဖော်ပြပါမည်။ • လေ့လာသည့် ဧရိယာ၏ အုပ်ချုပ်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝပိုင်းဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ မြင်ကွင်းဆိုင် ဝိသေသလက္ခဏာများအား ရှင်းလင်းဖော်ပြပါမည်။ • စီမံကိန်းကြောင့် ထိရှလွယ်သော ပတ်ဝန်းကျင်၊ လူမှုဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် မြင်ကွင်းဆိုင်ရာ အစိတ်အပိုင်းများကို ဖော်ပြပါမည်။
၆။ စီမံကိန်းကြောင့် ထိခိုက်မှုများ၊	• ဆန်းစစ်ခြင်းနည်းစနစ်ကို ဖော်ပြပါမည်။

ဘေးအန္တရာယ်များ ကိုဆန်းစစ်ခြင်းနှင့် ထိခိုက်မှုလျှော့ချခြင်း နည်းလမ်းများ	• ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများ၊ အန္တရာယ် ဖြစ်နိုင်ချေများကို သတ်မှတ်ဖော်ထုတ်၍ ဆန်းစစ်ခြင်း၊ လျှော့ပါးစေရေး နည်းလမ်းများနှင့် ကြွင်းကျန်သက်ရောက်မှုများကို ဆုံးဖြတ်ခြင်းစသည်တို့ကို ဖော်ပြပါမည်။
၇။ အန္တရာယ်ဖြစ်နိုင်ချေ ဆန်းစစ်ခြင်း	• ဆန်းစစ်ခြင်းနည်းစနစ်။ • သဘာဝဘေးအန္တရာယ်နှင့် စက်မှုဆိုင်ရာ အန္တရာယ်များကို ဆန်းစစ်တင်ပြပါမည်။ • အရေးအပေါ်အခြေအနေ တုန့်ပြန်ရေး စီမံချက်များ ရေးဆွဲတင်ပြပါမည်။
၈။ ဆက်စပ် သက်ရောက်မှုများကို ဆန်းစစ်ခြင်း	• ဆန်းစစ်ခြင်းနည်းစနစ်။ • ဆက်စပ်သက်ရောက်မှုများကို ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲတင်ပြပါမည်။
၉။ ဒေသခံပြည်သူများနှင့် ချိတ်ဆက်ပါဝင်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေး	• ဆန်းစစ်ခြင်းနည်းစနစ်။ • ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်စေရေး စီမံချက်များရေးဆွဲတင်ပြပါမည်။ • ဒေသဖွံ့ဖြိုးရေး စီမံချက်များရေးဆွဲတင်ပြပါမည်။
၁၀။ စီမံကိန်း ပိတ်သိမ်းရေး အစီအစဉ်	• ရည်ရွယ်ချက်များ။ • စီမံကိန်းကြောင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး မဟာဗျူဟာ။ • ပြန်လည်ပြုပြင်၊ ထူထောင်ရေး နည်းလမ်းများ။ • အနာဂတ်ကာလ မြေအသုံးချမှု အစီအစဉ်။ • ကြားဖြတ်အစီအစဉ်နှင့် ခန့်မှန်းကုန်ကျစရိတ်။
၁၁။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်	• ESMP အကောင်ထည် ဖော်ခြင်းအတွက် တာဝန်ပေးအပ်မည့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ တင်ပြပါမည်။ • ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများ အကျဉ်းချုပ်နှင့် လျှော့ပါးစေရေး နည်းလမ်းများ ရေးဆွဲတင်ပြပါမည်။ • ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအတွက် စီမံချက်ငယ်များ • အရေးပေါ်အခြေအနေ တုန့်ပြန်ရေး စီမံချက်များ။ • ပတ်ဝန်းကျင် အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ သတ်မှတ်ချက်များ။ • ဒေသခံပြည်သူ ချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး။ • နစ်နာမှုဖြေရှင်းပေးရေး လုပ်ငန်းစဉ်။ • စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးနှင့် သင်တန်းအစီအစဉ်များ၊ အကောင်အထည် ဖော်မည့် အချိန်ဇယား၊ ခန့်မှန်းကုန်ကျစရိတ် စသည်တို့ကို ထည့်သွင်းတင်ပြပါမည်။

၁၂။ နိဂုံးချုပ် သုံးသပ်ချက်	• အဆိုပြုစီမံကိန်းကို ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သိသာထင်ရှားသော ထိခိုက်မှုများ မဖြစ်ပေါ်စေဘဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စီမံကိန်းဆောင်ရွက်သူ ကုမ္ဗဏီမှ ဂရုပြုလိုက်နာသင့်သော အကြံပြုချက်များကို သုံးသပ်တင်ပြသွားပါမည်။
ကိုးကားချက်များ	
နောက်ဆက်တွဲများ	

မှီငြမ်းကိုးကား စာအုပ်/ စာတမ်းများ

(၁) Alley, E. Roberts., (2007); Water Quality Control Handbook, 2nd Edition, Mc-Graw Hill, ISBN: 0-07-146760-2.

(၂) Anjaneyulu, Y., Manickam, Valli, (2007); Environmental Impact Assessment Methodoligies, 2nd Edition, *BS Publication*, ISBN: 978-81-7800-144-9.

(၃) Becker, Henk A., Vanclay, Frank., (2003); The International Handbook of Social Impact Assessment: Conceptual and Methodological Advances, *Edward Elgar Publishing, United Kingdom,* ISBN: 1 84064 935 6.

(၄) Bui, Xuan-Thanh., Chiemchaisri, Chart., Fujioka, Takahiro., Varjani, Sunita., (2019); Water and Wastewater Treatment Technologies, *Springer, Singapore*, ISBN: 978-981-13-3259-3.

(၅) Eslamian, Saeid, (2014); Handbook of Engineering Hydrology: Environmental Hydrology and Water Management, *Taylor & Francis CRC Press, New York*, ISBN: 978-1-4665-5250-0.

(၆) ICMM & IPIECA ,(2015); A Cross-sector Guide for Implementing the Mitigation Hierachy.

(၇) IFC (Internationa Finance Coorporation), (18-12-2016); Environmental Health and Safety Guideline for Mining.

(၈) IFC (Performance Standard 4), (1-2-2012); Community Health, Safety and Security.

(၉) IFC (Guidance Note 1), (31-7-2007); Social and Environmental Assessment and Management Systems.

(၁၀) IFC (Performance Standard 6), (27-6-2019); Biodiversity Conservation and Sustainable Management of Living Natural Resources.

(၁၁) International Finance Corporation (IFC), (2007); Stakeholder Engagement: A Good Practice Handbook for Companies Doing Business in Emerging Markets, *Washington, D.C.*

(၁၂) Jorgensen, Sven E., Costanza, Robert., Xu, Fu-Liu., (2005); Handbook of Ecological Indicators for Assessment of Ecosystem Health, *Taylor & Francis CRC Press, New York*, ISBN: 1-56670-665-3.

(၁၃) Lee, C. C.., Lin, Shun Dar, (May, 2007); Handbook of Environmental Engineering Calculations, 2nd Edition, *McGraw-Hill Companies*, ISBN: 007-14-758-34.

(၁၄) Leslie Grady, C.P., Daigger, Glen T., Love, Nancy G., Filipe, Carlos D.M., (2011); Biological Wastewater Treatment, 3rd Edition, *Taylor & Francis CRC Press, New York*, ISBN: 978-1-4200-0963-7.

(၁၅) Lutgens, Frederick K.., Tarbuck, Edward J., (2016); Essentials of Geology, 13th Edition, *Pearson, Hoboken, New Jersey*, ISBN-13: 978-0-13-444662-2.

(၁၆) Lutgens, Frederick K.., Tarbuck, Edward J., (2016); Essentials of Geology, 13th Edition, *Pearson, Hoboken, New Jersey*, ISBN-13: 978-0-13-444662-2.

(၁၇) Moran, Emilio F., (2010); Environmental Social Science: Human-Envirionment Interactions and Sustainability, *Wiley-Blackwell, United Kingdon*, ISBN: 978-1-4051-0573-6.

(၁၈) Momtaz, Salim., Kabir, SM Zobaidul., (2013); Evaluating Environmental and Social Impact Assessment in Developing Countries, *Elsevier, Oxford*, ISBN: 978-0-12-408129-1.

(၁၉) Nollet, Leo M.L., (2007); Handbook of Water Analysis, 2nd Edition, *Taylor & Francis CRC Press, New York*, ISBN: 978-0-8493-7033-5.

(၂၀) Patnaik, Pradyot, (2010); Hand of Environmental Analysis: Chemical Pollutants in Air, Water, Soil and Solid Wastes, 2nd Edition, *Taylor & Francis CRC Press, New York*, ISBN: 978-1-4200-6581-7.

(၂၁) Pollard, David D.., Fletcher, Raymond C, (2010); Fundamentals of Structural Geology, 4th Edition, Cambridge University Press, ISBN: 978-0-521-83927-3.

(၂၂) Ranade, Vivek V., Bhandari, Vinay M., (2014); Industrial Wastewater Treatment, Recycling, and Reuse, *Elsevier, Oxford,* ISBN: 978-0-08-099968-5.

(၂၃) Starr, Cecie., Taggart, Ralph., Evers, Christine., Starr, Lisa, (2016); Biology: The Unity and Diversity of Life, 14th Edition, *Cengage Learning, Boston, MA*, ISBN-13: 978-1-305-25131-1.

(၂၄) Schulze, Ernst-Detlef., Beck, Erwin., Muller-Hohenstein, Klaus, (2005); Plant Ecology, *Springer, Berlin,* ISBN: 3-540-20833-X.

(၂၅) Townsend, Colin R., Begon, Michael., Harper, John L., (2008); Essentials of Ecology, 3rd Edition, *Blackwell Publishing, Oxford*, ISBN: 978-1-4051-5658-5.

(၂၆) Vicky Bowman., 2020; What does 'corporate social responsibility (CSR)' mean for an Environmental Impact Assessment, *Myanmar Centre for Responsible Business.*

(၂၇) Whitelaw, Ken, ISO-14001; Enivironmental System Handbook, 2nd Edition.

(၂၈) World Weather Online., (2020); Available at: https://www.worldweatheronline.com/banmauk-weather-averages/sagaing/mm.aspx [Accessed 1st October 2020].

(၂၉) သစ်တောဦးစီးဌာန, (ဇွန်လ၊ ၂၀၁၆); သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရိစ္ဆာန် ထိန်းသိမ်းရေးဌာန၏ မြန်မာနိုင်ငံရှိ IUCN Red List စာရင်းဝင် အပင်မျိုးစိတ်များ။

(၃၀) ဇော်ဖေ (၁၉၇၅) ကွင်းဆင်းအစီရင်ခံစာ။

နောက်ဆက်တွဲ (က) စီမံကိန်းဆိုင်ရာ အထောက်အထားများ

(က/၁) Terrain Co., Ltd ၏ မှတ်ပုံတင်နှင့် Extracts များ

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

Certificate of Incorporation

တာရိန်း ကုမ္ပဏီ လီမိတက်

TERRAIN COMPANY LIMITED

Company Registration No. 106215685

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ ခုနှစ် အရ

တာရိန်း ကုမ္ပဏီ လီမိတက်

အား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင်

အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထား သည့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ

အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခွင့် ပြုလိုက်သည်။

This is to certify that

TERRAIN COMPANY LIMITED

was incorporated under the Myanmar Companies Act 1914 on 5 February 2015 as a Private Company Limited by Shares.

ကုမ္ပဏီမှတ်ပုံတင်အရာရှိ

Registrar of Companies

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

Directorate of Investment and Company Administration

Former Registration No. 5425/2014-2015

DICA DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION

Myanmar Companies Online Registry - Company Extract

Company Name (English)
TERRAIN COMPANY LIMITED

Company Name (Myanmar)
တာရိန်း ကုမ္ပဏီ လိမိတက်

Company Information

Registration Number	Registration Date	Status
106215685	05/02/2015	Registered
Company Type	**Foreign Company**	**Small Company**
Private Company Limited by Shares	No	No
Principal Activity	**Date of Last Annual Return**	**Previous Registration Number**
41 - Construction of buildings	13/03/2019	5425/2014-2015

Addresses

Registered Office In Union

SaLane-41, 68x69 Street, Ngu-Shwe-Wah Street,
Chanmyathasi Township
Mandalay Region, Myanmar 05041

Officers

Name:	HTAT YEE LINN	Type:	Director
Date of Appointment:	N/A	Date of Birth:	07/04/1984
Nationality:	Myanmar	N.R.C./Passport:	9/MAHAMA(N)004428
Gender:	Male	Business Occupation:	Merchant
Name:	PYAE SONE AUNG	Type:	Director
Date of Appointment:	29/05/2019	Date of Birth:	28/12/1972
Nationality:	Myanmar	N.R.C./Passport:	13/KALATA(N)024047
Gender:	Male	Business Occupation:	Merchant
Name:	SAI AUNG MYO KHAING (MD)	Type:	Director
Date of Appointment:	N/A	Date of Birth:	11/03/1980
Nationality:	Myanmar	N.R.C./Passport:	9/MAHAMA(N)003142
Gender:	Male	Business Occupation:	Merchant

Ultimate Holding Company

Name of Ultimate Holding Company	Jurisdiction of Incorporation	Registration Number
-	-	-

Share Capital Structure

Total Shares Issued by Company	Currency of Share Capital
30,000	MMK

Page 1 of 2
EXTRACT GENERATED ON 16/03/2020 AT 09:25

DICA DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION

Myanmar Companies Online Registry - Company Extract

Company Name (English)
TERRAIN COMPANY LIMITED

Company Name (Myanmar)
တာရိန်း ကုမ္ပဏီ လီမိတက်

Class	Description	Total Number	Total Amount Paid	Total Amount Unpaid
ORD	Ordinary	30,000	300,000,000.00	0.00

Members

Name: HTAT YEE LINN
Gender: Male
Date of Birth: 07/04/1984
Nationality: Myanmar
N.R.C./Passport: 9/MAHAMA(N)004428

Class	Description	Total Number	Total Amount Paid	Total Amount Unpaid
ORD	Ordinary	18,000	180,000,000.00	0.00

Name: PYAE SONE AUNG
Gender: Male
Date of Birth: 28/12/1972
Nationality: Myanmar
N.R.C./Passport: 13/KALATA(N)024047

Class	Description	Total Number	Total Amount Paid	Total Amount Unpaid
ORD	Ordinary	12,000	120,000,000.00	0.00

Mortgages and Charges

Form / Filing Type	Effective Date

No records available

Details about all mortgages and charges can be accessed from the Company Profile Filing History at no charge.

Filing History

Form / Filing Type	Effective Date
C-3 | Change to share capital or register of members	16/03/2020
C-4 | Notice of change of registered office or principal place of business	13/03/2020
D-1 | Particulars of directors and secretary	13/03/2020
C-4 | Notice of change of registered office or principal place of business	21/02/2020
C-4 | Notice of change of registered office or principal place of business	14/02/2020
D-1 | Particulars of directors and secretary	29/05/2019
AR | Annual Return	13/03/2019
B-1 | Application for re-registration of a private company limited by shares	02/10/2018

Page 2 of 2
EXTRACT GENERATED ON 16/03/2020 AT 09:25

(က/၂) စီမံကိန်းဆောင်ရွက်ရန် တင်ပြချက်၊ ခွင့်ပြုချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
မုံရွာမြို့

စာအမှတ်၊ ၄/ဂ-၅(၃)(၁)၂၁)စည်ပင်(မြို့/မြေ)
ရက် စွဲ၊ ၂၀၁၈ ခုနှစ်၊ သြဂုတ်လ ၂၉ ရက်

သို့

ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
မုံရွာမြို့

အကြောင်းအရာ။ စည်ပင်ပိုင်မြေအဖြစ် အတည်ပြု(ပြု)ကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်

ရည်ညွှန်း ချက်။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊မုံရွာမြို့၏ (၁၀.၈.၂၀၁၈)ရက်စွဲပါစာအမှတ် ၃၁၃၉/ခ-၂၄/စကစ(ဝ၂၀)

၁။ ကသာခရိုင်၊ဗန်းမောက်မြို့နယ်၊ လေးသီးကျေးရွာအုပ်စု၊ ခမိုးကျေးရွာအနီးတွင် ပြည်တွင်း/ပြည်ပရင်းနှီးသားရည်သည်များအသုံးပြုနိုင်ရန်အတွက် လျာထားမြေနေရာ(၃၁.၅၄)ဧကအား ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင်မြေအဖြစ် ခွင့်ပြုပေးနိုင်ပါရန်နှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးသားရည်သည်များ နားနေအသုံးပြုနိုင်ရေး ဇလုံတောင်တောင်ခြေစခန်းနှင့် ယာဉ်ရပ်နားစခန်းတည်ဆောက်ခွင့်ပြုပါရန် ရည်ညွှန်းပါ စာဖြင့် တင်ပြလာပါသည်။

